

...င်းစာပေ

# ပုံရှာဂျိုး ၆၀

ဆုံးကမ္ဘာတိုင်မုန်းပါနိုင်

ငွေကြည်
2009

စာမူခွင့်ပြုချက်အမှတ် ၅၀၈၉၂၁၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၈၄၃၁၀၉

□

ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ ၅၀၀

□

**အဖုံးပန်းချီ**

သိန်းရွှေကြည်၊ Sun

□

**ထုတ်ဝေသူ**

ထိုကိုမြင့် (သိန်းမင်းစာပေ)

ဩဘာလမ်း၊ ကျောက်မြောင်း

။

**အ... ဖုံးပုံနှိပ်သည်**

ဦးဝေ... က်)

၁၁၁၊ ၃၃ လ... းမြို့နယ်။

**တန်ဖိုး** ၁...

□

**ကွန်ပျူတာ**

**Dream C...**



၈၉၅.၈၃

မိုဇာလျှန်းဝေ

ဆုံးကမ္ဘာတိုင် မုန်းပါနိုင်၊ မိုဇာလျှန်းဝေ။

ရန်ကုန်၊ သိန်းမင်းစာပေ၊ ၂၀၁၀။ ဇန်နဝါရီလ

၂၇၂-စာ၊ ၁၇.၅ x ... စင်တီ

(၁) ဆုံးကမ္ဘာတိုင် မုန်းပါနိုင်၊ မိုဇာလျှန်းဝေ။



... စာပေဖြန့်ချိရေး

လစဉ်ထုတ်မဂ္ဂဇင်း၊ဝတ္ထု၊ကာတွန်း

(စာအုပ်အသစ်+အဟောင်းရောင်းဝယ်ရေး)

ရန်ကုန်ဈေးနှုန်းဖြင့်ရောင်းချပေးပါသည်။

ပုပ္ပါး...


# ဆုံးကမ္ဘာတိုင် မုန်းပါနိုင်

## မိုဇာလျှန်းဝေ

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## (၁)

ပဝါဖြူပါးလေး ခြုံလွှမ်းထားသလို ဆည်းဆာ၏အလှက နုပျပျ အေးမြမြပါ။ မထိတထိ ရှပ်တိုက်ခတ်သွားသော အေးစိမ့်စိမ့် အငွေ့အသက်တွေ ပါနေသည်။

ကျောထဲမှာ စိမ့်ခနဲ အေးသွားသည်။ ဂျာကင် ကော်လာကို ထောင်ပြီး အချမ်းသက်သာဖို့ ကာကွယ်သည်။ ကန်တော်ကြီးဝန်းကျင်မှာ ကိုယ်လိုသူလို ကျန်းမာရေး လိုက်စားသူတွေ ရှိနေကြသည်။

ဟေမန်ဆောင်းရာသီရဲ့ တစ်ခုသော နံနက်ခင်းမှာ ထက်မြက်ရဲ့ ဘဝတစ်ဆစ်ချိုးမှာ ပြောင်းလဲမှုတစ်ခုကို စတွေ့ရှိစားရသည်။

ထက်မြက်ရဲ့အကြည့်အားလုံး စိတ်ဝင်စားမှုအားလုံးကို စုစည်းပြီး သိမ်းကျုံးအပိုင်စား ရလိုက်သူလေးက၊ အင်းခွေးညိုကြီးနှင့် နွှဲနွဲ့သွယ်လျသော မိန်းမပျိုလေး၊ သူနှင့်တည့်တည့်ကြီး လျှောက်လာနေသော မိန်းမပျိုလေးကို သတိလက်လွတ် ငေးကြည့်နေမိသည်။

မိန်းမပျိုလေးနှင့် တစ်ကိုက်လောက် အကွာအဝေး ရှိသည့် အချိန်မှ သူ့အကြည့်တွေကို မနည်းကြီးပြန်၍ သိမ်းဆည်းလိုက်ရသည်။

မိန်းမပျိုလေးက ငေးမော လျှောက်လာသည်မို့ . . . .

သူ့ကို သတိထားမိပုံပင်မရ။ ဘေးပတ်ဝန်းကျင်က လူတွေကို သူ့အဖော်ခွေးကြီးလောက်မှ စိတ်ဝင်စားပုံမရှိ။ မြင့်မားသော ခွေးကြီးရဲ့ ခေါင်းကို ပွတ်သပ်ရင်း စကားတပြောပြောနှင့် ဆက်လျှောက်သွားသည်။

သူ့ကို ကျောခိုင်းသွားသော မိန်းမပျိုလေးနောက်သို့ သူ့အကြည့်တွေ ပါသွားသည်။ စောစောက ဦးတည်သွားနေသော လမ်းကြောင်းနှင့် ပြောင်းပြန် ကိုယ်အနေအထားက ဖြစ်သွားသည်။

သေးသွယ်ကျစ်လျစ်ပြီး အချိုးအစားကျသော ကိုယ်လုံးနောက်ပိုင်းအလှကို ငေးမိလျက်သား ဖြစ်နေသည်။ နှင်းတွေကွဲစပြုပြီမို့၊ ပတ်ဝန်းကျင်က ပိုပြီးမှုန်ဝါးဝါး ဖြစ်လာသည်။ တဖြည်းဖြည်း မိန်းကလေးရဲ့ မြင်ကွင်းက ဝေဝါးပျောက်ကွယ် သွားသည်။

လမ်းကြောင်းပြောင်းပြီး မိန်းကလေးနောက်သို့ ဆက်ပြီး လိုက်သွားချင်သည့် ဆန္ဒကို တော်တော်ကြီး ထိန်းသိမ်းနေရသည်။

လျှပ်တစ်ပြက်အတွင်းမှာပဲ သူ့ရဲ့အသည်းစိုင် တစ်ခုလုံးကို ဖမ်းဆီးချုပ်နှောင်သွားသည့် မိန်းကလေးကို ဆက်ပြီး မြင်ချင်နေပါသေးသည်။ တွေ့ဆုံချင်ပါသေးသည်။ နောက်ကလိုက်သွားဖို့က လည်း လုံးဝမသင့်တော်ပါ။ ဒါကြောင့် နှလုံးသားရဲ့ဆန္ဒကို မျက်ကွယ်ပြုလိုက်သည်။





ထို့နောက် ပြန်ဆွဲနေသော ခြေလှမ်းတွေကို ရှေ့သို့ အားယူပြီး ဆက်လက် လျှောက်လှမ်းလာခဲ့သည်။

'အင်းခွေးညိုကြီးရဲ့ သခင်မ၊ မင်းဘယ်သူလဲ'

ထိုမိန်းကလေးကို သိချင်သည်။ ခင်တွယ်ချင်သည်။ ရင်ထဲက ဆန္ဒတွေကို အသာသိမ်းပြီး လမ်းလျှောက်လေ့ကျင့်ခန်းကို ဆက်လက်ချီတက်ခဲ့သည်။

■

## (၂)

သည်နေ့ လမ်းလျှောက်လေ့ကျင့်ခန်းအပြီး ကန်တော်ကြီးစောင်းကအပြန်မှာ ထက်မြက်ရဲ့ရင်ထဲမှာ ဝေဒနာတစ်ခု ကပ်ငြိပါခဲ့သည်။ ရုတ်တရက် အချိန်ကာလတိုတိုလေးမှာ တွေ့ရှိခဲ့ရသော မိန်းကလေးကို စွဲလမ်းတမ်းတနေမိသည့် ဝေဒနာမီးပါပဲ။

ဘယ်သူဘယ်ဝါ၊ ဘယ်ကမှန်းမသိ။ တွေ့လိုက်ရုံလေးနှင့် လွန်စွာ စိတ်ဝင်စားခဲ့ရသည်။ ထိုမိန်းကလေးမှာ ခွေးကြီးကလွဲပြီး ကျန်သည့်အဖော်များလည်း မပါ။

ဆောင်းဦးစမှာ ထက်မြက် လမ်းလျှောက်နေသည်မှာ တစ်ပတ်ကျော်ခန့်ရှိပြီ။ နံနက်တိုင်း ကန်တော်ကြီးတစ်ပတ် လမ်းလျှောက်ခဲ့သည်ပဲ။ မိန်းကလေးနှင့် တစ်ခါမျှ မဆုံဖူးသေး။ သည်နေ့မှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသည်။

သူရော နေ့တိုင်း လမ်းလျှောက်နေကျလား။ ငါ သတိမထားမိလို့ပဲ၊ သူ့ကို မတွေ့တာလား။ ဒါမှမဟုတ် သည်နေ့မှ သူကစပြီး လမ်းလျှောက်တာလား။





တစ်ယောက်တည်း မေးခွန်းပေါင်းစုံကို မေးပြီး အဖြေကို မရနိုင်သေးပါ။

'သူ နေ့တိုင်း လမ်းလျှောက်ပါစေ၊ ဒါမှ နောက်နေ့တွေလည်း သူ့ကို တွေ့ရမှာ'

မျှော်လင့်စွာ တမ်းတနေပါသည်။ သူမရဲ့ အဖော်ခွေးကြီးက တကယ့်ကိုလိမ္မာပြီး သခင်မလေးကို ကောင်းကောင်းကြီး စောင့်ရှောက်မည့် ပုံစံပါပဲ။

'ဒါကြောင့်လည်း ခွေးကြီးအားကိုးနဲ့ တစ်ယောက်တည်း အဖော်မပါလဲ လမ်းလျှောက်ရဲတာ နေမှာပေါ့'

ထက်မြက် အိမ်ပြန်ရောက်သည်အထိ ထိုမိန်းကလေးရဲ့ အကြောင်းများကိုသာ တွေးနေမိသည်။ ကျယ်ဝန်းသော သူ့ရဲ့ခြံအတွင်းသို့ လှမ်းဝင်လိုက်သည်။

'ဟော... လူလေး ပြန်လာပြီလား'

'ဟုတ်တယ် ဘကြီးငွေ'

ပန်းခြံကို ကြည့်ရှု ထိန်းသိမ်းပေးနေသော မိဘများရဲ့ လက်ထက်ကတည်းက ခြံမှာအမှုထမ်းခဲ့သော ဘကြီးငွေကို ပြန်၍ နှုတ်ဆက်လိုက်သည်။ ဘကြီးငွေတို့ရဲ့လက်ပေါ်မှာပဲ မိမိကြီးပြင်းလာခဲ့ရသည် မဟုတ်လား။

မွေးချင်းလည်းမရှိ။ မိမိ၏ တစ်ဦးတည်းပိုင် နှစ်ထပ်တိုက်ကြီးဆီသို့ ထက်မြက် လှမ်းခဲ့သည်။ စေ့ထားသော သံဇန်းတံခါးကို တွန်းဖွင့်ဝင်ခဲ့သည်။

ဗိုက်ထဲက ဆာလောင်မွတ်သိပ်နေ၍ ထမင်းစားခန်းဆီသို့

လှမ်းခဲ့သည်။ စားပွဲပေါ်မှာ စားသောက်ဖွယ်ရာများ ပြင်ဆင်နေသော ဝဝဖိုင့်ဖိုင့် အဒေါ်ကြီးကို တွေ့ရသည်။

'ဟော... လူလေး ပြန်လာပြီ'

'ဗိုက်ဆာလာတယ် ဒေါ်ကြီးစိန်'

'အဆင့်သင့်ပါပဲရှင်၊ စားတော်မူပါ'

ဘကြီးငွေရဲ့ဇနီး ဒေါ်ကြီးစိန်က ပြုံးပြုံးရယ်ရယ်နှင့် ပြောသည်။ သားသမီးမရှိသော သူတို့လင်မယားက ထက်မြက်ကိုပဲ ချစ်နေကြရသည်။

သွေးသားမတော်စပ်ကြသော်လည်း အတူနေခဲ့သည့် နှစ်ပေါင်းတွေက မနည်းပြီမို့ တစ်ဦးနှင့်တစ်ဦး ခိုင်မာသော သံယောဇဉ်တွေ ဖွဲ့နှောင်မိကြပါပြီ။

ဒေါ်ကြီးစိန်က နံနက်စာကို ဘိုဆန်ဆန် ပြင်ဆင်ထားသည်။ ပေါင်မုန့်၊ ကြက်ဥကြော်၊ ဝက်ပေါင်ကြော် ပြီးတော့... ကော်ဖီခါးခါး တစ်ကရား။

'ဒေါ်ကြီးစိန်တို့ရော စားပြီးပြီလား'

'စားပြီးပါပြီတော်'

ဂရုတစိုက်မေးတတ်သော ထက်မြက်ရဲ့စကားကို ပီတိဖြာရင်း ပြုံးပြုံးကြီး ပြန်ဖြေသည်။

'ထုံးစံအတိုင်း ပဲပြုတ်ထမင်းကြော်လား'

နံနက်ဆိုလျှင် ထမင်းကိုသာ ခုံခုံမင်မင် စားလေ့ရှိသော ဘကြီးငွေနှင့် ဒေါ်ကြီးစိန်တို့အကြောင်း ထက်မြက်က သိပြီးသားလေ။





'လူလေးတို့စားသလိုနဲ့ ဒေါ်ကြီးစိန်တို့က မဝဘူးကွယ့်'

ဟုတ်ပါသည်။ ဘာမဆိုစားလျှင် အဝစားတတ်သော သူတို့လင်မယားရဲ့ အကျင့်ကို ထက်မြက်က သိပြီးသားလေ။

'ကဲပါ ဒေါ်ကြီးစိန်ရယ်၊ ဒါနလေး မြောက်သွားအောင် ဒီပေါင်မုန့်လေးတစ်ချပ်ကို စားလိုက်ပါဦး'

'မစားချင်ပါဘူးတော်၊ ဗိုက်ပြည့်နေပါပြီ'

ဒေါ်ကြီးစိန်ကို ထက်မြက်က အမြဲ နောက်ပြောင်နေကျ။ ငယ်ငယ်ကတည်းက နွဲ့ဆိုး ဆိုးနေကျပါ။ ခုလို စီးပွားရှာပြီး အရွယ်ရောက်နေသည့်အချိန်မှာတောင် ဒေါ်ကြီးစိန်ကို နောက်ပြောင်ပိုလ်ကျ နေဘုတ်သေးပါသည်။

မနက်ကတွေ့ခဲ့သော မိန်းကလေးအကြောင်း၊ ဒေါ်ကြီးစိန်ကို ပြောပြချင်ပါသည်။ ဒေါ်ကြီးစိန် နောက်ပြောင်မှာကိုလည်း စိုးရိမ်သည်။ ဘကြီးငွေနှင့် ဒေါ်ကြီးစိန်က သူ့ကို မကြာခဏပင် အိမ်ထောင်ပြုဖို့ တိုက်တွန်းခဲ့သည်။

သူ့မှာ အရင်တုန်းက ခံယူချက်တစ်ခု ရှိခဲ့ဖူးသည်။ အိမ်ထောင်ပြုခြင်းသည် ကိုယ့်ဘဝကို ကိုယ်အကျဉ်းချခြင်းနှင့် တူသည်လို့ပါ။

သူ့နှလုံးသားမှာ ဘယ်မိန်းကလေး တစ်ယောက်ကြောင့်မှ လှုပ်ခတ်ခြင်းမရှိခဲ့ပါ။ အချစ်ဆိုသည်မှာ မိမိနှင့် လုံးဝမသက်ဆိုင်သည့်ဖြစ်ရပ်လို့ ခံယူမှတ်သားခဲ့သည်။

'လူကလေးရယ်၊ အိမ်ထောင်ပြုပါလားကွယ်'

သည်စကားက ဒေါ်ကြီးစိန် မကြာခဏသုံးခဲ့သော လက်သုံးခဲ့သော လက်သုံးစကား။

'ဟာဗျာ... အေးအေးဆေးဆေးနေပါရစေ၊ ဒေါ်ကြီးစိန်က ဘာလို့ ကျွန်တော့်ကို ဒါလောက်တောင် အပူတွေပေးချင်နေတာလဲ'

'အပူပေးတာ မဟုတ်ပါဘူးတော်... မင်းလေး၊ သားတွေ သမီးတွေနဲ့ ပျော်ပါးပြည့်စုံနေတာ မြင်ချင်လို့'

'ရှုပ်ရှုပ်ယှက်ယှက် ဗျာ'

'ဒေါ်ကြီးစိန်တို့ကလည်း အသက်ကြီးပြီ၊ မသေခင် မြေးလေး ချီသွားချင်တယ်ကွယ်'

မျက်နှာကြီးရှုံ့တွပြီး မသက်မသာနှင့် ဒေါ်ကြီးစိန်ကိုကြည့်ပြီး တွေးသည်။

'သူတို့ ကလေးချီချင်တာနဲ့ ငါ့မှာအသားလွတ် အိမ်ထောင်ဆိုတဲ့ ထောင်ကြီးထဲ အရောက်ခံရမှာလား၊ ဒေါ်ကြီးစိန်တစ်ယောက်က အေးအေးမနေဘူး၊ ပြဿနာကို မီးထွန်းရှာနေတာကိုး'

စိတ်ထဲက မကျေနပ် အတွေးနှင့်အတူ၊ မျက်နှာကြီးကလည်း ပုပ်သိုးသိုး။

'ဒေါ်ကြီးစိန်ကလည်း ဒါလောက်တောင် ကလေးချီချင်ရင်၊ ကလေးထိန်းဂေဟာ ဖွင့်လိုက်ပါလား'

'ကျုပ်က သူများကလေး ထိန်းချင်တာမဟုတ်ဘူးတော့်၊ ကိုယ်တော်လေးရဲ့ကလေးပဲ ထိန်းချင်တာ'

ဒေါ်ကြီးစိန်က မကျေမနပ်နှင့် ပြန်ပြီးရန်ထောင်သည်။ ရန်လိုမှ ထူထည်းသော နှုတ်ခမ်းကြီးတွေ ပိုပြီး ထော်လန်ရုပ်ဆိုး





သွားသည်။ ဒေါ်ကြီးစိန် ဒေါပွနေသည့်ပုံကို ကြည့်ပြီး ထက်မြက်က ရယ်နေတတ်သည်။

သည်နေ့တွေ့ခဲ့သော မိန်းကလေးအကြောင်းကို ပြောလျှင်၊ ဒေါ်ကြီးစိန်က အမေးအမြန်း ထူနေဦးမည်။

သူလည်းဘယ်လိုမှ မဖြေတတ်။ ဒါကြောင့် ဘာကိုမှ မပြောဘဲ ရေငုံနေဖို့သာ စိတ်ကူးလိုက်သည်။

ရင်မှာ နက်ရှိုင်းစွာ တွယ်ငြိမိသည့် အဖြစ်က၊ မိမိကိုယ်သာ မိမိ အသိဆုံးပါ။

'ဟင်း...'

သက်ပြင်းနက်နက် တစ်ချက် ရှိုက်မိပြန်သည်။

■

## (၃)

လမ်းလျှောက်ခြင်းကိစ္စကို ထက်မြက်က ခါတိုင်းထက်ပိုပြီး ဝီရိယရှိနေသည်။ တစ်ခဏသာ ကြုံတွေ့ခဲ့ရသော မိန်းကလေးကို ထပ်မံပြီး အကြိမ်ကြိမ် ကြုံတွေ့ချင်နေပါသည်။

ကားကို ကန်ရဲ့ဝန်းကျင် စိတ်ချရသောနေရာမှာ ရပ်ထားပြီး၊ ကန်တော်ကြီးစောင်း တစ်ပတ်ပတ်လျှောက်ခဲ့ပါသည်။ ခါတိုင်းလို စိတ်လက်လွပ်မှု မရှိ။ တွေ့လိုသည့်မိန်းကလေးကို တွေ့လိုတွေ့ငြား မှုန်ဝါးဝါး အလင်းရောင်အောက်မှာ ရှာဖွေနေသည်။

မနေ့မနက်ကတွေ့ခဲ့သော နေရာလေးကိုအရောက်၊ ထိုမိန်းကလေးကို တွေ့ရမည်လို့ မျှော်လင့်သည်။ မတွေ့ရတော့ ရင်ထဲမှာ လွမ်းမောမောကြီး၊ လျှောက်နေသော ခြေထောက်တွေထဲမှာ အင်အားတွေ ပျောက်ဆုံးသွားသကဲ့သို့ ခံစားရပြန်သည်။

'သူမလာဘူးလား၊ ဒါမှမဟုတ် ငါနဲ့ လွဲသွားပြီလား'





စိတ်ဓာတ်ကျဆင်းစွာနှင့် တွေးတောမိသည်။ လျှောက်နေသော ခြေလှမ်းတွေပင် တုံ့နှေးလာသည်။

ခွေးဟောင်သံ တစ်ချက်ကြားရသည်။ ကျဆင်းနေသော စိတ်တွေ ရုတ်တရက် မြင့်မားလာသည်။

'ဟော... သူလား မသိဘူး'

အသံလာရာဆီသို့ အမြင်အာရုံကို စူးစိုက်ပြီး၊ အင်အား အပြည့်ပို့လိုက်သည်။ ဟော တွေ့ပါပြီ။ သူနှင့် မလှမ်းမကမ်း မျက်နှာချင်းဆိုင် တူရူနေရာမှာ ပြာလွင်လွင်ဝတ်စုံနှင့် မိန်းကလေး။ သူ့ဘေးမှ အလွန်အားကိုးရပုံရသော အင်းခွေးအညိုကြီး။

မိန်းကလေးက သူ့ထံသို့ ယောင်လို့မှ အကြည့်လေးတစ်ခု တောင် လှည့်မလာသော်လည်း၊ သူ့အကြည့်တွေက မိန်းကလေး အပေါ်မှာ စုပြုံကျနေသည်။

သူ့ အကြည့်တွေကို သိမ်းကျုံး အပိုင်စားယူထားသော မိန်းကလေးကို စွဲလမ်းမြတ်နိုးစွာ ကြည့်မိသည်။ မိန်းကလေးနှင့် သူ မျက်နှာချင်းဆိုင်ကနေ ဆန့်ကျင်ဘက် လှုပ်ရှားနေသူများမို့ မိန်းကလေးက တဖြည်းဖြည်း သူ့ကို ကျော်ဖြတ်သွားနေပါသည်။

တစ်စစနှင့် မိန်းကလေးသည် သူ့ကို ကျောခိုင်းသွားပြီး၊ မြင်ကွင်းက ထွက်ခွာ ပျောက်ကွယ်သွားတော့မည်။ ထိုအသိက သူ့နှလုံးသားကို ကျဉ်ခနဲ ထိရှသွားသည်။

သူ့သခင်မလေးကို ကိုယ်ရံတော်လုပ်နေသည့် ခွေးကြီးက သခင်မလေးဘေးမှ အမြီးတနှန့်နှန့်နှင့် လျှောက်ပါသွားသည်။

သမင်လည်ပြန် မိန်းကလေးကို လှည့်ကြည့်မိသည်။

အကြည့်တွေ သူတို့နောက်သို့ ပါသွားသည်။ မိန်းကလေးနောက်သို့ ခြေလှမ်းတွေကို ပြန်ပြီး ဦးတည်လိုက်ချင်ပါသည်။

သန်မာထွားကျိုင်းပုံရသော ခွေးကြီးက အန္တရာယ်ပဲ။ ပြီးတော့ မိန်းကလေး သိသွားလျှင်လည်း သူ့အပေါ် အထင်အမြင်သေးမှာ စိုးရိမ်ပြီး၊ လှမ်းလက်စ ခြေလှမ်းတွေကို ဆက်ပြီး လှမ်းလိုက်သည်။

အေးဆေးတည်ငြိမ်ပြီး လှပနေသော မိန်းကလေးရဲ့မျက်နှာက သူ့မျက်ဝန်းမှာ စွဲသွားသည်။ ရင်မှာ မိန်းကလေးရဲ့ ပုံရိပ်ကို သိမ်းပြီး၊ ကားဆီသို့ လေးဖင့်သော ခြေလှမ်းတွေနှင့် ပြန်ခဲ့သည်။

* * *

'ညိုလုံးရေ လာ... ပြန်ကြစို့'

သည်းဦးပန်းဆိုသော မိန်းကလေးသည်၊ သူမရဲ့အဖော်အင်းခွေးအညိုကြီးကိုခေါ်ပြီး အိမ်သို့ လမ်းလျှောက်ပြန်ခဲ့သည်။ သခင့်အလိုကျ ခွေးကြီးကလည်း ထိုင်နေရာမှ ငေါက်ခနဲ ထ,ပြီး လိုက်လာသည်။

အိမ်ပြန်ရောက်တော့ သည်းဦးပန်းက လက်ထဲမှသော့ဖြင့် တံခါးကြီးကို ဖွင့်သည်။ တိတ်ဆိတ်နေသော အခန်းက ကြိုဆိုသည်။

'အင်း... ကြီးကြီး အိပ်ရာက မနိုးသေးဘူး ထင်တယ်'

စိတ်ထဲက ကောက်ချက်ချပြီး တအီအီနှင့် အမြီးနန့်နေသော ညိုလုံးကို ကြည့်ပြီး သတိပေးသည်။





'ညိုလုံးရေ မဆူစမ်းနဲ့ကွယ် တိတ်တိတ်နေ၊ ကြီးကြီး အိပ်နေတုန်းကွယ့်'

စကားကို နားလည်သော ညိုလုံးက ချက်ချင်းအသံရပ်သွားသည်။ အမြီး တနန့်နန့်နှင့် သူမကို မော့ကြည့်နေသည်။

'လာ... ဗိုက်ဆာနေပြီ မဟုတ်လား၊ မီးဖိုထဲသွားမယ်'

ခြေသံ လုံလုံနှင့် မီးဖိုဆောင်သို့ ဝင်လိုက်ကြသည်။ လျှပ်စစ်မီးဖိုကိုဖွင့်ပြီး ရေနွေးအိုး တည်သည်။ ညိုလုံးအတွက် ညက ကျန်သော ထမင်းကြမ်းနှင့်ဟင်းကို နယ်ပြီး ကျွေးသည်။ အမြီး တနန့်နန့်နှင့် ညိုလုံးက စားနေသည်။

ကော်ဖီလေးခွက်စာဆံ့သော ကြွေကရားလေးဖြင့် ကော်ဖီတစ်ကရားဖျော်သည်။ ပြီးတော့ သူမရဲ့ကြီးကြီးဖြစ်သူ ဒေါ်ခင်စီနိုးလျှင် အသင့်ဖြစ်အောင် ပေါင်မုန့်နှစ်ချပ်ကို မီးကင်လိုက်သည်။

မိမိအတွက် မီးမကင်ဘဲ ပေါင်မုန့်ကို ထောပတ်သုတ်ထားလိုက်သည်။ ခြေသံကြား၍ လှည့်ကြည့်သည်။ ဒေါ်ခင်စီ နိုးလာသည်ပဲ။

'သည်းဦးတို့ လမ်းလျှောက်က ပြန်လာကြပြီကိုး'

'ဟုတ်ကဲ့... ကော်ဖီ အသင့်ဖြစ်နေပြီ ကြီးကြီး'

'မျက်နှာသစ်လိုက်ဦးမယ်ကွယ်၊ သမီး ဆာရင်စားနှင့်ပါ'

'ရပါတယ်... ကြီးကြီးနဲ့မှ စားမယ်'

'အေး... အေး လာခဲ့မယ်'

ရေချိုးခန်းသို့ ဒေါ်ခင်စီက ဝင်သွားသည်။ တူမချော စောင့်နေသည်မို့ မြန်မြန်ပဲ သွားတိုက် မျက်နှာသစ်လိုက်သည်။

နံနက်စာကို တူအရီးနှစ်ယောက် အတူ စားလိုက်ကြသည်။ နူနယ်ပြီး သေဆုံးသွားပြီဖြစ်သော မောင်နှင့်ယောက်မကို သတိရနေသည်။

ရုပ်ရည်လေး လှသလောက် မိဘရဲ့မေတ္တာ ငတ်ရှာတဲ့ တူမလေးကို သနားနေမိသည်။ အမေဖြစ်သူက သူမကို လောကကြီးထဲ ပို့ပြီး သူက လောကကြီးထဲက အပြီးအပိုင် ထွက်သွားသည်။

ဒါကြောင့် ကြီးဒေါ်ဖြစ်သူ အပျိုကြီး သူမမှာ တူမလေးကို မိခင်နှင့်မခြား ကြည့်ရှု ထိန်းသိမ်းခဲ့ရသည်။ ဖခင်က ချစ်လွန်း၍ သမီးလေးကို သည်းဦးပန်းဆိုသော နာမည်ကို ပေးမှည့်ခဲ့သည်။

သည်းဦးပန်း ဆယ့်ခုနစ်နှစ် သမီးမှာ ဖခင်ဖြစ်သူက နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ပြန်သည်။ သူမရဲ့ တာဝန်မှန်သမျှ ဒေါ်ခင်စီရဲ့အပေါ်မှာ လုံးလုံးလျားလျား ကျခဲ့ရပါပြီ။

'ကြီးကြီး...'

'ဘာလဲ သမီး'

ကော်ဖီကို တစ်ငုံငုံသောက်ပြီး သည်းဦးဗန်းက ကြီးဒေါ်ကို ခေါ်လိုက်သည်။

'မနက်ဖြန် ဖေဖေ့အတွက် ဘာလုပ်မလဲဟင်'

'ဩော်... ဟုတ်သားပဲ၊ သမီး အဖေဆုံးတာ လေးနှစ်တောင်ရှိသွားပြီပဲ'

ဒေါ်ခင်စီရဲ့မျက်ဝန်းတွေ မှိုင်ကျသွားသည်။ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ မောင်ကို လွမ်းဆွတ်တမ်းတမိသည်။

'သမီး ဘာလုပ်ချင်လဲ၊ ဆန္ဒရှိတဲ့အတိုင်းသာ လုပ်ပါ၊ ကြွယ်'





'ဒီနှစ် ဆရာတော်ကြီး ကျောင်းကိုပဲသွားပြီး ဆွမ်းကပ်မယ်၊ နောက်ပြီး ဝတ္ထုလှူမယ်လေ'

'ကောင်းသားပဲ'

'ဒီနေ့ သမီး ပွဲရုံကိုသွားမယ်၊ အပြန်မှာ ဈေးဝယ်လာမယ်'

'ကောင်းတယ် သမီး'

'ကြီးကြီးရော ဘာမှာဦးမလဲ'

'သမီး ဝယ်ချင်တာသာ ဝယ်ခဲ့ပါကွယ်'

စားသောက်ပြီးသော ပန်းကန်များကို သိမ်းဆည်းသွားသော သူမကို ကြည့်ပြီး ဒေါ်ခင်စီက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

* * *

သည်းဦးပန်းရဲ့ ဖခင်က မကွယ်လွန်မီ ဥစ္စာပစ္စည်းကို ရှာဖွေစုဆောင်းခဲ့သည်။ ချစ်လှစွာသော ဇနီးကွယ်လွန်ပြီး နောက်ထပ် အိမ်ထောင်မပြုတော့ပါ။

ဘဝကို သူ့အမိမဲ့သမီးနှင့် စီးပွားရေးလောကထဲမှာပဲ နှစ်မြှုပ်ထားလိုက်သည်။ သမီးငယ်ကို အမိလိုတစ်မျိုး အဖလိုတစ်မျိုးနှင့် မေတ္တာတွေ ပုံအောပေးခဲ့သည်။

သမီးငယ် ဆယ်တန်းစာမေးပွဲ အောင်သည့်နှစ်မှာပဲ သူကွယ်လွန်သွားခဲ့သည်။ အစ်မ အပျိုကြီးက မွေးစကတည်းက သည်းဦးပန်းကို ထိန်းကျောင်းခဲ့သည်မှာ မောင်ဆုံးတော့ တာဝန်လုံးလုံး သူမခေါင်းပေါ် ကျနေလေတော့သည်။

သည်းဦးပန်းက ဖခင်ဆုံးပြီးနောက်ပိုင်း တက္ကသိုလ်တက်ချင်

စိတ်မရှိ။ အငေးသင်တက္ကသိုလ်သို့သာ တက်ရောက်ခဲ့လေသည်။

ဖခင်ထားရှိခဲ့သော ဥစ္စာပစ္စည်း တချို့ကို ထုခွဲပြီး ဖခင်ရဲ့ မိတ်ဆွေပွဲရုံမှာ အစုငွေဝင်ခဲ့သည်။ အမြတ်အစွန်းကို တစ်လတစ်ခါမှာ ထုတ်ပေးခဲ့သည်။ ဒါကြောင့် မပူမပင် မကြောင့်မကြဘဲ စားဝတ်နေရေးက တူအရီးနှစ်ယောက်အတွက် ဖူလုံခဲ့သည်။

တစ်သိန်းကို တစ်လလျှင် ငါးကျပ်နှုန်းလောက်ရသဖြင့် ငွေကလည်း ဖူဖူလုံလုံရခဲ့သည်။ အရင်းမလျော့ ခွန်အားမစိုက်ဘဲ ဝင်ငွေရရှိခဲ့သည့်အတွက် ဖခင်ရဲ့ သူငယ်ချင်းကို သည်းဦးပန်းက ကြည်ညို လေးစားနေရပါသည်။

■



(၄)

ဖခင်အတွက် ဘုန်းကြီးဆွမ်းကပ်ချင်၍ သည်းဦးပန်းက စောစောစီးစီး ချက်ပြုတ်နေရသည်။ လမ်းလျှောက်ပင် မထွက်ဖြစ်တော့ပါ။ ညီလုံးက ထမင်းစားခန်း အဝက ဒိုက်မျဉ်းရင်း သူမ အလုပ်လုပ်နေသည်ကို တစေ့တစောင်း ကြည့်နေသည်။

ကြီးတော်ကို မကူနိုင်းဘဲ တစ်ယောက်တည်း သွက်သွက်လေး ချိုင့်ကို အသင့်ပြင်ပြီးမှ ရေချိုးခန်းဝင်ပြီး ရေချိုးသည်။

* * *

ထက်မြက် သည်နေ့ လမ်းလျှောက်ထွက်လာသည်။ သည်းဦးပန်းကို တွေ့ရလိမ့်မည်ဆိုသော မျှော်လင့်ချက်နှင့်ပါ။ ရှာဖွေရတာ မျက်စိညောင်းပြီး ရင်မောသွားပေမယ့် သည်းဦးပန်းရဲ့ အရိပ်အယောင်ကိုမျှ မတွေ့ရပါ။

သည်းဦးပန်းတစ်ယောက် အိမ်မှာ ချက်ပြုတ်နေရ၍ အလုပ်များပြီး လမ်းလျှောက် မထွက်နိုင်သည်ကိုပင် သူမသိရှာပါလား။ ခါတိုင်းထက် ကန်စောင်းမှာ အချိန်ပိုကြာကြာ နေလိုက်သည်။ သည်းဦးပန်းများ နောက်ကျနေ၍လား၊ ရောက်လာလိမ့်မည်ဆိုသော အထင်နှင့် စောင့်စားနေသည်။

အချိန်တော်တော် လင့်သွားသည်။ မျှော်သူက မပေါ်လာ။ ရင်မှာ တမ်းတ လွမ်းမောစိတ်များနှင့်အတူ အိမ်သို့ ပြန်ခဲ့သည်။

အိမ်ပြန်ရောက်တော့ ဒေါ်ကြီးစိန် ပြင်ဆင်ပေးသော နံနက်စာကို စိတ်ဝင်စားခြင်း မရှိစွာနှင့် စားသောက်နေသည်။ မျက်နှာမသာမယာနှင့်ရှိနေသော ထက်မြက်ကို ဒေါ်ကြီးစိန် သတိထားမိသည်။

'မနက်စောစော ဘယ်သူနဲ့ ဘာဖြစ်လာလဲ'

'ဘာမှ မဖြစ်ပါဘူး'

ဒေါ်ကြီးစိန်ကို ရင်ဖွင့်လိုစိတ်မရှိသောကြောင့် လိမ်လည်လိုက်သည်။ ဒေါ်ကြီးစိန်က ထက်မြက် တစ်ခုခု မကျေမလည် ခံစားနေရသည်ကို သိပေမယ့် ဆက်ပြီး မမေးတော့ပါ။

စားသောက်ပြီး အခန်းသို့ ပြန်သည်။ ဒရင်းဘက်ပေါ် လှဲရင်း သက်ပြင်း နက်နက်ရှိုက်လိုက်သည်။

'ဩော်... မသိကျွမ်းခင်ကတည်းက လွမ်းမောနေရပါလား မိန်းကလေးရယ်'

ဖြူနုသွယ်လျသော သည်းဦးပန်းရဲ့ ပုံပန်းသဏ္ဍာန်လေးကို မျက်ဝန်းထဲမှာ ပြန်လည်မြင်ယောင်နေမိသည်။ မနက်ဖြန် လမ်း





လျှောက်ထွက်လျှင် ထိုမိန်းကလေးနှင့် ဆုံစည်းမိပါစေလို့သာ တမ်းတမိသည်။

* * *

မျက်နှာသစ် အဝတ်အစားလဲပြီး အဖော်ညိုလုံးကြီးကို ခေါ်၍ နံနက် ဝေလီဝေလင်းမှာ သည်းဦးပန်း အိမ်က ထွက်လာသည်။ ကန်တော်ကြီးနှင့် အနီးအနားမှာနေ၍ လမ်းလျှောက်ထွက်ရသည်မှာ အဆင်ပြေမှုရှိနေသည်။

ညိုလုံးက အမြီးတနှံ့နှံ့နှင့် သူမနောက်က လိုက်ခဲ့သည်။ ကန်တော်ကြီးကို ပတ်ပြီးလျှောက်သည်။

ခါတိုင်းနေ့များထက် စောစီးစွာ ရောက်နေသော ထက်မြက်ရဲ့မြင်ကွင်းထဲသို့ ညိုမောင်းသော ခွေးကြီးနှင့် ချောမွေ့နုနယ်သော မိန်းကလေးတို့ တိုးဝင်လာသည်။

ထက်မြက် အရမ်းဝမ်းသာသွားသည်။ ထုံးစံအတိုင်း မိန်းကလေးက သူ့ကို သတိပြုမိပုံ မပေါ်ပါ။ သည်နေ့တော့ ရင်ထဲက ပြင်းပြသောဆန္ဒကို တွန်းလှန်နိုင်စွမ်း မရှိပါ။ သည်းဦးပန်းတို့ရဲ့ နောက်က ခပ်ခွာခွာ လိုက်ခဲ့သည်။

သည်းဦးပန်းက အတော်အတန်လျှောက်ပြီး မောလာပုံရသည်။ ပန်းကန်လုံးသဏ္ဍာန် ထိုင်ခုံမှာ ဝင်ထိုင်နေသည်။ ခွေးကြီးရန်လုံက သူမနားမှာ ထိုင်နေသည်။ ထက်မြက်လည်း သူတို့နဲ့ မလှမ်းမကမ်း ခုံမှာထိုင်သည်။

'တစ်နေ့တာ အသစ်စလာပြီမို့ တာဝန်သိသော နေမင်းကြီး

က ထွက်ပြူတော့မည်။ ရောင်နီတွေ ပျို့နေပြီ။ ဆန်းသစ်သော ရောင်နီအောက်မှာ မိန်းကလေးရဲ့အလှကို ပိုပြီးပီပြင်စွာ တွေ့နေရသည်။

ရင်သိမ့်တုန်စွာ သူမရဲ့အလှကို ခံစားမိရင်း နက်ရှိုင်းမြတ်နိုးစွာ တွယ်တာမိသည်။ ခွေးကြီးက ဘယ်လိုစိတ်ကူးပေါက်သည်မသိ။ သူ့ရဲ့သခင်မနား လှည့်ပတ်လျှောက်ရင်းက သူ့အနားဆီသို့ လျှောက်လာသည်။

သူက တိုးလျှသောလေချွန်သံကို ပြုသည်။ ခွေးကြီးက နားရွက်ထောင်ပြီး ကြည့်သည်။ သူ့ကို လေ့လာသောအကြည့်များနှင့် ခွေးကြီးက စိုက်ကြည့်နေသည်။ သူက တိုးလျှလျှပင် လေချွန်သံထပ်ပြုသည်။ ခွေးကြီးက သူ့နားဆီသို့ ရောက်လာသည်။

ဂျာကင်အိတ်ထဲသို့ နှိုက်လိုက်သည်။ ကြိုတင်ယူဆောင်လာသော ဝေဖာဘီစကွတ်ကို ခွေးကြီးအား ခဲပတ်စက္ကူကို ခွာပြီး ကျွေးသည်။

ပထမ ခွေးကြီးက မစားရဲပါ။ ပြီးမှ အနံ့ကိုရှူရှိုက်ပြီး ဝေဖာကို စားသည်။ ပြီးတော့ သူ့ကို အမြီးတနှန့်နှန့်နှင့် နှုတ်ဆက်သည်။ ထက်မြက် အရမ်းဝမ်းသာသွားသည်။ ခွေးကြီးကို စည်းရုံးသည့် စည်းရုံးရေး ပြည့်ဝစွာ အောင်မြင်သွားသည်။

'ညိုလုံး'

သူ့သခင်မက လှမ်းမြင်သွားပြီး အသံဆတ်ဆတ်လေး ခေါ်သည်။ ခွေးရဲ့နာမည်ကို ထက်မြက် သိလိုက်ရပြန်သည်။ သခင်ရဲ့ခေါ်သံကြောင့် ညိုလုံးက သူ့နားက ချာခနဲ လှည့်ထွက်သွားသည်။





အင်းခွေးကြီး ညိုလုံးက သခင်မစကားကို သိပ်နားထောင်တာကိုး။

'ဘယ်တွေ လျှောက်သွားနေတာလဲ'

သည်းဦးပန်းက ညိုလုံးကို ပောက်ဟိန်းလိုက်သည်။ သူ့ဆီသို့ အကြည့်တစ်ခုမှ ရောက်မလာပါ။

'မိန်းကလေးရယ်၊ သိပ်နေစိမ့်တယ်၊ ဒီဘက်ကိုများ နည်းနည်းလောက် သတိထားကြည့်လိုက်စမ်းပါ၊ မင်းကို သိပ်စိတ်ဝင်စားနေတဲ့ မျက်ဝန်းတွေကို တွေ့ရမှာပါကွယ်'

မချင့်မရဲကြီးနှင့် ထက်မြက်က ပြောနေသည်။ သည်းဦးပန်းက သူ့ဘက်သို့ သာမန်အကြည့်လေး တစ်ခုတောင်မပေးဘဲ ညိုလုံးနှင့်အတူ တရွေ့ရွေ့ ကျောခိုင်း ထွက်ခွာသွားလေပြီ။

ရင်ထဲမှာ ဟာဆင်းသွားသည်။ တစ်ယောက်တည်း ဝမ်းနည်းစွာ ကျန်ရစ်ခဲ့သည်။

'သိပ်ပြီး အနေတည်တဲ့ မိန်းကလေးပဲ'

သည်းဦးပန်းရဲ့ ဣန္ဒြေမျက်နှာလေးကို မြင်ယောင်နေမိသည်။

ရုတ်တရက်ကြီး သူ့ပတ်ဝန်းကျင်မှာ အလှတွေပျောက်ဆုံးသွားသည်။ သာယာမှုအပေါင်း ချုပ်ငြိမ်းသွားသည်။ ကန်တစ်ပတ်လမ်းလျှောက်မည်ဆိုသော အလုပ်သည် အမိပ္ပာယ်မဲ့သွားသည်။

ဒါကြောင့် တစ်ပတ်ပြည့်အောင်ပင် မလျှောက်တော့ဘဲ ကားကို စက်နှိုးပြီး အိမ်သို့ပြန်ခဲ့သည်။ ရင်မှာ ငြိတွယ်မှုအင်အား ပိုပြီးပြင်းထန်လာပါလား။

ခုတလော ထက်မြက်မျက်နှာ မသာမယာရှိနေသည်ကို ဒေါ်ကြီးစိန်က သတိထားမိသည်။ သူ့ရဲ့ အရိပ်အခြည်ကို ကြည့်နေသည်။ တစ်ခါဖွင့်မေးခဲ့စဉ်က ထက်မြက်က ဘာကိုမှ ဝန်မခံ။ အမြဲတမ်း ပွင့်လင်းခဲ့သော ထက်မြက် ဘာတွေဖြစ်နေပြီလဲ။

ထက်မြက်တစ်ယောက်တည်း တစ်စုံတစ်ခုကို ကျိတ်ပြီး ခံစားနေရသည်ကို ဒေါ်ကြီးစိန် ရိပ်စားမိသည်။

လင်ယောကျ်ားဖြစ်သူ ဘကြီးငွေကိုတောင် ဖွင့်၍ ပြောမိသေးသည်။

'သူ မပြောချင်တာကို ဇွတ်သွားမမေးနဲ့၊ လူလေးအကြောင်း သိသားပဲကွယ်၊ ကြာကြာ အောင့်အည်းမနေပါဘူး၊ သူက ရင်ထဲမှာ ထားတတ်တဲ့ ကလေးမှ မဟုတ်တာ၊ မကြာခင် ဖွင့်ပြောပါလိမ့်မယ်'

သားအရင်းတစ်ယောက်လိုပင် အရိပ် တကြည့်ကြည့်နှင့် ကြည့်ခဲ့ပြီး ထက်မြက် မျက်နှာညှိုလျှင် သူတို့လည်း မနေတတ်ပါ။ ထက်မြက် ဖွင့်ပြောလာမည့်နေ့ကို ဒေါ်ကြီးစိန်က စောင့်စားနေလိုက်သည်။

■



## (၅)

ထက်မြက်က သည်နေ့ လမ်းလျှောက်ထွက်သည့် အခါမှာ ခွေးကြီးညိုလုံးအတွက် ဘီစကွတ် ယူခဲ့သည်။ ညိုလုံးကို ပေါင်းပြီး သူ့သခင်မလေးနှင့် နီးစပ်အောင် ကြံရမည်သာ။

ကန်ကို တစ်ပတ်လျှောက်ပြီးသော်လည်း ညိုလုံးကိုရော သူ့သခင်မလေးကိုပါ မတွေ့ရပါ။ ယက်မြက် စိတ်ဓာတ်ကျနေပြီ။ သည်းဦးပန်း မလာတော့ဘူးလို့ ထင်လိုက်သည်။ စိတ်ပျက်လက်ပျက် ပန်းကန်လုံး ထိုင်ခုံမှာ ထိုင်နေလိုက်သည်။

မောလျှသောရင်ကို ထွက်သက် ဝင်သက်တွေ မှန်မှန်ရှူရင်း ဖြေလျှော့နေသည်။ ထိုအချိန်မှာ သူ့အနားသို့ တအီအီနှင့် ရောက်လာသော ညိုလုံးကို တွေ့ရသည်။ အမြီးလေး တနှန့်နှန့်နှင့်။ ကျဆင်းနေသော စိတ်ဓာတ်တွေ ရုတ်တရက် ပြန်၍ နိုးကြားလာသည်။ အလောတကြီး ပတ်ဝန်းကျင်မှာ သည်းဦးပန်းကို ရှာဖွေကြည့်သည်။ မတွေ့ပါလား။

ညိုလုံးကို အိတ်ထဲက ဘီစကွတ်မုန့်များ ချကျွေးသည်။ ညိုလုံးက မစား။ သူ့မျက်နှာကို မော့ကြည့်ပြီး တအီအီနှင့် အမြီးနှန့်

သိန်းမင်းစာပေ

နေသည်။ ညိုလုံး တစ်စုံတစ်ခု ပြောနေသည်။ သူ နားမလည်နိုင်သေးပါလား။

'ဘာလဲ ညိုလုံးကြီးရ မင်း ဘာပြောချင်တာလဲ'

ညိုလုံးရဲ့ ခေါင်းကို ပွတ်သပ်ပြီး ထက်မြက်က မေးလိုက်ပြန်သည်။ ညိုလုံးက သူ့ဘောင်းဘီစကို သွားနှင့်ကိုက်ပြီး ဆွဲသည်။

'ဟော့ကောင်... ဘာလုပ်တာလဲ'

ပြီးတော့ သူ့နားကနေ ထွက်ပြေးသည်။ ပေနှစ်ဆယ်လောက် အကွာရောက်တော့ သူ့ကို လှည့်ကြည့်သည်။ ညိုလုံးကို သူ နားမလည်စွာနှင့် ရပ်ကြည့်နေသည်။

ညိုလုံးက တစ်ခါ ပြန်ပြေးလာပြီး သူ့ရဲ့ဘောင်းဘီစကို ဆွဲသည်။ ပြီးတော့ စောစောကအတိုင်း လုပ်ပြန်သည်။

'ဩော်... မင်းခေါ်တဲ့နောက်ကို လိုက်ခိုင်းတာလား'

ထက်မြက် သဘောပေါက်သလို ရှိသွားပြီး၊ ညိုလုံးနောက်သို့ လိုက်ခဲ့သည်။ သည်တော့မှ ညိုလုံးက ကျေနပ်သွားပြီး ရှေ့က ပြေးသည်။ သူလည်း သွက်သွက်ကြီး ညိုလုံးနောက်က လိုက်ခဲ့သည်။ ညိုလုံး ဘာကိုပြချင်၍ သူ့ကို ခေါ်နေမှန်း မသိ။

ဟော...တွေ့ပါပြီ ညိုလုံးက သူ့ရဲ့သခင်မဆီ သွားနေသည်ပဲ။

'ဟင်... သူက ဘာလို့ မြက်ခင်းပေါ်မှာ ထိုင်နေရတာလဲ'

ထိုင်သင့်သည့်နေရာ မဟုတ်သည့် မြက်ခင်းပြင်ပေါ်မှာ သည်းဦးပန်းက ထိုင်နေသည်။ ညိုလုံးက သခင်မနားသွားပြီး အမြီးတနှန့်နှန့်နှင့် တအီအီ လုပ်နေသည်။ သည်းဦးပန်းနားသို့ သွား၍ ငုံ့ကြည့်လိုက်သည်။





ပထမဦးဆုံး သတိထား၍ ကြည့်လိုက်မိသည်က သည်းဦးပန်းရဲ့ နာကျင်နေသော မျက်ဝန်းတွေ။ မျက်ရည်ကြည်တွေ ဝေ့နေသည်။ မျက်ဝန်း စိုလက်လက်နှင့် သူ့ကို မော့ကြည့်နေသည်။

မျက်နှာကတစ်ဆင့် အကြည့်ကို ရွှေ့လျှားလိုက်တော့ ညာခြေမျက်စိနားမှာ လက်ကလေးနှစ်ဖက်အုပ်ပြီး ကိုင်ထားသည်ကို တွေ့ရသည်။ သည်းဦးပန်းနားမှာ မုဆိုးဒူးထောက် သူ ထိုင်ချလိုက်သည်။

'ဘာဖြစ်လို့လဲ ဟင်'

'သည်းဦး ခြေထောက် ချိုင့်ထဲဝင်ပြီး နာသွားလို့ပါ'

'ကြည့်ဦးမယ်နော်'

မိန်းကလေးရဲ့နာမည် သည်းဦးခဲ့တာကို သိလိုက်ရသည်။ အပြည့်အစုံ ဟုတ်မဟုတ်တော့ သူမသိ။ သည်းဦးပန်းရဲ့ ခြေမျက်စိကို ကြည့်လိုက်သည်။ ပတ်ဝန်းကျင်နေရာတွေပါ ယောင်ကိုင်းနေသည်။

'ခြေဆစ်နာသွားပြီ ထင်တယ်'

'ဟုတ်တယ်... အရမ်းနာတာပဲ၊ လမ်းလျှောက်လို့လဲ မရဘူး'

'ဩော်... ဒါကြောင့် ညိုလုံးက လာခေါ်တာကိုး'

'ရှင်... ညိုလုံးနာမည် သိနေတယ် ဟုတ်လား'

'ဆိုပါတော့'

တအံ့တဩ မော့ကြည့်လာသော မျက်နှာလေးကို အပြုံးတစ်ခုနှင့် ငုံ့မိုးကြည့်နေမိသည်။

'ဆေးခန်းပြမှ ဖြစ်မယ်ထင်တယ်'

ထက်မြက်က ပြောရင်း စွဲလမ်းမိသော မျက်နှာလေးကို စိုက်ကြည့်မိသည်။

'ကျွန်တော် ထူပေးရမလားဟင်'

'ဟုတ်... ဟုတ်ကဲ့၊ သည်းဦး လုံးဝရပ်လို့ မရပါဘူး'

ရှက်ရွံ့နေသည့် ဟန်လေးနှင့် သည်းဦးပန်းက ပြောသည်။ လက်မောင်းနှစ်ဖက်မှ ဖေးမ၍ ထူလိုက်သည်။ အချစ်ရဆုံး မိန်းကလေးရဲ့ အသားတွေနှင့် တွေ့ထိစဉ်ခိုက်မှာ ထက်မြက်ရဲ့ နှလုံးသွေးတွေ ခပ်ကြမ်းကြမ်းပင် ဆူပွက်သွားသည်။ သည်းဦးပန်းရဲ့ ရင်မှာလည်း လှုပ်ခတ်သွားသည်။ သူစိမ်းယောကျ်ား တစ်ယောက်နှင့် သည်တစ်ခါသာ လက်ပွန်းတတီး ရှိခဲ့သည် မဟုတ်လား။

'အား...'

ခြေထောက်ကို အားယူပြီး ရပ်အလိုက်မှာ အသည်းခိုက်အောင် နာကျင်သွားသည်။ ယိုင်နွဲ့သွားသော သူမရဲ့ ကိုယ်ခန္ဓာလေးကို ထက်မြက် ဖမ်း၍ထိန်းလိုက်ရသည်။

ညိုလုံးက သခင်မရဲ့ နာကျင်နေမှုကို ကြည့်ပြီး တအီအီနှင့် လုပ်နေသည်။

'ဒီအတိုင်းဆို ခင်ဗျား လမ်းလျှောက်နိုင်မှာ မဟုတ်ဘူး'

'ခြေထောက်က အရမ်းနာတယ်'

မျက်ရည်ဝဲဝဲနှင့် ရှိနေသော မိန်းကလေးကို မြတ်နိုးကြင်နာစွာ ငုံ့ကြည့်မိသည်။

'ကျွန်တော့်မှာ ကားပါတယ်၊ ကားဆီကို ကျွန်တော်ပွေ့သွားရမလားဟင်'





ရှက်ပဲဝဲ အကြည့်တစ်ခု သူ့မျက်နှာဆီသို့ ရောက်လာပြီး ခေါင်းညိတ်လိုက်သည်။ ဖြူနုသော မျက်နှာလေးမှာ သွေးအရောင်တွေ လွှမ်းသွားသည်။

ညင်သာစွာ ရင်နှင့်တမျှ ချစ်ခင်ရပါသော မိန်းကလေးကို ပွေ့လိုက်သည်။

'ညိုလုံးရေ လာဟေ့'

ညိုလုံးကိုပါခေါ်ပြီး ကားဆီသို့ ခြေလှမ်းကျဲကြီးများနှင့် လှမ်းခဲ့သည်။ ကားတံခါးကို ဖွင့်ပြီး ကားနောက်ခန်းမှာ သည်းဦးပန်းကို ထိုင်စေလိုက်သည်။

'ကဲ... မင်းလည်း ဝင်လေ'

ညိုလုံးသည် စကားကို အတော်နားလည်ပြီး လိမ္မာပါးနပ်သော ခွေးပါပင်။ သူ့ရဲ့သခင်မနားမှာ ဝင်ထိုင်သည်။ ကားကို စက်နှိုးသည်။ ကန်တော်ကြီးမှ ထွက်ခွာခဲ့သည်။ နောက်ကြည့်မှန်မှ တစ်ဆင့် သည်းဦးပန်းရဲ့ မျက်နှာလေးကို လှမ်းကြည့်သည်။ နာကျင်နေသော ဝေဒနာကို သူမ ခံစားနေရပါလား။

'ကျွန်တော် ဘယ်သူဆိုတာကို မသည်းဦးကိုပြောပြပါဦးမယ်'

ထက်မြက်က ထိုသို့ ပြောလိုက်သည်နှင့် သည်းဦးပန်းရဲ့ အကြည့်က သူ့ဆီကို ရောက်လာသည်။

'ကျွန်တော့်နာမည် ထက်မြက်ပါ၊ လုပ်တဲ့ အလုပ်အကိုင်က ဆရာဝန်ပါ'

'ရှင်...'

အံ့သြမှုဖြင့် သည်းဦးပန်းရဲ့ မျက်ဝန်းလေးတွေ ပြူးဝိုင်းသွား

သည်။ ထက်မြက်က ရယ်ချင်သည့်အတွက် မျက်လုံးတွေမှာ ပြုံးရိပ်ဖြင့် ရီဝေသွားသည်။

'မသည်းဦးရဲ့ ခြေထောက်ကို ကျွန်တော်ရဲ့ ဆေးခန်းရောက်မှ သေသေချာချာ စစ်ဆေးပြီး လိုအပ်တာကို လုပ်ပေးပါ့မယ်'

'ဟုတ်... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ'

'အဲလိုကြီး မခေါ်ပါနဲ့ဗျာ၊ ကိုထက်မြက်ဆိုရင် လုံလောက်ပါပြီ မသည်းဦး၊ ဘယ်လို ဖြစ်သွားလဲ ပြောပါဦး'

သည်းဦးပန်းက သူ့ရဲ့နောက်မှနေပြီး အကြည့်စူးစူးလေး သူ့ဆီသို့ ပို့လိုက်သည်။

'ကျွန်မနာမည်က သည်းဦးပန်းပါ၊ လမ်းလျှောက်ရင်းနဲ့ ညီလုံးပေါ့၊ လူဟာစ်ယောက်ကို ပြေးပြီးဟပ်မလို့လေ၊ သည်းဦးက သူ့နောက် ပြေးလိုက်ရင်းနဲ့ ချိုင့်ထဲခြေထောက်ကျပြီး ခုလိုဖြစ်သွားတာပါ'

'ဆေးခန်းရောက်မှ ကျွန်တော် သေသေချာချာ ကြည့်ပေးပါ့မယ်'

'ညီလုံးကြောင့် ဖြစ်တာ၊ ကြီးကြီးတော့ အိမ်မှာ အချိန်တန် ပြန်မရောက်လို့ စိတ်ပူနေတော့မှာပဲ'

'ဒါဆို အိမ်ကို အရင်ဝင်ပြောမလား'

'မပြောတော့ပါဘူးရှင်၊ ကိုထက်မြက်ကိုလည်း အားနာလှပါပြီ'

'ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ မသည်းဦးပန်း၊ အားနာစရာ မလိုပါဘူး၊ လူနာကို ကြည့်ရှုပေးရမယ့် ဂတ္တရား





ကျွန်တော့်မှာ ရှိပါတယ်'

'သည်းဦးလို့ပဲ ခေါ်နိုင်ပါတယ်ရှင်'

ဤသို့ပြောလိုက်ခြင်းကပင် ခင်မင်ရင်းနှီးမှု အငွေ့အသက်လေးပါဝင်နေသည်လို့ ထက်မြက် ခံစားမိသည်။ ရင်ထဲမှာ နွေးခနဲ ခံစားလိုက်ရသည်။

ရွှေဘုံသာလမ်းရှိ သူ၏ဆေးခန်းသို့ သည်းဦးပန်းကို ခေါ်သွားသည်။ တော်ပါသေးရဲ့ ကားထဲမှာ ဆေးခန်းသော့ကို ထည့်ထား၍သာပေါ့၊ ဆေးခန်းတံခါးကို သူအရင်ဆင်း၍ ဖွင့်သည်။ ပြီးမှ သည်းဦးပန်းကို တစ်ခေါက် လာခေါ်သည်။

'မောင်လို နှမလို သဘောနဲ့ ကျွန်တော့်ကို ပွေ့ချီခွင့်ပြုပါ'

ယဉ်ကျေးသိမ်မွေ့စွာ သည်းဦးပန်းကို ပြော၍ခွင့်တောင်းသည်။ သည်းဦးပန်းက အားတုံ့အားနာ ရှိသည့်အကြည့်နှင့် သူ့ကို ပြန်ကြည့်သည်။

'သည်းဦးကသာ အားနာရမှာပါရှင်၊ သည်းဦးကြောင့် ကိုထက်မြက် အလုပ်ပိုပြီးရှုပ် ဒုက္ခရောက်ရတာမဟုတ်လား'

ချိုနွဲ့သော ပိန်းကလေးရဲ့ အသံသာသည် ထက်မြက်ရဲ့နှလုံးသားကို မြဲမြံစွာ ဖမ်းစားနေပါသည်။ တိတ်တခိုးမြတ်နိုးမိသော မိန်းကလေးကို ငုံ့ကြည့်မိခိုက် ရင်မှာ ပြင်းထန်စွာသော လှုပ်ရှားမှုဖြစ်သွားသည်။

* * *

ဆေးခန်းတွင်းသို့ ပွေ့ချီခဲ့ပြီး လူနာစမ်းသပ်သော ခုတင်

ပေါ်မှာ တင်လိုက်သည်။ ညိုလုံးက သခင့်နားက တစ်ဖဝါးမှမခွာပါ။ ထက်မြက်လုပ်သမျှ ကိုင်သမျှကို လျှာလေးတန်းလန်းနှင့် ကြည့်နေသည်။

ထက်မြက်က သည်းဦးပန်းရဲ့ခြေဆစ်ကို သေချာစွာစမ်းသပ်သည်။ နာ၍ သည်းဦးပန်းက တွန့်ခနဲဖြစ်ပြီး ပါးစပ်ကပင် နာကျင်သံထွက်လာသည်။

'ခဏလေးသည်းခံပြီး အနာခံလိုက်နော်၊ အရိုးတွေ ဘာဖြစ်သွားလဲ စမ်းကြည့်နေတာပါ'

နာကျင်လွန်း၍ သည်းဦးပန်းရဲ့မျက်နှာလေး ရှုံ့တွနေသည်။ နာကျင်သည့် မျက်ရည်စများ မျက်ဝန်းထဲမှာ တွဲလွဲခိုလာသည်။

'အရိုးမကျိုးလို့ တော်သေးတာပေါ့'

ထက်မြက်က ညင်သာစွာ ခြေဆစ်ကို ဆေးလိမ်းပေးသည်။ ပြီးတော့ ပတ်တီးစည်းပေးသည်။ ညင်သာစွာ လုပ်ကိုင်နေသော ထက်မြက်ရဲ့တည်ကြည်တဲ့ မျက်နှာချောချောကို သည်းဦးပန်းက ခိုးကြည့်မိသည်။

ဆရာဝန်တစ်ယောက်ဆိုသော ဂုဏ်ပုဒ်နှင့် လိုက်လျောညီထွေအောင် ချောမော ခန့်ညားနေသည်သာ။

ဆေးလိမ်း ပတ်တီးစည်းခြင်းကိစ္စ ပြီးသွားတော့ ထက်မြက်က မျက်လုံးလှန်ပြီး ကြည့်သည်။ သည်းဦးပန်းက အကြည့်ကို မြန်မြန်ကြီး လွှဲပစ်လိုက်ရသည်။

'ကဲ… ခြေထောက်ကို အနားပေးရလိမ့်မယ်၊ လမ်းမလျှောက်နဲ့၊ အိပ်ရာထဲမှာပဲနေပေါ့'





'ဘယ်လောက်ထိ အဲလို နေရမှာလဲဟင်'

'အနည်းဆုံး တစ်ပတ်ပေါ့'

'ဒုက္ခပါပဲ၊ အိမ်မှာ ကြီးကြီးက ဘာမှလုပ်နိုင်တာ မဟုတ်ဘူး'

'ခြေထောက်ကို အနားမပေးရင် ပျောက်မှာ မဟုတ်ဘူးဗျ'

ချစ်နေမိသည့် မိန်းကလေးကို တစ်ချက် စူးနစ်နစ်ကြည့်ပြီး ရယ်ဟဟနှင့် ပြောလိုက်မိသည်။ သည်းဦးပန်း သောက်သုံးရမည့် ဆေးများကို ပလတ်စတစ်အိတ်ထဲသို့ ထည့်ပေးနေသည်။

'ကျွန်တော်ပေးတဲ့ ဆေးတွေကို မှန်မှန်သောက်ဦးနော်'

'ဟုတ်ကဲ့ပါ'

'ဒါဆို သည်းဦးပန်းအိမ်ကို ကျွန်တော် လိုက်ပို့ပေးမယ်'

'အငှားလေးဘီးတစ်စီးနဲ့ တင်ပေးလိုက်ပါ ကိုထက်မြက်'

'မဟုတ်တာဗျာ၊ အိမ်အရောက် ကျွန်တော်လိုက်ပို့ပေးပါ့မယ်'

သည်အချိန်မှာ ထက်မြက်တစ်ယောက်သာ အားကိုးစရာမို့ သည်းဦးပန်းက လက်ခံလိုက်ရပါသည်။

■

(၆)

သည်းဦးပန်းရဲ့ တိုက်ခန်းက မြေညီထပ်မှာဖြစ်သည်။ ဒေါ်ခင်စီက အချိန်နှင့်ပြန်မရောက်လာသဖြင့် သည်းဦးပန်းကိုလည်တဆန့်ဆန့်နှင့် မျှော်နေသည်။ တိုက်ခန်းရှေ့မှာ အက်(စ်)အီးကား အဖြူလေး ရပ်လိုက်သည်ကို လှမ်းကြည့်သည်။

'ဟင်...'

ဒေါ်ခင်စီ အံ့သြသွားသည်။ တစ်ခါမှ မတွေ့ဘူး။ အိမ်သို့ မလာဘူးသောကားနှင့် သည်းဦးပန်းက ပြန်လာသည်ပဲ။ ထက်မြက်ကိုလည်း မတွေ့ခဲ့ဘူး။ သည်းဦးပန်းဆီ တစ်ခါမှ လာသည်ကိုလည်း မတွေ့ခဲ့ဘူးပါ။

ထက်မြက်က ကားပေါ်ကဆင်းပြီး သည်းဦးပန်းထိုင်နေသောနေရာ ကားတံခါးကိုဖွင့်ပြီး သည်းဦးပန်းကို ပွေ့ချီလိုက်သည်။

'အလိုလေး'

ဒေါ်ခင်စီရဲ့မျက်လုံးတွေ ပြူးဝိုင်းသွားသည်။ သူစိမ်းတစ်ယောက်က တူမချောကို ပိုင်ပိုင်နိုင်နိုင်ကြီး ပွေ့ချီလိုက်သည်မို့ ဒေါသလည်းဖြစ်၊ ရှက်လည်းရှက်သွားသည်။ အိမ်ရဲ့ အုတ်လှေကားထစ်ကို





ထက်မြက် လှမ်းအတက်၊ သည်းဦးပန်းရဲ့ ခြေထောက်က ပတ်တီးကို သတိပြုမိသွားသည်။

အားလုံးကို သဘောပေါက်သွားသည်။ ရင်ထဲမှာ အပူလုံးတစ်ခု တက်လာသည်။ သည်းဦးပန်း ဘာတွေဖြစ်လာသည်လဲ။

'ဟင်... သမီးခြေထောက် ဘာဖြစ်လို့လဲ'

'ညှိလုံးနောက် ပြေးလိုက်ရင်းနဲ့ ခြေသပ္ပတ်တိုင် လည်သွားတာပါ'

'အိုကွယ်... ဖြစ်ရလေ'

ထက်မြက်က အိမ်ထဲသို့ ဝင်ခဲ့ပြီး နှစ်ယောက်ထိုင် ကြိမ်ဆက်တီခုံမှာ သည်းဦးပန်းကို တင်လိုက်သည်။ ဒေါ်ခင်စီက နောက်က တပ်ကြပ်မကွာလိုက်ခဲ့ရင်း သူမကို မျက်နှာညှိုးညှိုးနှင့် ကြည့်နေသည်။

သည်းဦးပန်းရဲ့ ပတ်တီးစည်းထားသော ခြေထောက်ကို ...ပ်ဖွဖွလေးကိုင်ပြီး မေးသည်။

'အရိုးများ ကျိုးသွားသလားကွယ်'

'မကျိုးပါဘူး ကြီးကြီးရယ်'

ဒေါ်ခင်စီ သိပ်စိတ်ပူနေသည်ကို သည်းဦးပန်းက သိသည်။ ...ကြောင့် မျက်နှာကို အချိုသာဆုံး ပြုံးထားသည်။

'တော်သေးတာပေါ့ ကြီးကြီးရယ်၊ ဒေါက်တာထက်မြက်နဲ့ ...တွေ့ပြီး သူကကူညီလို့လေ'

အကျိုးအကြောင်း ပြောရင်းနှင့် ထက်မြက် ဘယ်သူဆိုတာ ...ပါ တစ်ခါတည်း သိစေလိုက်သည်။

'ဩော်... မောင်ရင်က ဆရာဝန်ကိုး'

ခေါင်းတညိတ်ညိတ်နှင့် ဒေါ်ခင်စီက ရှိနေသည်။ ထက်မြ
အပေါ်သို့ လေ့လာသုံးသပ်သော အကြည့်များရောက်နေသည
ယခုတိုင် မထိုင်သေးသော ထက်မြက်ကို ထိုင်ခိုင်းလိုက်သည်။

'ထိုင်ပါဦးကွယ်၊ ကြီးကြီး တစ်ခုခု စီစဉ်လိုက်ပါဦးမယ်'

'နေပါစေဗျာ၊ ကျွန်တော် အချိန်မပေးနိုင်လို့ပါ'

လက်တကာကာနှင့် ထက်မြက်က ရှိနေသည်။ ပြီးတေ
ထိုင်ပင်မထိုင်ပဲ သည်းဦးပန်းကို ငုံ့ကြည့်ပြီး ပြောသည်။

'မနက်ဖြန်မနက် ဒဏ်ရာကို လာကြည့်ပေးပါ့မယ်၊ သော
ဆေးတွေလည်း ထပ်ယူခဲ့မယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်... ကိုထက်မြက်'

'သမီးရယ် ဆရာ့ကို ဆေးဖိုးဝါးခ မချီးမြှင့်တော့ဘူးလာ

ဒေါ်ခင်စီက အားနာစွာနှင့် ပြောသည်။ ထက်မြက်
ရယ်ဟာဟာနှင့် ပြန်ပြောသည်။

'မယူပါရစေနဲ့ဗျာ... ခင်မင်ရင်းနှီးတဲ့အနေနဲ့ ကျွန်တေ
အခမဲ့ ကုသပေးပါရစေ'

ထက်မြက်ကို ကျေးဇူးတင်လေးစားသော အကြည့်နှ
သည်းဦးပန်းက ကြည့်လိုက်သည်။

'ကိုထက်မြက်ကို ကျေးဇူးတင်ပါတယ်လို့ မပြောတော့ဘ
နော်'

'ရပါတယ်... မပြောပါနဲ့ဗျာ၊ ခုလို ကူညီခွင့်ရတာကို
ဝမ်းသာလှပါပြီ'





ဟုတ်ပါသည်။ သိပ်ချစ်မြတ်နိုးရသော မိန်းကလေးကို
းစပ် ခင်မင်ခွင့်ရသည့်အတွက် ထက်မြက် သိပ်ကိုဝမ်းသာနေရ
သည်။

'ကဲ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါ'

'ဟုတ်ကဲ့'

တံခါးဆီသို့ လှမ်းခဲ့သည်။ အိမ်အဝင်ဝမှ ထိုင်နေသော
ညိုလုံးရဲ့ခေါင်းကို တစ်ချက်ပွတ်သပ်လိုက်သည်။

'မင်းကို သိပ်ကျေးဇူးတင်တယ်ကွာ၊ မင်းကြောင့် ငါ သိပ်
ရင်းနှီးချင်တဲ့ သည်းဦးပန်းနဲ့ တွေ့ခဲ့ရပြီ'

စိတ်ထဲက အသံတိတ် ကျေးဇူးတင်လိုက်သည်။

နောက်တစ်နေ့လာလျှင် ကျေးဇူးရှင် ညိုလုံးကို ကောင်း
ကောင်းကြီး ပြုစုကျွေးမွေးဖို့ စိတ်ကူးလိုက်သည်။

'ဒီနေ့ လမ်းလျှောက်ရတာ တကယ် တန်သွားပြီ'

တစ်ယောက်တည်း ကျေနပ်စွာပြုံးရင်းနှင့် ကားကို စက်နှိုးပြီး
မောင်းထွက်ခဲ့သည်။

အိမ်ပြန်ရောက်တော့ နောက်ကျနေသည့်အတွက် ဒေါ်ကြီး
စိန်က ဆီး၍မေးသည်။

'လူလေး... ဒီနေ့ နောက်ကျလိုက်တာ၊ ဆေးရုံသွားဖို့ နောက်
ကျနေပြီကွယ်'

'ဟုတ်တယ် ဒေါ်ကြီးစိန်ရယ်၊ ကျွန်တော် ရေချိုးပြီးမှ တစ်ခါ
တည်း ထမင်းစားလိုက်တော့မယ်နော်'

ကိုယ်ပေါ်က အဝတ်အစားတွေကို ချွတ်ပြီး ရေချိုးခန်းသို့

ဝင်သည်။ ရေကို သွက်သွက်ချိုး၊ အဝတ်အစားလဲပြီး အောက်ထပ်သို့ အပြေးတစ်ပိုင်းနှင့် ဆင်းခဲ့သည်။

ဒေါ်ကြီးစိန် ပြင်ဆင်ပေးထားသော ထမင်းကို ကတိုက်ကရိုက်ပင် စားလိုက်သည်။ ဒေါ်ကြီးစိန်က အနားကပြုံးစုရင်း...

'လူလေးရယ်... နင်နေပါဦးမယ်၊ ဖြည်းဖြည်းစားမှပေါ့'

'အချိန်မရှိတော့ဘူးဗျ'

'ဒီနေ့ အိမ်ပြန်နောက်ကျလို့ ဒေါ်ကြီးက စိတ်ပူနေတာ ဘာလို့ နောက်ကျရတာလဲကွယ်'

ချိုအီနေသော အပြုံးတွေနှင့် ဒေါ်ကြီးစိန်ကို လှမ်းကြည့်ပြီး ဖြေလိုက်သည်။

'အဲဒီအကြောင်း ညနေမှ ပြောမယ်'

'ဘာများလဲကွယ်၊ အခုပြောစမ်းပါ'

'အလောသုံးဆယ် ပြောလို့မဖြစ်တဲ့ ကိစ္စဗျာ၊ အေးအေးဆေး ဆေး ပြောရမှဖြစ်မှာ'

'အလိုလေးတော်... ဘယ်လိုကိစ္စတွေပါလိမ့်'

ဒေါ်ကြီးစိန်က ရယ်ဟဟနှင့် နောက်ပြောင်နေသည် ထက်မြက်ရဲ့ မျက်နှာကလည်း အရမ်းကို ရွှင်မြူးနေသည် မဟုတ်လား။

'အင်း... ကိုထက်မြက်တို့ ဒီနေ့ သိပ်အူမြူးနေပါလား'

'မြူးရတယ် ဒေါ်ကြီးရေ၊ သိပ်ဝမ်းသာစရာတွေနဲ့ ကြုံခဲ့ရ ခင်ဗျ'

ရယ်ကျဲကျဲမျက်နှာနှင့် ပြောရင်း ဆေးအိတ်ကောက်ဆွဲက





ထမင်းစားခန်းမှ ထွက်သွားသည်။ ထက်မြက်ရဲ့ထူးခြားနေတဲ့ ဟန်ကိုကြည့်ပြီး ဒေါ်ကြီးစိန်ရဲ့ ရင်ထဲမှာ သိလိုစိတ်တွေ ပြင်းထန် နေသည်။

'ညနေ သူပြန်လာမှပဲ မေးရမှာပဲတော်'

* * *

သည်နေ့အလုပ်လုပ်ရတာ ထက်မြက်ရဲ့စိတ်ထဲမှာ ပေါ့ပါး ရွှင်လန်းနေသည်။ သည်းဦးပန်းနှင့် တရင်းတနှီးပုံစံကို မဖန်တီးယူ ရဘဲ ရလိုက်ပြီမဟုတ်လား။

အလုပ်မရှိဘဲ အားနေသည့် အချိန်လစ်လပ်များကို သည်းဦးပန်းက ပိုင်စိုးနေသည်။ ဆေးရုံတာဝန်ချိန်ပြီးတော့ အိမ် ပြန်ခဲ့သည်။ ဆေးခန်းမဖွင့်ခင် အိမ်မှာသူခဏတဖြုတ် နားတတ် သည်လေ။

ဒေါ်ကြီးစိန်က သူ အိမ်ပြန်ရောက်သည့် အချိန်နှင့်တိုက်ပြီး စားသောက်ဖွယ်ရာကို အသင့်ပြင်ဆင်ထားတတ်သည်။ အိမ်ပြန် ရောက်ပြီး အဝတ်အစားလဲ၊ လက်၊ ခြေဆေးကြောပြီး ထမင်းစား ခန်းသို့ ထက်မြက် ဝင်သည်။

'ဟော... ကိုထက် ပြန်လာပြီ၊ အသင့်ပဲဟေ့၊ စားလို့ရပြီ'

'အင်း... ဗိုက်ဆာနေတယ် ဒေါ်ကြီးစိန်ရဲ့'

'မဆာတဲ့နေ့များ ရှိသေးရဲ့လား ကိုထက်ရယ်'

ထက်မြက်ကို နောက်ပြောင်ပြောရင်း မနက်က ကိစ္စကို မေးဖို့ ဒေါ်ကြီးစိန်က ဟာစူလိုက်သည်။

'ကဲပါ ကိုထက်ရယ်၊ မနက်က အူမြူးလာရတဲ့အကြောင်းလေးများ မိန့်ပါဦး'

ထက်မြက် ဒေါ်ကြီးစိန်ကိုကြည့်ပြီး ဟက်ခနဲ ရယ်လိုက်သည်။ တကယ် ပြောရမယ်ဆိုတော့ ရှက်သလိုလိုရှိနေသည်။

'ပြုံးစိစိလုပ်မနေပါနဲ့ ကိုယ်တော်လေးရယ်၊ ပြောမှာသာ ပြောစမ်းပါ၊ ကျုပ်က သိချင်လှပြီတော့'

'ကျွန်တော် မနက်တိုင်း လမ်းလျှောက်ရင်းနဲ့ ကောင်မလေးတစ်ယောက်နဲ့ အမြဲမတွေ့တယ် ဒေါ်ကြီးရဲ့'

'ဟေ...'

ဒေါ်ကြီးစိန်အံ့ဩပြီး ထူးထဲသောပါးစပ်ကြီးပြကျသွားသည်။ ထက်မြက်ကို မျက်လုံးဝိုင်းဝိုင်းကြီးနှင့် ကြည့်နေသည်။ မိန်းကလေးကို စိတ်ဝင်စားမှုနည်းသလောက် မိန်းမနဲ့ပတ်သတ်ပြီး တစ်ခါမှ ပြောသံ မကြားဖူးခဲ့ပါ။

'အလိုတော်...'

ထက်မြက်ထံမှ ပထမဦးဆုံး တစ်သက်နှင့်တစ်ကိုယ် ကြားဖူးသော စကားပါ။

သူ့ဘေးမှာ ခွေးကြီးတစ်ကောင် အမြဲပါတယ်၊ သူနဲ့မသိခင်ကတည်းက ခွေးကြီးညိုလုံးနဲ့ ကျွန်တော်က သိခဲ့တာဗျ'

'ဩော်... မိန်းကလေးတစ်ယောက်ပိုးဖို့ ကိုထက်က ခွေးနဲ့ **မိတ်ဆွေဖွဲ့**ရသေးသကိုး'

ဒေါ်ကြီးစိန်က ခပ်လှောင်လှောင်ပြောတော့ ထက်မြက်က ရှုတည်တည်နှင့် ကြည့်ပစ်လိုက်သည်။





'ဟာ... ဒေါ်ကြီးစိန်ကလည်း နားထောင်တာ အေးအေးဆေးဆေး နားမထောင်ဘူး၊ ဖီလင်အောက်တယ်ဗျာ'

'ကဲပါ... စိတ်မကောက်ပါနဲ့ ကိုယ်တော်လေးရယ်၊ ဆက်ပြောပါဦး'

'အဲဒီ ခွေးကြီးကြောင့် မိန်းကလေးက ဒီနေ့ ခြေထောက်နာသွားတယ်၊ လမ်းလျှောက်လို့ မရဘူး'

'အိုကွယ် ဟုတ်လား'

'ဒါနဲ့ ကျွန်တော်က ကူညီရတယ်လေ၊ သူ့ကို ပွေ့တောင်ချီလိုက်ရသေးတယ်ဗျ'

ထက်မြက်က စိတ်အားထက်သန်စွာ မြူးမြူးလေးပြောနေသည်။ ဒေါ်ကြီးစိန်ကလည်း သူပြောနေသည်ကို စိတ်ဝင်စားစွာ ပါးစပ်အဟောင်းသားနှင့် နားထောင်နေသည်။

'သူ့ကို ဆေးခန်းခေါ် ဆေးကုပြီး အိမ်ပြန်ပို့ခဲ့ရတယ်လေ၊ ဒါကြောင့် မနက်က နောက်ကျတာပေါ့'

ထက်မြက်က ခုချိန်အထိ သည်းဦးပန်းရဲ့ အမည်ကို မပြောသေးပါ။ ဒေါ်ကြီးစိန်ကလည်း ဇာတ်လမ်းကို အစအဆုံး နားထောင်ပြီးမှ မေးသည်။

'မိန်းကလေး နာမည်ကရော'

'သည်းဦးပန်းတဲ့ခင်ဗျ၊ ဘယ်လောက်များ အဓိပ္ပာယ်ရှိပြီး လေးနက်ပါသလဲ'

ချိုအီနေတဲ့ ထက်မြက်ကိုကြည့်ပြီး၊ ဒေါ်ကြီးစိန် တော်တော်ကြီး ခန့်မှန်းမိသွားသည်။ ထက်မြက်သည် သည်းဦးပန်းဆိုသော

မိန်းကလေးအပေါ်မှာ တော်တော်ကြီးကိုစွဲစွဲလမ်းလမ်းရှိနေသည်ပဲ။

ထက်မြက်ကို မမွေးရုံတမည်၊ ကြည့်ရှုထိန်းသိမ်းခဲ့ရသည်။ ကျွေးမွေး စောင့်ရှောက်ခဲ့ရသည်။ ထက်မြက်ရဲ့အကြောင်းကို နောကြေအောင်ကို သိခဲ့သည်မဟုတ်လား။

'ကိုထက် အဲဒီမိန်းကလေးကို သိပ်စိတ်ဝင်စားနေပြီထင်တယ်'

'စိတ်ဝင်စားရုံတင်မကဘူး၊ သိပ်ကို ချစ်နေတာခင်ဗျ'

ထက်မြက်ရဲ့ အပြောကို ဒေါ်ကြီးစိန်က သဘောကျစွာ ရယ်နေသည်။

'အင်း... ကိုထက် ရှာန်လျှောအောင် လုပ်နိုင်တဲ့ မိန်းကလေးကို ဒေါ်ကြီး ကြည့်ချင်လိုက်တာကွယ်'

'ကြည့်ရုံတင်မကဘူး၊ မကြာခင် ဒီအိမ်ပေါ် ရောက်လာမှာ ကြည့်နေ'

'လုပ်လိုက်ကွ၊ ကိုထက်တို့ကတော့'

ထက်မြက်က လက်မလေးထောင်ပြီး ဝင့်ကြွားစွာ ဖြေသည်။ ဒေါ်ကြီးစိန်က သဘောကျစွာ တဟားဟားနှင့်ရယ်နေသည်။

'နောက်မှ နောက်ဆက်တွဲ အခန်းတွေကို ဆက်မယ်၊ ခု ဆေးခန်းသွားဖို့ ပြင်ဆင်လိုက်ဦးမယ်'

'ကောင်းပါပြီတဲ့တော်'

ထွက်သွားသော ထက်မြက်ရဲ့ နောက်ကျောပြင်ကို ကြည့်ပြီး ဒေါ်ကြီးစိန်က ကျေနပ်ပီတိဖြာသော အပြုံးတွေနှင့်ကျန်ရစ်ခဲ့သည်။

■



(၇)

စိတ်ထဲရှိသမျှကို ဒေါ်ကြီးစိန်အား ဖွင့်ပြောလိုက်ပြီး ထက်မြက်ရင်ထဲ ပေါ့ပါးသွားသည်။ ဆေးခန်းရောက်တော့ လူနာတွေနှင့် လုံးချာလည်နေသည်မို့ သည်းဦးပန်းကိုပင် သတိပင် မရနိုင်အားပါ။

ည အိမ်ပြန်ရောက်ပြီး နားနေသည့်အချိန်ကို သည်းဦးပန်းကို လွမ်းလွမ်းဆွတ်ဆွတ်လေး တမ်းတမိသည်။ မနက်ဖြန် သည်းဦးပန်းနှင့် တွေ့ရမည့်အရေးအတွက် ရင်မှာ နင့်သိပ်စွာ ခုန်မြည်နေသည်။

အိပ်ခါနီး ရင်မှာ တမ်းတမ်းတတလေး ညည်းမိသည်။

'မနက်ဖြန်ရယ်... မြန်မြန်ရောက်ပါတော့'

* * *

သည်းဦးပန်းဆီသွားရတာ နောက်ကျမှာစိုးရိမ်ပြီး လမ်းလျှောက်ပင် မထွက်တော့ပါ။ အိမ်ကနေ စောစောထွက်ခဲ့သည်။ ဒေါ်ကြီးစိန် ပြင်ဆင်ပေးသော နံနက်စာကိုလည်း ကတိုက်ကရိုက်နှင့် စားခဲ့သည်။

'နင်ပါဦးမယ် ကိုထက်ရယ်၊ ဖြည်းဖြည်း စားစမ်းပါ'

ဒေါ်ကြီးစိန်က ရယ်ရယ်မောမောနှင့် နောက်ပြောင်နေသည်ကိုပင် မရှက်အားပါ။

'နောက်ကျလို့မဖြစ်ဘူး ဒေါ်ကြီးစိန်ရဲ့၊ မနေ့ကတည်းက သူ့ကို မခွဲနိုင်ဘဲ ခွဲထားရစ်ခဲ့ရတာ'

'ကိုထက်တို့က တကယ်ပိုတယ်ကွယ်'

'ချစ်တာကိုးဗျ၊ ဒေါ်ကြီးစိန်ရော ဘကြီးငွေအပေါ်မှာ ဒီလိုပဲလား'

'အမလေး ကျုပ်ကိုဆွဲမထည့်ပါနဲ့၊ ရှင်လေးဘာသာ ပိုချင်သလိုပို သည်းချင်သလောက် သည်းလိုက်ပါတော့'

ဒေါ်ကြီးစိန် ရယ်မောပြီးပြောနေသော စကားတွေပါ။ ထက်မြက်ရဲ့နောက်မှာ ကျန်ရစ်ခဲ့သည်။ ခြေပှမ်းကျဲတွေနှင့် ထက်မြက်က ထမင်းစားခန်းထဲက ထွက်သွားပြီလေ။

သည်းဦးပန်းထံသို့ သွက်သွက်လေး ကားကိုမောင်းခဲ့သည်။ အချစ်ဆုံးသူလေးရဲ့ မျက်နှာကို တွေ့ရတော့မည်မို့ ရင်မှာ သိမ့်သိမ့်ခုန်နေသည်။

* * *





ဒေါ်ခင်စီက တံခါးလာဖွင့်ပေးသည်။ ထက်မြက်ကို ချက်ချင်းပင် မှတ်မိနေသည်။

'ဩော်... ဆရာလည်း စောစောကို ရောက်လာတာကိုး'

'ဟုတ်ပါတယ်၊ ဆေးရုံ မသွားခင် ဝင်ခဲ့တာပါ'

'ဩော်... ဟုတ်သားပဲ'

'သည်းဦးပန်း ဘယ်လိုနေသေးလဲဟင်'

'ခြေထောက်ကတော့ ရောင်ကိုင်းနေတာပဲကွယ်'

ဒေါ်ခင်စီက ထက်မြက်ကို သည်းဦးပန်းရဲ့ အိပ်ခန်းဆီသို့ ခေါ်သွားသည်။ သန့်ပြန့်သပ်ရပ်နေသော အိပ်ခန်းတွင်းသို့ ထက်မြက် ဝင်လိုက်သည်။

ခုတင်ပေါ်က မျက်နှာနုနုလေးပေါ်သို့ အကြည့်က ရောက်သွားသည်။

'ဟာ...'

ရင်ထဲမှာ ငြိမ့်ခနဲ ကြည်နူးမှုတစ်ခု ဖြတ်စီးသွားသည်။ အိပ်ရာထ,စ၊ သည်းဦးပန်းရဲ့ မျက်နှာလေးက ကပိုကရိုနှင့် ပြည့်ပြည့်အစ်အစ်လေး ဖြစ်နေသည်။ သိပ်ပြီး အပြစ်ကင်းစင်သော မျက်နှာမွတ်မွတ် နုနုလေးကို တွေ့လိုက်ရသည်။

'ဟော... ကိုထက်မြက်'

သည်းဦးပန်းက ခုတင်ပေါ်ကနေ လှမ်းပြီး နှုတ်ဆက်သည်။ ခုတင်နားဆီသို့ ထက်မြက် လျှောက်သွားသည်။

သည်းဦးပန်းရဲ့ မျက်နှာလေးကို ရွှန်းရွှန်းစားစားပင် ကြည့်ပစ်လိုက်သည်။

'ခြေထောက် ဘယ်လိုနေသေးလဲ'

'ညကတစ်ညလုံး တဆစ်ဆစ်နဲ့ ကိုက်နေတာပါပဲ'

'ဟုတ်မှာပေါ့၊ မနေ့ကမှ နာထားတာကိုး'

ဒေါ်ခင်စီက ခုတင်နားမှာ ကုလားထိုင်တစ်လုံး ချပေးသည်။ ထက်မြက်က ကုလားထိုင်မှာ ထိုင်လိုက်သည်။ သည်းဦးပန်းရဲ့ ခြေထောက်ကို အနူးညံ့ အညင်သာဆုံးသော ကိုင်တွယ်ခြင်းနှင့် ကိုင်တွယ်လိုက်သည်။

'ကန်တော့နော်... ကိုထက်မြက်'

အားနာမျက်ဝန်းများနှင့် သည်းဦးပန်းက ပြောသည်။ သည်းဦးပန်းရဲ့ မျက်နှာနုနုလေးကို တစ်ချက် နက်ရှိုင်းစွာကြည့်လိုက်သည်။

'ဆရာဝန်တစ်ယောက်အတွက် ဒီအလုပ်က သမရိုးကျကိစ္စပါ သည်းဦးပန်း'

ပတ်တီးစကိုဖြေပြီး ရောင်ကိုင်းနေသော ခြေဆစ်ကို စစ်ဆေးကြည့်သည်။

'အင်း... အနာရှိန်က တက်နေတုန်းပေါ့၊ ဒါပေမယ့် မနက်ဖြန်လောက်ဆို အရောင်ကျသွားမှာပါ၊ အကိုက်လည်း သက်သာသွားမှာ'

ဒေါ်ခင်စီက ထက်မြက်အတွက် ညှော်ဝဏ်ကျေဖို့ ကော်ဖီသွားဖျော်နေသည်။ အခန်းထဲမှာ သူတို့နှစ်ယောက်တည်းသာ။

'ကိုထက်မြက်ကို သည်းဦး အားနာလိုက်တာ၊ ဆေးဖိုးဝါးခလေးတော့ ယူပါနော်'

ရွှန်းလက်သော အပြုံးနှင့် သည်းဦးပန်းကို လှမ်းကြည့်သည်။ ထိုအချိန်မှာ ဒေါ်ခင်စီက ကော်ဖီနှင့်မုန့်တို့ဖြင့် ရောက်လာသည်။





'ဟော... ဆေးဖိုးဝါးခတော့ မယူဘူး၊ ကျွေးတာကိုတော့ ဝါးမယ်နော်'

အရွှန်းလေးဖောက်ပြီး ထက်မြက်က ပြောသည်။

သည်းဦးပန်းက နှစ်ခြိုက်စွာ ရယ်လိုက်သည်။

ပါးမို့မို့လေးနှစ်ဖက်ထက်က ပါးချိုင့်ခွက်ခွက်လေးကို ပီပီပြင်ပြင် တွေ့လိုက်သည်။

ပြုံးလိုက် ရယ်လိုက်မှ ပိုပြီး ချစ်စရာကောင်းနေပါလား။ ခွဲမက်စရာတစ်ခုကို ထပ်ပြီး ထက်မြက် တွေ့ရှိလိုက်ရပြန်သည်။

'ဆရာ့ကို ကြီးကြီးက သိပ်ကျေးဇူးတင်နေတာပါကွယ်၊ တူမလေးကို ဆရာကူညီခဲ့တဲ့ ကျေးဇူးကကြီးပါတယ်'

'ကျွန်တော့်ကို ထက်မြက်လို့ပဲခေါ်ရင် ရပါတယ်ကြီးကြီး'

သည်းဦးပန်းခေါ်သလိုပင် ထက်မြက်က ဒေါ်ခင်စီကို ရင်းရင်းနှီးနှီးကြီး ခေါ်သည်။ ဒေါ်ခင်စီက ကျေနပ်စွာ ပြုံးနေသည်။ ထက်မြက်က စကားပြောဆိုရင်းနှင့် သည်းဦးပန်းရဲ့ ခြေထောက်ကို ဆေးလိမ်း ပတ်တီးစည်း၍ ပြီးသွားသည်။

'ကိုထက်မြက် လက်ဆေးဖို့ လုပ်ပေးပါဦး ကြီးကြီးရယ်'

'ရေစင်မှာပဲ လက်ဆေးမလား မောင်ထက်မြက်'

'ဟုတ်ကဲ့ ခင်ဗျ'

မီးဖိုခန်းထဲရှိ လက်ဆေးရေကန်မှာ ထက်မြက်လက်ကို ဆပ်ပြာနှင့်ဆေးသည်။ ဒေါ်ခင်စီ ကမ်းလင့်ပေးသော လက်သုတ်ပဝါနှင့် လက်ကိုသုတ်ပြီး သည်းဦးပန်းရဲ့ အခန်းသို့ ပြန်လာသည်။

ဆေးအိတ်ကိုဖွင့်ပြီး သောက်သုံးရမည့် ဆေးများကို ထုတ်ပေးသည်။

'ညဘက် ခြေထောက်သိပ်နာလို့ အိပ်လို့မရရင် ဒီဆေးကို သောက်လိုက်နော်'

'ဟုတ်ကဲ့...'

'ကော်ဖီနဲ့မုန့် သုံးဆောင်လိုက်ပါဦး မောင်ထက်မြက်'

'ဟုတ်ကဲ့ ကြီးကြီး'

ဗိုက်ထဲမှာ ပြည့်နေပေမယ့် သူတို့ကျေနပ်စေရန် မုန့်တစ်ချပ်ကို ယူစားသည်။ ပြီးတော့ ကော်ဖီသောက်လိုက်သည်။

'ဆေးရုံသွားရမှာမို့ ကျွန်တော့်ကို ခွင့်ပြုပါဦး'

ဆေးအိတ်ကိုဆွဲပြီး နေရာမှ ထ,လိုက်သည်။ ပြီးတော့ သည်းဦးပန်းကို ပြုံးမျက်နှာနှင့် ကြည့်ပြီး။

'မနက်ဖြန်မနက် ကျွန်တော်လာခဲ့ပါ့မယ်၊ တစ်ပတ်လောက် ဆေးမှန်မှန်လိမ်း၊ သောက်ဆေးမှန်မှန်သောက်ရင် ကောင်းသွားမှာပါ'

'ဆရာတော့ အခမဲ့ လူနာတစ်ယောက် တိုးပြီပေါ့နော်'

'ကြုံဖန်ပြီး ကြုံတွေ့ရတာ ဘဝရေစက်ပေါ့ဗျာ'

သည်းဦးပန်းတို့ တူအရီးကို နှုတ်ဆက်ပြီး ထက်မြက် ပြန်ခဲ့သည်။

'မိန်းကလေးရယ်၊ မင်းရဲ့ ဒဏ်ရာရတဲ့ ခြေထောက်လေးနားမှာ တို့ရဲ့အသည်းနှလုံး ကျကျန်ရစ်ခဲ့ပြီကွယ်'

နက်ရှိုင်းစွာ စွဲမက်ခဲ့သည့် မျက်နှာနုနုလေးကို မျက်ဝန်းထဲမှာ သိမ်းထားပြီးပြန်ခဲ့သည်။

■



(၈)

'ဘယ်လိုလဲ ကိုထက်၊ အိမ်ကြီးသခင်မလေးက ဘယ်တော့ အိမ်ရောက်လာမှာလဲ'

ဒေါ်ကြီးစိန်က ထမင်းခူးခပ်ကျွေးရင်းနှင့် ထက်မြက်ကို နောက်ပြောင်သည်။ ထက်မြက်က ရှုံ့တွနေသောမျက်နှာနှင့် ဒေါ်ကြီးစိန်ကို လှမ်းကြည့်သည်။

'ဟာ... ဒေါ်ကြီးစိန်ကလည်း သိတာမှ နှစ်ရက်တစ်ပိုင်း ရှိသေးတယ်၊ အိမ်ခေါ်လာလို့ ရမလား၊ အခုမှ ပျိုးနေတုန်းဗျ'

'ဩော်... အခုမှ ရည်းစားပင်ကို ပျိုးနေတုန်းကိုး၊ ရှင်အောင် သည်းစိုက်ဦးနော်'

'စိတ်ချ ဒေါ်ကြီး၊ ထက်မြက်တို့က မစွံ စွံအောင်ကို ပိုးမှာဗျ'

ဒေါ်ကြီးစိန် ပြုံးမျက်နှာနှင့် ထက်မြက်ကို ကြည့်ပြီး မှတ်ချက်ချသည်။

'ကိုထက်၊ အဲဒီ မိန်းကလေးကို တော်တော်ချစ်တာပဲနော်'

မိန်းကလေးအကြောင်း ဘယ်တုန်းကမှ မပြောဖူးသော ထက်မြက်ကို ဒေါ်ကြီးစိန်က နားလည်ပြီးသား။ သည်းဦးပန်းကို

ထက်မြက် အရှုးအမူး စွဲလမ်းနေသည်ကို သေသေချာချာကြီးပင် သိနေပါသည်။

'လူလေးစိတ်ချမ်းသာမှု မြန်မြန်ရပါစေလို့ ဒေါ်ကြီးစိန် ဆုတောင်းပေးမယ်နော်'

'ဆုတောင်းပေးပါ ဒေါ်ကြီးရယ်၊ ကျွန်တော့်အတွက် ပံ့ပိုးမှုတွေ အများကြီး လိုနေပါတယ်'

'ကိုထက်လို အစစပြည့်စုံပြီး ငြင်းစရာမရှိတဲ့သူကို မိန်းကလေး လက်ခံလာမှာပါကွယ်'

'တကယ်လားဟင်'

'တကယ်ပေါ့၊ ဒေါ်ကြီးရဲ့ ကိုထက်က တကယ့်ကို ရှာမှရှားတဲ့ လူတော်လေး'

'ဟား... ဟား၊ ဒေါ်ကြီးက တကယ်ပင့်တယ်ဗျာ'

'အဟုတ်ပြောတာ၊ ဒီလို ဘက်စုံပြည့်စုံတဲ့လူက အခုခေတ်မှာ ရှားတယ်တော့'

ဒေါ်ကြီးစိန်ရဲ့ခါးကို ချစ်မြတ်နိုးစွာဖက်ရင်း၊ ထက်မြက်က ပေါ့ပါးစွာ ရယ်လိုက်သည်။ ဒေါ်ကြီးစိန်ရဲ့ ထင်မြင်ခံယူချက်အတိုင်း သည်းဦးပန်းက သူ့အပေါ် ရှိပါစေလို့သာ မျှော်မှန်းမိသည်

* * *

သည်းဦးပန်းရဲ့ တိုက်ခန်းလေးဆီသို့ ထက်မြက်ရောက်သည် အခေါက်ရေတွေများလာပြီ။ သည်းဦးပန်းရဲ့ခြေထောက်လည်း သိသိသာသာ လျှောက်နိုင်ပြီ။





'လမ်းလျှောက်လို့ သိပ်မနာတော့ဘူး မဟုတ်လား...'

'ဟုတ်ကဲ့'

'မနာဘူးဆိုပြီး အရမ်းမလျှောက်နဲ့ဦးနော်၊ ဒဏ်ရာက အသားမသေသေးဘူး'

'ဟုတ်ကဲ့ပါ'

'မောင်ထက်မြက်ရေ ပြောမရဘူးကွယ့်၊ နည်းနည်းသက်သာတာနဲ့ လျှောက်လုပ်နေတာပဲ'

ဒေါ်ခင်စီက တူမချောကို ချစ်စနိုးမျက်စောင်းနှင့် ပြောသည်။

'ကြီးကြီး တစ်ယောက်တည်း လုပ်ကိုင်နေရတာ မကြည့်ရက်လို့ပါ၊ ကြီးကြီး ပင်ပန်းနေတယ် မဟုတ်လား'

'သမီး နေမကောင်းလို့ ကြီးကြီးလုပ်ရတာ မပင်ပန်းပါဘူးကွယ်'

ဒေါ်ခင်စီက တူမ စိတ်မကောင်းမှာစိုး၍ ချွေးသိပ်သည့်အပြောတွေနှင့် ပြောသည်။

'ကဲ... ကျွန်တော် ပြန်ပါဦးမယ်၊ နောက်တစ်ရက် နှစ်ရက်ဆို သည်းဦး လမ်းကောင်းကောင်း လျှောက်နိုင်လာမှာပါ'

ထက်မြက်က သည်းဦးပန်းနှင့် ရင်းနှီးနေပြီမို့ သည်းဦးပန်းကို သည်းဦးလို့ ခေါ်ဝေါ်နေပြီဖြစ်သည်။ ဒေါ်ခင်စီက ထက်မြက်ကို ...လှလာနေသည်။ ထက်မြက်ရဲ့ စိတ်နေသဘောထား၊ ပြည့်စုံလုံ...လာက်သော အခြေအနေကိုကြည့်ပြီး သဘောကျနေသည်။

သူ့ရဲ့ တူမလေးကို အဲလို အစစ အရာရာ ပြည့်စုံနေသော

သူနှင့် သဘောတူနေသည်။ ထက်မြက်သည် သည်းဦးပန်းအပေါ် မေတ္တာတိမ်းညွတ်နေသည်လို့ ဒေါ်ခင်စီက ထင်နေသည်။

တူမကို ဖွင့်မပြောသေးဘဲ၊ သူမ စိတ်ကူးနှင့် သူမ ကျိတ်ပြီး သဘောတူနေသည်။ အကယ်၍ မိမိမျှော်မှန်းထားသလို ထက်မြက်က သည်းဦးပန်းကို ကမ်းလှမ်းလာပါလျှင် မိမိက တိုက်တိုက်တွန်းတွန်း လုပ်လိုက်မည်သာ။

သည်းဦးပန်းရဲ့ ခြေထောက်လုံးဝ ကောင်းမွန်သွားပြီ။ ထက်မြက်က မကြာခဏဆိုသလို သည်းဦးပန်းထံ ရောက်လာတတ်သည်။

ဒေါ်ခင်စီရဲ့ ကျန်းမာရေးကိုလည်း အထူးဂရုစိုက် ကြည့်ရှုပေးသည်။

'မောင်ထက်မြက်ရယ် ဒီနေ့ ကြီးကြီးတို့အိမ်မှာ ထမင်းစားပြီးမှပြန်နော်'

'ရပါတယ်၊ ကြီးကြီး အိမ်ရောက်မှပဲ စားပါတော့မယ်'

'စားသွားပါကွယ်၊ ကြီးကြီးကိုယ်တိုင် [illegible]ားတာ'

ဒေါ်ခင်စီတို့ တူအရီးနှင့် တော်တော်လေး ရင်းနှီးသည့် အခြေအနေမှာ ရောက်နေလေသည်။ မကြာခဏလည်း ဒေါ်ခင်စီတို့အိမ်မှာ ထမင်းစားဖြစ်သည်။

ဒါကြောင့် ဒေါ်ကြီးစိန်ကပင် ပြောသည်။ အိမ်က ဟင်းတွေ မကြာခဏ အလဟဿ ဖြစ်ရသည်တဲ့လေ။

'မင်းနှယ်ကွာ... သူနဲ့မရသေးဘူး၊ အဒေါ်ရဲ့စကားကို မြေဝယ်မကျပါပဲလားကွ'





'မဟုတ်ပါဘူး ဒေါ်ကြီးရာ၊ အတင်းခေါ်ကျွေးတော့ သိပ်ငြင်းရင် ရိုင်းရာကျမှာပေါ့'

'ကျုပ်ကတော့ မောကြီးပန်းကြီးနဲ့ ကိုတော်လေးစားဖို့ ချက်လိုက်ရတာတော်'

ဒေါ်ကြီးစိန်က တမင်ပင် စကားနာ ထိုးနေသည်။ ထက်မြက်က ဖြေရှင်းချက်ထုတ်လေ၊ ဒေါ်ကြီးစိန်က သဘောကျပြီး ရယ်လေပါပဲ။ ဒေါ်ကြီးစိန် ရယ်လေ၊ ထက်မြက်ရဲ့မျက်နှာက နီရဲလေ ဖြစ်နေသည်။

'ကဲပါ ကိုထက်ရယ် မဖြေရှင်းနေပါနဲ့တော့ မောပါတယ်၊ ကြီးဒေါ်ကို အခုကတည်းက ကြောက်ရင်ကြောက်တယ်ပေါ့'

'ဟာ... ဒေါ်ကြီးကလည်း ပြောလေ ကဲလေဗျာ'

ဆရာဝန်ရင့်မကြီးတစ်ယောက် ဖြစ်နေပေမယ့် ဒေါ်ကြီးစိန်တို့ရှေ့ရောက်လျှင် ထက်မြက်သည် ကလေးဆန်သွားသည်။ ဒေါ်ကြီးစိန်တို့ကလည်း ဆရာဝန်ကြီးတစ်ယောက်လို မမြင်၊ ကလေးတစ်ယောက်လိုပဲ ကျီစယ်နောက်ပြောင် ချစ်ခင်ခဲ့ကြသည်လေ။

ဘယ်လောက်ပင် ရင့်ကျက်တည်ငြိမ်နေပါစေ၊ မိမိကို ချစ်ခင်အလိုလိုက်သော လူကြီးတွေရှေ့တွင် ကလေးသူငယ်တစ်ယောက်လို ဖြစ်သွားရပါလား။

ဒေါ်ကြီးစိန်ကို စကားနိုင်မလုတော့ဘဲ၊ ထက်မြက်က ရှောင်တိမ်းထွက်ခဲ့သည်။ နောက်ပြောင်သော ရယ်သံတွေ သူ့နောက်ကို လိုက်ပါသည်။

'သည်းဦးရေ မင်းကို သိပ်ချစ်လွန်းလို့ အဟားခံနေရပြီကွ'

မဆီမဆိုင် သည်းဦးပန်းကို တ,ပြီး၊ အံကြိတ်ကြိတ်လေးပင် ပြောလိုက်မိပါသေးသည်။ အခန်းတံခါးပိတ်ပြီး စာဖတ်နေလိုက်သည်။ စိတ်ဝင်စားမှုကတော့ မရှိသေးပါ။

နောက်ဆုံး စာအုပ်ကို ပိတ်ပြီး သည်းဦးပန်းရဲ့ အကြောင်းကို တွေးနေလိုက်သည်။ တံခါးခေါက်သံကြားတော့ အတွေးစတွေ ပြတ်သွားပြီ။ တံခါးထဖွင့်လိုက်သည်။ တံခါးဝမှ နို့ဖန်ခွက်နှင့်အတူ ပြုံးချိုစွာရှိနေသော ဒေါ်ကြီးစိန်။

'ကိုထက် နွားနို့တော့ သောက်လိုက်ဦးနော်'

ညဘက် နွားနို့တစ်ခွက် သောက်လေ့ရှိသော ထက်မြက်အတွက် ဒေါ်ကြီးစိန်က လာပို့သည်။ ထက်မြက်က လှမ်းယူလိုက်သည်။

'ကဲ... မအိပ်ခင် သောက်လိုက်ဦးနော်၊ စိတ်ကူးယဉ်ပြီး နွားနို့ခွက်လည်း မမှောက်လိုက်နဲ့ဦး'

'ဟာဗျာ'

ရယ်ကျဲကျဲနှင့် ဒေါ်ကြီးစိန်က ပြန်ထွက်သွားသည်။ အစ, အနောက်သန်သည့် ဒေါ်ကြီးစိန်ကို စိတ်တိုသလိုပင် ရှိသွားသည်။

■



(၉)

အားလပ်သည့် အချိန်တိုင်း၊ သည်းဦးပန်း အနားမှာပဲ နေလိုက်ချင်သည်။ အမြဲတမ်း သွားနေလို့လည်း မသင့်တော်သဖြင့် မိမိစိတ်ကို မိမိထိန်းနေရသည်။

သည်းဦးပန်းတို့ တူအရီးနှင့် တော်တော်လေး ခင်မင်ရင်းနှီးနေပြီဖြစ်သည်။ သည်နေ့ စိတ်ကူးတစ်ခုရသည်။ သည်းဦးပန်းကို ပထမဦးဆုံးအကြိမ် သူနှင့်ရုပ်ရှင်လိုက်ကြည့်ဖို့ ခေါ်ကြည့်မည်လို့။ ရုပ်ရှင်ချိန်နှင့် ချိန်းငြိုက်ပြီး သည်းဦးပန်းဆီသို့ ထွက်ခဲ့သည်။

'ဟယ်... ကိုထက် ဆေးခန်းမသွားဘူးလား'

'ဒီနေ့ ပိတ်တယ်လေ'

ကြည်စင်သောအပြုံးနှင့် သည်းဦးပန်းက နှုတ်ဆက်သည်။ ထက်မြက်က ချိုနှစ်နေသောအပြုံးနှင့် ပြန်၍ဖြေသည်။ ထက်မြက်ရဲ့ စူးနက်တဲ့အကြည့်ကို ခံစားရင်း သည်းဦးပန်းရဲ့ နှလုံးခုန်သံတွေ မြန်လာသည်။

ထက်မြက်ရဲ့ အကြည့်စူးစူးတွေကို မကြာခဏ ခံစားရလေတိုင်း သူမရဲ့ ရင်ခုန်သံတွေ မြန်ခဲ့ရသည်။ ထက်မြက် သူမအပေါ်မှာ စိတ်ဝင်စားနေသည်ဆိုတာကို သဘာဝပေး အတတ်ပညာတွေဖြင့် သိနေသည်။

'ဒီနေ့ ရုပ်ရှင်သွားကြည့်မလို့ သည်းဦးပန်းကို လာခေါ်တာ'

'ဪ...'

ထိုစကားကို ဒေါ်ခင်စီက ကြားသွားသည်။ ဧည့်ခန်းထဲသို့ ဒေါ်ခင်စီ ရောက်လာသည်။ လိုက်သွားရန် ချီတုံချတုံ စိတ်နှင့် မဆုံးဖြတ်ရသေးသော သည်းဦးပန်းကို သူက ဝင်ပြီး အဆုံးအဖြတ်ပေးလိုက်သည်။

'လိုက်သွားလိုက်ပါ သမီးရယ်'

ဒေါ်ခင်စီကို ထက်မြက်၏ရင်ထဲက လှိုက်လှိုက်လှဲလှဲကြီး ကျေးဇူးတင်လိုက်ပါသည်။

'သည်းဦး အဝတ်အစားသွားလဲလေ၊ ကျွန်တော် စောင့်နေပါ့မယ်'

ခေါင်းလေး ညင်သာစွာညိတ်ပြီး သည်းဦးပန်းအတွင်းခန်းသို့ ဝင်သွားသည်။ ထက်မြက်ကို စကားပြောရင်းနှင့် ဒေါ်ခင်စီ ဧည့်ခံသည်။

သည်းဦးပန်း ပြင်ဆင်ခြင်းက သိပ်မကြာလိုက်ပါ။ မှုန်နေအောင် လှပချောမွေ့သော မျက်နှာလေးကို ဒေါ်ခင်စီ မသိအောင် တစ်ချက် စိုက်ခနဲ ကြည့်ပစ်လိုက်သည်။

'ကြီးကြီး ကျွန်တော်တို့ကို ခွင့်ပြုပါဦး'





'အေး... အေး'

ထက်မြက်ရဲ့ ကိုယ်နှုတ် အမူအရာကိုကြည့်ပြီး သည်းဦးပန်းအပေါ်မှာ ထက်မြက်ရဲ့ သဘောထားကို ဒေါ်ခင်စီက ရိပ်စားမိသည်။ သိပ်ကိုလည်း ကျေနပ်နေမိသည်။

တူမချောလေးကို သင့်တော်သူနှင့် အိမ်ထောင်ကျစေချင်သည်။ ထက်မြက်လို လူမျိုးက အတိုင်းထက်အလွန်ပါ။ ဒေါ်ခင်စီ သိပ်ပြီး သဘောတူနိုင်သော သူပါပဲ။

'သည်းဦး ဒီနေ့ သိပ်လှတာပဲ'

ပန်းခရမ်းရောင် ဝတ်စုံလေးနှင့် နုနုဖပ်ဖပ်လေး လှနေသော သည်းဦးပန်းသည် ထိလိုက် ကိုင်လိုက်လျှင် ကြွေသွားတော့မည့် သစ်ခွပန်းလေးသဖွယ်ပါ။ နုဖပ်နေသည့် သူမရဲ့ အသွင်သဏ္ဌာန်က ထက်မြက်ရဲ့ အချစ်စိတ်ကို ပိုပြီး နိုးကြွစေသည်။ ထက်မြက်ရဲ့ရင်မှာ ပီတိလှိုင်းလေး တိုက်ခတ်သွားသည်။

ရုပ်ရှင်ရုံမှာ ထိုင်မိသည့်အခိုက် သည်းဦးပန်းထံမှ သင်းပျံ့သော ကိုယ်သင်းရနံ့ကို ရလိုက်သည်။ တရှိုက်မက်မက် ထိုရနံ့လေးကို ခုံမင်မြတ်နိုးသွားသည်။

ထိုင်ခုံချင်းက ကပ်လျက်။ အလွန်နီးကပ်သော အနေအထားမှာမို့ ထက်မြက်ရော သည်းဦးပန်းပါ နှလုံးခုန်သံတွေ မြန်နေကြသည်။ ရုပ်ရှင်ထဲမှာ စိတ်မဝင်စားနိုင်လောက်အောင် သည်းဦးပန်း ရင်ခုန်နေပါသည်။

ထက်မြက်ကလည်း ရုပ်ရှင်ထဲမှာ စိတ်မဝင်စားနိုင်ပါ။ သူ့ဘေးက အချစ်ရဆုံး မိန်းကလေးဆီသို့သာ စိတ်အာရုံက ပျံ့လွင့်နေ

သည်။ အခြားလူတွေကို အားနာ၍သာ စကားမပြောဘဲ မျိုသိပ်နေလိုက်သည်။

ရုပ်ရှင်အပြီးမှာ အလုအယက် တိုးထွက်သူများရဲ့ နောက်က ချန်ပြီး ထွက်ခဲ့သည်။ အပြင်လေကို ရှူက်သွင်းရင်း သည်းဦးပန်းကို ငုံ့ကြည့်သည်။

'တစ်ခုခုစားပြီးမှ ပြန်ကြရအောင်နော်'

'မစားတော့ပါဘူး ကိုထက်မြက်'

'အအေးလေးလောက်တော့ သောက်ပါ… သည်းဦးရယ်'

အအေးဆိုင်သို့ ကားကိုမောင်းခဲ့သည်။ မျက်နှာချင်းဆိုင် ချော့ကလက် အိုက်စကရင်စားရင်း စကားပြောကြသည်။

သည်းဦးပန်း၏ မျက်နှာလေးကို ကြည့်ရသည်မှာ စားနေသော အိုက်စကရင်ထက် ပိုပြီး အေးကာ ချိုမြနေပါလား။

သည်းဦးပန်းကို ချစ်ရေးဆိုချင်လှပါပြီ။ ရင်ထဲမှာ မျိုသိပ်ခံစားနေသည်က ပင်ပန်းနေပြီ။ ဒါကြောင့် အပြန်လမ်းမှာ သည်းဦးပန်းကို ဖွင့်ပြောဖို့ ကြံစည်လိုက်သည်။

'ကြီးကြီးအတွက် ပါဆယ် ဝယ်သွားမယ်နော်'

'အို… နေပါစေ ကိုထက်မြက်'

သည်းဦးပန်းရဲ့ ငြင်းဆိုစကားကို ထက်မြက်က နားမထောင်ဘဲ မှာယူလိုက်သည်။ အပြန်လမ်းမှာ ကားကို ဖြည်းဖြည်းမှန်မှန်ပဲ မောင်းခဲ့သည်။ ကန်တော်ကြီးဘက်ရောက်တော့ ကားကို ရပ်သာသည့်နေရာမှာ ထိုးရပ်လိုက်သည်။

'ဘာဖြစ်လို့လဲ ကိုထက်မြက်'





ကားတစ်ခုခု ဖြစ်သွားသည်ထင်ပြီး၊ သည်းဦးပန်းက မျက်လုံးဝိုင်းလေးနှင့် သူ့ကို ကြည့်သည်။

'ကား ဘာမှ မဖြစ်ပါဘူး၊ သည်းဦးနဲ့ ခဏလောက် စကားပြောချင်လို့ပါ'

ထက်မြက်က ဘာစကားတွေ ပြောတော့မည်ဆိုတာကို သည်းဦးပန်းက ကြိုတင်သိနေပါသည်။ နက်ရှိုင်းစွာ ကြည့်လာသော သူ့ရဲ့ အကြည့်များကြောင့် ရင်မှာ တလှပ်လှပ် ခံစားနေရသည်။

'သည်းဦးကို ကျွန်တော် သိပ်ချစ်ပါတယ်၊ ကန်တော်ကြီးစောင်းမှာ သည်းဦးနဲ့မသိခင်ကတည်းက သည်းဦးကို ကျွန်တော် ချစ်ခဲ့ပါတယ်'

'ဟင်…'

သည်းဦးပန်းက ပာအံ့တသြရှိသွားသည်။ ခြေထောက်နာသည့်နေ့ကမှ သူက ထက်မြက်ကို သိခဲ့ရသည် မဟုတ်လား။

'သည်းဦးကို မြင်မြင်ချင်းချင်းမှာပဲ၊ ကျွန်တော် မြတ်မြတ်နိုးနိုး စွဲလမ်းခဲ့ပါတယ်၊ ဒါကြောင့် နေ့တိုင်း သည်းဦးကို ရှာတယ်၊ တွေ့ပြန်တော့လည်း မသိမသာနိုးပြီး ကြည့်ခဲ့ရတယ်'

သည်းဦးပန်းက ထိုအဖြစ်များကို မသိခဲ့ရိုးအမှန်ပါ။ ထက်မြက်ကို လုံးဝ သတိမထားခဲ့မိဖူးပါ။

'သည်းဦးနဲ့ ဘယ်လို ရင်းနှီးအောင် လုပ်ရမလဲလို့ကြံနေတုန်း ညီလုံးကြောင့် သည်းဦးနဲ့ ဆုံစည်းခွင့်ရခဲ့ပါတယ်'

စူးရှ မြတ်နိုးသော အကြည့်တွေက သည်းဦးပန်းရဲ့ နှလုံးသားကို နွေးထွေးစေပါသည်။

'သည်းဦးကို ကျွန်တော် သိပ်ချစ်ပါတယ်၊ သည်းဦးရဲ့ သဘောထားကိုလည်း သိချင်ပါတယ်'

ထက်မြက်ရဲ့ အမေးကို ဖြေစရာအဖြေက သည်းဦးပန်းရဲ့ ရင်မှာရှိနှင့်ပြီးသားဖြစ်သည်ကို တအံ့တဩသိရသည်။ ထက်မြက်ကို သူမသည်လည်း နှစ်နှစ်ကာကာ စုံမက်မိသည်လေ။

'ဖြေပါဦး သည်းဦးရယ်၊ ကျွန်တော့်ကို ဘယ်လိုသဘောထားလဲလို့'

ထက်မြက်ကို သူမ ချစ်နေသော်လည်း ချစ်တဲ့မပြန်ရဲသေးပါ ဒေါ်ခင်စီရဲ့ သဘောထားကိုလည်း သိချင်နေသည်။ ဒေါ်ခင်စီ သဘောတူမှ သည်းဦးပန်းက ဘာမဆို လုပ်ရဲသည်လေ။

'သည်းဦး အဖြေထက် ကြီးကြီးရဲ့အဖြေက ပိုအရေးကြီးပါတယ် ကိုထက်မြက်'

နက်ရှိုင်းသောအကြည့်များ သည်းဦးပန်းရဲ့မျက်နှာပေါ်မှာ ကျရောက်နေသည်။ သိမ်မွေ့အေးချမ်းသော အသံလေးနှင့် သည်းဦးပန်းက သူမရဲ့ ခံယူချက်ကို ပြောလိုက်သည်။

'သည်းဦး သဘောကကော'

'ကြီးကြီးအပေါ်မှာ မူတည်ပါတယ် ကိုထက်မြက်ရယ်'

'မဟုတ်ဘူးလေ... သည်းဦးပန်းရဲ့ သဘောထားအရင်းခံကို သိချင်တယ်၊ ကျွန်တော့်ကို ချစ်လားဆိုတာကို တိတိကျကျ သိချင်တယ်'

ထက်မြက်က အလောတကြီးပင် မေးနေသည်။

သည်းဦးပန်းဖြေရမှာ သိပ်ကို ခက်နေသည်။ ထက်မြက်ကို





ချစ်သော်လည်း တစ်ထိုင်တည်းနှင့်အဖြေပေးရမှာ ရှက်သည်။ သူမကို အထင်သေးသွားမှာကိုလည်း စိုးရိမ်သည်။

'သည်းဦးကို စာနာသနားရင် ဒီအမေးကို မဖြေခိုင်းပါနဲ့ ကိုထက်မြက်ရယ်၊ ကြီးကြီးရဲ့ သဘောထားကိုသိပြီးမှ ဖြေပါရစေ'

အနေခက်နေသည့် မျက်နှာနုနုလေးကို ကြည့်ပြီး ထက်မြက်က သိပ်သိချင်သည့်အဖြေကို သည်းခံပြီးစောင့်စားပါတော့မည်။

'ကောင်းပါပြီ သည်းဦး၊ အခုပြန်မှာပဲ ကြီးကြီးရဲ့ဆန္ဒကို မေးခွင့်ပြုပါ'

'ကိုထက်မြက်ရဲ့ သဘောပါပဲ'

'ဒါဆို သွားကြမယ်နော်'

'ဟုတ်ကဲ့...'

ကားကို စက်နှိုးပြီး သွက်သွက်လေး မောင်းလာသည်။ ဒေါ်ခင်စီနှင့် အမြန်ဆုံး တွေ့ချင်နေသည်က ထက်မြက်ရဲ့ ဆန္ဒပါ။

■

## (၁၀)

အိမ်ရောက်တော့ သည်းဦးပန်းက ဒေါ်ခင်စီအတွက် ဝယ်လာသော အအေးထုတ်ကိုယူပြီး မီးဖိုခန်းထဲဝင်သွားသည်။

'ရုပ်ရှင်ကောင်းလား... မောင်ထက်မြက်'

'ဟုတ်ကဲ့ ကောင်းပါတယ် ကြီးကြီး'

ထက်မြက်က သူပြောချင်သည့်စကားကို ပြောရန်အတွက် တာစူနေသည်။ ဒေါ်ခင်စီရဲ့ မျက်နှာကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။

ထက်မြက် တစ်ခုခုပြောချင်နေမှန်း ဒေါ်ခင်စီက ရိပ်စားမိသည်။ သည်းဦးပန်းက ဒေါ်ခင်စီ့အတွက် အအေးကို ရွှေ့မှောက်လာချပေးသည်။

'သည်းဦး အဝတ်အစား လဲလိုက်ပါဦးမယ်'

ထက်မြက်ကို ခွင့်ပန်ပြီး အခန်းထဲပြန်ဝင်သွားသည်။ ဒေါ်ခင်စီကို ဖွင့်ပြောဖို့ ထက်မြက် အစပျိုးလိုက်သည်။

'ကြီးကြီးကို ကျွန်တော် စကားနည်းနည်းလောက် ပြောချင်ပါတယ်'





'ဘာများလဲကွယ်'

'ကြီးကြီးက သည်းဦးရဲ့ အုပ်ထိန်းသူမို့ ကြီးကြီးဆီမှာပဲ ကျွန်တော်ခွင့်ပန်ပါရစေ၊ နားနဲ့မနာ ဖဝါးနဲ့နာပါ ကြီးကြီး'

'အင်း... ပြောပါကွယ်'

'သည်းဦးကို ကျွန်တော် မေတ္တာရှိနေပါတယ်၊ ဒါကြောင့် ကြီးကြီးဆီမှာ ဖွင့်ပြီး ကမ်းလှမ်းတာပါ၊ မိဘသားဖသားပီပီ တောင်းရမ်းတာပါ'

ဒေါ်ခင်စီက စူးစိုက်စွာ သူ့ကိုကြည့်နေသည်။ ထက်မြက်က စကားကို ဆက်သည်။

'ကျွန်တော့်မှာ မိဘအုပ်ထိန်းသူတွေ မရှိတော့လို့ ကိုယ်တိုင် ပြောရတဲ့အတွက် မလေးမစား သဘောမျိုးဖြစ်သွားရင် ခွင့်လွှတ်ပါ ကြီးကြီးရယ်'

ထက်မြက်ရဲ့သဘောထားကို တော်တော်လေးခန့်မှန်းမိပြီး ဖြစ်သည်။ ရည်မွန်တည်ကြည်သော ထက်မြက်ကို ဒေါ်ခင်စီက အစကတည်းက ဘူမနှင့် သဘောတူနေသည်ပဲ။

ခုလို ထက်မြက်က ဖွင့်ဟဝန်ခံလာတော့ ဒေါ်ခင်စီ သိပ်ကို စိတ်ချမ်းသာသွားသည်။ သည်းဦးပန်းအတွက်လည်း ရင်အေးသွားသည်။ တူမချောကို မတော်တရော်လူနှင့် ငြိစွန်းသွားမှာ စိုးရိမ်ခဲ့သည်လေ။

'ကြီးကြီးရဲ့သဘောထားကို သိပါရစေ'

မျှော်လင့်တကြီးနှင့် ဒေါ်ခင်စီရဲ့ မျက်နှာကိုကြည့်ပြီး၊ ထက်မြက်က မေးသည်။

'ကြီးကြီးသဘောထားကတော့ တူမလေးကို သင့်တင့်တဲ့လူနဲ့ အိမ်ထောင်ချပေးချင်တာပါပဲကွယ်၊ အခုလို မောင်ထက်မြက်က ကမ်းလှမ်းလာတော့ ကန့်ကွက်စရာ မရှိပါဘူး၊ မောင်ထက်မြက်နဲ့ဆို ကြီးကြီးသဘောကျပါတယ်'

ထက်မြက် အရမ်းဝမ်းသာသွားသည်။ ဒေါ်ခင်စီကို ကျေးဇူးတင်သော မျက်ဝန်းတွေနှင့် ကြည့်လိုက်သည်။

'အင်း... သည်းဦးရဲ့ ဆန္ဒကို မေးကြည့်ပြီး၊ ကြီးကြီး မောင်ထက်မြက်ကို စကားပြန်ပါ့မယ်'

ထက်မြက် ရင်ထဲမှာ မရိုးမရွ ဖြစ်လာသည်။ တစ်ထိုင်တည်းမှာပင် တိကျသောအဖြေကို လိုချင်၍ စကားဆက်ပြန်သည်။

'သည်းဦးက ကြီးကြီး သဘောပါပဲလို့ ပြောပြီးပါပြီ'

'ဪ... သူ့ဆီက အဖြေကို အရင်တောင်းခဲ့ပြီဆိုပါတော့'

'ဟုတ်ကဲ့ပါ ကြီးကြီး'

'ဒါဆို မောင်ထက်မြက်ကို ကြီးကြီးက လက်ခံသဘောတူရင် အားလုံးပြီးသွားပြီ ဆိုပါတော့'

'ဟုတ်ကဲ့ပါ'

'အင်း... မောင်ထက်မြက်လို လူမျိုးနဲ့ ကြီးကြီးရဲ့ တူမလေးကို စိတ်ချရပြီပေါ့ကွယ်'

'ကျေးဇူးတင်ပါတယ် ကြီးကြီး၊ ခု မိုးချုပ်နေပြီမို့ ကျွန်တော် ပြန်ပါဦးမယ်၊ နောက်နေ့မှ ကြီးကြီးတို့နဲ့ မင်္ဂလာကိစ္စကို ဆွေးနွေးပါဦးမယ်'

'မောင်ထက်မြက်နဲ့သည်းဦးတို့ သဘောကျသာစီစဉ်ပါကွယ်'





'ကျွန်တော့်ကို ခွင့်ပြုပါဦး ကြီးကြီး၊ မနက်ဖြန်ညနေ ကျွန်တော် လာခဲ့ပါ့မယ်'

'ကောင်းပြီ... မောင်ထက်မြက်'

ထက်မြက်ပြန်သွားပြီး ဒေါ်ခင်စီက သည်းဦးပန်းကို မေးမြန်းပါတော့သည်။

'မောင်ထက်မြက်က၊ သည်းဦးကို လက်ထပ်ဖို့ ကြီးကြီးဆီမှာ ခွင့်ပန်တယ်'

ရှက်မျက်နှာရဲရဲလေး ငုံ့လျှိုးနေသည်။ ဒေါ်ခင်စီက တူမရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး ဆက်ပြောသည်။

'ကြီးကြီးက သဘောတူပါတယ်၊ မောင်ထက်မြက်က လူတော်လူကောင်း တစ်ယောက်ပဲ'

ကျေနပ်မှုဖြင့် ပြုံးကြည်နေသော ဒေါ်ခင်စီရဲ့မျက်နှာကို မရဲတရဲ သည်းဦးပန်းက မော့ကြည့်သည်။

'ကြီးကြီးရဲ့ သမီးအလိမ္မာလေးကို တော်ရုံလူနဲ့ဖြစ်သွားမှာ ကြီးကြီးက စိုးရိမ်ခဲ့တာ၊ အခုမှပဲ စိတ်အေးရတော့တယ်ကွယ်'

သည်းဦးပန်းရင်ထဲမှာလည်း အတိုင်းမသိ ဝမ်းသာသွားသည်။ သူမ ချစ်ခင်စုံမက်မိသောသူနှင့် ဒေါ်ခင်စီက သဘောတူနေလေပြီ။

'မနက်ဖြန်မှာ မင်္ဂလာကိစ္စအတွက် သူလာပြီး တိုင်ပင်လိမ့်မယ်'

ဒေါ်ခင်စီက အကျေနပ်ကြီး ကျေနပ်နေသည်။ သည်းဦးပန်းလည်း အရမ်းပျော်နေသည်။

'ကြီးကြီးရဲ့တူမလေးကို တကယ့်ကို ခမ်းခမ်းနားနား လက်ထပ်ပေးရမယ်'

ဒေါ်ခင်စီက စိတ်နှင့် အစီအစဉ်များကိုဆွဲနေသည်။ သည်းဦးပန်းရင်ထဲမှာ ထိုနေ့က လှုပ်ခတ်မှုတွေ အရမ်းကိုဖြစ်နေသည်။

* * *

ထက်မြက် အိမ်ပြန်ရောက်တော့ ကားကို ဂိုဒေါင်ထဲထည့်ပြီး အိမ်ထဲ လေချွန်၍ ဝင်သွားသည်။

'ဟော... ကိုထက် ပြန်လာပြီ၊ အူမြူးလာတယ်ထင်တယ်'

'ဒီမှာ မျက်နှာကိုကြည့်ထား၊ မိန်းမရတော့မယ်ဗျ'

လက်မလေးထောင်ပြီး ရင်ကော့ကာ ဝင့်ကြွားစွာနှင့် ထက်မြက်က ပြောသည်။ ဒေါ်ကြီးစိန်က ပါးစပ်အဟောင်းသားကြီး ဖြစ်သွားသည်။

'ရည်းစားဆိုတဲ့အဆင့်တွေကို အလုပ်ရှုပ်လို့ ခုန်ကျော်လိုက်ပြီ ဒေါ်ကြီးရ၊ အခု သည်းဦးရဲ့ကြီးကြီး သဘောတူလို့ သည်းဦးကို လက်ထပ်ခွင့်ရခဲ့ပြီဗျ'

'ဟယ်...တယ်ဟုတ်ပါလား၊ ဒီလိုကျတော့လည်း ကိုထက်က တော်လိုက်တာ'

'တော်ရမယ်လေ၊ ထက်မြက်ပဲ'

'ဟုတ်ပါ့တော်၊ နာမည်နဲ့လိုက်အောင် တကယ် ထက်မြက်တဲ့ လူပဲ'

ဒေါ်ကြီးစိန်ကလည်း ဝမ်းပန်းတသာ ဖြစ်နေသည်။ ထက်မြက်ရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝသွားတာမြင်ရပြီး သူပါရော၍ ပျော်နေသည်။





'မနက်ဖြန်ကျရင် မင်္ဂလာဆောင်ကိစ္စအတွက် သွားပြီးဆွေးနွေးရမယ်... သိလား'

'ဟုတ်လား၊ ဘယ်တော့ ဆောင်မှာလဲကွယ်'

'မနက်ဖြန်မှ တိုင်ပင်ရမှာပါ ဒေါ်ကြီးစိန်ရဲ့'

'အေးကွယ်... ကိုထက် မင်္ဂလာဆောင်မှာ ဒေါ်ကြီးတော့ အစွမ်းကုန် ကျဲလိုက်ဦးမယ်'

'ဘာတွေ အစွမ်းကုန်ကျဲမှာလဲ၊ သိပ်ရှိုးထုတ်ဖို့ စဉ်းစားမနေနဲ့နော်၊ တော်ကြာ သတို့သမီးထက်လှသွားရင် ကိုထက် မကြိုက်ဘူး'

ထက်မြက်ရဲ့ နောက်ပြောင်စကားကို သဘောကျပြီး ဒေါ်ကြီးစိန်က တဟားဟားနှင့် ရယ်နေသည်။

'ကျွန်တော် အဝတ်အစား သွားလဲဦးမယ်'

'နို့လာပို့မယ်နော်'

'ဟုတ်ကဲ့'

ရွှင်မြူးတက်ကြွနေသောဟန်နှင့် ထက်မြက်က ဒေါ်ကြီးစိန် အနားက ထွက်သွားသည်။ ဒေါ်ကြီးစိန်က ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြီးကျန်ရစ်ခဲ့သည်။

■

(၁၁)

ဒေါ်ကြီးစိန်လာပေးသော နို့တစ်ခွက်ကို သောက်ပြီး ထက်မြက် စိတ်ကူးယဉ်နေသည်။ အိပ်ရာထဲမဝင်ချင်သေး၍ ဒရင်း ဘက်ပေါ်မှာလှဲရင်း ရှေ့ရေးအတွက် စီမံကိန်းတွေချနေလိုက် သည်။

နောက်တစ်နေ့ မြန်မြန်ရောက်စေချင်သည်။ သည်းဦးပန်း မင်္ဂလာကိစ္စကို တိုင်ပင်ချင်လှပါပြီ။ အားလုံး သည်းဦးပန်းရဲ့ စိတ်ကြိုက်ပင် ဖြစ်စေရမည်လို့ ဆုံးဖြတ်ထားသည်။

* * *

'ကိုထက် မင်္ဂလာဆောင်က ဘယ်တော့ဖြစ်မလဲ'

'ညနေကျမှ တိတိကျကျသိမှာ ဒေါ်ကြီးစိန်'

'ကိုထက် မင်္ဂလာဆောင်တော့မှာမို့ ဒေါ်ကြီးစိန် အရမ်းပျော် တယ်ကွယ်'

'ဘကြီးလည်း သိပ်ဝမ်းသာတယ်ကွာ'





ဘကြီးငွေကပါ ကွမ်းကို ပါးစပ်အပြည့် ဝါးရင်းနှင့် ပြောသည်။

'ကိုထက်က ထိန်းခဲ့ရုံတင်မကဘူး၊ သူ့သားသမီးတွေကိုပါ ကျုပ်တို့ ထိန်းရတော့မယ်တော့'

ဒေါ်ကြီးစိန်က ဝမ်းသာအားရနှင့် ပြောနေသည်။ ထက်မြက် က စားသောက်ရင်းနှင့် စကားတွေ တပျော်တစ်ပါးနှင့် ပြောနေ သည်။

* * *

ညနေ ဆေးခန်းမှာ ထိုင်ရင်း၊ ပထမဦးဆုံးအကြိမ် ထူးဆန်း သော ဆုတောင်းမှုတစ်ခုကို ထက်မြက် ဆုတောင်းနေသည်။

'ဒီနေ့ လူနာ အလာနည်းပါစေ'

ဆေးခန်းသို့ လူနာနည်းနည်းလာရန်သာ ဆုတောင်းမိ သည်။ လူနာမလာတော့လျှင် ဆေးခန်း မြန်မြန်ပိတ်ပြီး အချစ်ရဆုံး ရလေးဆီသို့ သွားရမည် မဟုတ်လား။

သည်းဦးပန်းနှင့်ယှဉ်လျှင် အခြားကိစ္စများသည် ဒုတိယ နေရာမှာသာ ရှိသည်မဟုတ်လား။

* * *

ထက်မြက်ရဲ့ဆန္ဒ ပြည့်ဝခဲ့ပါသည်။ လူနာအလာနည်းသဖြင့် ဆေးခန်း စောစောပိတ်နိုင်ခဲ့သည်။ သည်းဦးပန်းဆီသို့ အမြန်ဆုံး ည်းနှင့် ရောက်ခဲ့သည်။

သည်းဦးပန်းက သူ့ကို တံခါးဖွင့်ပေးသည်။ ရှက်ပြုံးလေးတစ်ခုနှင့် သူ့ကို နှုတ်ဆက်သည်။ ကြင်နာမြတ်နိုးသော အကြည့်တွေဖြင့် ထက်မြက်က စိုက်၍ ကြည့်နေသည်။

'အိမ်ထဲဝင်လေ'

'ဝင်မှာပါ။ သည်းဦးရယ်'

အထဲမဝင်သေးဘဲ သူမကို စူးစိုက်ကြည့်နေသဖြင့် မနေ တတ်၍ သည်းဦးပန်းက ပြောသည်။

'မောင်ထက်မြက် ဆေးခန်းက လာတာလားကွယ့်'

'ဟုတ်ကဲ့ ကြီးကြီး'

'ဗိုက်ဆာလာမှာပေါ့ သမီးရယ်၊ တစ်ခုခု စီစဉ်လိုက်ပါ'

'ကိုထက်မြက်၊ ခေါက်ဆွဲထုပ် ပြုတ်ပေးမယ်၊ ကြိုက်ရဲ့လား'

'သိပ်ကောင်းတာပေါ့ သည်းဦး'

ယိုးဒယား ခေါက်ဆွဲခြောက်ထုပ်ကို ဖောက်ပြီး အမြန်ဆုံး စီစဉ်ပေးသည်။ အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲ ပန်းကန်ကို ထက်မြက် ရှေ့မှာ ချလိုက်သည်။

'ထိုင်ပါဦး သည်းဦးနဲ့ တိုင်ပင်ရဦးမယ်'

ဒေါ်ခင်စီက တူမကို ထိုင်ခိုင်း၍ ဆက်တီမှာ ဝင်ထိုင်သည်။ ခေါင်းလေးငုံ့ပြီး သည်းဦးပန်းက မျက်လွှာချထားသည်။

'မောင်ထက်မြက်ရဲ့ အစီအစဉ်က ဘယ်လိုရှိလဲပြောပါဦး ကွယ်'

'ကျွန်တော်ကတော့ အမြန်ဆုံး လက်ထပ်ချင်ပါတယ်၊ ကြီးကြီးတို့ရဲ့ ဆန္ဒကို ပြောပါခင်ဗျ'





'ကြီးကြီး ဘယ်မှာလုပ်ချင်သလဲ ပြောပါ၊ အင်းလျားလိပ်လား၊ ကရဝိတ်လား၊ သမ္မတလား ကြိုက်တာပြောပါ'

'ကြီးကြီးသဘောက အင်းလျားလိပ်မှာ လုပ်ချင်တယ်'

'ကြီးကြီး ဆန္ဒအတိုင်း ဖြစ်စေရပါမယ်'

'ကုန်ကျစရိတ်ကို ကြီးကြီးက တစ်ဝက်ခံပါရစေ'

'မဟုတ်တာ ကြီးကြီးရယ်၊ ကျွန်တော်ကပဲ အားလုံးခံပါရစေ'

'အဲလိုမှ မလုပ်ပေးရင်၊ ကြီးကြီး တာဝန်မကျေဘူးလို့ ထင်လို့ ပါကွယ်'

ထက်မြက်က ဒေါ်ခင်စီရဲ့ အစီအမံကို နာခံလိုက်သည်။ ရက်ရွေးကြ၊ ပြောဆိုတိုင်ပင်ကြနှင့် အချိန်တွေ ကုန်သွားသည်။

'စေ့စပ်ကြောင်းလမ်းခြင်းကို မနက်ဖြန်ပဲ ကျွန်တော် သတင်းစာထဲ ထည့်လိုက်မယ်'

'ကောင်းပါတယ်ကွယ်'

'နောက်ပြီး ကြီးကြီးကို တစ်ခု ခွင့်ပန်ပါရစေ'

'ဘာများလဲကွယ်'

'မနက်ဖြန် ညစာကို ကျွန်တော့်ရဲ့အိမ်မှာ လိုက်ပြီးသုံးဆောင် ပါလို့၊ ဆေးခန်းကအပြန် ကျွန်တော်လာခဲ့ပါ့မယ်'

'ကောင်းပါပြီကွယ်'

'ကဲ... သည်းဦး ကျွန်တော်ပြန်မယ်'

တံခါးဝနားအထိ သည်းဦးပန်းက လိုက်ပို့သည်။ ပြောချင်သည့်စကားများ ရင်နှင့်တနင့် ရှိနေပါသော်လည်း ဒေါ်ခင်စီရဲ့ရှေ့မှာမို့ မျိုသိပ်လိုက်ရသည်။

စူးစိုက်သော မျက်ဝန်းတွေကတစ်ဆင့် သူ့ရဲ့ချစ်စကားတွေကို ဖွင့်ဟခဲ့သည်။

* * *

နံနက်စာ ကော်ဖီသောက်ရင်းနှင့် ထက်မြက်က ဒေါ်ကြီးစိန်ကိုမှာနေသည်။

'ဒေါ်ကြီးရေ... ဒီနေ့ သည်းဦးနဲ့ ကြီးကြီးကို ညစာထမင်းကျွေးမှာနော်'

'ညက ကိုထက် ပြောပြီးသားပဲ၊ ဒေါ်ကြီး သတိရပါတယ်၊ တကတည်း မေ့မှာကျနေတာပဲ'

'မေ့သွားမှာစိုးလို့ဗျ၊ ဟင်းကောင်းကောင်းလေးနဲ့ လက်စွမ်းပြဖို့ မမေ့နဲ့နော်'

ဒေါ်ကြီးစိန်ရဲ့ မျက်စောင်းက ဒက်ခနဲ သူ့ကိုလာမှန်သည်။

'ကိုထက်တို့က ပိုရန်ကောတော်'

'ပိုရတယ် ကြီးကြီးရေ၊ ရှားရှားပါးပါးရမယ့် မိန်းကလေးဗျ'

'အင်း... မမြင်ဖူး မူးမြစ်ထင်ဆိုတာ ဒါပဲနေမှာ၊ အခုမှ အရှုးအမဲသား ကျွေးမိသလို ဖြစ်နေပြီ'

'ဟား... ဟား... နှိုင်းပုံကတော့ တကယ်ထိတယ်ဗျာ'

ဒေါ်ကြီးစိန်ရဲ့စကားကို ထက်မြက်က ဟားနေသည်။ ဒေါ်ကြီးစိန်ကလည်း သဘောကျစွာနှင့် ရယ်နေသည်။

'ကျွန်တော် ရေချိုးလိုက်ဦးမယ်နော်'

'အေး သွားချိုးချေ၊ စားသွားဖို့ ဒေါ်ကြီး ပြင်ထားလိုက်ရမလား'





'ထမင်းချိုင့် ထည့်သွားမယ်၊ ဒီနေ့ သူနာပြုဆရာမလေးတယ်လာက ထည့်လာပါဆိုလို့'

'ကိုထက်... ဒါဘာသဘောလဲ၊ ရှုတ်ရှုတ် လုပ်မယ်မကြံနဲ့နော်'

'ဟောဗျာ... ဒေါ်ကြီးက အသားလွတ် စွတ်ကောနေတာပဲ၊ တယ်လာနဲ့ ကျွန်တော်က အခုမှခင်တာ မဟုတ်ဘူးလေ'

'ဒါပဲနော်၊ အိမ်ထောင်ကျပြီး ရှုပ်ရှုပ်ယှက်ယှက်လုပ်မယ်မကြံနဲ့'

'ကျွတ်... ခက်လိုက်တာ ဒေါ်ကြီးစိန်ရယ်'

ဒေါ်ကြီးစိန်ကို ကြည့်ပြီး စိတ်ပျက်လက်ပျက်နှင့် ထက်မြက်က ခေါင်းယမ်းရင်း ထမင်းစားခန်းက ထွက်ခဲ့သည်။

'စိတ်ချ ဒေါ်ကြီးရေ၊ ထက်မြက်ရဲ့ နှလုံးသားထဲမှာ တစ်ယောက်ဆို တစ်ယောက်တည်းရှိနေတာ သည်းဦးပန်းပဲဗျ'

ရင်ထဲက ရဲရဲကြီး အာမခံလိုက်သည်။ ရေချိုးခန်းဝင်ပြီး ရေချိုးလိုက်သည်။

■

## (၁၂)

ညနေဆေးရုံကအပြန် မီးဖိုချောင်ထဲဝင်ပြီး ဒေါ်ကြီးစိန် ဘာတွေချက်ပြုတ်နေသည်ကို စပ်စုလိုက်သေးသည်။

'ဘာလဲ ကိုယ်တော်လေး၊ စစ်ဆေးရေး ဝင်တာလား'

'ဟင်းအိုးတွေ လှန်လှောကြည့်နေသော ထက်မြက်ကို ဒေါ်ကြီးစိန်က နှုတ်ခမ်းမဲ့ရင်း မေးသည်။

'ဟုတ်တယ်၊ ဘာတွေချက်ထားလဲလို့ ကြည့်တာပါ...'

'ကိုထက်၊ တော်တော် အသည်းပိုနေပြီနော်'

'ချစ်တာကိုး ဗျ'

ဒေါ်ကြီးစိန်ရဲ့ ထော့လုံးလျှောင်လုံးတွေ မထိခိုက်ခင်မှာ မီးဖိုထဲမှ သွက်သွက်ကြီး ပြန်ထွက်ခဲ့သည်။

* * *

သည်နေ့လည်း ဆေးခန်းကို လူနာနည်းနည်းသာလာစေဖို့ မျှော်လင့်မိသည်။ ဒါမှ သည်းဦးပန်းတို့ကို စောစောသွားခေါ်နိုင်မည် မဟုတ်လား။





ထက်မြက်ရဲ့ဆန္ဒ ပြည့်ဝသွားသည်။ ဆေးခန်းကိုမူ လူနာ အလာနည်းသည်။ ဆေးခန်းပိတ်ပြီးသည်နှင့် တစ်ချိုးတည်း သည်းဦးပန်းတို့ရဲ့အိမ်ဆီသို့ လှမ်းခဲ့သည်။

ကားသံကြားသည်နှင့် သည်းဦးပန်းက ထွက်လာသည်။ တံခါးကို သူမက ဖွင့်ပေးသည်။ ပြင်ဆင်ထားသော မျက်နှာလေးကို မြတ်နိုးစွဲမက်စွာ စေ့စေ့ကြည့်လိုက်သည်။

'သည်းဦးတို့ အသင့်ဖြစ်နေပြီလား'

'ဟုတ်ကဲ့'

'ဒါဆိုလည်း သွားကြစို့လား'

'နေဦးနော်၊ ကြီးကြီးကို သွားခေါ်လိုက်ဦးမယ်'

အဝတ်အစားလဲနေသော ဒေါ်ခင်စီကို သည်းဦးပန်းက သွားခေါ်သည်။ ထက်မြက်ရဲ့ကားနှင့် တူအရီးနှစ်ယောက်ပါလာကြ သည်။

'ကြီးကြီးတို့ ခဏထိုင်ပါဦးနော်'

ထက်မြက်ရဲ့ ခြံဝန်းကျယ်နှင့် ထုထည်နှင့်တည်ဆောက်ထား သော နှစ်ထပ်တိုက်ကြီးကိုမြင်ရပြီး ဒေါ်ခင်စီက မှန်းထားသည် ထက် ထက်မြက်ရဲ့ကြွယ်ဝချမ်းသာမှုကို တွေ့ရသည်။ ထက်မြက်က အတွင်းဘက်သို့ ဝင်သွားသည်။ ထည်ဝါခမ်းနားသော ဧည့်ခန်းကို ဒေါ်ခင်စီက ဝေ့ဝဲကြည့်နေသည်။ ထက်မြက်က မီးဖိုထဲဝင်ပြီး ဒေါ်ကြီးစိန်အား ထမင်းပွဲ အသင့်ဖြစ်နေပြီလားမေးသည်။

'အဆင်သင့်ပဲ ကိုထက်၊ ဟင်းချိုပဲ ခပ်စရာ လိုတော့တယ်'

'ဒါဆို ကျွန်တော် ခေါ်ခဲ့တော့မယ်နော်'

'အင်း...'

ထက်မြက်က ပျာယာခပ်နေပုံကိုကြည့်ပြီး ဒေါ်ကြီးစိန်က ကျိတ်ရယ်နေသည်။ ထက်မြက် ပြန်ထွက်လာသည်ကို တွေ့သည်နှင့် ဒေါ်ခင်စီက စကားစလိုက်သည်။

'မောင်ထက်မြက်တို့အိမ်က ဆောက်ထားတာ နှစ်အတော်ကြာပြီထင်တယ်'

'ဟုတ်ပါတယ်ကြီးကြီး၊ နှစ်တစ်ရာကျော်လောက် ရှိပါပြီ၊ ထုထည်နဲ့ဆောက်ခဲ့လို့ အိမ်ကခိုင်ခံ့ပြီး ပြန်လည်မွမ်းမံနေတော့ မပျက်စီးပါဘူး'

'ဒီမှာ မောင်ထက်မြက် တစ်ယောက်တည်း နေတာပေါ့'

'မွေးချင်းမရှိတော့ တစ်ယောက်တည်းပါ ကြီးကြီး၊ ကျွန်တော့်မိဘများလက်ထက်ကတည်းက စောင့်ရှောက်ခဲ့တဲ့ ဘကြီးငွေတို့ လင်မယားနှစ်ယောက် ရှိပါတယ်'

'ကြော်... ဟုတ်လား'

'ကြီးကြီးတို့ ထမင်းသုံးဆောင်ဖို့ အသင့်ဖြစ်ပါပြီ'

'မောင်ထက်မြက် အဝတ်အစား လဲလိုက်ပါဦးလား...'

'ရပါတယ် ကြီးကြီး'

ထက်မြက်က ဦးဆောင်ပြီး ထမင်းစားခန်းဆီသို့ ခေါ်ခဲ့သည်။ ထမင်းစားခန်းတစ်ခန်းကပင် သူမတို့ရဲ့ တိုက်ခန်းတစ်ခန်းနီးပါးပါလား။ ကျယ်ဝန်းသောအိမ်ကြီးမှာ လူသုံးယောက်တည်းနေရတာ တိတ်ဆိတ်နေမှာပဲလို့ သည်းဦးပန်းက တွေးလိုက်သည်။

ထမင်းစားပွဲအသင့်ပြင်ပြီး ရပ်နေသော ဒေါ်ကြီးစိန်က





သည်းဦးပန်းကို တွေ့စဉ်ခိုက်မှာ ပါးစပ်အဟောင်းသားလေးနှင့် ကြည့်နေသည်။

'အို... တကယ်လှတဲ့ မိန်းကလေးပါလား၊ နုဖပ်ပြီး ကြွေရုပ်ကလေးတစ်ရုပ်လိုပါပဲလားကွယ်၊ ဒါကြောင့် ကိုထက်က အရူးအမူးဖြစ်နေတာနေမှာ'

သည်းဦးပန်းရဲ့ သိမ်မွေ့တည်ကြည်တဲ့ မျက်နှာလေးကို ကြည့်ပြီး ရင်ထဲမှာ ကောက်ချက်ချရင်းနှင့် တစ်ချီတည်း ခင်မင်သွားပါတော့သည်။

'ကြီးကြီးတို့ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက ဒေါ်ကြီးစိန်ပါ၊ ကျွန်တော့်ကို ငယ်ငယ်လေးကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ မိခင်ပေါ့ဗျာ'

ထက်မြက်က ထိုသို့ပြောလိုက်တော့ ဒေါ်ကြီးစိန်ရဲ့မျက်ဝန်းမှာ ဝမ်းသာကြည်နူး မျက်ရည်စတွေစို့လာသည်။

'ဒေါ်ကြီး၊ ဒါ ကြီးကြီးဒေါ်ခင်စီနဲ့ သည်းဦးပန်းနော်'

'မိတ်ဆက်ပေးစရာ မလိုတော့ပါဘူးကွယ်၊ ကိုထက် တစ်နေ့တစ်နေ့ပြောနေတာ ကြားရတာနဲ့ သည်းဦးလေးကို သိပြီး ခင်ပြီးသားပါကွယ်'

ထက်မြက်က ရှက်ရယ်ရယ်ကြီး ရယ်သည်။ သည်းဦးပန်းက ရှက်မျက်နှာလေးနှင့် မျက်လွှာချပြီး ပြုံးနေသည်။

'သည်းဦးပန်းက သိပ်ကိုချောတဲ့ မိန်းကလေးပဲ၊ ဒေါ်ကြီးတော့ ချစ်သွားပြီကွယ်'

ဒေါ်ကြီးစိန်ရဲ့စကားက သူမရဲ့ရင်ကို နွေးထွေးစေလိုက်ပါ

သည်။ သည်းဦးပန်းက ခင်တွယ်သော မျက်ဝန်းများနှင့် ဒေါ်ကြီးစိန်ကို ကြည့်လိုက်သည်။

'အစ်မကြီး ပြည့်စုံအောင် သုံးဆောင်ပါနော်'

'ဟုတ်ကဲ့...'

ဒေါ်ခင်စီကိုလည်း လိုလေသေးမရှိအောင် ဒေါ်ကြီးစိန်က ဧည့်ခံသည်။ ထက်မြက်ကလည်း သည်းဦးပန်းရဲ့ ပန်းကန်ထဲသို့ ဟင်းများ ခပ်ခပ်ထည့်ပေးနေသည်။

ထက်မြက်ရဲ့ ကြင်နာမှုများကို တွေ့ရတော့ ဒေါ်ခင်စီက တူမလေး ကံကောင်းသည့်အတွက် ဝမ်းသာနေသည်။

'ဟင်းစပ်က ကောင်းလိုက်တာကွယ်'

'ဒေါ်ကြီးစိန်က အချက်အပြုတ်ရော ကျန်တဲ့အိမ်အလုပ်ကိုပါ ကျွမ်းကျင်ပါတယ်၊ တစ်အိမ်လုံးသူပဲ ထိန်းထားတာပါ ကြီးကြီး'

'တော်လိုက်တာနော်'

ဒေါ်ကြီးစိန်ကို တကယ်ပင် လှိုက်လှိုက်လှဲလှဲ ဒေါ်ခင်စီက ချီးကျူးလိုက်သည်။ ဒေါ်ကြီးစိန်က ကျေနပ်ပြုံးတွေနှင့်သာ။

ထမင်းစားသောက်ပြီး လက်ဖက်ပွဲ၊ သစ်သီးစုံကျောက်ကျောနှင့် ဒေါ်ကြီးစိန်က ဧည့်ခံသည်။ အစိမ်းရောင်ကျောက်ကျောကြည်ကြည်မှာ စပျစ်သီး၊ ငှက်ပျောသီး၊ နာနတ်သီးတို့ ပါဝင်နေ၍ ကျောက်ကျောက စိမ်းကြည်ကြည်နှင့် စားချင်စဖွယ်ပါ။

'ကြည့်ပါဦး တစ်ယောက်တည်း၊ စုံတကာစေ့အောင် လုပ်ထားပါလား'

'ကျောက်ကျော သုံးဆောင်ပါဦး အစ်မကြီး'





ဒေါ်ခင်စီက ကျောက်ကျောတစ်တုံးကို ခရင်းခွလေးနှင့် ထိုးပြီး စားလိုက်သည်။

'အိုကွယ်၊ ကောင်းမှကောင်း'

ဒေါ်ခင်စီက နောက်ထပ် ကျောက်ကျောတစ်တုံးကို ခပ်ယူစားသည်။

'သည်းဦး စားပါဦး'

ထက်မြက်က ချစ်လှစွာသောမိန်းကလေးကို စားခိုင်းသည်။

'သည်းဦး ဗိုက်တင်းနေပြီ'

'ဒါဆို ခြံထဲ လျှောက်ကြည့်လိုက်ရအောင်၊ ဗိုက်ချောင်သွားအောင်လို့လေ'

ထက်မြက်က အကွက်ဆင်ပြီး လူကြီးတွေရှေ့က သည်းဦးပန်းကို ခေါ်ထုတ်ခဲ့သည်။ ဒေါ်ခင်စီကို ဒေါ်ကြီးစိန်တို့ လင်မယားနှင့် ထားရစ်ခဲ့သည်။

ခြံထဲသို့ ဆင်းခဲ့ကြသည်။

ကျယ်ဝန်းသော ပန်းမျိုးစုံပွင့်ဖူးသော ပန်းခြံထဲမှာ ယှဉ်တွဲပြီး လျှောက်ကြသည်။ ထက်မြက်က ဘယ်ကနေဘယ်လို စကားကို စရမှန်းမသိဖြစ်နေသည်။ သင်းပျံ့သောပန်းရနံ့လေးများက လေနုအေးနှင့် ခိုစီးလာပြီး သူတို့ကို ပွတ်တိုက် နှုတ်ဆက်သွားသည်။

'သည်းဦး'

သူရဲ့ဘေးမှ တိတ်ဆိတ်စွာပါလာသော မိန်းကလေးကို ငဲ့မိုးစောင်းငဲ့ကြည့်ပြီး ထက်မြက်က ခေါ်လိုက်သည်။ သည်းဦးပန်းက မျက်လုံးလေးဝင့်ပြီး မော့ကြည့်သည်။

'ရှင်…'

'သည်းဦးကို ကျွန်တော် လက်ထပ်ရတော့မယ်၊ ပိုင်ဆိုင်ရတော့မယ် မှန်ပေမယ့်၊ အကြားချင်ဆုံး၊ အသိချင်ဆုံးစကားကို မကြားရသေးဘူး'

'ဘာများလဲ ကိုထက်ရယ်'

'သည်းဦးဆီက ချစ်တယ်ဆိုတဲ့ စကားပေါ့'

'ဖြေနေဖို့ လိုသေးလားရှင်'

'သိပ်လိုပါတယ်၊ သည်းဦး ဒီစကားကို မဖြေသေးဘူးလေ'

ထက်မြက်ကို သူမသည်လည်း နက်ရှိုင်းစွာ မြတ်နိုးတွယ်တာမိနေသည်ကို ထက်မြက်က သိသိကြီးနှင့် မေးနေသည်လား။

'ကိုထက်မြက်ကို လက်ထပ်ဖို့ လက်ခံလိုက်တာ ချစ်လို့ပေါ့ရှင်'

'သည်းဦးရယ် ဝမ်းသာလိုက်တာကွာ၊ သည်းဦးပါးစပ်က ပြောမယ့် ချစ်စကားကို တမ်းတမျှော်ခဲ့ရတာ ကျွန်တော်ပါ'

သူမရဲ့လက်ကလေးကို တင်းတင်းဆုပ်ကိုင်ပြီး သည်းဦးပန်းကို ရွှန်းရွှန်းစားစားကြီး ကြည့်နေသည်။

'ကျွန်တော်လေ… သည်းဦးကို သိပ်ချစ်တယ်၊ သည်းဦးစိတ်ချမ်းသာအောင် ကျွန်တော်ထားမယ်နော်'

'အဲဒါလေ၊ ကျွန်တော်ရဲ့ အနက်ရှိုင်းဆုံး နှလုံးသားထဲက ထွက်ပေါ်လာတဲ့ သစ္စာစကားပါ'

သည်းဦးပန်းက မျက်နှာပြုံးပြုံးလေးနှင့် သူ့ကို မော့ကြည့်လိုက်သည်။





'သည်းဦးကို ကျွန်တော် သိပ်ချစ်တယ်'

သည်းဦးပန်းရဲ့ ကိုယ်လေးကို ကြင်နာစွာ ပိုက်ထွေးပြီး လေးလေးနက်နက် ပြောလိုက်သည်။ ချစ်သူနှစ်ဦးရဲ့ ရင်ထဲမှာ အပျော်တွေနှင့် ပြည့်နှက်နေသည်။ ခဏတဖြုတ် ပန်းခြံထဲမှာနေပြီး အိမ်ထဲ ပြန်ဝင်ခဲ့သည်။

ဒေါ်ခင်စီလည်း ပြန်ချင်နေပြီမို့၊ ထက်မြက်က ပြန်လိုက်ပို့ပေးသည်။ ဒေါ်ကြီးစိန်က ကားနားအထိ သည်းဦးပန်းကို လိုက်ပို့သည်။

'အစ်မကြီး လာလည်ပါဦးနော်'

'ကောင်းပါပြီရှင်'

■

## (၁၃)

ထက်မြက်နှင့်သည်းဦးပန်းတို့ စေ့စပ်ကြောင်းလမ်း သတင်း စာထဲမှာ ပါလာသည်။ ဆေးရုံက လုပ်ဖော်ကိုင်ဖက်များက ထက်မြက်ကို ဝိုင်းပြီး ရန်တွေ့ကြသည်။

'ဟာ... ဆရာထက်မြက်တို့များ သိပ်လျှိုတာပဲ၊ ဘယ်တုန်းက ရည်းစားရလိုက်မှန်းတောင် မသိပါလား'

'ဟုတ်တယ်ဆရာ၊ အပေါင်းအသင်းတွေကို လေသံလေး တောင် မဟဘူး၊ တကယ် သိုသိပ်တယ်ဗျာ'

'အဲဒါတော့ မကောင်းဘူး၊ ကျွန်မတို့ကို ဆရာတစ်ခုခု ကျွေး ရမှာပဲ'

ထက်မြက်က ရယ်ကျဲကျဲနှင့်ရှိနေသည်။ သည်းဦးပန်းနှင့် ကိစ္စကို တမင်သက်သက် လျှို့ထားလိုက်ခြင်းပါ။ သူ မိန်းမမယူသေး ၍ အမြဲနောက်ပြောင်နေသော လုပ်ဖော်ကိုင်ဖက်တွေကို တအံ့ တသြ ဖြစ်သွားစေချင်၍ပါ။

'ကဲ... ဒေါက်တာထက်မြက်၊ ဘယ်တော့ ကျွန်တော်တို့ကို ဆပ်ပလိုင်း လုပ်မှာလဲ'

'အဲနီးတိုင်းပဲလေ'





အချိန်မရွေး သူ့ဘက်ကအသင့်ဆိုပြီး ထက်မြက်ကပြော သည်။

'ဒါဆို မနက်ဖြန်ည ခင်ဗျား ဆေးခန်းလည်း ပိတ်တယ်၊ ကျွန်တော်တို့အားလုံး အကျွေးအမွေး ဆယ်လီဘရိတ်လုပ်မယ်ဗျာ'

တစ်ယောက်ကဦးဆောင်ပြီး စေ့စပ်ပွဲအတွက် စားပွဲကျင်းပ မည်ဟုဆိုသည်။ ထက်မြက်ကလည်း ဘယ်မှာစားချင်သည်ကို မေးသည်။

'ရှစ်မိုင်မှာ ပေဝန်နန်းမှာပဲလုပ်ဗျာ၊ ဘယ်လိုသဘောရလဲ'

'အိုကေ... မနက်ဖြန်ညနေ ဆဲဗင်းရှပ်(ပ)မှာ အားလုံး အဲဒီ မှာ ဆုံမယ်'

ထက်မြက်က ခုနှစ်နာရီတိတိမှာ ဆုံစည်းဖို့ ဖိတ်ကြားလိုက် သည်။ ထက်မြက်ကို နောက်ကြပြောင်ကြနှင့် တဝါးဝါးရှိနေကြ သည်။

'ခင်ဗျားရဲ့ အမျိုးသမီးကိုလည်း ခေါ်ခဲ့ရမယ်နော်'

'ခေါ်ရမှာပေါ့ဗျာ၊ ဒါ ကျွန်တော်တို့နှစ်ယောက်ရဲ့ ပွဲပဲဟာ'

တာဝန်ကိုယ်စီတွေ ရှိကြသည်မို့ ပြောဆိုပြီး အသီးသီး ထက်မြက်ရဲ့ အခန်းက ထွက်သွားကြသည်။

* * *

ညနေ ဆေးခန်းကအပြန် သည်းဦးပန်းရဲ့အိမ်သို့ ဝင်ရ သည်။ မင်္ဂလာကိစ္စအတွက် စီစဉ်ပြောစရာတွေက ရှိနေသည် မဟုတ်လား။ သည်းဦးပန်းကို နောက်တစ်နေ့ညနေ ညစာစားပွဲ

အစီအစဉ်ကို ပြောရဦးမည့်ကိစ္စက ရှိသေးသည်။

သည်းဦးပန်းဆီရောက်ပြီး တိုင်ပင်စရာရှိသည်များကို တိုင်ပင်ပြီးနောက် ထက်မြက်က သူ့အစီအစဉ်ကို ပြောသည်။

'မနက်ဖြန်ညနေ သူငယ်ချင်းတွေက ညဦးလို့ ကျွန်တော် ကျွေးရမယ့်အစီအစဉ်ရှိတယ်၊ သည်းဦးလည်း လိုက်ရမယ်လေ၊ ဒါကြောင့် ညနေခြောက်နာရီလောက် လာခေါ်မယ်နော်'

'ဟာ… သည်းဦး ရှက်တယ်'

သည်းဦးပန်းက ရှက်ရွံ့နေသည့်ဟန်လေးနှင့် ငြင်းနေသည်။

'မလိုက်လို့ ဘယ်ကောင်းမလဲ သည်းဦးရယ်'

'ဟုတ်သားပဲ သမီးရယ်၊ လိုက်သွားသင့်တာပေါ့'

ကြီးကြီးဒေါ်ခင်စီကပါ ထက်မြက်ဘက်ပါနေသည်ဆိုတော့ သည်းဦးပန်း ဆက်ပြီးငြင်းလို့ ရပါတော့မည်လား။

'ကျွန်တော် မနက်ဖြန်ညနေ လာခေါ်မယ်နော်'

ချစ်ရသူလေးကို ဖက်လဲတကင်း ဆက်ဆံချင်သော်လည်း ဒေါ်ခင်စီရှေ့မို့ ထိန်းသိမ်းနေရသည်။ စီစဉ်ထားသည့်ကိစ္စများ ပြောဆိုပြီး ထက်မြက် ပြန်သွားသည်။

သည်းဦးပန်းကို ခွဲခွာထားခဲ့ရလေတိုင်း သူ့ရင်မှာဟာနေ သည်။ သည်းဦးပန်းနှင့် အမြန်ဆုံးသာ အတူနေချင်ပါပြီ။

* * *

သည်းဦးပန်းက ညစာစားပွဲအတွက် ရှမ္မိုင်းမင်းကွက် ဆီးရောင်ဝမ်းဆက် ဝတ်သည်။ အကျီကို ရင်ဘတ်နှင့်လက်မှ





ဇပွင့်လေးများကို လှပစွာ ဖောက်ထားသည်။ ပခုံးသာသာ ဆံပင် ကို သည်တိုင်းပင် ဖားလျားချလိုက်သည်။

ဒေါ်ခင်စီထုတ်ဆင်သော ပုလဲဝမ်းဆက်ကို ဝတ်လိုက်သည်။ မျက်နှာကို ခါတိုင်းထက်ပိုပြီး ခြယ်သလိုက်သည်။ အားလုံးပြင်ဆင် ပြီးတော့ သည်းဦးပန်းရဲ့ ရုပ်သွင်က ကြွေဆင်ရုပ်လေးလို လှပချော မွတ်နေသည်။

ထက်မြက်က သူမရဲ့အလှကိုမြင်တော့ ရင်သပ်ရှုမောစွာ ခံစားရသည်။ သည်းဦးပန်းရဲ့လှပမှုက သူ့ချစ်စိတ်တွေကို ပိုပြီး တိုးပွားစေသည်။

ဟောဝန်နန်းမှာ သူ့ရဲ့အပေါင်းအသင်းများနှင့် ဆုံစည်းကြ သည်။ အားလုံးက သူ့ကိုချီးကျူးကြသည်။

'ဆရာထက်မြက်က တကယ့်ကို အရွေးတော်တာပဲကိုး'

'သည်းဦးပန်းက လှလိုက်တာနော်'

သူနာပြုဆရာမ တစ်ယောက်ကလည်း သည်းဦးပန်းရဲ့ နုထွေးသောလက်ကို ဆုပ်ကိုင်ပြီး ဂုဏ်ဖော်သည်။ တစ်ယောက် တစ်ပေါက်နှင့် သူမရဲ့အလှကို ချီးမွမ်းခန်းဖွင့်နေတော့၊ သည်းဦးပန်း မနေတတ်အောင်ပါလား။

* * *

မင်္ဂလာပွဲမှာ ဝတ်ရန်အတွက် အဝတ်အစားချုပ်ရ၊ မိတ်ကပ် ဆရာ စီစဉ်ရ၊ မင်္ဂလာ အခမ်းအနားအတွက် အခန်းဝင်ပစ္စည်းများ

ဝယ်ရနှင့် သည်းဦးပန်းရောထက်မြက်ပါ မအားနိုင်အောင် ဖြစ်နေ သည်။ ဆေးရုံကလည်း ခွင့်ပင်ယူထားလိုက်ရသည်။

သည်းဦးပန်းနှင့် အတူနေရသောအချိန်များ များပြားလာ လေ၊ ချစ်ရသောစိတ်များ တိုးပွားလာလေပါ။ သူငယ်ချင်းများပင် နောက်ပြောင်ကြသည်။ သည်အချိန်အထိ သည်းဦးပန်းနှင့် ပြောဆို သည့်အခါ ကျွန်တော်ဆိုသော အသုံးအနှုန်းကို သုံးနေသည့် အတွက်ပါ။

ဒါကြောင့် သည်နေ့ သည်းဦးပန်းနှင့် တွေ့သည့်အခါ သူ အသုံးအနှုန်းကို ပြောင်းပါတော့မည်။ ဘယ်သို့ ပြောင်းရမည်ကို လျှောက်တွေးနေသည်။ တွေးရင်းနှင့် သူ့ကိုယ်သူ ရယ်မိသည်။ အချစ်ကြောင့် ထက်မြက်သည်လည်း ရူးခြင်းတစ်မျိုး ဖြစ်နေပါရော လား။

* * *

သည်းဦးပန်းနှင့်အတူ ညစာစားရင်း ထက်မြက်က မြတ်နိုး တွယ်ငင်စွာ သည်းဦးပန်းရဲ့ မျက်နှာလေးကို ကြည့်ပြီးပြောသည်။

'သည်းဦးနဲ့ ကိုကို လက်ထပ်ဖို့ သုံးရက်ပဲလိုတော့တယ်နော်'

အခေါ်အဝေါ်တွေ ပြောင်းနေသော ထက်မြက်ကို ပြုံးလဲ့လဲ့ နှင့် သည်းဦးက ကြည့်နေသည်။

'ကို့ကို ကိုထက်မြက်လို့ မခေါ်နဲ့နော်၊ ဒီနေ့ကစပြီး ကိုကိုလို့ပဲ ခေါ်ပါ အချစ်ရယ်...'





စားပွဲပေါ်မှာရှိနေသော သည်းဦးပန်းရဲ့ လက်ကလေးကို အုပ်မိုးကိုင်ပြီး ထက်မြက်က ပြောသည်။ သည်းဦးပန်းက ညင်သာ စွာ ပြုံးရယ်ပြီး ခေါင်းညိတ်လိုက်သည်။ လက်ကလေး တင်းခနဲ ဆုပ်ကိုင်ခြင်းကို ခံရသည်။

■

## (၁၄)

ထက်မြက်သည်နေ့ သိပ်ပျော်နေသည်။ အချစ်ရဆုံးမိန်းကလေးကို ပိုင်ဆိုင်ရသည့်နေ့ မဟုတ်လား။ သည်းဦးပန်းနှင့် သူ့ရဲ့ မင်္ဂလာညှိခံပွဲကြီး အင်းလျားလိပ်ဟိုတယ်မှာ စတင်နေပါပြီ။

ပန်းနုရောင် ထိုင်မသိမ်းဝတ်စုံလေးနဲ့ သိပ်ကို လှပနုညက်နေသော ချစ်ဇနီးလောင်းလေးရဲ့ လက်ကို ပိုက်ထွေးကိုင်ထားရင်းက ပန်းသွေးရောင်ကြွနေသော မျက်ဝန်းလေးကို ငုံ့ကြည့်မိသည်။

နတ်မိမယ်လေးတမျှ နုဖတ်လှပနေသော သည်းဦးပန်းကို ပိုင်ဆိုင်ရပြီ မဟုတ်လား။ အတိုင်းမသိ ဝမ်းသာကြည်နူးမှုတွေ သူ့ရင်မှာ လှိုက်ခတ်သွားသည်။

စင်မြင့်ပေါ်သို့ လျှောက်သွားသည့် လမ်းတလျှောက်မှာ မျက်လုံးပေါင်းများစွာ သူတို့နှစ်ယောက်ရဲ့မျက်နှာမှာ လာရောက်ထိခတ်နေသည်ဆိုတာကို သိပြီး သိပ်ပြီး ပီတိဖြာနေသည့်မျက်နှာကို ထိန်းသိမ်းနေရသည်။





ရင်နှင့်တမျှ မြတ်နိုးတွယ်တာခဲ့ရသော မိန်းကလေးကို ည်နေ့မှာ ပြည့်ဝသောပိုင်ဆိုင်မှုကို ရလိုက်ပြီလေ။ နတ်မိမယ် လေးတမျှလှပသော ဇနီးသည်အသစ်စက်စက်ကို ချစ်လိုက်သည် ှာ အာခံတွင်းမှာ ဆီးဖြူဖန်ခါးအလား ငုံပင်ထားလိုက်ချင်ပါသည်။

သူ့အတွေးနှင့်သူ ရယ်ချင်သွားသည်။ ဒေါ်ကြီးစိန်က မဲ့ကာ ွဲ့ကာနှင့်ပြောသော ကိုထက်တို့က လွန်ကိုလွန်လွန်းတယ် ဆိုစကား က သိပ်ကို မှန်နေပါလား။

သည်မင်္ဂလာခန်းမကြီးထဲမှာ အရှက်အကြောက်သာ မရှိ ျှင် ထပြီး အော်ပြောလိုက်ချင်ပါသည်။

'သည်းဦးပန်းကို ကျွန်တော်ထက်မြက် သိပ်သိပ်အရမ်းချစ် တယ်လို့'

သူ့အတွေးတွေ ပေါကြောင်ကြောင်လေး ဖြစ်သွားရတာ အမှန်ပါပဲ၊ ဒါပေမယ့် ထက်မြက် မရှက်ပါဘူး... တကယ်လုပ်တာ မှ မဟုတ်ဘဲ၊ ရင်ထဲက အပျော်လွန်ပြီး တွေးခဲ့သည်ပဲ။

မင်္ဂလာအခမ်းအနား ပြီးဆုံးသွားပြီးနောက် အခမ်းအနား ည့်ဆောင်ကထွက်ပြီး ပြန်သည့် ဧည့်သည်များကို ကျေးဇူးတင် ကားနှင့် နှုတ်ဆက်သည်။ မင်္ဂလာခန်းမကနေ ထက်မြက်ရဲ့အိမ်သို့ နီးမောင်နှံအသစ်ဖက်စက် ပြန်ခဲ့ကြသည်။ ကြိုးတားသူတွေ၊ ခဲဖိုး တောင်းသူတွေ၊ မင်္ဂလာအခန်းကို ပိတ်ဆို့ပြီး ညည်းနေ၍ ကျေနပ် အောင် ပေးရသေးသည်။

ဒေါ်ခင်စီက တူမရဲ့ မြင့်မားသွားရသည့် အခြေအနေကို ကြည့်ပြီး ပီတိဖြာနေသည်။ ဘကြီးငွေ၊ ဒေါ်ကြီးစိန်နှင့် ဒေါ်ခင်စီတို့

ကို နှစ်ဖက်မိဘအရာထားပြီး ထက်မြက်နှင့်သည်းဦးပန်းက
ကန်တော့ကြသည်။ လူကြီးတွေက ဆုမွန်ကောင်းများ ပေးကြသည်

ထက်မြက်ရဲ့ရင်းနှီးသော အပေါင်းအသင်းများက
ဘက်ချလာနိုက်ဆိုပြီး နောက်ဆုံးလူပျိုညအတွက် ညဉ်းကြပြ
သည်။ ထက်မြက်စိတ်ထဲက တော်တော်အလိုက်ကန်းဆိုးမသိတဲ့
သတ္တဝါတွေလို့ ကျိန်ဆဲမိသည်။

'သည်းဦးရယ်... သူငယ်ချင်းတွေက ညစ်နေကြပြီ၊ ကိုကို
ဘယ်လိုလုပ်ရမလဲ'

ချစ်ဇနီးလေးထံမှာ စိတ်ပျက်တဲ့မျက်နှာနှင့် ပြောသည်။

'ဒါက ထုံးစံလိုဖြစ်နေပြီပဲ ကိုကိုရယ်၊ လိုက်သွားပြီး ပြုစုလိုက်
ပါ၊ ဒါပေမယ့် မမူးလာနဲ့နော်'

'စိတ်ချပါ အချစ်ရယ်'

သည်းဦးပန်းရဲ့ ပါးမွတ်မွတ်လေးမှာ အနမ်းပွင့်လေးတစ်ပွင့်
ချွေပြီး ထက်မြက်က အပေါင်းအသင်းတွေရဲ့ကားနှင့် လိုက်သွား
သည်။

ဒေါ်ခင်စီကလည်း ညည်းခံရ၊ စကားပြောရနှင့် ပင်ပန်းနေပြီ
သည်းဦးပန်းကို ပြန်မယ်လို့ပြောသည်။ သည်းဦးပန်းရဲ့ မျက်နှာ
လေးတစ်ချက် ငိုမဲ့မဲ့ ဖြစ်သွားသည်။

'ကြီးကြီးပြန်မယ်၊ သမီး စိတ်ချမ်းချမ်းသာသာနဲ့ လိမ်လိမ်မာ
မာနေနော်'

'ဟုတ်ကဲ့ပါ၊ ကြီးကြီးကို တစ်ယောက်တည်း ထားရတာ
သည်းဦး စိတ်မချဘူး'





'ကြီးကြီးမှာ အစီအစဉ်တွေ ရှိပါတယ်ကွယ်၊ နောက်မှ
အေးအေးဆေးဆေး ပြောမယ်၊ ကဲ... ကြီးကြီး ပြန်မယ်'

ဒေါ်ခင်စီအား ကားစီစဉ်ပေးပြီး သည်းဦးပန်းက လိုက်ပို့
နိုင်းလိုက်သည်။ ဒေါ်ခင်စီပြန်သွားပြီး ရင်ထဲမှာတစ်မျိုးကြီး
ဝမ်းပန်းတနည်း ဖြစ်လာသည်။

သူမရဲ့ မျက်နှာရိပ်၊ မျက်နှာကဲကို ကြည့်နေသော ဒေါ်ကြီး
စိန်က သည်းဦးပန်းရဲ့စိတ်ကို နားလည်ပြီး၊ စိတ်ပြောင်းရန် စကား
လမ်းကြောင်း ပြောင်းလိုက်သည်။

'သည်းဦးလေး၊ အဝတ်အစားလဲပြီး ရေချိုးလိုက်ပါလား၊
လူလည်း လန်းဆန်းသွားတာပေါ့'

'ဟုတ်ကဲ့ ဒေါ်ကြီးစိန်'

ပန်းတွေရော၊ ကလစ်တွေတစ်ပုံနှင့် ထုံးဖွဲ့ထားသော
ဆံထုံးကို ဒေါ်ကြီးစိန်က ကူညီပြီး ဖြေရှင်းပေးသည်။ ပြီးတော့
ကိုယ်ပေါ်က ထိုင်မသိမ်းဝတ်စုံကိုချွတ်ပြီး လုံချည်လဲကာ ရေချိုး
ခန်းသို့ ဝင်သည်။

အေးမြသောရေနှင့်တွေမှ ငြိမ်းစီစီဖြစ်နေသော ခေါင်းက
ကြည်လင်လာသည်။ ရေကိုဝအောင်ချိုးပြီး ရေချိုးခန်းက ထွက်ခဲ့
သည်။

'သမီးလိမ်းဖို့ သနပ်ခါး၊ ဒေါ်ကြီးစိန် သွေးထားတယ်'

အားတုံ့အားနာအကြည့်နှင့် ဒေါ်ကြီးစိန်ကို ကြည့်မိသည်။

'ဒေါ်ကြီးရယ်၊ သည်းဦးတော့ ငရဲကြီးတော့မှာပဲ၊ နောက်
အဲဒီလို မလုပ်နဲ့နော်၊ သည်းဦးဘာသာ သွေးမှာပေါ့'

'ဒီနေ့ သည်းဦးလေး ပင်ပန်းနေလို့ ဒေါ်ကြီးက သွေးပေးတာပါကွယ်'

'ရပါတယ် ဒေါ်ကြီးရယ်'

ရှင်မတောင်သနပ်ခါး မွှေးမွှေးလေးကို မျက်နှာနုနုမှာ မှုန်အောင် လိမ်းခြယ်လိုက်သည်။ ဒေါ်ကြီးစိန်က အခန်းထဲက စားရေး၊ သောက်ရေး စီမံရန် ထွက်သွားသည်။

ဘလောက်အင်္ကျီ ပွပွလေးကိုဝတ်ပြီး ပင်ပန်းနွမ်းနယ်မှုကို ဖြေသိမ့်ရန် အိပ်ရာပေါ်မှာ လှဲလိုက်သည်။ နဖူးပေါ်လက်တင်ပြီး စဉ်းစားခန်း ဝင်နေသည်။ ဒေါ်ကြီးစိန်က တစ်ပတ်ကျော့ပြီး အခန်းထဲကို ပြန်ရောက်လာသည်။

'သမီး ဆာနေပြီလား'

'မဆာသေးပါဘူး ဒေါ်ကြီး၊ ကိုကိုလာမှပဲ အတူစားပါ့မယ်'

'သူငယ်ချင်းတွေ အလိုက်မသိ၊ နှိပ်စက်နေကြလို့ ကိုထက် နောက်များကျမလား မသိဘူး'

'ရပါတယ်၊ ကိုကိုလာမှပဲ စားပါ့မယ်'

'ဒါဆို ဒေါ်ကြီး လုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ်'

'သည်းဦး၊ ကူပေးမယ်လေ'

'အို... နေပါစေကွယ်၊ ကလေးပင်ပန်းနေတာ နားလိုက်ဦး'

ကူညီချင်စိတ်ရှိတဲ့ သည်းဦးပန်းရဲ့ စိတ်စေတနာလေးကို ဒေါ်ကြီးစိန် ခင်တွယ်သွားမိသည်။ သည်းဦးပန်းက အတွေးတွေ ဟိုရောက် သည်ရောက်နှင့် မှေးခနဲ အိပ်ပျော်သွားသည်။

■



(၁၅)

ထက်မြက်ရဲ့ သူငယ်ချင်းတွေက မဆိုးရှာပါ။

ထက်မြက်ကို ကြာကြာကြီး ညှဉ်းမထားပါ။

ထင်ထားသည်ထက် စောပြီး ထက်မြက်ကို အိမ်ပြန်ခွင့်ပြုသည်။

'ဒေါ်ကြီးစိန် သည်းဦးရော'

'အခန်းထဲမှာလေ'

သွက်လက်သော ခြေလှမ်းတွေနှင့် ထက်မြက်က အပေါ်ထပ်သို့ လှေကားထစ် တစ်ထစ်စီကျော်ပြီး တက်သွားသည်။ ထက်မြက် လောကြီးပုံကိုကြည့်ပြီး ဘကြီးငွေ ရယ်နေသည်။

စေ့ထားသောအခန်းတံခါးကို တွန်းပြီး ထက်မြက်က ဝင်လိုက်သည်။ ခုတင်ပေါ်မှာ အိပ်ပျော်နေသော သည်းဦးပန်းကိုတွေ့ရသည်။ ခြေဖွပြီး သည်းဦးပန်းနားလျှောက်ခဲ့သည်။ သနပ်ခါးတွေဖွေးနေသော မျက်နှာနုနုလေးကို ချစ်မြတ်နိုးစွာငုံ့ကြည့်နေသည်။

အချစ်စမ်းချောင်းလေးတစ်ခု ရင်ထဲမှာရေစီးသန်နေသည်။

ငုံ့ပြီး သည်းဦးပန်းရဲ့ ပါးပြင်လေးကို လေဖြင့်တစ်ချက် မှုတ်လိုက်သည်။ အိပ်ပျော်နေသော သည်းဦးပန်း ပါးလေးနွေးသွား

သည်။ ဆတ်ခနဲ နိုးသွားပြီး ပိတ်ထားသော မျက်လွှာလေး ရှတ်တရက် ပွင့်သွားသည်။

မည်းနက်ခက်ဝေသော မျက်တောင်လေးတွေ ပါးမို့မို့ပေါ်က ပင့်တက်သွားသည်။ မျက်ဝန်းနက်နက်လေး တစ်စုံက ထက်မြက်ကို လာရောက်ထိတွေ့သည်။

ထက်မြက်က ချစ်ရည်ရွှန်းသော မျက်ဝန်းများနှင့် သူမကို ငုံ့လျှိုးကြည့်နေသည်။

'ဆောရီးပဲ၊ ချစ်ကို တစ်ယောက်တည်း ကိုကိုက ပစ်ထားခဲ့ သလို ဖြစ်နေပြီ'

'ရပါတယ် ကိုကိုရယ်၊ လူမှုရေးဆိုတာကို သည်းဦး နားလည် ပါတယ်'

'ဟာ... လိမ္မာလိုက်တဲ့ မိန်းမရယ်'

သည်းဦးပန်းရဲ့ ပြောဆိုဟန်လေးကို ရင်ထဲမှာ အရမ်းချစ် သွားပြီး ရင်ခွင်မှာ တင်းတင်းပွေ့လိုက်သည်။

'သည်းဦးလေး ထမင်းစားပြီးပြီလား'

'ဟင့်အင်း၊ ကိုကို့ကို စောင့်နေတာလေ'

'ဟာကွာ... ဆာနေတော့မှာပဲ၊ ကိုကို တကယ်စိတ်မကောင်း ဘူးကွာ'

'သိပ်မဆာပါဘူး'

'လာထ သွားစားကြမယ်'

သည်းဦးပန်းရဲ့ ကိုယ်လေးကို ကောက်ယူပြီး ပွေ့ချီလိုက် သည်။





'ဟာ... ကိုကိုကလည်း ဒေါ်ကြီးတို့မြင်ရင် ရှက်စရာကြီး'

'အမယ် သည်းဦးကို မသိခင်ကတည်းက ကိုကိုက ပွေ့ချီခဲ့ ပါတယ်နော်'

သည်းဦးပန်းက အတင်းရုန်းတော့ ထက်မြက်က အောက်သို့ ပေးလိုက်သည်။ သည်းဦးပန်းရဲ့ လက်ကလေးကို ဆွဲပြီး အောက် ပ်သို့ ဆင်းခဲ့ကြသည်။

'ဟော၊ ထမင်းစားကြတော့မလား'

'စားတော့မယ်လေ... ဒေါ်ကြီး'

'အသင့်ပါပဲကွယ်'

ဒေါ်ကြီးစိန်က ခူခပ်ပေးသောထမင်းကို လက်ဆုံစားလိုက် ကြသည်။ စားသောက်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ လသာ ဆောင်မှာ ထိုင်ရင်းနှင့် စကားတွေပြောနေကြသေးသည်။

အချစ်ရဆုံးရဲ့ဇနီးလေးကို ရင်ခွင်ထဲမှာပွေ့ပိုက်ရင်း ညချမ်း ရဲ့အေးမြတဲ့ စည်းစိမ်ကို ခံစားနေရသည်။

'သည်းဦးလေးကို ပိုင်ဆိုင်ရပြီမို့၊ ကိုကို သိပ်ဝမ်းသာတာပဲ ကွာ၊ ဒီနေ့ဟာ ကိုကိုရဲ့အပျော်ဆုံးနေ့ သိလား၊ တစ်သက်တာမှာ အပျော်ရဆုံးနေ့'

'သည်းဦးလည်း ပျော်ပါတယ် ကိုကိုရယ်'

'ဟောဒီ ကိုကို့ရဲ့အချစ်လေးကို ချစ်လွန်းလို့ ရင်ထဲမှာခွဲပြီး ထည့်ထားလိုက်ချင်တယ်'

သည်းဦးပန်းက လွှင်လွှင်လေး ရယ်လိုက်သည်။

'ကိုကို အမြဲတမ်းလို သည်းဦးအပေါ်မှာ သဘောထားနိုင်ပါ
စေ ချစ်နိုင်ပါစေနော်'

'ဟာကွာ... သည်းဦးကလည်း ကိုကိုက သိပ်ချစ်လွန်းလို့
သည်းဦးကို မရရအောင် ယူခဲ့တာပဲ'

သည်းဦးပန်းက သူ့ရဲ့ရင်ခွင်ထဲသို့ တိုးပြီးဝင်လိုက်သည်။

'ဟောဒီ သည်းဦးလေးနဲ့လေ၊ ဆန်ခြည်မျှင်လေးတစ်မျှင်
တောင်ခြားပြီး မနေချင်တဲ့သူကတော့ ဒီကိုကိုပါဗျ'

'အဟင်း... ကိုကိုကတော့ အချွဲကောင်းတယ်နော်၊ နောက်မှ
သည်းဦးကို မုန်းသွားရင်သိမယ်'

'အမယ်လေးဗျာ... ချစ်လို့ မဝသေးတဲ့လူကို မုန်းစကားတွေ
လာမပြောပါနဲ့၊ သည်းဦးကို ဆယ်ဘဝ ဆယ်ကမ္ဘာထိ ကိုကို
ဆက်ချစ်နေမှာပါ'

'ယုံထားလိုက်မယ်နော် ကိုကို'

'တစ်သက်စာအတွက် သေသေချာချာကြီး ယုံထားလိုက်ပါ
သည်းဦးရယ်'

ချစ်စကားတွေ ပြောမကုန် ကျီစယ်မကုန် ဖြစ်နေကြသော
ဇနီးမောင်နှံကိုကြည့်ပြီး လမင်းကြီးပင် ရှက်သွားသည်ထင့်။ တိမ်
တိုက်တွေကြားမှာ ပုန်းလျှိုးကွယ်ဝှက်နေလိုက်သည်။

ထက်မြက်တို့ရဲ့ မင်္ဂလာဦးညမှာ ပတ်ဝန်းကျင်တစ်ခုလုံး
ခါတိုင်းညတွေထက် သာယာ အေးချမ်းနေသည်လို့ ထင်မိပါသည်။

* * *





နောက်တစ်နေ့မှာ စီစဉ်ထားသည့်အတိုင်း ပျားရည်ဆမ်း
ခရီးကို ရှမ်းပြည်ဘက်သို့ ထွက်သွားကြသည်။ ဒေါ်ခင်စီကို စိတ်မချ
၍ ဒေါ်ကြီးစိန်တို့နှင့်အတူ ထားခဲ့သည်။

* * *

တောင်ကြီး၊ ကလော၊ အင်းလေးစုံအောင် လည်ပတ်ကြ
သည်။ ထက်မြက်တို့အတွက် ပျော်စရာရက်ကလေးတွေသာ ဖြစ်ခဲ့
ရသည်။ တစ်ဦးနှင့်တစ်ဦးလည်း ချစ်ခင်ကြင်နာမှုက ပိုပြီး နက်ရှိုင်း
လာသည်။

ခွင့်ကြာကြာမရ၍ နှစ်ပတ်ခန့်သာ ပျားရည်ဆမ်းခရီးထွက်
ပြီး ပြန်ခဲ့ကြရသည်။

'သည်းဦးလေးနဲ့အခုလို အပူအပင်ကင်းလျှောက်လည်ရတာ
မဝသေးဘူးကွာ၊ ရန်ကုန်ပြန်ရောက်ရင် ဆေးရုံဆေးခန်းအလုပ်
တွေနဲ့ ကိုကိုက မအားတော့ဘူး၊ သည်းဦးလေးနားမှာ အချိန်ပြည့်
နေနိုင်မှာ မဟုတ်တော့ဘူး'

သည်းဦးပန်းကို တင်းတင်းလေး ထွေးပွေ့ပြီး ထက်မြက်က
ပြောသည်။ ရယ်ဟဟနှင့် သည်းဦးပန်းက ထက်မြက်ကို မော့ကြည့်
သည်။

'ကိုကိုကလေ... သည်းဦး အရည်ပျော်သွားလောက်အောင်
ကို ပြောတတ်လိုက်တာနော်'

'ကိုကိုက တကယ်ပြောတာပါ သည်းဦးရာ'

'ကိုကို့စကားတွေကို သည်းဦးရဲ့အသည်းထဲမှာ မှတ်တမ်းတင်ထားလိုက်မယ်နော်'

သေသေချာချာကြီးသာ တင်ထားလိုက်ပါဗျာ'

ထက်မြက်တို့ ဇနီးမောင်နှံပြန်ရောက်ပြီး သုံးလေးရက်အကြာမှာ ဒေါ်ခင်စီက သူရဲ့အစီအစဉ်တွေကို ဖွင့်ပြောသည်။

'ကြီးကြီးရဲ့ တိုက်ခန်းကိုရောင်းပြီး သမီးကို ကြီးကြီးအမွေပေးမလို့'

'ကြီးကြီးလည်း ဒီမှာ နေနေတာပဲ၊ ရောင်းချင်ရောင်းပါ။ ဒါပေမယ့် သည်းဦးကို အမွေမပေးပါနဲ့'

'မောင်ထက်မြက်ရော သည်းဦးလေးပါ သေသေချာချာ ကြီးကြီးရဲ့စကား နားထောင်ပါဦး၊ ကြီးကြီးမှာအချိန်ကြာမြင့်စွာ ကတည်းကရှိနေတဲ့ အကြံအစည်ကို ပြောပြမလို့'

'ဘာများလဲ ကြီးကြီးရယ်'

'ကြီးကြီးမှာ ဟိုတုန်းကတည်းက ဘုရားရိပ် တရားရိပ်ကို ဝင်ချင်တဲ့ဆန္ဒရှိခဲ့တယ်၊ သမီးလေးသည်းဦးကို တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချလို့ ကြီးကြီးဆန္ဒတွေကို မျိုသိပ်ခဲ့ရတယ်'

သည်းဦးပန်းက ကြီးတော်ရဲ့တည်ငြိမ်ရင့်ကျက်နေတဲ့ မျက်နှာကို မော့ကြည့်လိုက်သည်။

'အခု မောင်ထက်မြက်ရဲ့လက်ထဲမှာ သမီးလေးကို ထားခဲ့ရတဲ့အတွက် ကြီးကြီး စိတ်ချပါပြီ၊ ဒါကြောင့် ကြီးကြီးစိတ်ချမ်းသာမယ့် ကိစ္စကို ခွင့်ပြုကြပါလို့ ပြောပါရစေ'





သည်းဦးပန်းရဲ့ မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ ဝေ့နေသည်။ ဘစ်သက်လုံး အတူနေခဲ့သော ကြီးတော်ကြီးနှင့် ခွဲခွာလိုသည့်ဆန္ဒ မရှိပါ။

'ခဏတော့ သည်းဦးတို့နဲ့ နေပါဦး ကြီးကြီးရယ်'

'ဟုတ်ပါတယ် ခင်ဗျာ'

'သာသနာပြုမယ့်ကိစ္စကို မတားကောင်းပါဘူး ကလေးတို့ရယ်၊ ပြီးတော့ ... ကြီးကြီးဆီကိုလည်း မင်းတို့သတိရရင် လာလည်လာကြည့်နိုင်သားပဲ'

ဝမ်းနည်းစိတ်တွေလှိုက်ဖိုလာသော သည်းဦးပန်းက တရှိုက်ရှိုက်ငိုသည်။ ချစ်ဇနီးလေးကို ထက်မြက်က အားပေးသည့်အနေနှင့် ပခုံးကို တင်းတင်းဖက်လိုက်သည်။

'ကြီးကြီးစိတ်မကောင်းအောင် မငိုပါနဲ့ သမီးလေးရယ်၊ ကြီးကြီးရဲ့ ပါရမီကို ကူပြီးဖြည့်ဆည်းပေးပါ'

ဒေါ်ခင်စီက သည်းဦးပန်း ဘယ်လိုမှမတားဆီးနိုင်အောင် ချည်ပြီးတုတ်ပြီး ပြောသည်။ ထက်မြက်က သိပ်ဝမ်းနည်းနေသော ဇနီးသည်ကို အားပေးရတော့သည်။

'ဟုတ်သားပဲ သည်းဦးရာ၊ ကြီးကြီး စိတ်ချမ်းသာသလိုလုပ်ပါစေ၊ ကိုကိုရှိသားပဲ၊ သည်းဦး ဘာမှ အားမငယ်နဲ့နော်'

'သည်းဦးက ကြီးကြီးကို ကျွေးမွေးပြုစုချင်သေးလို့ပါ'

'ရိပ်သာမှာရှိနေမယ့် ကြီးကြီးကို သည်းဦးလေးလာပြီး ကျွေးမွေးနိုင်ပါတယ်ကွယ်'

'ကြီးကြီး ဘယ်ကိုသွားမှာလဲ ခင်ဗျ'

'မိုးညှင်းကျောင်းတိုက်မှာ ကြီးကြီးရဲ့ ဓမ္မမိတ်ဆွေမ တစ်ယောက် ရှိတယ်၊ သူရဲ့ ကိုယ်ပိုင်ဇရပ်မှာ သူတစ်ယောက်တည်း နေတယ်၊ ကြီးကြီးကို ခေါ်နေတာ ကြာပါပြီကွယ်'

သည်းဦးပန်းကို ချော့မော့ ချွေးသိပ်သည်။ သည်းဦးပန်းက ကျေးဇူးကြီးမားလှသော ဒေါ်ခင်စီရဲ့ဆန္ဒတွေကို လိုက်လျောလိုက်ပါတော့သည်။

'ကြီးကြီးဟာ သည်းဦးရဲ့ မိဘဆိုလည်းဟုတ်ပါတယ်၊ ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေကို ဆပ်တဲ့အနေနဲ့ ကြီးကြီးရဲ့ဆန္ဒတွေကို လိုက်လျောပါတော့မယ်'

ဝမ်းသာကြည်နူး မျက်ရည်စတွေ ဒေါ်ခင်စီရဲ့မျက်ဝန်းထဲမှာ ဝေ့လာသည်။ ဒေါ်ခင်စီရဲ့ ပေါင်ပေါ်မှာမှောက်ပြီး သည်းဦးပန်း ငိုလိုက်သည်။ ဒေါ်ခင်စီက သူမရဲ့ဆံပင်တွေကို ပွတ်သပ်ပြီး ချော့မြူ ချွေးသိပ်အားပေးနေသည်။

'တိုက်ခန်းကိုရောင်းပြီး အဲဒီငွေကို ကြီးကြီးလိုအပ်သလို လှူပါ၊ သုံးပါ၊ သည်းဦးအတွက် မပေးပါနဲ့ ကြီးကြီးရယ်'

သည်းဦးပန်းက ကြီးတော်ကို မျက်ရည်ဝဲဝဲနှင့် ပြောသည်။

'ဟုတ်ပါတယ် ကြီးကြီး၊ သည်းဦးအတွက် အစစအရာရာ ကျွန်တော့်မှာ တာဝန်ရှိပါတယ်၊ ကျွန်တော်ပိုင်ဆိုင်သမျှဟာ သည်းဦးအတွက်ချည်းမို့ သူ့အတွက် နောက်ထပ် ဘာမှမလိုတော့ပါဘူး၊ ကြီးကြီး လိုအပ်သလို သုံးပါ'

'သာဓုပါကွယ်... သာဓုပါ'

တူမလေးတို့ လင်မယားနှစ်ယောက်က ကန်တော့ကြသည်





ကို ဝမ်းသာရွှန်းလက် ကြည်နူးလက်ဖြာမှုနှင့် ဒေါ်ခင်စီက ကြည့်ပြီး သာဓု ခေါ်လိုက်ပါတော့သည်။

* * *

ဒေါ်ခင်စီအတွက် လိုအပ်သော အသုံးအဆောင်တွေကို ဝယ်ခြမ်းပေးကြသည်။ တိုက်ခန်းမှ အသုံးအဆောင် အချို့ကိုသာ ဒေါ်ခင်စီက ယူသည်။

မိုးညှင်းကျောင်းတိုက်သို့ ဒေါ်ခင်စီအား ဇနီးမောင်နှံနှစ်ယောက်က လိုက်ပို့သည်။ နေသားတကျဖြစ်အောင် စီစဉ်ပေးခဲ့ကြသည်။

ဒေါ်ခင်စီကို ထားခဲ့ရတာ စိတ်မကောင်းပေမယ့် သူ့ဘဝအတွက်ပါမည့် ဒါနမျိုးစေ့ကို သယ်ယူသွားနိုင်မည်မို့ ကျေနပ်ပီတိဖြာပေးလိုက်ပါသည်။

■

## (၁၆)

ဒေါ်ခင်စီ ရိပ်သာသို့သွားနေသည်မှာ သုံးပတ်ပင်ရှိသွားပြီ။ အပတ်တိုင်း တနင်္ဂနွေနေ့မှာ စားသောက်စရာ လှူဖွယ်ပစ္စည်းများနှင့် ထက်မြက်နှင့်သည်းဦးပန်းက ရောက်လာကြသည်။

'သားတို့ သမီးတို့ရယ် အပတ်စဉ်မလာပါနဲ့၊ ပင်ပန်းပါတယ်၊ ကြီးကြီးအတွက် ဘာမှမလိုပါဘူးကွယ်၊ ဒီမှာ အားလုံးပြည့်စုံပါတယ်'

ယောဂီဝတ်နှင့်ဖြစ်နေသော ကြီးကြီးရဲ့ အေးကြည်နေသော မျက်နှာကိုကြည့်ပြီး၊ သူတို့နှစ်ယောက်ရဲ့ရင်မှာ အေးချမ်းနေသည်။

'ကဲ... ကန်တော့ပြီး ပြန်ကြတော့၊ ကြီးကြီးတရားထိုင်ချိန်နီးနေပြီ'

'ဟုတ်ကဲ့ ကြီးကြီး'

အပြန်လမ်းမှာ ဇနီးမောင်နှံနှစ်ယောက် ဒေါ်ခင်စီရဲ့ အကြောင်းများကို ပြောရင်းနှင့် ပြန်ခဲ့ကြသည်။

* * *

ဒေါ်ကြီးစိန် ချက်ပြုတ်နေသည့် မီးဖိုခန်းကို သည်းဦးပန်းက ဝင်သည်။ ချက်ရေး ပြုတ်ရေးမှာဝင်ပြီး ချက်ပြုတ်ကူညီနေသော





သည်းဦးပန်းကို ဒေါ်ကြီးစိန်က ဘယ်လိုမှ တားမရပါ။

'သည်းဦးပန်းလေးရယ် ဒေါ်ကြီးလုပ်နိုင်ပါသေးတယ်၊ သွားပြီး နားနားနေနေ နေစမ်းပါကွယ်'

'ဟာ... ဒေါ်ကြီးစိန်ကလည်း သည်းဦး အလကားမနေတတ်ဘူး အိမ်ရှင်မပဲ၊ အိမ်အလုပ်လုပ်တာ မပင်ပန်းပါဘူး ဒေါ်ကြီးရယ်'

သည်းဦးပန်းက ချက်ပြုတ်သည့်နေရာမှာရော၊ အိမ်သန့်ရှင်းပြုပြင်သည့်နေရာမှာပါ ဝင်ကူနေသည့်အတွက် ဒေါ်ကြီးစိန် သက်သာရသည်မှာ အမှန်ပါ။

'ကိုကိုကြိုက်တဲ့ ကြက်အသည်းအမြစ်ဟင်းကို သည်းဦးကိုယ်တိုင်ချက်မယ်နော်'

'ဒီလင်မယား အဖြစ်သည်းပုံက မျက်စိကိုနောက်နေတာပဲ'

ဒေါ်ကြီးစိန်က ရယ်မောရင်း ပြောသည်။ သည်းဦးပန်းကလည်း ရှက်ရယ်ရယ်နေသည်။ ပြီးတော့ ထက်မြက်ကြိုက်နှစ်သက်သော ကြက်အသည်းအမြစ်ဟင်းကို မွှေးကြိုင်အောင် ချက်ပြုတ်နေသည်။

* * *

ညနေ ထမင်းစားဝိုင်းမှာ သည်းဦးပန်းက ချစ်လင်ကို ကိုယ်တိုင်ချက်ပြုတ်သော ဟင်းနှင့် ကျွေးမွေးသည်။

'သည်းဦး ချက်ထားတာ ကောင်းလိုက်တာကွာ'

'အင်း... ကိုထက်တို့က နောက်ပေါက်တဲ့ ရွှေကြာပင်မှ ရွှေကြာပင်ကိုး'

ဒေါ်ကြီးစိန်က တမင်ကျီစယ်ပြီး စကားနာထိုးသည်။ ထက်မြက်က သည်တော့ ရှက်ရယ်ရယ်နှင့် ပြောသည်။

'ဒေါ်ကြီးချက်တာလည်း ကောင်းပါတယ်၊ လက်ရာတစ်မျိုး စီပေါ့ ဒေါ်ကြီးရယ်၊ မနာလို မရှိပါနဲ့'

'အမယ်လေးတော် ကိုယ်တော်လေးတို့ လင်မယား ချစ်ခင်နေတာ မနာလို မရှိပါဘူးတော်၊ ဒီလို ကြင်နာယုယတာလေးတွေ မြင်တော့ ကျုပ် စိတ်ချမ်းသာပါတယ် အေ'

* * *

ထမင်းစားသောက်ပြီး မအိပ်သေးခင်၊ လသာဆောင်မှာ ဇနီးမောင်နှံနှစ်ယောက် အေးအေးလူလူ စကားပြောနေကြသည်။ သည်းဦးပန်းကို ရင်ခွင်မှာ ထွေးပွေ့ပြီး ထက်မြက်ရင်မှာ ကြည်နူးချမ်းမြေ့နေသည်။

'သည်းဦး ကိုကိုနဲ့နေရတာ ပျော်လားဟင်'

'ဘယ့်နှယ်မေးလိုက်ပါလိမ့် ကိုကိုရယ် ပျော်တာပေါ့'

'တကယ်ကွာ... သည်းဦးပန်းဆိုတဲ့ နာမည်လေးက သည်းဦးနဲ့ သိပ်လိုက်တယ်၊ ကိုကို့ရဲ့ အသည်းဦးလေးက ဟော့ဒီ မိန်းကလေးပါ၊ ထိလိုက် တို့လိုက်ရင် ကြွေတော့မယ့်အလား ကြွပြီး ရွရွလေးလှပနေတဲ့ နှင်းဆီပန်းလေးလိုပါပဲလား၊ ကိုကို့ရဲ့ အသည်းစိုင်တစ်ခုလုံးကို သိမ်းကျုံး အပိုင်စားယူထားတဲ့ ကိုကို့ရဲ့ သည်းဦးပန်းလေး'

ပါးပြင်ညက်ညက်ပေါ်သို့ အနမ်းပွင့်လေး သက်ခြွေရင်း၊





လေးနက်သော စကားများကို ထက်မြက်က ပြောသည်။ ထက်မြက်ရဲ့မျက်နှာကို နူးညံ့ညင်သာသော ကိုင်တွယ်မှုတွေဖြင့် လက်ဖဝါးနုနုလေးနှင့် သည်းဦးပန်းက ပွတ်သပ်ကိုင်တွယ်နေသည်။

ထက်မြက်ရဲ့ညာဘက် ပါးပြင်ပေါ်က အသီးလေးထ,နေသော မှဲ့နက်နက်ကို စမ်းသပ်မိသွားသည်။

'ကိုကို့ပါးပြင်က ဒီမှဲ့လေးက ထင်းနေတာပဲနော်၊ မိန်းကလေးတစ်ယောက်ဆိုရင် အဲဒီမှဲ့က အလှကို ပိုပြီး ဖြည့်စွက်ပေးနေမှာသိလား'

'အင်း... အဲဒီမှဲ့လေးက ထူးခြားတယ် သည်းဦးရဲ့'

'ဟင်... ဟုတ်လား၊ ဘယ်လို ထူးခြားတာလဲ ကိုကို'

'အမျိုးလိုက်ပြီးများ ပါနေသလား မသိဘူး၊ ကိုကို့ရဲ့အဖေမှာလည်း အဲဒီလိုပဲ မှဲ့ပါတယ်၊ ဘိုးဘိုးမှာလည်း ပါတယ်၊ ဒါကြောင့် ဖေဖေကပြောတယ်... အဲဒီ မှဲ့က ငါတို့မျိုးရိုးရဲ့ အမှတ်တံဆိပ်လား မသိဘူးလို့ပြောတယ်'

'တကယ်ပဲလား ကိုကို'

'ဟုတ်တယ် သည်းဦးရဲ့'

'ထူးဆန်းလိုက်တာနော်'

'နောက်ပြီး ဒီအိမ်ကြီးက အစဉ်အဆက် သားတွေချည်းသာ ပိုင်ဆိုင်ခွင့် ရခဲ့ကြတယ်'

'ဒါဆို သည်းဦးလေ... ကိုကို့အတွက် သားလေးမွေးပေးမယ်နော်'

ချစ်စဖွယ်လေးပြောနေသော ဇနီးသည်ရဲ့ နဖူးပြင်မြန့်မြန့်လေး

ကိုင့်ပြီး ကြင်နာစွာ နမ်းလိုက်သည်။

'မြန်မြန်သာ မွေးပေးလိုက်ပါ အချစ်ရယ်'

သည်းဦးပန်းရဲ့ရင်ထဲမှာ ပြင်းပြတဲ့ဆန္ဒတစ်ခု ကိန်းအောင်းသွားသည်။ ထက်မြက်အတွက် သားဦးရတနာလေး အမြန်လက်ဆောင်ပေးလိုက်ချင်ပါသည်။

'သည်းဦးကလေး သိပ်ပြီးလိမ္မာတယ်၊ မယားဝတ္တရားလည်း သိပ်ကျေပွန်တယ်၊ သည်းဦးကိုပိုင်ဆိုင်ရတာ ကိုကို သိပ်ကံကောင်းတယ်'

'သိပ်ချစ်တတ်တဲ့ ယောကျ်ားကိုရလို့ သည်းဦးလည်း သိပ်ကို ဝမ်းသာပါတယ် ကိုကိုရယ်'

ခိုင်မြဲသောအချစ်တွေနှင့် တစ်ဦးကိုတစ်ဦး မြဲမြံစွာတုတ်နှောင်မိကြလေပြီ။ အစစ အရာရာ ပြည့်စုံနေသော အိမ်ထောင်သည်ဘဝမှာ သာယာချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံနေသည်။

* * *

သည်နေ့ ထက်မြက် ဆေးရုံကပြန်အလာမှာ အလွန်အမောပြေစရာကောင်းသော စကားလေးကို သည်းဦးပန်းက ဆီးကြိုနှုတ်ဆက်ပြီးပြောရန် ရည်ရွယ်သည်။

ထက်မြက်ရဲ့ ကားရပ်သံကြားသည်နှင့် သွက်သွက်ကြီး သံပန်းတံခါးဆီသို့ လျှောက်လာသည်။ ချစ်လင်ရဲ့လက်ထဲမှ လက်ဆွဲသေတ္တာလေးကို လှမ်းယူသည်။

အချိုသာဆုံးအပြုံးတွေနှင့် ထက်မြက်ရဲ့မျက်နှာကို





လှမ်းကြည့်သည်။ သနပ်ခါးအဖွေးသားရှိနေသော ပါးပြင်ညက်ညက်မှာ ထက်မြက်က အနမ်းပွင့်လေးခြွေလိုက်သည်။ ပြီးတော့ ထူခြားနေတဲ့ သည်းဦးပန်းရဲ့ အမူအရာကို သတိထားမိနေသည်။

'ဒီနေ့ သည်းဦး ဘာတွေဖြစ်နေတာလဲ'

'ကိုကို့ကို ဝမ်းအသာရဆုံး စကားလေးတစ်ခု ပြောမလို့'

'ဘာလဲ မြန်မြန်ပြောစမ်းပါ ကြားချင်လာပြီကွယ်'

'သည်းဦးတို့ရဲ့ အချစ်ကိုပိုပြီး ခိုင်မြဲစေမယ့် သံယောဇဉ်ကြိုးလေး သည်းဦးဆီမှာ ရောက်နေပြီ'

'ဘာလဲ၊ သည်းဦးဆီမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား'

'အင်း...'

ချစ်စဖွယ်အမူအရာလေးနှင့် ခေါင်းညိတ်ပြီး သည်းဦးပန်းက ပြောသည်။ ထက်မြက်က ပထမအံ့ဩနေရာမှ ပမ်းသာသည့်စိတ်ကြောင့် မျက်နှာတစ်ခုလုံး ဝင်းထိန်သွားသည်။

'ငါကွ...'

ထက်မြက်က ဝမ်းသာအားရနှင့် ထပြီးခုန်သည်။ ထက်မြက်ရဲ့ ဝမ်းသာကြည်နူးမှုကို ကြည့်ပြီး သည်းဦးပန်းက အူလှိုက်သည်းလှိုက် ရယ်နေသည်။

'ဟာ... ကိုကို့အိတ်ကြီး သည်းဦး မသယ်နဲ့တော့ကွယ်၊ အလေးအပင်ဆိုရင် သည်းဦး ဘာမှ မသယ်နဲ့တော့နော်'

'ဒါလောက်ကလေးများ ရပါတယ် ကိုကိုရယ်'

ထက်မြက်က သည်းဦးပန်း၏ လက်ထဲက သူ့အိတ်ကိုယူပြီး ကြမ်းပြင်ပေါ်သို့ ချသည်။ ပြီးတော့ သည်းဦးပန်းရဲ့ကိုယ်လေးကို

ဆတ်ခနဲ ကောက်ယူပြီး ပွေ့လိုက်သည်။

'ဟာ… ဒေါ်ကြီးတို့ မြင်တော့မယ်၊ ကိုကိုကလည်း အောက်ချပေးပါ'

'ငြိမ်ငြိမ်နေကွာ၊ မရုန်းနဲ့ ကိုကို မနိုင်ဘဲနေလိမ့်မယ်'

သည်းဦးပန်းက အသံလွင်လွင်လေးနှင့် ရယ်သည်။ သည်းဦးပန်းကို ပွေ့ချီရင်း ဒေါ်ကြီးစိန်ရှိရာ မီးဖိုဆောင်သို့ ထက်မြက်က လှမ်းလျှောက်ခဲ့သည်။

'သည်းဦးရှက်တယ် အောက်ချပေးပါ ကိုကိုရာ'

'အသာနေစမ်းပါ သည်းဦးရာ'

'ဟဲ့… ဒါက ဘယ်လို ဖြစ်ကြတာတုန်း'

သူတို့နှစ်ယောက်ကို မြင်ပြီး ဒေါ်ကြီးစိန်က လှမ်းမေးသည်။

'ဒီမှာ ဒေါ်ကြီးရ ထက်မြက်တို့ ကလေးအဖေ ဖြစ်တော့မယ်သိလား'

'ဟေ…'

ဒေါ်ကြီးစိန်ရဲ့ နှုတ်ခမ်းထူထူကြီးက ပြဲခနဲကျသွားသည်။ ပြူးကျယ်သော မျက်ဝန်းတွေနှင့် ထက်မြက်တို့နှစ်ယောက်ကို ကြည့်နေသည်။

'တကယ်လားဟဲ့'

'တကယ်ပေါ့ ဒေါ်ကြီးရာ၊ မကြာခင် ဒေါ်ကြီးတို့ မြေးချီရတော့မယ်'

'အမလေး ပျော်လိုက်တာတော်၊ မြေးချီရဖို့ အခုမှပဲ ဆန္ဒပြည့်တော့တယ်'





ဒေါ်ကြီးစိန်ကလည်း ဝမ်းပန်းတသာနှင့်ရှိနေသည်။ ပျော်ရွှင်စရာ စကားလေးတွေ မီးဖိုခန်းထဲမှာ ပျံ့လွင့်နေသည်။

'နေဦး ကိုထက်ရဲ့ဘကြီး ဝမ်းသာအောင် သွားပြောဦးမယ်'

ခြံထဲမှာ ရှင်းလင်းပေါင်းသင်နေသော ဘကြီးငွေထံသို့ ဒေါ်ကြီးစိန်က သုတ်ခြေတင်သွားသည်။ ထက်မြက်က သည်းဦးပန်းကို ကြမ်းပြင်ပေါ်သို့ ချပေးလိုက်သည်။ ပြီးတော့ သည်းဦးပန်းရဲ့ လက်ကလေးကိုဆွဲပြီး အပေါ်ထပ်ဆီသို့ ခေါ်ခဲ့သည်။

'သည်းဦးလေးအတွက် ကိုကို လက်ဆောင်ပေးရဦးမယ်'

'ဘာအတွက်လဲ ကိုကိုရယ်'

'ကိုကို့အတွက်… သားရတနာ လွယ်ပေးတဲ့ အတွက်လေ'

သည်းဦးပန်းရဲ့ရင်ထဲမှာ ထင်ရှားပြတ်သားစွာ သိလိုက်ပါပြီ။ ထက်မြက်သည် သားဦးကိုသိပ်လိုချင်နေသည်ပဲ။ ဒါကြောင့် ဝမ်းထဲကလွယ်ထားသောကလေးသည် သားလေးပဲဖြစ်ပါစေလို့ ဆုတောင်းမိသည်။

မီးခံသေတ္တာကိုဖွင့်ပြီး ရွှေရောင်ကနုတ်ပန်းများနှင့် ဖောင်းကြွသေတ္တာလေးကို ဖွင့်လိုက်သည်။ ထိုထဲမှာ စိန်ရံထားသော မြလက်စွပ်လေးထောင့်ပုံစံကို ထုတ်လိုက်သည်။

ပြီးတော့ လက်စွပ်ကို လက်ထဲမှာကိုင်ထားပြီး သည်းဦးပန်းရဲ့လက်သွယ်သွယ်လေးကို ကောက်၍ယူလိုက်သည်။

'ဒီလက်စွပ်က ကိုကို့မေမေ အမြဲဝတ်တဲ့လက်စွပ်၊ အဲဒီလက်စွပ်ကို အချစ်သားဦးကို လွယ်တဲ့အချိန်မှာပေးဖို့ ကိုကို စိတ်ကူးခဲ့တာ ခုတော့ ဆန္ဒပြည့်သွားပြီ'

သည်းဦးပန်းရဲ့ ညာဘက်လက်သန်းကြွယ်မှာ ကြင်နာယုယစွာ လက်စွပ်လေးကို စွပ်ပေးလိုက်သည်။

'အဲဒီလက်စွပ်လေးထဲမှာ ကိုကို့ရဲ့အချစ်တွေအားလုံး ထည့်ပေးထားတယ်'

ဖြူဖွေးဝင်းအိနေသော လက်ချောင်းလေးတွေကို တစ်ချောင်းချင်း နမ်းရှိုက်လိုက်သည်။ သည်းဦးပန်းရဲ့ရင်ထဲမှာ ရင်ခုန်သံတွေ ပြင်းလွန်း၍ နာကျင်၍ပင်လာတော့သည်။

'သည်းဦးကို ကိုကို သိပ်ချစ်တယ်'

ထိုစကားကို ထက်မြက်က မကြာခဏပြောသည်။ သည်းဦးပန်းအတွက် ထိုစကားသည်လည်း ဘယ်တော့မှ ရိုးအီသွားမည်မဟုတ်။ ချစ်သည်လို့ ပြောခံရလေတိုင်း ရင်မှာဆွတ်ပျံ့ကြည်နူးရပါသည်။

'ကဲ... ကိုကို ရေချိုးမယ်၊ ပြီးရင် ထမင်းအတူတူစားကြမယ်နော်'

'အင်း...'

ခေါင်းလေးညိတ်ပြီး ထက်မြက်ရဲ့ရှပ်ကြယ်သီးများကို သည်းဦးပန်းက ဖြုတ်ပေးသည်။ သည်းဦးပန်းရဲ့ ချစ်ခင်ယုယမှုလေးတွေက ထက်မြက်ရဲ့ရင်ကို အေးမြသာယာစေပါသည်။

■



(၁၇)

သည်းဦးပန်းမှာ ကိုယ်ဝန်ရှိနေသည်ဆိုပြီး အားလုံးကဖူးဖူးမှုတ်ထားကြသည်။ သည်းဦးပန်းကို အိမ်အလုပ်တွေပင် ပေးမလုပ်ဘဲ နေစေသည်။

'ဒေါ်ကြီးစိန်... အဲဒီ အာလူးကတ်တလစ် သည်းဦးလုပ်မှာနော်'

'အေးအေးဆေးဆေး နေစမ်းပါ သည်းဦးရယ် ဒေါ်ကြီးလုပ်နိုင်ပါတယ်'

'သည်းဦးကိုယ်တိုင် ကိုကို့ကို လုပ်ကျွေးချင်လို့ပါ...'

'တော်ကြာ နေထိုင်မကောင်း ဖြစ်နေမှကွယ်'

'ရပါတယ်... ကိုကို မသိအောင် သည်းဦး လုပ်မှာပဲဟာ'

ပြောမရ။ သည်းဦးပန်းက တဇွတ်ထိုးလေး ရှိနေသည်။ ဒေါ်ကြီးစိန်က နောက်ဆုံး လက်လျှော့လိုက်ရသည်။

'ကဲပါလေ၊ ဒီလောက်တောင် လုပ်ချင်ရင်လည်း လုပ်တော်မူပါ။ တော်ကြာ မောင်တော်က အပြစ်တင်ရင် ကျုပ်မပါဘူးနော်'

'စိတ်ချ... ကိုကို မသိစေရဘူး'

ထက်မြက် လျှာမြက်မြက်လေး စားနိုင်ဖို့ သည်းဦးပန်းက လက်စွမ်းပြနေသည်။ ထက်မြက်ပြန်လာဖို့ အချိန်ကလိုသေးသည်မို့ အေးအေးဆေးဆေး ကြော်လှော်နေသည်။

ဆေးရုံမှာ သည်နေ့အလုပ်ပါးသည်။ ခေါင်းလည်းနည်းနည်း ကိုက်နေ၍ ထက်မြက်က ခါတိုင်းထက်စောပြီး အိမ်သို့ပြန်ခဲ့သည်။ မီးဖိုထဲမှာ ဒေါ်ကြီးစိန်နှင့် ချက်ပြုတ်နေသော သည်းဦးပန်းက ထက်မြက်ရဲ့ ကားသံကို မကြားမိ။

စကားတပြောပြောနှင့် အာလူးကပ်တလစ် အလုံးညီ အလုံးလှပြီး ပုံမပျက်အောင် စိတ်ဝင်တစားနှင့် ကြော်နေသည်။ အပေါ်ထပ်အိပ်ခန်းသို့ ထက်မြက် တက်သွားသည်။ သည်းဦးပန်းကို မတွေ့၍ ပြန်ဆင်းလာသည်။ မီးဖိုထဲမှာပဲရှိမည်လို့ သေချာပေါက် တွက်လိုက်သည်။

မီးဖိုတံခါးဝပေါင်မှာ လက်ထောက်ပြီး သည်းဦးပန်း လုပ်ကိုင်နေသည်ကို အသံတိတ် စိတ်ဆိုးစွာ ကြည့်နေသည်။

'သည်းဦး ဒါဘာလုပ်နေတာလဲ'

ထက်မြက်ရဲ့ အသံကို ကြားတော့သည်။ သည်းဦးပန်း ဆတ်ခနဲလှည့်ကြည့်သည်။ မျက်နှာလေး ငယ်သွားသည်။ ခိုးလုပ်သည့်အလုပ်ကို ထက်မြက်က တွေ့သွားပြီ။ ခိုးထုပ်ခိုးထည်နှင့် သည်းဦးပန်းကို မိသွားသည်။





'ကိုကိုပြောထားတယ် မဟုတ်လား၊ ပင်ပင်ပန်းပန်း ဘာကို မလုပ်ပါနဲ့ဆိုတာ'

'ဒေါ်ကြီးလည်း ပြောပါတယ်ကွယ်၊ မင်းစားစေချင်လို့ဆိုပြီး ယ်တိုင်ဝင်လုပ်နေတာ'

'ကိုကို ဘယ်လိုဖြစ်ဖြစ် စားနိုင်တယ်၊ အစားအသောက် တွက် သည်းဦးအပင်ပန်းခံစရာ မလိုဘူး'

'ဒါလေးလုပ်တာများကိုကိုရယ်၊ မပင်ပန်းပါဘူး'

'ပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ သည်းဦးသွေးအားနည်းတာ လည်း သတိထားဦးမှပေါ့'

'ကဲပါ ကိုကိုရယ်၊ နားကိုငြီးရော၊ ဒေါ်ကြီးပဲ ဆက်ကြော်လိုက် ာနော်'

'ဟုတ်ကဲ့ရှင့်'

ထက်မြက်ဆွဲခေါ်ရာ မီးဖိုဆောင်အပြင်ဘက်သို့ သည်းဦး းက လိုက်ခဲ့ရင်း မကျေမနပ်နှင့် ပြောသည်။

'ကိုကိုက သိပ်ဂျီကျတာပဲ'

'ဂျီကျတာ မဟုတ်ဘူးဗျ၊ ခင်ဗျားလေး နေမကောင်းမှာစိုးလို့ ဖြင့်ကြည့်တော့ ဖြူဖတ်ဖြူရော်နဲ့၊ ပိုဟပ်ဖြူကျနေတာပဲ'

'ကိုကို အစိုးရိမ်လွန်တာပါ၊ သည်းဦး နေကောင်းပါတယ်'

'ဒီမှာသည်းဦး ကိုကိုလေ... သည်းဦးတစ်ခုခုဖြစ်မှာကို မလို းသလို၊ ကိုကို့ရင်သွေးလေး ထိခိုက်သွားမှာကိုလည်း မလိုလား ဒါကြောင့် ပြောနေတာ သိလား'

'ဟုတ်ပါပြီ ကိုကိုရယ်၊ နောက်ဆို သည်းဦး ဘာမှ မလုပ် ာဘူးနော်'

ချစ်စဖွယ်အပြုံးလေးနှင့် သည်းဦးပန်းက ပြောလိုက်တော့ ထက်မြက် ကျေနပ်သွားတာ အမှန်ပါ။

'ကဲ... ကိုကို ရေချိုးပြီးရင် သည်းဦးရဲ့လက်ရာလေးနဲ့ ထမင်းစားကြမယ်နော်'

'သည်းဦး အရင်ချိုးကွာ၊ ကိုကို သနပ်ခါး သွေးပေးထားမယ် နော်'

ထက်မြက်နှင့်ယှဉ်ပြိုင်ငြင်းလို့လည်း အပိုပဲမို့ သည်းဦးပန်းက ရေချိုးလိုက်သည်။ ထက်မြက်က သနပ်ခါး အသင့်သွေးပေးထား သည်။ ချစ်လင်သွေးပေးသော သနပ်ခါးကိုလည်း သည်းဦးပန်းက ဖွေးဖွေးကြီးကို လိမ်းလိုက်သည်။

ဒေါ်ကြီးစိန်က သူတို့နှစ်ယောက်အတွက် ထမင်းခူးခပ်ပေး သည်။ သည်းဦးပန်းက ဒေါ်ကြီးစိန်ကို တစ်ခါတည်းဝင်စားရန် ခေါ်သည်။

'တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး အေးအေးဆေးဆေးစားပါ၊ ကျုပ်လည်း ကျုပ်အဖိုးကြီးနဲ့ မှ တူတူစားမယ်'

ဒေါ်ကြီးစိန်ရဲ့ ခပ်ငေါ့ငေါ့စကားကို နှစ်ဦးသား ရယ်လိုက် သည်။

'ဘာလဲ ဒေါ်ကြီးက ကျွန်တော်တို့နှစ်ယောက်ကို မနာလိုဘူး လား'

ထက်မြက်က ဒေါ်ကြီးစိန်ကို စပ်ဖြီးဖြီးမျက်နှာနှင့် နောက် ပြောင်လိုက်သည်။ ဒေါ်ကြီးစိန်ကလည်း တစ်ခွန်းမှ အကြောင်း ပြန်၍ပက်သည်။





'အမယ်လေးတော် မနာလို မရှိပါဘူး၊ တကတည်း အဖြစ်ကို သည်းသည်းလွန်းကြတယ်၊ မြင်ရတဲ့ကျုပ်၊ ကြားရတဲ့ကျုပ် မျက်စိ ရှက်၊ နားရှက်ပါတော်'

ပါးစပ်က အားကျမခံ ပြန်ပြောပေမယ့်၊ ကလေးနှစ်ယောက် ချစ်ချစ်ခင်ခင်နေကြသည်ကို သိပ်ကိုကျေနပ် ကြည်နူးနေသည် သော။ ဒေါ်ကြီးစိန်ရဲ့စေတနာကို သိပြီးသားမို့ ထက်မြက်က သူ ဘယ်လိုပြောပြော နာလည်မနာ၊ စိတ်လည်း မဆိုးပါ။

'သည်းဦးလေး ဒီမှာ အချိုစားလိုက်ဦး၊ ဒေါ်ကြီး လုပ်ထား တယ်'

သည်းဦးပန်းရဲ့ရှေ့သို့ ညနေက လုပ်ထားသော ငှက်ပျော သီးပေါင်းပန်းကန်ကို ချပေးသည်။

'သည်းဦးတင်လား၊ ကျွန်တော်ကော မပါဘူးလား၊ ဒေါ်ကြီး နော် အမေကျော် ဒွေးတော်လွမ်းနေပြီလား'

ထက်မြက်က ဒေါ်ကြီးစိန်ကို အမြဲ အနောက်အပြောင် သန်သည်လေ။

'အမယ်လေးနော် လျှာရှည်လိုက်တဲ့ မိကျောင်းသား ကိုယ် တော်လေးကို ဘယ်တုန်းကများ ချန်ထားဖူးလို့လဲ'

ထက်မြက်က ငှက်ပျောပေါင်းတစ်ဇွန်းကို ခပ်ပြီး သည်းဦး ပန်းကို ခွံ့ကျွေးသည်။ နောက်တစ်ဇွန်းခပ်ပြီး သူစားသည်။ ဒေါ်ကြီး စိန်က အလုပ်တွေ ဆက်လုပ်နေသည်။

'ကဲ... စားသောက်တဲ့ အစီအစဉ်ပြီးရင် လမ်းလျှောက်တဲ့ အစီအစဉ်လုပ်ရမယ် လာ'

သည်းဦးပန်းရဲ့လက်ကို ညင်သာစွာဆွဲယူပြီး ထက်မြက်က

ခေါ်လိုက်သည်။ ခြံထဲတွင် လမ်းလျှောက်နေသည်။

'ကိုယ်ဝန်ဆောင်တယ်ဆိုတာ လမ်းလျှောက်မပျင်းရဘူး သည်းဦးရဲ့'

'အင်းပါ ကိုကိုရဲ့'

'ကိုကို ဆေးခန်းက နောက်ကျတဲ့နေ့တွေဆို သည်းဦး ဘာသာလျှောက်နော်'

'အင်းပါ ကိုကိုရယ်'

'သည်းဦးရယ် နောက်ထပ် သုံးလကြီးတောင်စောင့်ရဦးမယ်၊ ကိုကိုက သားလေးကို မြင်ချင်လှပြီ'

ထက်မြက်က သားဦးလေးရဖို့သာ ဆန္ဒပြင်းနေသည်ကို သိပြီး သည်းဦးပန်းကလည်း ထက်မြက်ရဲ့ဆန္ဒကို ပြည့်ဝစေချင်သည်။

သားဦးရတနာလေး ဖွားမြင်ပါစေလို့ အမြဲ နတ်သိကြားတွေကို တိုင်တည်ပြီး ဆုတောင်းသည်။ ချစ်လင်ရဲ့စိတ်ချမ်းသာမှုကို ပြည့်ဝစွာ ပေးလိုက်ချင်ပါသည်။

'သည်းဦးကို ကိုကိုရဲ့သူငယ်ချင်း အိုဂျီနဲ့ အပ်ထားတာ ဘာကြောင့်လဲ သိလား'

'ဟင့်အင်း'

'သူနဲ့သိပ်ရင်းနှီးတော့ သည်းဦးကို ပိုပြီးဂရုစိုက်အောင်နဲ့ သည်းဦးမွေးဖွားတဲ့အခါမှာ အနားမှာကိုကို နေခွင့်ရအောင်လေ'

'သည်းဦးက ယောကျ်ားအိုဂျီနဲ့မွေးရမှာ ရှက်နေတာ ကိုကိုရ'

'အိုကွယ်၊ ဒါ သဘာဝပဲ ရှက်စရာမှ မဟုတ်တာ'





'ဪ...ကိုကို၊ မနက်ဖြန်ကျရင် ကြီးကြီးဆီ သွားကြရအောင်နော်'

'သွားရမှာပေါ့'

'ကိုကို ပင်ပန်းနေပြီ၊ သွားနားတော့လေ၊ သည်းဦးဘာသာ လျှောက်နေပါ့မယ်'

'ဟာ... သည်းဦး တစ်ယောက်တည်း မထားရစ်ခဲ့နိုင်ပါဘူး'

သူမအပေါ် သိပ်ချစ်တတ် မြတ်နိုးတတ်သော ထက်မြက်ကို ရွှန်းလက်သော အကြည့်များနှင့် ကြည့်နေမိသည်။ ရင်မှာ ကြည်နူးအရှိန်က မြင့်မားနေသည်။

■

## (၁၈)

သည်းဦးပန်းရဲ့ကိုယ်ဝန်ရင့်မာလာလေလေ ထက်မြက်အလုပ်ရှုပ်ရလေလေ။ လေတိုက်လျှင်ပင် ကြွေကျသွားမှာစိုးသည့်အလား၊ သည်းဦးပန်းကို အရိပ်တကြည့်ကြည့်နှင့် ဂရုစိုက်တတ်သည်။ ဒေါ်ကြီးစိန်တို့ လင်မယားကလည်း ဖူးဖူးမှုတ်ထားသည်။

မိမိရဲ့ဘဝကို တွေးမိပြီး သည်းဦးပန်းသည် ကံကောင်းလေစွလို့ထင်မိသည်။ ဒေါ်ခင်စီကလည်း တူမရဲ့ကံကောင်းတဲ့ဘဝကိုကြည့်ပြီး ကျေနပ်ဝမ်းသာနေသည်။

တရားရိပ်မှာခိုလှုံပြီး လောကီရဲ့ကိစ္စတွေကို စိတ်မဝင်စားတော့ဘူးဆိုပေမယ့် သည်းဦးပန်း မွေးဖွားလာမည့် မြေးဦးလေးကိုတော့ ကြည့်ချင် မြင်ချင်ပါသေးသည်။

သည်းဦးရဲ့ကိုယ်ဝန်က အရင့်အမာဖြစ်လာပြီ။ မွေးဖွားရက်ပင် နီးကပ်လာသည်မို့ ထက်မြက်ခမျာ ဆေးရုံ၊ ဆေးခန်း သွားရသည်ကိုပင် စိတ်မဖြောင့်နိုင်အောင်ရှိနေသည်။

'သည်းဦး ကိုကိုမရှိတုန်း ဗိုက်ထဲက သရိုးသရီ ဖြစ်တာနဲ့ချက်ချင်း ဖုန်းဆက်နော်'

'ဟုတ်ကဲ့ပါ ကိုကို'





ထက်မြက်က စိတ်မချနိုင်အောင် ဖြစ်နေသည်။ သည်လောက်ကြပ်မတ်ပြီး ဆေးဝါးတွေ အားဆေးတွေ တိုက်ကျွေးနေသည်တောင်မှ သည်းဦးပန်းက တစ်ခါတစ်ခါ သွေးအားနည်းတတ်သည်။ ခေါင်းထဲမူးဝေသည်ဆိုတာ၊ ခေါင်းမကြည်မလင် ဖြစ်သည်ဆိုတာကို ခဏခဏ ပြောသည်။

ထက်မြက် ဆေးရုံက ပြန်လာချိန်နီးပြီဆိုတာ သိသည်။ ခေါင်းထဲမှာ မူးနောက်နောက်ရှိသည်နှင့် အိပ်ရာပေါ်မှာ သည်းဦးပန်း လှဲနေသည်။ ကားရပ်သံကြားပြီး ထက်မြက်ပြန်လာသည်ကိုသိပြီး လှေကားပေါ်က ဆင်းခဲ့သည်။

လှေကားတစ်ဝက်လောက် အရောက်မှာ ခေါင်းထဲမှာမိုက်ခနဲ ဖြစ်သွားသည်။ လှမ်းလိုက်သော ခြေလှမ်းက လှေကားထစ်ကို ထိမိခြင်း မရှိလိုက်ပါ။

လှေကားတစ်ထစ်ကိုချော်ပြီး တလိမ့်ခေါက်ကွေး လှေကားပေါ်မှ ကျသည်။

'အား...'

တဒိန်းဒိန်း လှေကားထစ်တွေနှင့် ထိတိုက်ပြိုကျသံနှင့်အတူ သည်းဦးပန်းရဲ့ စူးစူးဝါးဝါးအော်သံကို ထက်မြက်ကြားရသည်။ ထက်မြက်ရဲ့ကိုယ်ခန္ဓာတွင်းရှိ သွေးများခေါင်းထဲသို့ အားလုံးစုပြုံပြီးလာဆောင့်သည်။

ဆေးအိတ်ကိုပစ်ချပြီး အသံကြားရာ လှေကားခြေရင်းသို့ ပြေးလာသည်။ ဒေါ်ကြီးစိန်ကလည်း ထိုအသံကြားပြီး အူလျားဖားလျားပြေးလာသည်။

လေ့ကားရင်းမှာ ခွေခွေခေါက်ခေါက်လေး သည်းဦးပန်
လဲနေသည်။ ထက်မြက်နှင့် ဒေါ်ကြီးစိန် ပြိုင်တူလို သည်းဦးပန်
နား ရောက်လာသည်။

စိုးရိမ်စိတ်တွေ အထွတ်အထိပ်သို့ ရောက်သွားပြီး ထက်မြက်
ဘာလုပ်ရမှန်းမသိ။ သည်းဦးပန်းရဲ့သတိလစ်နေသော ကိုယ်လေ
ကို ပွေ့လိုက်သည်။

'သည်းဦး... သည်းဦး'

ပါးလေးကို ညင်သာစွာပုတ်ပြီး သည်းဦးပန်း သတိရဖို့ ကြိုး
စားသည်။

စကားကို ဆုံးအောင်ပင် မပြောနိုင်အောင် ရင်မှာဆို့နင့်
ကျပ်သိပ်နေသည်။ ဒေါ်ကြီးစိန်က ဆေးအိတ်ပြေးယူသည်။ အတွင်း
က နားကြပ်ကိုထုတ်ပြီး သည်းဦးပန်းကို စမ်းသပ်ကြည့်သည်။

'ဘာ... ဘာဖြစ်သွားလဲ ကိုထက်'

'မပြောတတ်သေးဘူး၊ ဆေးရုံ အမြန်ပို့မှဖြစ်မယ် ဒေါ်ကြီး'

သည်းဦးပန်းရဲ့ကိုယ်ကို ပွေ့ချီလိုက်သည်။ ကားဆီသို့ ခြေ
လှမ်းကျဲကြီးတွေနှင့် လျှောက်နေသည်။

'ဒေါ်ကြီးလိုက်ခဲ့။ သည်းဦးကို ပွေ့ထား'

အမြန်ဆုံးနှုန်းထားဖြင့် ဗဟိုအမျိုးသမီးဆေးရုံသို့ မောင်း
သည်။ မိုင်ခြောက်ဆယ်ကျော် မောင်းသည်ကိုပင် နှေးသည်လို့
ထင်နေသည်။ တက်နိုင်လျှင် လေယာဉ်ရဲ့အလျင်နှုန်းနှင့်သာ
မောင်းလိုက်ချင်ပါသည်။

'ဖြည်းဖြည်း ကိုထက်ရယ်၊ သိပ်မလောနဲ့'





ဒေါ်ကြီးစိန်က ပြဿနာ တစ်ခုကနေ နှစ်ခုမဖြစ်ရအောင်
သတိပေးသည်။

'သည်းဦး သတိရပြီလားဟင်'

'မရသေးဘူး'

'ဒုက္ခပါပဲ ဒေါ်ကြီးရယ်၊ သည်းဦး ဘာမှမဖြစ်အောင်
ဆုတောင်းပေးပါဦး၊ ဘုရားစာတွေ ရွတ်ပါဦး'

'အင်းပါ ကိုထက်ရယ်၊ ရွတ်နေပါတယ်'

သူလည်း ကားမောင်းနေရင်းက ဇာတ်သမျှ မှတ်သမျှဘုရား
စာများကို ရွတ်ဖတ်နေသည်။ အရေးပေါ်ဌာနရှေ့သို့ ကားကို တုံ့ခနဲ
ရပ်သည်။ အလျင်စလို ကားပေါ်ကဆင်းပြီး တွန်းလှည်းသမားကို
လှမ်းခေါ်သည်။

'ဟိတ်... ကိုထက်၊ အရင်စလိုနဲ့ ဘာဖြစ်နေတာလဲ'

နောက်ကျောက ပခုံးကို ပုတ်လိုက်မှ လှည့်ကြည့်ပြီး
ထက်မြက်ရဲ့မျက်နှာမှာ အားကိုးတစ်ခုကိုရပြီး အားတက်သွား
သည်။

'ဟာ... ကိုမြင့်၊ သည်းဦးကို ကြည့်ပါဦးဗျာ၊ လေ့ကားပေါ်
က လိမ့်ကျလို့'

ငိုတော့မလိုမျက်နှာနှင့် အရမ်းစိတ်ပူနေသော ထက်မြက်
ကို ကြည့်ပြီး စောစောက ရယ်ပြုံးနေသော ဒေါက်တာခင်မြင့်
မျက်နှာ အိုသွားသည်။

'ဟင်... ဟုတ်လား'

ကားထဲမှာ သတိလစ်နေသော သည်းဦးပန်းကို သူနှင့်

ထက်မြက်ငွေ့ပြီး တွန်းလှည်းပေါ်တင်သည်။ ထက်မြက်ရဲ့ပျက်ယွင်းနေသော မျက်နှာထားကိုကြည့်ပြီး ဒေါက်တာခင်မြင့်က အားပေးသည်။

'ဒီမှာကိုထက် စိတ်ကိုငြိမ်ငြိမ်ထား၊ သည်းဦး ဘာမှမဖြစ်စေရဘူး၊ ကိုယ်တာဝန်ယူတယ်'

ထက်မြက်ကို ပခုံးကိုပုတ်ပြီး အားပေးသည်။ သူတို့နှစ်ယောက် တွန်းလှည်းနှင့်အတူ လိုက်ပါခဲ့သည်။ စမ်းသပ်ခန်းသို့ သည်းဦးပန်းကိုသွင်းပြီး ဒေါက်တာခင်မြင့်က ချက်ချင်း စမ်းသပ်သည်။

ထက်မြက်ကို အခန်းပြင်မှာပဲ ထားခဲ့သည်။ လူနာများစွာကို ကုသခဲ့သော ဆရာဝန်တစ်ယောက်ဖြစ်သည့် ထက်မြက်၊ ဇနီးသည်လူနာကြောင့် စိတ်ကို ဘယ်လိုမှ တည်ငြိမ်အောင် စွမ်းဆောင်နိုင်စွမ်း မရှိပါ။ တချို့လူနာတွေဆိုလျှင် သူ့လက်ပေါ်မှာတင် ခန္ဓာကြွေခဲ့သည်။ စိတ်မကောင်းဖြစ်ရပေမယ့် ရင်မှာသည်လောက် ပူလောင်ခြင်းမရှိ။

ခုတော့ ရင်မှာ နေဆယ်စင်းတစ်ပြိုင်တည်း တောက်လောင်နေသလို ပူပြင်းလှချည်လား။ အပြင်ခန်းမှစောင့်ရင်း စိတ်ရောလူပါ ဂနာမငြိမ်ဖြစ်နေသည်။ ခဏအကြာမှာ ဒေါက်တာခင်မြင့် ထွက်လာသည်။ မျက်နှာသိပ်မကောင်းပါ။

'သူငယ်ချင်း၊ ခုချက်ချင်းပဲ သည်းဦးကို ခွဲစိပ်ရမယ်ကွာ'

'အခြေအနေက ဘယ်လိုလဲ သူငယ်ချင်းရယ်၊ ငါ အရမ်းစိုးရိမ်တယ်ကွာ'





'စိတ်ကို တည်ငြိမ်အောင်ထားပြီး သည်းဦးအတွက် အကောင်းဆုံးဖြစ်အောင် ဆုတောင်းနေပါ သူငယ်ချင်း'

ခင်မြင့်က ထက်မြက်ရဲ့ပခုံးကိုပုတ်ပြီး အားပေးသည့်အနေနှင့် တစ်ချက်ညှစ်ပြီး အခန်းထဲပြန်ဝင်သွားသည်။

နှမ်းခွေစွာ အရုပ်ကြိုးပြတ်အနီးရှိ ကုလားထိုင်မှာ ထိုင်လိုက်မှာ ထိုင်လိုက်သည်။ ဒေါ်ကြီးစိန်က တရှိုက်ရှိုက်ငိုနေသည်။

ဒေါက်တာခင်မြင့်က ခွဲစိပ်ခန်းထဲက ပြန်မထွက်လာသေး။ ထိုင်မရ၊ ထမရနှင့် ထက်မြက်မှာ တည်ငြိမ်မှုမရှိ။ တစ်မိနစ်၊ တစ်မိနစ်သည် တစ်ကမ္ဘာလောက် ကြာသည်လို့ပင် ထင်မိသည်။

စောင့်စားနေရလျှင် အချိန်သည် အလွန်ကုန်ခဲလှပါကလား။

* * *

ခွဲခန်းဝသို့ မပြတ်လပ်သောအကြည့်များနှင့် ထက်မြက်က လှမ်းကြည့်နေသည်။ သည်းဦးပန်းရော၊ သူ့ရဲ့ရင်သွေးလေးပါ အသက်ရှင် ချမ်းမြေ့ဖို့ ဆုတောင်းအခါခါ ချွေမိသည်။

'ဟော...'

ခွဲခန်းရဲ့တံခါးပွင့်သွားပြီး အစိမ်းရောင်ဝတ်ရုံနှင့် ခင်မြင့်ထွက်လာသည်။ ပါးစပ်မှာ စည်းနှောင်ထားသော အဝတ်စိမ်းကို ဆွဲချလိုက်ပြီး အလွန်ကြေကွဲသော မျက်ဝန်းများနှင့် လှမ်းကြည့်သည်။ ထက်မြက်ရဲ့ရင်ထဲမှာ ထိတ်သွားသည်။

'သူငယ်ချင်း'

ထက်မြက်က ထိုသို့ တစ်ခွန်းသာခေါ်နိုင်ပြီး ရင်မှာတစ်ဆို့
လာ၍ စကားကို ဆက်မပြောနိုင်ပါ။ ခင်မြင့်က သူ့ရဲ့ပခုံးကို
တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။

'သည်းဦးပန်း မကြာခင်မှာ နေကောင်းသွားမှာပါ သူငယ်
ချင်း မစိုးရိမ်ပါနဲ့တော့'

'ကလေး... ကလေးရောဟင်'

ခင်မြင့်က သူ့ရဲ့အကြည့်ဒဏ်ကို လွှဲဖယ်လိုက်သည်။

'ကလေးကတော့ ဝမ်းနည်းစရာပဲ သူငယ်ချင်း၊ ဆုံးသွားရှာ
ပြီ'

'ဟာ...'

ကိုယ်ထဲမှာရှိနေသော အင်အားများ ရုတ်တရက် ကုန်ခမ်း
သွားသလို ထိုနေရာမှာပဲ အရုပ်ကြိုးပြတ် လဲသွားချင်သည်။

'ဘာလေးလဲ သူငယ်ချင်း'

'ယောကျ်ားလေး'

ဝမ်းနည်းကြေကွဲခြင်းတွေ ရင်မှာ ရက်ရက်စက်စက်ကြီး ဖိစီး
နေပါသည်။ ခေါင်းကြီးငိုက်စိုက်ကျသွားသည်။

'အဖြစ်ဆိုးလိုက်တဲ့သားလေးရယ်၊ ဖေဖေ ဘယ်လိုဖြေ
ရမလဲ'

ရင်ထဲကနေ သည်းထန်စွာ ငိုကြွေးမိသည်။ ခင်မြင့်က
သူငယ်ချင်းရဲ့အဖြစ်ကို ရင်နာစွာနှင့် ကြည့်နေသည်။

'သားလေးကို ငါကြည့်ပါရစေ'

'ယောကျ်ားပဲကွာ၊ စိတ်ကိုထိန်းပါ'





ခင်မြင့်က သူ့ပခုံးကိုဖက်ပြီး ခေါ်သွားသည်။ မွေးစင်ပေါ်
မှာ အသက်ကင်းမဲ့နေတဲ့ ဖြူဖြူတုတ်တုတ် သားလေးကို ထက်မြက်
ကောက်၍ ပွေ့ချီလိုက်သည်။

ရင်မှာ တင်းတင်းပိုက်ပြီး အဖြစ်ဆိုးလှတဲ့သားလေးကို
သနားမဆုံးဖြစ်ရသည်။ ရင်ခွင်တစ်ခုလုံးမှာ အောင့်မျက်ပြီး သား
လေးကိုပိုက်ကာ ယောကျ်ားတန်မဲ့ မျက်ရည်ဖြိုင်ဖြိုင်ကျနေသည်။

'ကိုယ်အတတ်နိုင်ဆုံး ကြိုးစားပါတယ် သူငယ်ချင်း၊ ဆေးရုံ
ရောက်တဲ့အချိန်ကတည်းက ကလေးမှာ အသက်မပါလာဘူး'

အသက်မဲ့နေသော သားလေးရဲ့ မျက်နှာဖောင်းဖောင်းလေး
ကို ငုံ့ကြည့်ရင်း ရင်မှာ တဆစ်ဆစ်နာကျင်လာသည်။ ကလေးကို
ရေခဲတိုက်သို့ပို့ရန် ပြင်ဆင်နေသည်။ မပစ်ရက်စွာ ကံဆိုးရှာတဲ့
သားငယ်ကို ကြည့်သည်။ သားရဲ့ပါးပြင်ကို တစ်ချက်ငုံ့ပြီး နမ်းရှိုက်
လိုက်သည်။

သူငယ်ချင်းရဲ့အဖြစ်ကိုကြည့်ပြီး ခင်မြင့်ပင် မျက်ရည်ဝဲစွာ
ခံစားနေရသည်။ ထက်မြက်ရဲ့ရင်ခွင်က ကလေးကို ညင်သာစွာ
ယူလိုက်သည်။ ခံစားမှုပြင်းထန်၍ ထက်မြက်ရဲ့ကိုယ်က တစ်ဆတ်
ဆတ်တုန်နေသည်။

'လာ... သူငယ်ချင်း၊ သည်းဦးကို သွားကြည့်ရအောင်'

ထက်မြက်ရဲ့ပခုံးကိုဖက်ပြီး၊ လိုက်ကာအဖြူခြားထားသော
သည်းဦးပန်းဆီသို့ ခေါ်သွားသည်။

ဖြူဖွေးနေသောမျက်နှာလေးကို ငုံ့ကြည့်လိုက်သည်။
မေ့ဆေးအရှိန်မပြေသေး၍ သည်းဦးပန်း သတိမရသေးပါ။ ချစ်ဇနီး

ရဲ့လက်ကလေးကို ဆုပ်ကိုင်သည်။ အေးနေပါလား။ သားအတွက် ရင်မှာ ဖြေမဆည်နိုင်အောင် ကြေကွဲရင်း ဇနီးသည်အတွက်ပါ စိုးရိမ်ပူပန်မိပြန်သည်။

'သည်းဦး ဘယ်လိုနေလဲ သူငယ်ချင်း၊ ငါ့ကို အမှန်အတိုင်း ပြောပါ'

'သည်းဦး မကြာခင်သတိရပြီး ကျန်းမာလာမှာပါကွာ၊ မပူနဲ့'

'သားလေးဆုံးသွားတာ သူသိရင် ဒုက္ခရောက်သွားနိုင်တယ်'

'အေး... အဲဒါပြောမလို့၊ ကလေး နေမကောင်းလို့ ကလေး ဆောင်ဘက် ပို့ထားရတယ်လို့ ညာထားတယ် သူငယ်ချင်း၊ သူခံနိုင်ရည်ရှိတဲ့အချိန်မှ ဖွင့်ပြောကြတာပေါ့'

'သားလေးကိုရော၊ သည်းဦးကိုရော ငါ အရမ်းသနားတယ်ကွာ'

မချိတင်ကဲစွာနှင့် ထက်မြက်က ပြောသည်။ ခင်မြင့်က ထက်မြက်ကို ချွေးသိပ်ရပြန်သည်။

'ဒီလိုပဲပေါ့ သူငယ်ချင်းရယ်၊ ကံတရားကို ဘယ်လူသားမှ မလွန်ဆန်နိုင်ပါဘူး မင်းထက်၊ သည်းဦးက ပိုခံစားရမယ်၊ သူ စိတ်ဖြေနိုင်အောင် မင်း အတတ်နိုင်ဆုံး ကြိုးစားကွာ'

'စိတ်ချပါ သူငယ်ချင်း၊ သည်းဦးလေး စိတ်ဖြေနိုင်အောင် ငါ အစွမ်းကုန်ချော့မယ်၊ သူနားလည်အောင် ပြောရမှာပေါ့။ မိဘက ပင်စည်၊ သားသမီးက အကိုင်းအခက်လို့၊ အကိုင်းကျိုးပေမယ့် ပင်စည်ကရှင်သန်နေရင် နောက်ထပ် အကိုင်းအခက်အသစ်တွေ ဝေဆာတယ်လို့'





ထက်မြက်က ထိုသို့ တွေးတွေးငေးငေးနှင့် ပြောသည်။ ခင်မြင့်၏ သနားကြင်နာပြီး ကြေကွဲနေသည့်အကြည့်တွေကို သူ မမြင်မတွေ့လိုက်၊ သတိမထားလိုက်မိပါလား။

'အေးပေါ့ကွာ၊ သူ့ စိတ်ချမ်းသာဖို့က အဓိကပဲ'

'သူ မကြာခင် သတိရလာမှာ မဟုတ်လား'

'အင်းပေါ့၊ မင်း ခဏနားလိုက်ပါဦးလား'

'သူ့အနားမှာပဲ ငါနေချင်တယ်၊ သူသတိရတဲ့အချိန်မှာ ငါ့ကို မြင်တွေ့စေချင်လို့ပါ'

'ကဲ... ဒါဆိုနေ ဟုတ်လား၊ ကိုယ် ခဏနေရင် ပြန်လာခဲ့မယ်'

လည်တဆန့်ဆန့်နဲ့ စောင့်နေတဲ့ ဒေါ်ကြီးစိန်ကိုပင် ထက်မြက် မေ့သွားသည်။ ခင်မြင့်ကိုမြင်တော့ ဒေါ်ကြီးစိန်က ငိုယို မေးသည်။ အကြောင်းစုံကို ခင်မြင့်က ရှင်းပြသည်။ ကလေးငယ်ရဲ့ အလောင်းကိုလည်း ပြလိုက်သည်။ ဒေါ်ကြီးစိန်ခမျာလည်း သည်းသည်းကြီး ငိုနေသည်။ ခင်မြင့်ရင်မှာ သူငယ်ချင်းအတွက် သိပ်ကို ထိခိုက်ခံစားနေရသည်။

ထက်မြက်ရဲ့ စိတ်တည်ငြိမ်မှုရပြီးမှ ပြောစရာအလွန်အရေးကြီးသော စကားတွေက သူ့ရင်မှာ ရှိနေပါသည်။ ထိုစကားများ ရင်ထဲမှာ ခါးသီးနာကျင်စွာ ပြည့်သိပ်နေပါသည်။

■

(၁၉)

အစကတည်းက ဖြူဖတ်ဖြူရော်ရှိနေတတ်သည့် သည်းဦးပန်း ခုလိုဝေဒနာခံစားနေရပြီး သတိလစ်နေသည့်အချိန်မှာ ပိုပြီးဖြူဖွေးနေသည်။ မျက်နှာလေးက စက္ကူဖြူတစ်ချပ်လိုပါပဲလား။

အေးစက်နေသော သည်းဦးပန်း လက်ကလေးတွေကို နွေးထွေးသွားအောင် ဆုပ်နယ်ပေးနေသည်။

'ရော့... ကိုထက် သောက်လိုက်ဦး'

လှည့်ကြည့်လိုက်တော့ ခင်မြင့်က အငွေ့ထနေသော ကြွေမတ်ခွက်ကို လှမ်းပေးသည်။

'မင်း သိပ်ပင်ပန်းနေတယ်၊ ညစာလည်း မစားရသေးဘူး မဟုတ်လား၊ သောက်လိုက်ပါကွာ'

ခင်မြင့်ပေးသော မာလ်တိုဗာကို သောက်လိုက်သည်။ သည်တော့မှ သူ့ဝမ်းထဲမှာ ဆာလောင်မွတ်သိပ်နေပါလား ဆိုတာကို သိရသည်။





'ဒေါ်ကြီးစိန်ကို ခဏ ဝင်တွေ့ခိုင်းပြီး ကိုယ်အိမ်ကို ပြန်လိုက်ပို့ခိုင်းလိုက်မယ်၊ သူလဲ သိပ်ပင်ပန်းနေပြီ'

'ကျေးဇူးပဲ သူငယ်ချင်း'

ဒေါ်ကြီးစိန်က သည်းဦးပန်းကို ခဏဝင်ကြည့်သည်။ နဖူးလေးစမ်းလိုက်၊ လက်ကလေးစမ်းလိုက်နှင့် သည်းဦးပန်းအတွက် စိုးရိမ်ကို စိတ်ပူနေသည်မှာ ထင်ရှားနေသည်။

'သည်းဦး နေကောင်းလာမှာပါ ဒေါ်ကြီးရယ်'

'လူလေး သမီးအနားမှာ နေခဲ့နော်၊ ဒေါ်ကြီး ပြန်လိုက်မယ်'

'ဟုတ်ကဲ့'

မျက်ရည်လည်ရွဲနှင့် ဒေါ်ကြီးစိန်က ပြန်သွားသည်။ ထက်မြက်က သူ့ရဲ့အကြည့်များကို သည်းဦးပန်းရဲ့မျက်နှာမှာပဲ စိုက်မတ်မတ် ပို့ထားသည်။ ခင်မြင့်က မကြာခဏ သည်းဦးပန်းသို့ ရောက်လာပြီး ကြည့်ပေးသည်။

ခင်မြင့်နှင့်ထက်မြက်တို့ စကားပြောနေစဉ်မှာပဲ သည်းဦးပန်းက ညည်းညူ လူးလွန့်လာသည်။

'ဟော... သူသတိရပြီ'

မည်းနက်ခက်ဝေသော မျက်တောင်လေးတွေက တဖြည်းဖြည်း ပင့်တက်သွားသည်။ တောက်ပြောင်မှု နည်းပါးပြီး အလွန်အားနည်းသော မျက်ဝန်းလေးတွေပေါ်လာသည်။

'ချစ်...'

သည်းဦးပန်းရဲ့လက်ကလေးနှစ်ဖက်ကို ခပ်တင်းတင်းလေး ဆုပ်ကိုင်ပြီး ခေါ်သည်။ မေးစင်း၍ အရောင်မဲ့နေသော မျက်ဝန်းထက်မြက်ထံသို့ ထိကပ်လာသည်။

'ချစ် နေသာရဲ့လား'

ဖြည်းလေးစွာ ခေါင်းခါရင်းနှင့် သည်းဦးပန်း ဖြေသည်။ မျက်ဝန်းထဲမှာ ပြည့်အိုင်လာသော မျက်ရည်စများ တလိမ့်ချင်း ပါးပြင်ဖွေးဖွေးပေါ်သို့ စီးဆင်းလာသည်။

'မငိုပါနဲ့ကွယ်၊ ကိုကို အနားမှာရှိတယ်၊ ဘာမှ အားမငယ်နဲ့နော်'

'ကလေးရော ကိုကို'

တိုးညင်းသောလေသံနှင့် သည်းဦးပန်းက မေးသည်။ ထက်မြက်ရဲ့ရင်ထဲမှာ ဆို့သွားသည်။ တံတွေးကို ဂွပ်ခနဲမျိုချပြီး အသံကို မတုန်အောင် ထိန်းပြီးပြောသည်။

'သားလေး ရှိပါတယ်၊ သည်းဦး သိပ်နေမကောင်းလို့ သား လေးကို တခြားအခန်းမှာ ထားတယ်'

သည်းဦးပန်းရဲ့မျက်နှာမှာ သွေးရောင်နည်းနည်း လွှမ်းလာ သည်။ မျက်ဝန်းမှာလည်း တောက်ပမှုလေးရှိလာသည်။

'သားလေး... ဟုတ်လား'

'ဟုတ်တယ်၊ သည်းဦးသာ အမြန်ဆုံးနေကောင်းအောင် ကြိုး စားနော်'

ညင်ညင်သာသာ ခေါင်းညိတ်မှုနှင့်အတူ သည်းဦးပန်းရဲ့ မျက်ဝန်းတွေ မှေးစင်းသွားသည်။ မေ့ဆေးအရှိန်ဖြင့် သည်းဦးပန်း ပြန်အိပ်တော့မည်ကို ထက်မြက် သိနေသည်။

'စိတ်ချလက်ချ အိပ်လိုက်နော်၊ ကိုကို အနားမှာရှိနေမယ်'

သည်းဦးပန်း ပြန်ပြီး အိပ်ပျော်သွားသည်။ ထက်မြက်ရဲ့ပခုံး ကို ခင်မြင့်က ဆုပ်ကိုင်လိုက်သည်။





'သူငယ်ချင်း အိမ်ပြန်ပြီး နားလိုက်ပါလား'

'ရပါတယ်ကွာ'

'သူအကြာကြီး ပြန်အိပ်ပျော်သွားလိမ့်မယ်၊ ပြီးတော့ သူ ခံစားရတာ သက်သာအောင် ယခုသဒင်းအွမ် ထားရမယ်၊ စပါယ် ရှယ်ပဲ... ငါ ပေးထားပါတယ်ကွာ စိတ်မပူပါနဲ့'

သူ အထူးဂရုစိုက်နေသည်ကို ခင်မြင့်က ပြောသည်။ အထူး သူနာပြုတစ်ယောက်ကို သည်းဦးပန်းနားမှာ ရှိနေဖို့လည်း သူကပဲ စီစဉ်ပေးသည်။

ခင်မြင့်ရဲ့စကားကို နားထောင်ပြီး ထက်မြက် အိမ်ပြန်လာ သည်။ တိတ်ဆိတ်နေသော အိမ်ထဲသို့ လှမ်းဝင်ရင်း ရင်မှာနင့်သိပ် စွာ ခံစားနေရသည်။

မျှော်လင့်ချက်တွေ အားလုံး အလဲလဲအပြိုပြို ဖြစ်ကုန်ပြီ။ အလွန်လိုချင်တောင့်တသော သားဦးလေးကို ရလိုက်ပေမယ့် သား က ကံဆိုးရှာသည်။ လောကကြီးထဲသို့ အသက်ရှင်လျက်နှင့်တောင် ရောက်လာခဲ့ရခြင်း မရှိပါလား။

သည်းဦးပန်း သတိကောင်းကောင်းရလာပြီး ကလေးကို တွေ့ချင်သည်ဆိုလျှင် သူ ဘယ်လိုဖြေရပါ့။ တွေးကြည့်ရုံနှင့် ရင်မှာ နာကျင်မွန်းကျပ်လာသည်။

* * *

တစ်ညတာ၏ ညတာအချိန်တိုတိုလေးကို အိပ်စက်ခြင်းဖြင့် ကုန်ဆုံးလိုက်သည်။ သုံးနာရီလောက်သာ အိပ်ခွင့်ရသည့်အတွက် မျက်စိတွေ ကျိန်းစက်နေသည်။ သည်းဦးပန်းထံသို့ သွားချင်သည့်

ဇောက ပင်ပန်းနွမ်းနယ်မှုအားလုံးကို ကျော်လွှားနိုင်ခဲ့သည်။

'လူလေး'

ငေးငိုင်စွာ ထမင်းစားပွဲမှာ နံနက်စာကိုရှေ့ချပြီး မစားသေးဘဲ ရှိနေသည်။ ဒေါ်ကြီးစိန်ခေါ်တော့ မော့ကြည့်လိုက်သည်။

'သည်းဦးလေးကို ကလေးအကြောင်း လုံးဝမသိပါစေနဲ့ဦး၊ တော်ကြာ သွေးတက်ပြီး ဒုက္ခရောက်သွားလိမ့်မယ်'

'ဟုတ်ကဲ့ ဒေါ်ကြီး၊ ကျွန်တော်လေ သူ အတင်းအကျပ်ကလေးကြည့်ချင်တယ်ပြောမှာ သိပ်စိုးရိမ်တယ်'

'လှည့်ပတ်ပြီး ချော့ထားလိုက်ပေါ့ကွယ်'

'သားလေးက ချစ်စရာအရမ်းကောင်းတာပဲနော် ဒေါ်ကြီး'

'အေးကွယ်၊ နှမြောစရာကြီး၊ ဒါပေမယ့် နောက်ထပ်သားလေးတွေ ကိုထက်တို့ ရဦးမှာပေါ့ကွယ်'

ဒေါ်ကြီးစိန်က ထက်မြက်ကို ချွေးသိပ်သည်။ ထက်မြက်ရင်မှာလည်း ပြင်းထန်စွာ လောင်မြိုက်နေသည်။ ထက်မြက်တို့ရဲ့ဆွေစဉ်မျိုးဆက် သားဦးမွေးသည့်အဖြစ်က ဖြစ်တော့ဖြစ်ပါသည်။ ဒါပေမယ့် မျိုးဆက်ကလေး သက်ဆိုးမရှည်ရှာသည့်အတွက် ထက်မြက် စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။

သူ ဆေးရုံသို့ ရောက်သွားသည့်အချိန်မှာ သည်းဦးပန်းက အိပ်စက်နေတုန်းပါပဲ။ ဖြူဖြူနုနုလေးနှင့် နှစ်ခြိုက်စွာအိပ်ပျော်နေသည့် သည်းဦးပန်းသည် နတ်သမီးလေးတစ်ပါးအလား ထင်ရသည်။

'သူ အိပ်နေတာ ကြာပြီလား ဆရာမ'





'ဟုတ်ကဲ့ ဆရာ'

'ဆရာမ သွားနားချင်နားပါ၊ ကျွန်တော စောင့်လိုက်ပါ့မယ်'

'ကျေးဇူးပဲ ဆရာ'

သူနာပြုဆရာမ၊ သည်းဦးပန်းနားက ထွက်သွားသည်။ သည်းဦးပန်းရဲ့ လက်ကလေးတွေကို ဆုပ်ကိုင်ချင်ပေမယ့် နိုးသွားမှာစိုးပြီး ဆန္ဒကို မျိုသိပ်လိုက်ရသည်။

အိပ်ပျော်နေချင်းသည် သူမရဲ့ နာကျင်မှုကို သက်သာစေသည် မဟုတ်လား။ ငြိမ်သက်စွာ သည်းဦးပန်းနားမှာ ထိုင်နေပေမယ့် သူ့အတွေးတွေက ရှုပ်ထွေးနောက်ကျိနေသည်။

ဆေးရုံမှာ ခွင့်တင်ပြီးသားမို့ သည်းဦးပန်းနားမှာ သူ အချိန်ပြည့်နေနိုင်သည်လေ။ အရည်သာ သောက်ခွင့်ပေးထားသော သည်းဦးပန်းအတွက် နိုးလာလျှင်သောက်ရန် သူက မာလ်တိုဗာတစ်ခွက် ဖျော်ထားသည်။

'ဟင်... ကိုကိုရောက်နေတာ ကြာပြီလား'

သည်းဦးပန်းကို ကျောခိုင်းပြီး ဖျော်နေစဉ်မှာ တိုးလျသောမေးသံကို ကြားရပြီး လှည့်ကြည့်သည်။

'သည်းဦး နိုးပြီကိုး၊ ရောက်တာ မကြာသေးပါဘူးကွယ်'

'သားလေးကို သွားကြည့်ပြီးပြီလား ကိုကို'

ထက်မြက် ဘယ်လို ပြန်ဖြေရမှန်း မသိ။ ရင်မှာနင့်ပြီးအောင့်တက်သွားသည်။

'သွားကြည့်ပြီးပါပြီ'

'နေကောင်းလားဟင်'

'ကောင်းပါတယ်'

'သားကို သည်းဦး မြင်ချင်ဘယ် ခေါ်ခဲ့ပါလား'

ရုတ်တရက် အကျပ်ရိုက်သွားပြီး ကြိုတင်ပြင်ဆင်ထားသော အဖြေကို ထက်မြက်ဖြေသည်။

'သားလေးက သိပ်နုနယ်သေးတယ်၊ သည်းဦးတွေ့ခွင့် မရှိသေးဘူး၊ သည်းဦးရဲ့သွေးထဲမှာ အသည်းရောင် ပိုးတွေ့နေလို့လေ'

'ဟင်... ဟုတ်လား'

ကြဲဖန်ပြီး ညာရပြန်သည်။ သည်းဦးပန်းရဲ့ မေးစင်းနေတဲ့ မျက်ဝန်းထဲမှာ ထိတ်လန့်မှုတစ်ခုကို တွေ့လိုက်ရသည်။

'ဘာမှစိတ်မပူပါနဲ့ကွယ်၊ မကြာခင် အချစ်နေကောင်းသွားမှာပါ၊ အဲဒီကျတော့ သားလေးနဲ့တွေ့နော်'

'ဒုက္ခပါပဲ၊ အဲဒီ အသည်းရောင်ပိုးက ဘယ်လိုလုပ်ပြီး သည်းဦးဆီရောက်လာရတာလဲ ကိုကိုရယ်'

ဝမ်းနည်းအားငယ်စွာနှင့် သည်းဦးပန်းက ပြောသည်။

'အဲဒါတွေ ခေါင်းထဲထားမနေနဲ့တော့ အချစ်ရယ်၊ နေမြန်မြန်ကောင်းအောင် ကြိုးစားနော်'

'ကိုကို...'

'ဘာလဲ သည်းဦး'

'သားလေးက ဘယ်သူနဲ့တူလဲဟင်'

'သည်းဦးနဲ့တူတယ်'

'ဟင်... သည်းဦးက ကိုကိုနဲ့တူစေချင်တာ၊ ဒါမှ သည်းဦး ကိုကို့ကို သိပ်ချစ်တယ်ဆိုတာ သက်သေပြနိုင်မှာ'





အလွန်ချွန်ထက်သောအရာတစ်ခု နှလုံးသားထဲသို့ နက်ရှိုင်းှာ စူးဝင်သွားပါလား၊ လည်ချောင်းဝမှာ ဆို့နင့်နေလွန်း၍ သည်းီးပန်းကို ဘာစကားပြန်ပြောရမှန်း မသိ။

'သည်းဦးနဲ့ကိုကိုက နှစ်ကိုယ့်တစ်စိတ်ပဲကွယ်၊ ဘယ်သူနဲ့တူတူ အရေးမကြီးပါဘူး၊ ကိုကို့သားဟာ ကိုကို့သားပဲပေါ့'

ထိုစကားစုကို အတတ်နိုင်ဆုံး ကြိုးစားပြီး ထက်မြက်ကပြောလိုက်သည်။ သည်တော့မှ သည်းဦးပန်းရဲ့မျက်နှာလေးကကြည်လင်လာသည်။

'ကိုကိုဖျော်ထားတာလေး ကုန်အောင်သောက်လိုက်ပါဦးကွာ'

'ဟုတ်ကဲ့'

သည်းဦးပန်း မြန်မြန်နေကောင်းစေချင်သည်က ဆန္ဒတစ်ခု။ နေကောင်းသွားလျှင်လည်း သားအကြောင်းမေးမည်ကို စိုးရိမ်ရသည်က ပြဿနာတစ်ခု။ ထက်မြက် ဘယ်လိုဖြေရှင်းရမှန်းမသိ။

■

## (၂၀)

သားကိုမေးတိုင်း လိမ်လည်လှည့်ဖြား ဖြေရလွန်း၍ ထက်မြက် စိတ်ညစ်ရသည်မှာ အမှန်။ သည်းဦးပန်း အခြေအနေ ကောင်းမွန်လာ၍ ဆေးရုံကဆင်းရမည့်နေ့ ရောက်လာပြီ။ ထက်မြက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

ခင်မြင့်ကိုပဲ နားပူပြီး အကြံဉာဏ်တောင်းရတော့သည်။ ခင်မြင့်မှာလည်း သူမျိုသိပ်ထားသော အကြောင်းအရာကို သူငယ် ချင်းကို ဖွင့်မပြောရက်အောင် ရှိနေသည်။

'သူငယ်ချင်းရယ် ကလေးအကြောင်း သည်းဦးက မေးနေ တယ်၊ ငါ ဘယ်လိုဖြေရမလဲ'

'အဖြစ်မှန်ကို ပြောရတော့မယ့်အချိန် ရောက်နေပြီလေ၊ ပြောမှဖြစ်တော့မှာပေါ့'

'သူငယ်ချင်းပြောပေးပါကွာ၊ ငါ မပြောရက်လို့'

'အင်း... ပြောပေးမယ်၊ ပြီးတော့... ထက်မြက် မင်း စိတ် ဓာတ်မကျဖို့ ငါ ကြိုတင်ပြောထားပါရစေ'





'ဘာများလဲကွာ'

'ခု ငါပြောမယ့်စကားကို မင်းတို့ရဲ့ကံတရားပဲလို့ သဘော ထားပြီး မသိသေးသည့်အကြောင်းများ ဘာတွေရှိနေသေးသနည်း။

'သည်းဦးဟာ လိမ့်ကျတဲ့ဒဏ်ရာနဲ့ သားအိမ်တော်တော် ပျက်စီးသွားတယ်၊ အထူးသဖြင့် သားဥအိမ်ပေါ့၊ သည်းဦး နောက် ထပ်ကလေးရဖို့ မျှော်လင့်ချက်မရှိတော့ဘူး၊ သိပ်ကို ကုသိုလ်ကံ ကောင်းမှ ရနိုင်လိမ့်မယ်'

'ဟာ...'

မျှော်လင့်ချက်တံတိုင်းကြီး ဝုန်းခနဲ တစ်စစီကွဲအက်ပြီး ပြိုကျသွားပါသည်။ ထက်မြက်ရင်ထဲမှာ အောင့်တက်သွားပြီး ခေတ္တ အသက်ရှူပင် ရပ်သွားသလား။

'ရာနှုန်းနဲ့ပြောရရင် ကလေးရဖို့က တစ်ရာခိုင်နှုန်းလောက် ပဲ သေချာတော့တယ်'

'ဖြစ်ရလေ သည်းဦးရယ်၊ ဖြစ်ရလေ'

ထက်မြက်က ခေါင်းကြီးငိုက်စိုက်ကျသွားပြီး ကြေကွဲမျက် ရည်များ မျက်ဝန်းထဲမှာ ဝေ့သီသွားသည်။

'သူငယ်ချင်း သတိရှိပါ၊ သည်းဦးက မင်းထက်ကို ပိုပြီး ခံစားနေရရှာတယ်၊ သည်းဦး စိတ်ချမ်းသာမှုရအောင် မင်းအစွမ်း ကုန် ကြိုးစားပါကွာ'

'အင်းလေ... ဖြစ်လာမှတော့ ရင်ဆိုင်ရတော့မှာပေါ့'

'မျှော်လင့်ချက်ရှိတဲ့ တစ်ရာခိုင်နှုန်းကိုပဲ ဖြစ်မြောက်ပါစေ လို့ ဆုတောင်းပေါ့ကွာ'

တစ်ရာပုံတစ်ပုံသာရှိတဲ့ မျှော်လင့်ချက်ကို ထက်မြက် မမျှော်မှန်းရဲပါ။ သည်းဦးပန်း သည်တစ်သက် သားသမီးမထွန်းကားနိုင်တော့ဘူးဆိုတာကိုသာ တိတိကျကျ လက်ခံလိုက်ရပါပြီ။

'မင်း အသင့်ဖြစ်ရင် သည်းဦးဆီကိုယ်တို့ သွားကြစို့'

ကျဆင်းနေသော စိတ်ဓာတ်ကြောင့် ထက်မြက်ရဲ့မျက်နှာသည် အရမ်းကို ပျက်ယွင်းပြီး အိုကျနေသည်။

'သည်းဦးရှေ့မှာ မင်းစိတ်ကို အတတ်နိုင်ဆုံး မင်းထိန်းပါ'

ခင်မြင့်နှင့်အတူ သည်းဦးပန်းရဲ့အခန်းဆီသို့ လာခဲ့ကြသည်။ ဆေးရုံမှဆင်းရတော့မည့် သည်းဦးပန်းက ပျော်ရွှင်သောမျက်နှာလေးနှင့် ရှိနေသည်။

'ကိုကို၊ သားလေးရော်ဟင်... ၊ သည်းဦးနဲ့တစ်ခါတည်း ဆေးရုံက ဆင်းမှာမဟုတ်လား'

'အင်း... ကလေးကတော့ သည်းဦး ကျန်းမာသွားမှပဲ တွေ့ပါတော့ကွယ်'

'သည်းဦး ကျန်းမာနေပြီပဲ ဆရာရယ်'

ခင်မြင့်ကို မျက်နှာငယ်လေးနှင့် သည်းဦးပန်းကပြောသည်။ သိပ်တွေ့ချင်သော သားကိုမတွေ့ရ၍ ဗမ်းနည်းပြီး ငိုချင်နေသည်။

'သည်းဦးက မကြာခင် ကျန်းမာလာမှာပါကွယ်၊ ကျွန်တော်ကိုယ်တိုင် အိမ်လိုက်ပို့ပေးမယ်'

'သည်းဦး သားလေးကို ကြည့်ပါရစေ'

'ကြည့်ရမှာပေါ့ကွယ်၊ အသင့်ဖြစ်ရင် ပြန်ကြမယ်နော်'

'ကိုကို...'





မျက်ရည်အဝဲသား မျက်နှာလေးနှင့် ထက်မြက်ကိုလှမ်းကြည့်ပြီး အကူအညီတောင်းသည်။ သည်းဦးပန်းရဲ့မျက်ဝန်းကနေ တစ်ဆင့် သူမရင်ထဲမှာ ဘယ်လိုခံစားနေရသည်ကို ထက်မြက်က သိရှိနေသည်။ သူ့ရင်ထဲကသောကကို သည်းဦးပန်း မသိသေးပါလား။

'ကိုကို့စကား နားထောင်ပါနော် အချစ်၊ အိမ်ပြန်ကြပါစို့'

သည်းဦးပန်းရဲ့ရင်ထဲမှာ သားငယ်နှင့် ပတ်သက်ပြီး သံသယတွေ အလုအယက်ဝင်လာသည်။ ရင်မှာပူလှောင်နေသည်။ ခင်မြင့်ကို လေးစားသောကြောင့် သူ့စကားကို နားထောင်ပြီး ဆေးရုံပေါ်က ဆင်းခဲ့သည်။

■

## (၂၁)

အိမ်တံခါးဝမှာ ဘကြီးငွေနှင့် ဒေါ်ကြီးစိန်တို့က ကြိုဆိုနေ
ကြသည်။ သည်းဦးပန်းက ညှော်ခန်းမှာပဲ ခဏထိုင်စေလိုက်သည်
ကြိုတင်ပြင်ဆင်ထား၍ ဒေါ်ကြီးစိန်ကဆေးအိတ်ကို ညှော်ခန်းတစ်
နေရာမှာ အသင့်ထားသည်။

'သားလေးကို ဘယ်တော့ အိမ်ခေါ်လာမှာလဲ ဆရာ'

'သည်းဦးကို ကျွန်တော် ပြောစရာတွေရှိပါသေးတယ်'

'ဘာများလဲ ဆရာရယ်'

မျက်နှာငယ်လေးနှင့် သည်းဦးပန်းက ခင်မြင့်ကို မော့ကြည့်
နေသည်။

'သည်းဦးဟာ ကျန်းမာသန်စွမ်းတဲ့ မိခင်တစ်ယောက်ပါ
နောက်ထပ် သားသမီးတွေလည်း အများကြီးရနိုင်တဲ့ အခြေအနေ
မှာ ရှိပါတယ်'

'အဲဒီစကားတွေကို ဘာလို့ သည်းဦးကို ဆရာပြောနေတာလဲ
ဟင်'





မျက်ရည်အဝဲသားနှင့် ခင်မြင့်ကိုကြည့်ရင်းက သူမအကြည့်
တွေသည် ထက်မြက်ဆီသို့ ရောက်သွားသည်။

'ကိုကိုတို့ သည်းဦးကို ဘာတွေ ထိန်ဝှက်ထားကြလဲဟင်၊
မှန်မှန်ပြောပါ ကိုကိုရယ်...၊ သည်းဦး ရင်တွေပူနေပြီ'

ထက်မြက်ရဲ့လက်မောင်းတွေကို အတင်းဖက်တွယ်လှုပ်ယမ်း
ပြီး သည်းဦးပန်းက ငိုရှိုက်ကာ မေးသည်။ သားအတွက် သူ့ရင်မှာ
စိုးရိမ်စိတ်တွေ လွှမ်းမိုးနေသည်။

'သည်းဦး စိတ်ကိုတည်ငြိမ်အောင် ထားပါကွယ်၊ ကလေးက
မွေးကတည်းက အသက်မရှိတော့ပါဘူး'

'အို...'

ဖြူဝိုင်းသောမျက်လုံးတွေနှင့် ခင်မြင့်ကို လှမ်းကြည့်ရင်းက
သည်းဦးပန်းရဲ့မျက်စိတွေ နောက်ဝေသွားသည်။ စိတ်ထဲက သံသယ
အဖြစ်တွေ တကယ်မှန်ခဲ့ပြီပဲ။ ထက်မြက်ရဲ့ရင်ခွင်ထဲသို့ ပျော့ခွေ
သောခန္ဓာလေး ပြိုဆင်းလာသည်။ ချစ်ဇနီးကို စိုးရိမ်တကြီး
ထက်မြက်ငုံ့ကြည့်သည်။

'လုပ်ပါဦး သူငယ်ချင်းရယ်'

ခင်မြင့်က သည်းဦးပန်းသတိပြန်ရရေးအတွက် ကုသသည်။
မကြာခင် သည်းဦးပန်း သတိပြန်ရပြီး သည်းသည်းထန်ထန် ငိုကြွေး
သည်။

ထက်မြက်က သူ့ကိုယ်လေးကို ရင်ထဲမှာ တင်းတင်းပွေ့ပြီး
ချော့သည်။

အားလုံးဝိုင်းပြီး ဖျောင်းဖျမှ သည်းဦးပန်း အငိုစဲသည်။

ဒါပေမယ့် မျက်နှာလေးက အရမ်းကို ညှိုးနွမ်းနေသည်။ ချစ်ဇနီးကို သနားမဆုံးအောင် ထက်မြက်ခံစားနေရသည်။

* * *

စိတ်ဓာတ်တွေကျဆင်းပြီး မရွှင်မပျဖြစ်နေသော သည်းဦးပန်းကို ဒေါ်ခင်စီကလည်း တရားနှင့်ဖြေရန် တူမကို ဆုံးမသည်။ အားပေးနှစ်သိမ့်ခဲ့သည်။ အားလုံးဝိုင်းဝန်းပြီး စိတ်ဓာတ်ကြံ့ခိုင်လာအောင် တိုက်တွန်းပံ့ပိုးကြသည်။

အချိန်တွေ တစ်ရွေ့ရွေ့ကုန်ဆုံးလာသည်နှင့်အမျှ သည်းဦးပန်းရဲ့ စိတ်ဆင်းရဲမှုကလည်း လျော့ပါးလာရသည်။

ဇနီးသည် ရွှင်ရွှင်ပျပျဖြစ်လာသည်ကို မြင်ရပြီး ထက်မြက်သည်လည်း ကျေနပ်ရပါပြီ။ ဒါပေမယ့် သူ့ရင်ထဲမှာ အပြင်းအထန်ခံစားနေရသော ခံစားချက်တစ်ခုကရှိနေသည်။

'ရင်သွေးဆိုတာ သူ့ဘဝအတွက် ဘယ်တော့မှ ရှိမလာနိုင်သည့်အဖြစ်။

သည်အကြောင်းကို တွေးရလေတိုင်း ရင်ဝမှာ စူးရှစွာနာကျင်လာသည်။ အမြင့်မားဆုံးသော ကြေကွဲမှုကို ခံစားရသည်။ သည်းဦးပန်းသိလျှင် စိတ်ဆင်းရဲမှာစိုး၍ ဖွင့်မပြောခဲ့ပါ။

'ကိုကိုရေ၊ သည်းဦးလေ သားလေးကို မတွေ့လိုက်ရတာ စိတ်မကောင်းဘူး၊ သားလေးက ချောလားဟင်...'

'သည်းဦးလောက် မချောပါဘူးကွယ်'





'နောက်တစ်ခါလေ ကိုကိုနဲ့တူတဲ့ သားလေးတစ်ယောက်ကို သည်းဦးမွေးမယ်သိလား'

ထိုသို့ သည်းဦးပန်းကပြောလျှင် ထက်မြက်ရဲ့ရင်မှာ စူးချွန်သော အရာဝတ္ထုတစ်ခု ထိုးစိုက်သလို ခံစားရသည်။

* * *

သည်းဦးပန်း ကျန်းမာရေးပြန်လည် ပြည့်စုံလာပြီ၊ သားငယ်ဆုံးသည်မှာလည်း တစ်နှစ်ပင်ပြည့်သွားပြီ။ ထက်မြက်တစ်ယောက်တည်း ရင်ထဲမှာကျိတ်ပြီး ခံစားနေရသည်။ သားသမီးရတနာနှင့်ပတ်သက်ပြီး သူ့ရင်မှာ နာကျင်နေဆဲပါ။

ခဏသာတွေ့လိုက်ရတဲ့ သူ့ရင်သွေးလေးကို တမ်းတနေသည်။ သည်းဦးပန်းကိုတော့ သူ့ရဲ့လောကကို နည်းနည်းလေးမှ လှစ်မပြခဲ့ပါ။

အချစ်ရဆုံးမိန်းကလေး စိတ်ဆင်းရဲသွားမှာကို လုံးဝမကြည့်ရက်ပါ။ သည်းဦးပန်းက နောက်ထပ် သားသမီးရမည်ဆိုသော မျှော်လင့်ချက်တွေနှင့်သာ။

ခင်မြင့်နှင့်တွေ့ဆုံသည့်အခါ ထိုအကြောင်းများကို ထက်မြက်က ပြောပြသည်။

သည်းဦးက နောက်ထပ်သားသမီးကို မျှော်နေတယ်ကွာ၊ ငါလည်း သူ့ကို ဘယ်လိုဖွင့်ပြောရမှန်း မသိဘူး'

'အဖြစ်မှန်ကို သူသိထားသင့်တယ် သူငယ်ချင်း'

'ဖွင့်မပြောရက်ဘူးကွာ'

'ကြာကြာ ဖုံးမထားသင့်ဘူးလို့ ကိုယ်ထင်တယ်'

'အင်း... တဖြည်းဖြည်းချင်းတော့ သူ့ကို နားသွင်းရမှာပဲ ကွာ'

ထက်မြက်က တွေးတွေးလေးလေးနှင့် ပြောသည်။

'ငါတောင် သိပ်ခံစားရတာ သူဆိုရင်ပိုဆိုးမယ်'

'မင်းအတွက် ကိုယ်တကယ် စိတ်မကောင်းဘူးကွာ'

* * *

ခင်မြင့်က ဖွင့်ပြောခိုင်းပေမယ့် ထက်မြက်ဖွင့်ပြောဖို့ တော်တော်ရင်လေးနေသည်။ သည်းဦးပန်း ကြေကွဲဝမ်းနည်းမည့် စကားကို မပြောရက်အောင် ရှိနေသည်။ မျှော်လင့်ချက်တွေနှင့် ရှိနေရှာသော သည်းဦးပန်းကို သိပ်ပြီးသနားနေသည်။

တစ်နေ့မှာ သည်းဦးပန်း စိတ်ကြည်ကြည်လင်လင် ရှိနေသည့်အချိန်မှာ ထိုကိစ္စကို အစပျိုးလိုက်သည်။

'နောက်ထပ် သားသမီးရဖို့အတွက် သည်းဦးလေးကို သိပ်ပြီး ဆန္ဒမပြင်းစေချင်ဘူးကွယ်'

'ဘာလို့လဲ ကိုကို'

'ကိုကို စဉ်းစားနေတယ်၊ သားသမီးရှိလာရင် သည်းဦးက ကိုကို့ထက် ကလေးကိုပိုချစ်သွားမလားလို့'

'ဟာ... ဘာဆိုင်လို့လဲ၊ ကိုကို အသားလွတ်သဝန်တိုနေပြန် ပြီ'





'တကယ်ပြောတာ၊ သည်းဦးရဲ့အချစ်ကို ကိုကိုဘယ်သူနဲ့မှ ဝေမခံစားချင်ဘူး၊ လောကကြီးထဲမှာ သားသမီးမရှိတဲ့အိမ် ထောင်တွေ အများကြီးပါ သည်းဦးရယ်'

'အဲလို စိတ်မထားပါနဲ့ ကိုကိုရာ၊ သည်းဦး စိတ်မကောင်း ပါဘူး၊ ကိုယ့်ရဲ့ရင်သွေးပဲ ချစ်ရမှာပေါ့'

'ဟုတ်ပါတယ်လေ၊ တကယ်လို့ ကိုကိုတို့မှာ သားသမီးမထွန်း ားတော့ဘူး ဆိုရင်ကော'

ပြူးဝိုင်းသောမျက်လုံးလေးတွေနှင့် ထက်မြက်ကို သည်းဦး န်းက မော့ကြည့်သည်။

'ကိုခင်မြင့်က ပြောတယ်၊ သည်းဦးမှာ သားသမီးရဖို့ အခွင့် ရေးသိပ်ကို နည်းပါးသွားပြီတဲ့'

'အို...'

သည်းဦးပန်းရဲ့မျက်နှာလေး ရုတ်တရက်ဖြူဖွေးသွားသည်။ က်မြက် လန့်သွားသည်။ ချစ်ဇနီးကို ထွေးပွေ့လိုက်သည်။

'ဖြစ်လာတဲ့ကံကြမ္မာကို လက်ခံနိုင်စွမ်းရှိအောင် ကြိုးစားပါ ချစ်ရယ်'

သည်းအူတွေ ပြတ်ကြွေလုမတတ် ကြေကွဲစွာငိုနေသော ည်းဦးပန်းကို ရင်မှာ တင်းတင်းထွေးပွေ့လိုက်သည်။ သည်းဦး န်းကို ချွေးသိပ်အားပေးသည့် စကားတွေကို တတွတ်တွတ်နှင့် က်မြက်က နားသွင်းနေရသည်။

'ကိုကို့အသက်ရယ်၊ စိတ်လျှော့ထားလိုက်ပါ၊ သားသမီးမရှိ

တော့လည်း ဘာအရေးလဲ၊ ကိုကို့အတွက်လေ သည်းဦးတစ်ယောက် ရှိနေရင် အားလုံးပြည့်စုံပြီ'

ထက်မြက်က ဇနီးသည် စိတ်ချမ်းသာဖို့ မမှန်သောစကားကို ဆိုလိုက်သည်။ ထက်မြက်တို့ရဲ့သားစဉ်မျိုးဆက်ကြီး ပြတ်တောက်သွားသည့်အဖြစ်က သူ့ရင်မှာ ဘယ်လိုမှ အစားထိုး၍မရသော ဆုံးရှုံးမှုကြီးတစ်ခုပါ။

'ဖြေပါဦးကွယ်...၊ သည်းဦးဘဝထဲမှာ ကိုကိုတစ်ယောက်လုံး ရှိနေသားပဲ၊ အဲဒါနဲ့မပြည့်စုံဘူးလား'

အခက်ခဲဆုံးအမေးကို ထက်မြက်က မေးလိုက်သည်။ သည်းဦးပန်းသည် ထက်မြက်ကို သိပ်ချစ်ပါသော်လည်း အိမ်ထောင်တစ်ခုမှာ သားသမီးဆိုတာရှိမှ ပြည့်စုံမှာမဟုတ်လား။ ထိုသို့ ဖြေလိုက်ပါလျှင် ထက်မြက်သည် သူ့အပေါ်မှာ သူမပြည့်ဝစွာ မချစ်ဆိုသည့် အဓိပ္ပာယ်ကို လွဲမှားစွာကောက်မှာကိုလည်း စိုးရိမ်ပူပန်မိသည်။

'ကိုကို့ကိုသိပ်ချစ်ရင်လည်း သည်းဦးရဲ့ဘဝမှာ ကိုကိုတစ်ယောက်ပဲရှိနေတာကို ကျေနပ်လိုက်ပါ'

နှောင်ဖွဲ့ထားသော ထက်မြက်ရဲ့စကားများကြောင့် သည်းဦးပန်းမှာ ရင်ထဲကကြေကွဲမှုကို မျိုသိပ်လိုက်ရပါသည်။

'ကဲ... ကိုကို စိတ်ချမ်းသာအောင် ပြုံးပြပါဦးကွယ်'

သည်းဦးပန်းက ကျေနပ်စေရန် ပြုံးပြလိုက်ပေမယ့် ထိုအပြုံးသည် မှဲ့တဲ့တဲ့မို့ ပီပြင်ခြင်းမရှိပါလား။ သည်းဦးပန်းရင်ထဲမှာ ဘယ်လိုခံစားနေရသည်ကို သိပေမယ့် အငိုတိတ်သည့်အတွက် ထက်မြက်





ကျေနပ်လိုက်ရပါသည်။

'ကဲ... ဒါဆိုလာ၊ မြို့ထဲလျှောက်လည်မယ်'

'သည်းဦး ခေါင်းကိုက်နေတယ် ကိုကိုရာ'

'ကားတစ်ပတ်လျှောက်စီးပြီး ဗိုလ်တထောင်ဆိပ်ကမ်းမှာ လေညှင်းခံမယ်လေ'

ထက်မြက်အလိုကျ သည်းဦးပန်း လိုက်လျောလိုက်ပါတော့သည်။

■

## (၂၂)

နာရီ ရက် လတွေတဖြည်းဖြည်း ကုန်ဆုံးသွားသည်။ သည်းဦးပန်း နေသားတကျဖြစ်လာသည်။ ထက်မြက်ရဲ့ရင်ထဲမှာတော့ ဆန္ဒပြည့်ဝခြင်းမရှိဘဲ၊ ရှိနေရှာသည်။ သူ့ရဲ့မျိုးဆက်မရှိနိုင်တော့သည့်အတွက် တစ်ကိုယ်တော်ဆွေးပွဲက ရင်မှာကိန်းအောင်းနေသည်။

သည်းဦးပန်းက သူမပါလျှင်ပင် အပြင်သို့ သူငယ်ချင်းပေါင်းတွေနှင့် လည်ပတ်သည့်အခါတွေလည်း ရှိခဲ့သည်။ သည်းဦးပန်း စိတ်ချမ်းသာသလို သူထားခဲ့သည်။

ဒေါ်ကြီးစိန်နှင့် ဘကြီးငွေကလည်း ယခင်ကထက် သည်းဦးပန်းကို ပိုပြီး အလိုလိုက်နေကြသည်။ သူတို့အလွန်တောင့်တသောမြေးမရရှိနိုင်တော့ပြီဆိုတာသိပြီး ကြေကွဲမှုတွေတော့ အသီးသီးမှာ ရှိနေကြသည်။





တစ်နေ့ သည်းဦးပန်း အပြင်ကပြန်လာသည့်အခါ၊ လွန်စွာရွှင်ရွှင်ပျပျ ရှိနေသည်။ ညစာ ထမင်းဝိုင်းမှာ သူမရဲ့အသံလေးက လွှမ်းနေသည်။ ချစ်ဇနီးရဲ့ထူးခြားမှုကို ထက်မြက် သတိထားမိသည်။

ထမင်းစားသောက်ပြီး လင်မယားနှစ်ယောက် အေးအေးဆေးဆေး ရှိနေသည့်အချိန်မှာ သည်းဦးပန်းက သူမရဲ့အကြံအစည်များကို ပြောပြသည်။

'ကိုကို'

သူ့ရဲ့ပေါင်ပေါ်မှာ တံတောင်လေးထောက်ပြီး၊ ရွှန်းလက်သောမျက်ဝန်းများနှင့် မော့ကြည့်ပြီး မေးသည်။

'ဘာလဲ ပြောလေ'

'သည်းဦးတို့ ကလေးတစ်ယောက်လောက် မွေးစားရအောင်လား ကိုကိုရယ်'

'ဘာလို့လဲ သည်းဦးရ'

'သည်းဦးတို့မှာ သားသမီးမရနိုင်တော့တာပဲ ကိုကိုရယ်၊ မွေးစားမှပဲဖြစ်တော့မှာ မဟုတ်လား'

ချစ်ဇနီးကိုကြည့်ပြီး ထက်မြက်ရင်ထဲမှာ ကျဉ်ခနဲခံစားလိုက်ရသည်။ သားသမီးမရနိုင်တော့သည့် သူတို့အဖြစ်သည် တွေးလိုက်တိုင်း ကြေကွဲစရာပါလား။

'သည်းဦးက သိပ်ပြီးမွေးစားချင်နေတယ် ဆိုပါတော့'

'ဟုတ်တယ် ကိုကို'

'ဘယ်သူ့ကိုမွေးစားချင်လဲ၊ မွေးစားရမယ့်ကလေး ရှာရဦးမှာပေါ့'

'သည်းဦး တွေ့ထားပြီးပါပြီ'

'ဟုတ်လား'

'ဟုတ်တယ်... ကိုကို၊ သည်းဦးရဲ့သူငယ်ချင်းတစ်ယောက် အဆက်အသွယ်နဲ့တွေ့ခဲ့တာ'

'ဟုတ်လား'

'ကလေးက တစ်လသားပဲရှိသေးတယ် ကိုကိုရယ်၊ ဖြူဖြူဖွေး ဖွေးတုတ်တုတ်ခဲခဲလေး ယောကျ်ားလေးကိုကိုရဲ့'

'ဪ... သည်းဦးက တွေ့ပြီးပြီဆိုပါတော့'

'သွားကြည့်ပြီးပြီ၊ ဟိုကလည်း စာချုပ်စာတမ်းနဲ့ အမွေစား အမွေခံ မွေးစားရင်ပေးမယ်တဲ့ ကိုကို'

'ဟုတ်လား'

'ကိုကို လိုက်ကြည့်ပါလားဟင်၊ ကလေးက ချစ်စရာလေးပါ ကိုကိုကျေနပ်ရင် သည်းဦးက တစ်ခါတည်းမွေးစားလိုက်ချင်တယ်'

သည်းဦးပန်းရဲ့စိတ်ချမ်းသာမှုကို လိုလားသည်။ မွေးစား သားကို မလိုချင်ပါ၊ ဒါပေမယ့် သည်းဦးရဲ့အလိုကို လိုက်ဖို့ ဆုံးဖြတ် လိုက်သည်။

'သည်းဦးရဲ့သဘောပါပဲကွာ'

'ဒါဆို မနက်ကျရင် အဲဒီကလေးဆီ သွားကြရအောင်နော်၊ တစ်ခါတည်း အပါခေါ်လာခဲ့တော့မယ်'

ရွှင်လန်းတက်ကြွမှုကို သည်းဦးပန်းထံမှ မတွေ့ရှိခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ခုလို သည်းဦးပန်းက အားတက်သရော ပြောနေပြီး မျက်နှာလေးမှာ သွေးရောင်တွေလွှမ်းနေသည်က တစ်





မျိုးချစ်စရာပါလား။

'မနက်ဖြန် တနင်္ဂနွေဆိုတော့ ကိုကိုအားတာနဲ့အတော်ပဲ နော်၊ မနက်ပဲ သွားကြပါစို့နော်'

'ကောင်းပါပြီ သည်းဦးရယ်'

ထိုနေ့ညက သည်းဦးပန်းပျော်၍ ထင်ပါသည်။ ခါတိုင်း ထက် စကားတွေပိုပြောသည်။ သည်းဦးပန်းရဲ့အပျော်တွေ သူ့ရင် ကို ကူးစက်လာပါသည်။

* * *

နောက်တစ်နေ့ နံနက်မှာ သည်းဦးပန်းက လှလှပပလေး ပြင်ဆင်ပြီး ထက်မြက်နှင့်အတူ လှိုင်မြို့နယ်ရှိ ရပ်ကွက်လေးတစ် ကွက်သို့ ရောက်လာသည်။

အရပ်လက်သည် အဖွားကြီးတစ်ယောက်ရဲ့ အိမ်ပါပဲ။ ဒေါ်အေးတင်ဆိုသော အသက်ငါးဆယ်ကျော် ဝဝဖိုင့်ဖိုင့် လက် သည်ကြီးကို ပထမဆုံး ထက်မြက်တွေ့လိုက်ရပါပြီ။

'ဒေါ်ဒေါ်... ဒါ ကျွန်မရဲ့ခင်ပွန်း ဒေါက်တာထက်မြက်ပါ၊ ဒေါ်ဒေါ့်ဆီကကလေးကို ကျွန်မတို့မွေးစားချင်လို့ပါ'

'ဪ... ဟုတ်လား၊ ဆရာကရော ကလေးကိုမွေးစားဖို့ သဘောတူတယ်ပေါ့'

'ဟုတ်ပါတယ်'

'အမွေစားအမွေခံအဖြစ် စာချုပ်စာတမ်းနဲ့ မွေးစားမယ်ဆိုမှ အဒေါ်က ပေးနိုင်မယ်ဆိုတာကိုရော ဆရာသိပြီးပြီလား'

'ဟုတ်ကဲ့ပါ'

'ကိုကိုရေ... ဒီမှာကြည့်ပါဦး၊ ဘယ်လောက် ချစ်စရာကောင်းလဲလို့'

သည်းဦးပန်းရဲ့ ရင်ခွင်ထဲက ကလေးကို ထက်မြက်ကြည့်လိုက်သည်။ သားအရင်းသဖွယ် သည်းဦးပန်းက ကလေးကို ရင်မှာကြင်နာယုယစွာ ပိုက်ထွေးထားသည်။ ထိုကလေးကိုကြည့်ရင်း ထက်မြက်ရင်ထဲမှာ ချစ်ခင်တွယ်တာစိတ် လုံးဝမဖြစ်မိပါ။

သူ့သွေးမဟုတ်သောကလေးကို သားအရင်းသဖွယ် မွေးစားရမည်ဆိုတာက ထက်မြက်ရဲ့ရင်ကို အလွန်ကြေကွဲနာကျင်စေပါသည်။ ဇနီးသည်ကို ကြည့်လိုက်ပြန်တော့ ထိုကလေးကို တော်တော်ကြီး သံယောဇဉ်ရှိနေပုံရသည်။

သိပ်ချစ်သည်ဆိုသည့် သည်းဦးပန်းမှာ သားသမီးနှင့်ပတ်သက်ပြီး အနာတရရှိခဲ့သည်။ ဒဏ်ရာဒဏ်ချက်တွေ ရှိခဲ့သည်။ သည်းဦးပန်းရဲ့အလိုကို မလိုက်လျှင် သူမသိပ်ခံစားရမည်ဆိုတာကိုလည်း ထက်မြက်သိသည်။ ဒါကြောင့် သူ့ရဲ့ရင်ထဲက တင်းခံနေတဲ့ ဆန့်ကျင်ဘက်စိတ်တွေကို လျှော့ချလိုက်သည်။ သည်းဦးပန်းရဲ့အလိုသည်သာ မိမိ၏ဆန္ဒဖြစ်စေခဲ့ပါသည်။

'ဒီကလေးကို ခုပဲ သည်းဦးတို့ခေါ်သွားမယ်နော်'

'စာချုပ်စာတမ်းနဲ့ အသေအချာချုပ်ပြီးမှ ဒေါ်ဒေါ်က ပေးနိုင်မှာပါကွယ်'

'ဟုတ်ကဲ့ လုပ်ပါခင်ဗျ'

'ဒါဆို... ညနေမှပြန်လာပါလား၊ ဒေါ်ဒေါ်ဒီမှာ တိုင်ပင်ထားချင်လို့ပါ'





'သူ့မှာ မိဘ မရှိတော့လို့လားဗျာ'

'မိဘနှစ်ပါးလုံး ဆုံးပါးသွားပါပြီ၊ မိခင်က မီးတွင်းထဲမှာပဲ ဆုံးသွားတယ်၊ ဖခင်က သူ့ကိုယ်ဝန်နဲ့မှာပဲ ဆုံးရှာတာပါ၊ မျိုးရိုးသန့်ထဲကပါကွယ်၊ အဲဒီအကြောင်းတွေကို ဆရာ့ရဲ့ဇနီးကို ဒေါ်ဒေါ်ပြောပြီးသားပါ'

'သူ့မိဘတွေရဲ့ နာမည်ရော'

'အဲဒါကို ဒေါ်ဒေါ် မပြောနိုင်ပါဘူးကွယ်'

စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားသည်။

ဘာကြောင့် ဒေါ်အေးတင်က ကလေးရဲ့မိဘတွေအကြောင်း မပြောနိုင်ရတာလဲ။

'ဒီ့ပိုရှိတယ်၊ ကလေးအဖေရဲ့အမျိုးတွေသိရင် ကလေးတောင်းမှာစိုးပြီး၊ မိန်းကလေးက ဘဖွဖွမှာထားခဲ့လို့ပါ'

ဒေါ်အေးတင်က ထိုသို့ဖြေရှင်းပြတော့ ရင်ထဲမှာနည်းနည်းကျေနပ်သွားသည်။

'မျိုးကြီးဆွေကြီးထဲကဆိုတာကိုတော့ စိတ်ချလက်ချ ယုံပါဆရာ၊ ဒါကြောင့် ဒေါ်ဒေါ်ကလည်း တကယ့်ကိုသားသမီးရင်းနဲ့ခြားကျွေးမွေးမယ့် မွေးစားရှင်တွေရဲ့လက်ထဲကိုပဲ အပ်ချင်တာပါ'

'စိတ်ချပါခင်ဗျာ... ညနေ တစ်ခေါက်ပြန်လာခဲ့ပါမယ်'

သည်းဦးပန်းက ရင်ခွင်ထဲကကလေးကို မထားခဲ့ရက်သည့်ပုံစံနှင့်ရှိနေသည်။ ဒေါ်အေးတင်အိမ်က ပြန်ခဲ့ကြသည်။

* * *

'အိမ်မပြန်သေးဘဲ ကလေးအတွက် အသုံးအဆောင်တွေ သွားဝယ်ကြရအောင်လား ကိုကို'

'အိမ်ပြန်ပြီး ပိုက်ဆံယူဦးမယ်လေ'

'သည်းဦး တစ်ခါတည်း ထည့်လာခဲ့တယ်'

ဆန္ဒသိပ်ပြင်းပြနေတဲ့ သည်းဦးပန်းကို ကြည့်ပြီး ထက်မြက် ရယ်လိုက်သည်။

'နို့ဘူး နို့မှုန့် အဝတ်အစား ပုခက်ပါ ဝယ်ဖို့ သည်းဦးပန်း ထည့်လာခဲ့တာ'

'ကောင်းပါပြီတဲ့ဗျာ၊ ဘယ်ကိုမောင်းရမလဲသာပြော'

'ဒီနေ့ဆိုရင် လေဟာပြင်ဈေးပဲသွားလို့ရမှာ၊ အဲဒီပဲ သွားဝယ် ရအောင်နော်'

'ဟုတ်ကဲ့ ခင်ဗျာ'

'ကိုကိုနော်'

ထက်မြက်က နောက်ပြောင်လိုက်သည်။ သည်းဦးပန်း ကျေနပ်ပျော်ရွှင်ရလျှင် မိမိသည်လည်း ပျော်ရွှင်ရမည်သာ။ ဈေးသို့ ရောက်တော့ သည်းဦးပန်း စိတ်ကြိုက်ပြည့်စုံစွာ ဝယ်ခြမ်းပြီးမှ ပြန်ခဲ့ကြသည်။

'ပစ္စည်းတွေ ပြည့်စုံပါတယ်နော် ကိုကို'

'အင်း... စုံပါလိမ့်မယ်၊ မစုံတော့လည်း နောက်သွားဝယ်လို့ ရသားပဲဟာ'

'ညနေ သွားရဦးမယ်ဆိုတော့ အိမ်ပြန်ပြီး နားကြဦးစို့နော်'

'သည်းဦးကြည့်ရတာ မောနေတယ်ထင်တယ်'





'ဟုတ်တယ် ကိုကို နည်းနည်းမောတယ်'

သည်းဦးပန်းကို ကလေးတစ်ယောက်လို ဂရုစိုက်နေသည့် ကြားက သည်းဦးပန်းသည် မကြာခဏ သွေးအားနည်းပြီး မူးတတ် မောတတ်နေသည်။

■

## (၂၃)

ညနေမှာ ဒေါ်အေးတင်နှင့် ချိန်းဆိုထားသောအချိန်နှင့် ကိုက်ပြီး အိမ်ကထွက်ခဲ့သည်။ ဒေါ်ကြီးစိန်ကို သည်းဦးပန်းက ကလေးအတွက် နို့ဘူးတို့ ပုခက်တို့ ပြင်ဆင်ထားဖို့ မှာခဲ့သေးသည်။

ဒေါ်အေးတင်ရဲ့အိမ်သို့ ရောက်ခဲ့ကြပါပြီ။ အရပ်လူကြီးနှင့် ဒေါ်အေးတင်က စာချုပ်စာတမ်းများ အသင့်လုပ်ပြီး စောင့်နေသည်။

သည်းဦးပန်းက ရောက်ရောက်ချင်းမှာပဲ ကလေးကို ကောက်ချီလိုက်သည်။ စာချုပ်စာတမ်းတွေ လက်မှတ်ရေးထိုးပြီး ပြောဆိုစရာစကားများကို ထက်မြက်ကပဲ ပြောဆိုနေရသည်။

ပြန်သည့်အချိန်အထိ ကလေးကို လက်ပေါ်ကမချ။ ပြန်ခါနီးမှာမှ ဒေါ်အေးတင်ကို ကလေးနဲ့ပတ်သက်ပြီး မေးသည်။

'ဒေါ်ဒေါ်... ဒီကလေးရဲ့မွေးနေ့ မွေးရက်ကိုတော့ သိမှာပေါ့နော်'





'ဪ... သိပါတယ်၊ ဒေါ်ဒေါ် ရေးပေးလိုက်မယ်'

ကလေးရဲ့မွေးသက္ကရာဇ် အပြည့်အစုံကို ရလိုက်သည့်အတွက် ထက်မြက် ကျေနပ်သွားသည်။ စာချုပ်တစ်စောင်ကို ထက်မြက်က ရယူသည်။

ပြီးတော့ ဒေါ်အေးတင်ကိုလည်း ငွေတစ်ထပ်နှင့်ကန်တော့သည်။

'ကိုကိုရေ ကြည့်စမ်းပါဦး၊ သားလေးက ဆာနေပြီ'

ပါးစပ်လေး ပွစိပွစိလုပ်နေသော ကလေးငယ်ကို ရင်ခွင်မှာ ဖက်ထွေးပြီး သည်းဦးပန်းက ပြောသည်။

'ဒီကလေးက ကိုကိုနဲ့သည်းဦးရဲ့သားလေး ဖြစ်သွားပြီနော်၊ ဒါကြောင့် သားလေးလို့ပဲခေါ်မယ်နော်'

ကလေးသိပ်ချစ်တတ်သော သည်းဦးပန်းကိုကြည့်ပြီး ထက်မြက်က သနားနေသည်။

ရင်သွေးကို လွန်စွာမြတ်နိုးတမ်းတသော မိခင်တစ်ဦးအတွက် ရင်သွေးဆိုတာ မရှိလာနိုင်သည့်အဖြစ်က အလွန်ပင် ကြေကွဲစရာ ကောင်းနေပါလား။

အိမ်ရောက်တော့ ဒေါ်ကြီးစိန်က တံခါးဝကနေ ဆီးကြိုနေသည်။ သည်းဦးပန်းရဲ့ရင်ခွင်ထဲက ကလေးကို လှမ်းပွေ့ချီလိုက်သည်။

'ဟယ်... ကလေးက ချစ်စရာကောင်းလိုက်တာကွယ်'

'ဒေါ်ကြီးချီထားဦး၊ သည်းဦး နို့ဖျော်လိုက်ဦးမယ်၊ ကလေးက သိပ်ဆာနေပြီထင်တယ်'

သည်းဦးပန်းက အပြေအလွှား နို့ဖျော်သည်။ နို့ဘူးထဲထည့်ပြီး အအေးခံသည်။ ပြီးတော့ ဆာ၍ငိုနေပြီဖြစ်သော ကလေးကို နို့ဘူးတိုက်သည်။ နို့ကိုဆာလောင်မွတ်သိပ်စွာစို့နေသော ကလေးကို ကြည့်ပြီး သည်းဦးပန်းက ပြောသည်။

'ချစ်စရာလေးနော် ကိုကို'

'အေးကွ... ဖွံ့တယ်နော်'

ထက်မြက်က ကလေးငယ်ကိုကြည့်ပြီး ပထမဦးဆုံး ခင်တွယ်သောစိတ်ကလေး ဖြစ်သွားသည်။ သည်းဦးပန်းကို ကူညီပြီး ကလေးရဲ့ဝေယျာဝစ္စများကို ကူညီလိုက်သည်။

ရင်ထဲမှာ ဘဝင်ပြည့်ဝစွာကျခြင်း မရှိ။ သားစဉ်မြေးဆက်သည်အိမ်ကြီးကို အမွေဆက်ခံခဲ့သည်။ သူ့လက်ထက်ကျမှ သူစိမ်းရဲ့လက်သို့ ကျရောက်တော့မှာပါလား။

သူရဲ့အသွေးအသားအစစ်ဖြင့် တည်ဆောက်ထားသောသား မရနိုင်တော့ပါလား၊ သည့်အတွက် သည်းဦးပန်းအပေါ်မှာ စိတ်ငြိုငြင်မှုမရှိသော်လည်း ကံတရားကိုတော့ နည်းနည်းလေးမှ မကျေနပ်ပါ။

သူ့ရင်ထဲမှာ ဘယ်လို ခံစားနေရသည်ဆိုတာကို သည်းဦးပန်းကိုတော့ လုံးဝမသိစေချင်ပါ။ သည်းဦးပန်း စိတ်ဆင်းရဲရမည့်ကိစ္စဆိုလျှင် သူဝေးဝေးကသာရှောင်ပါသည်။

* * *

သူတို့ကလေးတစ်ယောက် မွေးစားထားသည်ကို ခင်ပြင့်က





လာလည်ရင်းနှင့်သိသွားသည်။

'မင်းတို့ရဲ့သားလေးက ချစ်စရာကြီးကွာ'

ခင်ပြင့် ထိုသို့ပြောလိုက်သည့်စကားက ကြည်နူးရမည့်အစား ထက်မြက်ရဲ့ရင်မှာ ကျဉ်ခနဲရှသွားသည်။ သူ့သားအဖြစ်နှင့် အပြောခံရလေတိုင်း မအီမလည် ခံစားမှုကြီးကို သူခံစားရမြဲဖြစ်သည်။ သည်စိတ်ကို ဖြေဖျောက်ရမည်ဆိုတာကိုလည်း သူနားလည်ပါသည်။

ဖြစ်ချင်သလိုမဖြစ်ရသည့် ဘဝအခြေအနေမှာ ဖြစ်လာသည့် အခြေအနေကို လက်ခံနိုင်ရမည်သာ။

* * *

'ကိုကိုရေ... သားလေးကို နာမည်ပေးကြရအောင်လေ'

'ဟုတ်သားပဲ၊ သည်းဦးက ဘယ်လိုပေးမလဲ ပြောပါဦး...'

'အင်း... နေ့သင့်နံသင့် စဉ်းစားလိုက်ဦးမယ်'

ပါးလေးကို လက်ညှိုးနှင့်ထောက်ပြီး သည်းဦးပန်းက စဉ်းစားနေသည်။ ဒေါ်ကြီးစိန်တို့ လင်မယားကလည်း သည်းဦးပန်း ပျော်ရွှင်နေတာကြည့်ပြီး စိတ်ချမ်းသာနေသည်။

'ဒေါ်ကြီးတို့လည်း ကူစဉ်းစားပေးဦးလေ'

'သည်းဦးပေးတာ ကောင်းမကောင်း ဒေါ်ကြီးတို့က ဝေဖန်ပေးမယ်'

သည်းဦးပန်းက မျက်ခုံးလေးအတွန့်ချိုးပြီး လေးလေးနက်နက်တွေးနေသည်။ ပြီးမှ...

'ကိုကို့နာမည်နဲ့သည်းဦးနာမည် နှစ်ခုပေါင်းပြီး ထက်ဦးလို့

ပေးရင် မကောင်းဘူးလားဟင်'

'ကောင်းသားပဲ သည်းဦးရဲ့'

ဒေါ်ကြီးစိန်တို့လင်မယားက ထောက်ခံသည်။ ထက်မြက်က လည်း ရယ်နေသည်။

'ကိုကိုကြိုက်ရဲ့လား'

'ကြိုက်ပါတယ် ခင်ဗျာ'

'ဒါဆို သားလေးနာမည် ထက်ဦး ဖြစ်သွားပြီနော်'

သည်းဦးပန်းက ကလေးကိုကောက်ချီပြီး မျက်နှာသေးသေး လေးနားကပ်ပြီး ထက်ဦးဆိုသော အမည်ကို ခေါ်နေသည်။

ကလေးရောက်လာမှ သည်းဦးပန်း ကျန်းမာရေး ပိုပြီး တောင့်တင်းလာသည်ဆိုတာကို တွေ့နေရသည်။ သည်းဦးပန်း စိတ် ချမ်းသာနေသည့်အတွက် ထက်မြက် ဝမ်းသာရသည်သာ။

တစ်နေ့တစ်နေ့ သည်းဦးပန်းက ကလေးအလုပ်နှင့် မအားရ အောင်ရှိနေသည်။ သည်းဦးပန်းသည် လင်အပေါ်မှာလည်း ဝတ္တရားမပျက် ရှိနေရှာသည်။ သွေးအားနည်းတတ်သည့် သည်းဦး ပန်းရဲ့ကျန်းမာရေးကို ထက်မြက်က အမြဲဂရုစိုက်ပေးနေသည်။

* * *

'သည်းဦးရေ... ဒီနေ့ ကိုကိုရဲ့သူငယ်ချင်း ဆရာဝန်တစ် ယောက်ရဲ့ သုံးနှစ်မြောက် မင်္ဂလာပွဲရှိတယ်၊ သည်းဦးပါ လိုက်ခဲ့ ကွာ'

'ကိုကိုပဲ သွားထိုင်ပါ၊ သည်းဦး မလိုက်ချင်တော့ပါဘူး'





'သည်းဦးကလည်းကွာ'

'ကိုကိုကလည်း လိမ္မာသားနဲ့ ကိုကိုပဲ သွားလိုက်နော်'

သည်းဦးပန်းမပါဘဲ၊ သူတစ်ယောက်တည်းပဲ သူငယ်ချင်းရဲ့ ပွဲကို တက်ခဲ့ရသည်။

'လာ... ကိုထက် ဇနီးချောလေးမပါပါလား'

'အင်းဗျာ ကလေးနဲ့ အလုပ်ရှုပ်နေတယ်'

သူငယ်ချင်းတွေ စုစည်းရှိနေကြသည့်ဝိုင်းမှာ ထက်မြက်ကို သော်ဇင်က နေရာချပေးသည်။ စားကြသောက်ကြ မတွေ့တာကြာ ပြီဖြစ်၍ စကားဝိုင်းကလည်း စိုပြည်နေသည်။

ဘေးစားပွဲဝိုင်းဆီသို့ ထက်မြက်ရဲ့အကြည့်က ရောက်သွား သည်။ သူ့ကိုစူးစိုက်စွာကြည့်နေသော မျက်ဝန်းတစ်စုံနှင့်တိုးသည်။

ချောမွေ့လှပသော မိန်းမတစ်ဦးရဲ့အကြည့်။ ထိုမိန်းမရဲ့ အကြည့်ကြောင့် ထက်မြက်ရဲ့ရင်မှာ တစ်မျိုးကြီးဖြစ်သွားရသည်။

သူမထံမှ အကြည့်ကို ရုပ်သိမ်းလိုက်ပြီး သူငယ်ချင်းများရဲ့ စကားဝိုင်းဆီသို့ အာရုံစိုက်လိုက်သည်။ အချိန်လေးတွေ ကြာမြင့် လာသည်နှင့်အမျှ သူငယ်ချင်းတွေ တစ်ယောက်စ နှစ်ယောက်စ ပြန်ကုန်ပြီ။

'ထက်ကြီးနဲ့ ခင်မြင့်နေကြဦးကွာ'

သော်ဇင်က တားထားတော့ သူတို့နှစ်ယောက် မပြန်ရသေး ပါ။ တစ်ဖက်စားပွဲကို ထက်မြက်ရဲ့အကြည့်ရောက်သွားပြန်သည်။

'ဟင်...'

ထိုမိန်းမရဲ့အကြည့်ကို ပြန်ပြီးခံစားရပြန်သည်။ ရင်မှာ မအီ

မလည်ကြီး ဖြစ်သွားရပြန်သည်။ သော်ဇင်နှင့် ထိုအမျိုးသမီး သူတို့ စားပွဲဆီသို့ ပါလာသည်။

'ထက်ကြီးနဲ့ခင်မြင့်ကို မိတ်ဆက်ပေးရဦးမယ်၊ သူက ကိုယ့်အမျိုးသမီးရဲ့သူငယ်ချင်းလေ ချစ်ချစ်တဲ့၊ ဒါကိုယ့်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်း ထက်မြက်နဲ့ခင်မြင့် မှတ်ထားနော်'

သူမရဲ့အမည်ကို ကြားလိုက်စဉ် ထက်မြက်ရဲ့ရင်မှာ တစ်မျိုးကြီး ဖြစ်သွားသည်။ အလွန် ခေါ်ရခက်သောနာမည်ပင် မဟုတ်လား။

'ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်ရှင်၊ ချစ်ချစ်ကိုလည်း မိတ်ဆွေရင်းတစ်ယောက်လို သဘောထားပါ'

ချစ်ချစ်ရဲ့မျက်ဝန်းတွေက တအားကိုတောက်ပြောင်နေသည်။ ခြံထဲရှိ မီးရောင်စုံရဲ့အလင်းရောင်က သူရဲ့မျက်နှာမှာ ထင်ဟပ်ပြီး သိပ်ကိုဆွဲဆောင်မှု အားကောင်းသောမျက်နှာတစ်ခု ဖြစ်နေသည်။

ချစ်ချစ်ရဲ့မျက်နှာကို စေ့စေ့မကြည့်ရဲလောက်အောင် ထက်မြက်ရင်မှာ လှုပ်ရှားသွားသည်။ အတတ်နိုင်ဆုံး ချစ်ချစ်ကို မကြည့်မိအောင်နေသည်။

ချစ်ချစ်က လိုအပ်သည်ထက် ခင်မင်မှုတွေကို ပြနေသည်။ ချစ်ချစ်ရဲ့ရုပ်သွင်က ချောပါသည်။ လှပသည်။ ရှင်းရှင်းပြောရလျှင် ရဲတင်းသောအလှ။ အေးဆေးတည်ငြိမ်မှုမရှိသည့် ပူလောင်သောအလှပါ။

ထက်မြက်တို့အနားမှာလာထိုင်ပြီး အချိန်ကြာမြင့်စွာ ပြော





နေသည်။ ဆွဲဆောင်မှုရှိသောသူ့ရဲ့ နှုတ်ဟန်အမူအရာကြားမှာ အားလုံး နစ်မျောသွားသည်မှာ အမှန်။

ခင်မြင့်တို့ဇနီးမောင်နှံ ပြန်သွားပြီ။ စားပွဲမှာ ထက်မြက်ရယ်၊ ချစ်ချစ်ရယ်၊ သော်ဇင်ရယ်သာ ကျန်ရစ်ခဲ့တော့သည်။ အိမ်ပြန်သိပ်နောက်ကျလျှင် သည်းဦးပန်း မျှော်နေရှာရော့မည်။

'အိမ်ပြန်မယ် သော်ဇင်'

'ချစ်ချစ်လည်း ပြန်မယ် ကိုသော်ဇင်လိုက်ပို့ပေးပါ'

'ဒီလိုလုပ်လေ၊ ထက်မြက်ကားနဲ့ပဲ ချစ်ချစ်လိုက်သွားပါလား'

ထက်မြက်ရင်ထဲမှာ အမှန်တကယ်ပင် ချစ်ချစ်ကို လိုက်မပို့ချင်ပါ။ သော်ဇင်က ပို့ခိုင်းတော့ အားနာပါးနာနှင့် သဘောတူလိုက်ရသည်။

* * *

'မချစ်ချစ်ကို ဘယ်ပို့ရမလဲ ပြောပါ'

ကားပေါ်ရောက်တော့ ထက်မြက်က ချစ်ချစ်ကို မေးသည်။ ချစ်ချစ်က ကြာပါသော မျက်ဝန်းအကြည့်နှင့် သူ့ကိုကြည့်သည်။ ရင်ထဲမှာ ကသိကအောက်ကြီး ဖြစ်သွားသည်။

'ကမာရွတ် စံရိပ်ငြိမ်မှာ ချစ်ချစ်နေပါတယ်'

ထက်မြက်က ကားကို စက်နိုးပြီး ကမာရွတ်စံရိပ်ငြိမ် အရပ်ဆီသို့ မောင်းလိုက်သည်။

'ကိုထက်မြက်ရဲ့အမျိုးသမီးက လိုက်မလာဘူးနော်'

'ဟုတ်တယ်၊ အိမ်မှာ ကလေးငယ်နဲ့ဆိုတော့ မအားလို့ပါ'

'ဟုတ်လား၊ ကလေးက ဘယ်လောက်ငယ်လို့လဲ'

'သုံးလလောက်ရှိပါပြီ'

'ဩော် ကိုထက်မြက်က ကလေးတစ်ယောက် အဖေကိုး'

ရယ်စရာမဟုတ်သောစကားကို ရယ်လွှင်လွှင်နှင့် ပြော

သော ချစ်ချစ်ကို မနှစ်မြို့ကိ်မိပါ။

'ကလေးက ဘာလေးလဲ၊ သားလား၊ သမီးလား'

'သား'

တိုတိုတုတ်တုတ်ပင် ထက်မြက်က ပြန်ဖြေသည်။ ချစ်ချစ်ထံ

မှ စကားပြတ်မသွား၊ ဆက်ပြီး တိုးလာနေသည်။

'ကိုထက်မြက်နဲ့တူရင်း၊ သားက လူခန့်လူချောဖြစ်မှာပဲ'

ကျောထဲမှာ စိမ့်ခနဲချမ်းသွားသည်။ ချစ်ချစ်ရဲ့စကားပေါ်

မှာ သာယာမှုမဖြစ်ခဲ့ပါ၊ စံရိပ်ငြိမ်ရပ်ကွက်သို့ ရောက်တော့မှ စိတ်

မှာ လွတ်လပ်ပေါ့ပါးသွားသည်။

'ဘယ်နားမှာ ရပ်ပေးရမလဲ ပြောပါ'

'ရှေ့က နှစ်ထပ်အိမ်ရှေ့မှာ ရပ်ပေးပါ ကိုထက်မြက်'

သပ်ရပ်သော နှစ်ထပ်တိုက်ရဲ့ရှေ့မှာ ထက်မြက်က ကားကို

ရပ်သည်။ ချစ်ချစ်က ကားပေါ်က မဆင်းသေးဘဲ သူ့ကို လှမ်းကြည့်

သည်။

'ခဏလောက် အိမ်ထဲဝင်ပါဦးလားရှင်'

'နောက်မှပဲ လာခဲ့ပါ့မယ်'

'ခဏလေးဆင်းပါဦး ကိုထက်မြက်ရဲ့၊ ချစ်ချစ်ကို ခင်တဲ့

အထိမ်းအမှတ်နဲ့ပါ'





လူမှုရေးအရ မငြင်းသာသည့် တုတ်နှောင်စကားများ

ကြောင့် ထက်မြက် အကျပ်ရိုက်နေသည်။ နောက်ဆုံးမှာတော့ လူ

ယဉ်ကျေးပီပီ ချစ်ချစ်ဖိတ်ခေါ်သည်ကို လက်ခံလိုက်သည်။

နှစ်ထပ်တိုက်ကြီးမှာ တိတ်ဆိတ်နေသည်။ ချစ်ချစ်ကိုယ်တိုင်

သော့ကို ဖွင့်ဝင်ရသည်ဆိုတော့ ထိုတိုက်မှာ သူမတစ်ဦးတည်းနေ

သည်ကို ထက်မြက် ရိပ်စားမိသည်။

'တိုက်ကြီးက အကြီးကြီးပဲ၊ ဒီမှာ မချစ်ချစ်တစ်ယောက်

တည်း နေတာလား'

'ဟုတ်ပါတယ်'

လှမ်းနေသော ခြေလှမ်းတွေပင် တွန့်သွားသည်။ သူမတစ်

ယောက်တည်း နေသောအိမ်မှာ ထက်မြက် ဝင်လိုစိတ်မရှိပါ။

'တစ်ခုခုသောက်မလား ကိုထက်မြက်'

'မသောက်တော့ပါဘူး မချစ်ချစ်'

'ချစ်ချစ်လို့ခေါ်လည်း ရပါတယ်'

ထက်မြက်က ထိုသို့ခေါ်ရမှာ အကြောက်ဆုံး။ ဒါကြောင့်

မချစ်ချစ်လို့ပဲ ခေါ်ဖို့စိတ်ကူးထားသည်။

'ကျွန်တော် ပြန်ပါဦးမယ်'

'နောက်လည်း ချစ်ချစ်ဆီ လာလည်ပါနော်'

ညို့ဝင်အားတွေ ပြည့်နေသောအကြည့်နှင့် ချစ်ချစ်ကကြည့်

ပြီး ပြောသည်။

■

## (၂၄)

အပြန်လမ်းမှာ သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိနေသည်။ ချစ်ချစ် အငွေ့အသက်တွေ သူ့မှာ ကပ်ငြိလာသည်လို့ ခံစားမိသည်။ သည်မိန်းမကြောင့် သူ့စိတ်တွေ ကသိကအောက် ဖြစ်ခဲ့ရတာ အမှန်။

အထူးသဖြင့် ညှို့ငင်ဖမ်းစားနိုင်လွန်းသော သူ့ရဲ့အကြည့်။

သူအိမ်ပြန်နောက်ကျ၍ သည်းဦးပန်းက ထင်သည့်အတိုင်း စိတ်ပူစွာ စောင့်စားနေသည်။

'ကိုကို နောက်ကျလိုက်တာ'

'ဟုတ်တယ် သည်းဦးရယ်၊ သူငယ်ချင်းတွေနဲ့ ဆုံတာနဲ့ ကြာသွားတယ်'

သည်းဦးပန်း၏ မျက်နှာလေးကို မြင်လိုက်ရတော့ စောစောက ရင်မှာရှုပ်ထွေး နောက်ကျိခဲ့သည့်အဖြစ်များ ပိန်းကြာရွက်ပေါ် ကရေလို လျှောခနဲ ပျောက်စင်သွားသည်။

'သားလေးတောင် အိပ်သွားတာကြာပြီ'

'ဟုတ်လား'





အခန်းထဲရောက်တော့ ထုံးစံအတိုင်း သည်းဦးပန်းက သူ့ရဲ့ ရှပ်ကြယ်သီးများကို ဖြုတ်ပေးသည်။ ချစ်ဇနီး၏နဖူးပြင်လေးကို နမ်းရှိုက်လိုက်ရင်း စိတ်ထဲမှာကြည်လင်သွားရသည်က အမှန်။

* * *

နောက်တစ်နေ့နံနက်မှာ ကြည်လင်လန်းဆန်းသော စိတ်နှင့် ဆေးရုံမှာ လုပ်ရိုးလုပ်နေကျ တာဝန်များကို လုပ်ကိုင်နေသည်။ အဆောင်ထဲရှိ လူနာတွေကို လှည့်ပတ်ကြည့်ရှုပြီး အခန်းထဲ ပြန်ရောက်လာသည်။

စားပွဲမှာ ထိုင်ရုံရှိသေးသည်။ တယ်လီဖုန်းသံ စူးစူးဝါးဝါး ထမြည်သည်။

'ဟုတ်ကဲ့ အမိန့်ရှိပါ'

'ကိုထက်မြက် မဟုတ်လားဟင်'

အသံရှင်ကို ဘယ်သူမှန်း မသိသော်လည်း ထက်မြက် ဟုတ်ကြောင်းကိုတော့ ဖြေလိုက်သည်။

'ချစ်ချစ်ပါ'

'ဩော်... ဘာကိစ္စရှိလို့ပါလဲ'

ချစ်ချစ်ဆိုသောအမည်ကို ကြားသည်နှင့် ရင်ထဲမှာ ခိုးလိုးခုလုကြီး ဖြစ်သွားသည်။

'ကိုထက်မြက်ရယ် အကြောင်းရှိမှပဲ ချစ်ချစ်က ဆက်ရမှာလား၊ ကိုထက်မြက်က သိပ်စိမ်းတယ်'

ထက်မြက်ရင်ထဲမှာ ဟာခနဲ ဖြစ်သွားသည်။ တွေ့တာမှ

တစ်ခေါက်ရှိသေးတယ်၊ ချစ်ချစ်ရဲ့စကားတွေက ရဲတင်းနေသည်။ စိမ်းသည်လို့ပြောရအောင် သူနဲ့ ဘယ်လောက်များ ရင်းနှီးနေခဲ့ဖူးလို့လဲ၊ တကယ့်ကို မိန်းမတစ်ယောက်လို နှုတ်သီးကောင်းလျှာပါးနှင့် ရန်တွေ့လိုက်ချင်တာ အမှန်။

'ကျွန်တော် အလုပ်တွေများနေလို့ပါ၊ ပြောစရာရှိရင်ပြောပါ မချစ်ချစ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒါပဲနော်'

ထက်မြက်က စကားမြန်မြန်ဖြတ်ပြီး ဖုန်းခွက်ကိုချလိုက်သည်။ ပြီးတော့... ပင့်သက်ရှည်ကြီးကို ချလိုက်သည်။ ချစ်ချစ်နှင့် စကားပြောရတာ သူ့ရင်မှာမောသွားရတာ အမှန်ပါ။

'အဲဒီမိန်းမ ဘာလို့ငါ့ကို သိပ်ပြီး အရောဝင်နေရတာလဲ၊ သူနဲ့ ခပ်ကင်းကင်းနေမှ ကောင်းမယ်'

'သည်းဦးပန်းနှင့်သူ့ကြားမှာ ဘယ်လို အနှောင့်အယှက်မျိုးမှ အဝင်မခံနိုင်ပါ။ အနှောင့်အယှက်ရှိလာနိုင်သည့် ကိစ္စဆိုလျှင်လည်း ဝေးဝေးကသာ ရှောင်ရှားရမည်သာ။

* * *

'ကိုကိုရေ၊ သားလေးကို ကြည့်စမ်းပါဦး၊ ထွားလာတယ်နော်၊ နောက်ပြီး ကိုကိုတစ်ခုကို သတိထားမိလားဟင်'

သည်းဦးပန်းက သူ့ဟန်အတိုင်း ချွဲချွဲနွဲ့နွဲ့လေးနှင့် ချစ်လင်ကို လှမ်းကြည့်ပြီး ပြောသည်။ သူ့ရင်ခွင်ထဲမှာ ထက်ဦးလေးက ခြေကားယား လက်ကားယား၊ ပါးစပ်ကလည်း ဝူးဝူးဝါးဝါးအသံမြည်နေသည်။





'ဘာများလဲ သည်းဦးရယ်'

'သားလေးရဲ့ညာဘက်ပါးမှာ အစက မှိန်မှိန်လေးရှိတဲ့ ...လေး ခုထင်လာပြီ သိလား'

သည်းဦးပန်းပြောမှ ထက်ဦးရဲ့ပါးပြင်က မှဲ့လေးကို ...က်မြက်က သတိထားမိသည်။ ဟုတ်ပါရဲ့ ပါးပြင်ကမှဲ့လေး ဖြူ...င်းသောအသားအရေပေါ်မှာ ထင်းနေပါလား။

'ကိုကို့ရဲ့သားအရင်းဆိုရင်တောင် ယုံမှာ၊ အဲဒီမှဲ့လေးက ...က်သေပြနေတာ'

'သည်းဦးရယ်၊ သားကို သိပ်ချစ်တာပဲလား'

'ချစ်တာပေါ့ ကိုကိုရယ်၊ သည်းဦးရဲ့သားလေးပဲဟာ...'

သွေးသားအရင်းမဟုတ်သည့် မွေးစားသားလေးကို သည်း...ပန်းသည် သိပ်ကိုချစ်ရှာပါလား၊ သားအရင်းများဆိုလျှင်...

ကျဉ်ရှသော ခံစားမှုတစ်ခု ရင်မှာ ဖြစ်သွားသည်။ တိုက်တိုက် ...ိုင်ဆိုင် ထက်ဦးလေးရဲ့ပါးပြင်ပေါ်က မှဲ့ကိုလည်း အံ့ဩမိနေ...သည်။

တစ်နေ့တခြား ကြီးထွားပြီး ချစ်စရာကောင်းတဲ့ ထက်ဦးကို ...ကြည့်လိုက်သည်။ ကလေးသည် ချစ်မွေးပါသလားမသိ။ တွေ့သည့်...င်သည့်သူတွေက ချစ်ကြသည်။

ခင်မြင့်ပင်ရောက်လာလျှင် ထက်ဦးလေးကို ပွေ့ချီမပြီး ...လူကျီစယ်တတ်သည်။

သည်နေ့ ထက်မြက်ဆေးခန်းက အပြန်နောက်ကျသည်။ ...ဒေါ်ကြီးစိန်က သူ့ကို တံခါးဖွင့်ပေးသည်။

'သည်းဦးရော'

'အပေါ်မှာ သားကြီးကို သိပ်နေတယ်'

အပေါ်ထပ်အခန်းကို ထက်မြက် တက်ခဲ့သည်။ သည်းဦးပန်းက အိပ်ပျော်နေသော ကလေးကို စောင်ခြုံပေးနေသည်။

'ဟော... ကိုကို ပြန်လာပြီကိုး'

'သည်းဦး အားဆေးသောက်ပြီးပြီလား'

သွေးအား မကြာခဏ နည်းတတ်သော ဇနီးသည်ကို အားဆေးမပြတ်အောင် ထက်မြက်က အမြဲသတိပေးနေရသည်။

'သောက်ပြီးပါပြီ၊ ဩော်... ဒါနဲ့ ကိုကို့ကို အမျိုးသမီးတစ်ယောက် ဖုန်းဆက်တယ်'

'ဟုတ်လား၊ ဘယ်သူလဲ...'

'မချစ်ချစ်တဲ့'

ထက်မြက်ရဲ့မျက်ခုံးတွေ တွန့်သွားသည်။ ချစ်ချစ်က ဘာကိစ္စအတွက် သူ့ကိုဖုန်းဆက်ရသနည်း။ သူနှင့်ချစ်ချစ်မှာ ဖုန်းဆက်ပြီး ပြောရလောက်အောင် ဘာအကြောင်းမှ မရှိပါ။

'ဘာလို့ ဆက်တာတဲ့လဲ'

'သူ ကောင်းကောင်းနေမကောင်းလို့ ကိုကိုနဲ့ပြချင်လို့တဲ့၊ ကိုကို့ရဲ့ဆေးခန်းလိပ်စာကိုမေးတာ'

တော်တော်လည်း ရှုပ်ရှုပ်ယှက်ယှက်နိုင်သည့် မိန်းမလို့ စိတ်ထဲက ဒေါကန်နေသည်။ သည်းဦးပန်းရှေ့မှာ ဘာကိုမှမရိပ်စားမိအောင် ဟန်ဆောင်နေလိုက်သည်။

'သူက ကိုကိုနဲ့တော်တော် ခင်လား'





'သော်ဇင်နဲ့ပတ်သက်ပြီး သိတာပါ၊ သူနဲ့သော်ဇင်က သိပ်ခင်ကြတယ်လေ'

'ဟုတ်လား'

'သား-ဒီနေ့ လိမ်လိမ်မာမာ နေရဲ့လား'

စကားလမ်းကြောင်းကို တမင်ပြောင်းလိုက်သည်။ ချစ်ချစ်ဆိုတဲ့ မိန်းမအကြောင်းကို သည်းဦးပန်းနှင့်သူ လုံးဝ မပြောချင်ပါ။

'သားက သိပ်အေးတာပဲ ကိုကိုရယ်၊ ကြီးရင်လိမ္မာမယ့်ကလေး၊ သိလား'

ကြည်နူးစွာပြောနေသော ချစ်ဇနီးရဲ့ပါးကို ဆွဲလိမ်လိုက်သည်။ သည်း့ဦးပန်းသည် ထက်ဦးလေးအပေါ်မှာ တကယ့် သားရင်းပမာ ချစ်တတ်လှချည်လား။

'ငါကျေတော့ရော'

သူ့ကိုယ်သူ ထိုမေးခွန်းကို မကြာခဏ မေးခဲ့ဖူးသည်။ ထက်ဦးသည် ချစ်စရာကောင်းသည့်ကလေးမို့ သူချစ်ပါသည်၊ ဒါပေမယ့် သူ့ရဲ့အသွေးအသားနှင့် တည်ဆောက်ထားသော ကလေးမဟုတ်သည့်အတွက်ကြောင့် ရင်မှာ မရှင်းပါ။ ပြည့်ဝစွာ မချစ်နိုင်သည်က အမှန်။ သားစဉ်မြေးဆက် အမွေဆက်ခံခဲ့သော ဤအိမ်ကြီးကို သူစိမ်းသွေးရဲ့လက်ထဲမှာ ထားရစ်ခဲ့ရမှာ တွေးလိုက်တိုင်းရင်ထဲမှာ ခုခုခံခံကြီးပါလား။

ထက်ဦးလေးအပေါ် ပြည့်ဝစွာမချစ်နိုင်သေးသည်ကို သည်းဦးပန်းအား လုံးဝမသိစေချင်ပါ။ သူ့ကြောင့် သည်းဦးပန်းရဲ့ပျော်

ရှင်မှုတွေ ထိပါးပျက်စီးသွားမှာကို မလိုလားပါ။ သည်းဦးပန်းလေး စိတ်ချမ်းသာနေသည်ကိုသာ မြင်ချင်သည်သာ။

* * *

ထက်ဦး အိမ်ရောက်လာမှ နံနက်စောစော လမ်းလျှောက်ခြင်းအလုပ်ကို ထက်မြက် မလုပ်ဖြစ်တော့ပါ။ သည်းဦး ပင်ပန်းမည်စိုး၍ ကလေးဝေယျာဝစ္စကို ကူညီခဲ့သည်။ သည်းဦးပန်းကို အပင်ပန်းမခံစေချင်၍ ကလေးထိန်းတစ်ယောက် ငှားမည်ဆိုတာကို သည်းဦးပန်းက လုံးဝ လက်မခံပါ။

သည်တော့ မနေသာတဲ့သူက ကူညီသည်။ သည်းဦးပန်းက သူကူညီလျှင်လည်း အတင်းတားတတ်သည်။ နံနက်စာကို သည်းဦးပန်းနှင့် အတူစားသောက်နေသည့်အချိန်မှာ ဒေါ်ကြီးစိန်က ဧည့်သည်အမျိုးသမီးတစ်ယောက် ရောက်နေသည်လို့ လာပြောသည်။

'ဟုတ်လား၊ ခဏစောင့်ခိုင်းလိုက်ပါ ဒေါ်ကြီးစိန်'

ကလေးတစ်ဖက်နှင့် ဒေါ်ကြီးစိန်က ဧည့်ခန်းသို့ ပြန်ထွက်သွားသည်။ မြန်မြန်စားသောက်ပြီး သည်းဦးပန်းနှင့်ထက်မြက်က ဧည့်ခန်းဆီသို့ ထွက်ခဲ့ကြသည်။

ဧည့်ခန်းထဲတွင်ထိုင်နေသော အမျိုးသမီးကိုတွေ့သည်နှင့် ထက်မြက်ရင်ထဲမှာ ဆတ်ခနဲ တုန်သွားသည်။

'ဟင်... မချစ်ချစ်ပါလား'

တအံ့တသြကြီးဖြစ်သွားပေမယ့် ထိုအမူအရာကို သည်းဦးပန်းကို မသိစေလိုက်ပါ။ အိမ်အထိလိုက်လာသော ချစ်ချစ်ကို ကျိတ်





ပြီး ဒေါသတွေပွားနေသည်။

'မချစ်ချစ် ဘာကိစ္စရှိလို့လဲ'

ထက်မြက်က ဒေါသသံမပါဘဲ အသံမှန်နှင့် ချစ်ချစ်ကို မေးသည်။

'ခုတလော ချစ်ချစ် ခေါင်းမူးမူးနေလို့ ဆရာနဲ့ပြချင်လို့ပါ'

'ဆေးခန်း လာခဲ့ရောပေါ့ဗျာ'

'မနက်ကခေါင်းထဲမှာ သိပ်ပြီးကိုက်တယ်၊ မူနောက်နောက်ကြီးဖြစ်နေတာနဲ့ ဆေးခန်းအချိန်ကို မစောင့်ချင်တော့ဘူး၊ ကိုသော်ဇင်ဆီသွားတော့ အိမ်မှာ သူလည်းမရှိဘူးလေ၊ ဒါနဲ့ ဆရာ့ကို အားကိုးပြီး လာခဲ့တာပါ'

ချစ်ချစ်ရဲ့ ပြောဟန်ဆိုဟန်ကိုကြည့်ပြီး သည်းဦးပန်းက သနားသွားသည်။ စိတ်ထားနူးညံ့ပျော့ပျောင်းသော သည်းဦးပန်းကို ချစ်ချစ်က အသနားခံသောမျက်ဝန်းတွေနှင့် ကြည့်နေသည်။

'ညီမက ကိုထက်မြက်ရဲ့ဇနီးထင်တယ်၊ ချောလိုက်တာနော်အမေချောလို့ ထင်ပါတယ်၊ သားလေးကလည်း ချောတယ်နော်'

'ဟုတ်ကဲ့ ကျွန်မ သည်းဦးပန်းပါ၊ သားလေးက ထက်ဦးပါ'

သည်းဦးပန်းက နဂိုဗီဇအတိုင်း ရင်းရင်းနှီးနှီး ပြန်ဆက်ဆံလိုက်သည်။

'ကိုကိုရယ်... ကြည့်ပေးလိုက်ပါ၊ မမချစ်ချစ်က ရောဂါခံစားနေရတာ သနားပါတယ်'

ကျေးဇူးတင်သော မျက်ဝန်းတွေနှင့် သည်းဦးပန်းကို ချစ်ချစ်က ကြည့်လိုက်သည်။ မနေသာတော့ဘဲ ထက်မြက်က ချစ်ချစ်ကို

စမ်းသပ်ပေးနေရသည်။

ပြီးတော့ လိုအပ်သည့်ဆေးများ ညွှန်ကြားပေးသည်။ စမ်းသပ်ကြည့်ရှုတော့ ပြောသလောက် ချစ်ချစ်မှာ ဝေဒနာမရှိတာကိုတွေ့ရသည်။

'ဘာအကြံအစည်နဲ့ ဒီမိန်းမ ငါနဲ့နီးစပ်အောင်လုပ်နေတာလဲ'

စိတ်ထဲက အစာမကြေဖြစ်နေသည်။ ဒါပေမယ့် အလိုက်အထိုက်ဆက်ဆံသည်။ သည်းဦးပန်းကို အပြတ်အသတ်ကြီး စည်းရုံးနေသည်ကို ထက်မြက် တွေ့မြင်ရသည်။ ခဏအတွင်းမှာပဲ သည်းဦးပန်းရဲ့ခင်မင်မှုကို သူ ရယူလိုက်သည်။ မိတ္တဗလ ကျွမ်းကျင်သော ချစ်ချစ်ရဲ့အရည်အချင်းကို ထက်မြက် တွေ့မြင်လိုက်ရသည်။ ချစ်ချစ် ပြန်ခါနီးမှာ သည်းဦးပန်းက...ပြောလိုက်သေးသည်။

'နေမကောင်းမှမဟုတ်ပါဘူး မမချစ်၊ သည်းဦးတို့အိမ်ကို လာလည်နိုင်ပါတယ်ရှင်'

ချစ်ချစ်က ကျေနပ်စွာပြုံးပြီး ကျေးဇူးတင်စကားဆိုကာ ပြန်သွားသည်။ ချစ်ချစ်နှင့် တွေ့ဆုံရလေတိုင်း ထက်မြက်ရဲ့ရင်မှာ မအီမလည် ခံစားမှုမျိုးကြီးကို အမြဲခံစားရသည်။

'မမချစ်က တော်တော်ချောတယ်နော်၊ သဘောကောင်းပုံလည်းရတယ်'

'ကိုကို့ရဲ့အချစ်က သူ့ထက်အများကြီး ပိုချောတယ်'

သည်းဦးပန်းက ပါးချိုင့်လေးတွေပေါ်အောင်ပင် ပြုံးလိုက်သည်။





'ဒါ ကိုကို ပိုလိုက်တာပေါ့နော်'

'တကယ်ပါကွာ အလွန် ဖြူစင်သန့်ရှင်းတဲ့ အလှပိုင်ရှင်လေး'

သည်းဦးပန်းကိုထွေးပွေ့ပြီး ရင်ထဲက လှိုက်လှဲစွာပြောမိသည်။ ပူလောင်တဲ့ ချစ်ချစ်ရဲ့အလှမျိုးကို သူ မနှစ်မြို့က်မိသည်က အမှန်။

ဒါပေမယ့် ရင်မှာခုန်သွားလိုက်တာကိုတော့ သေသေချာချာ သိလိုက်သည်။

■

## (၂၅)

ထက်ဦးလေး တစ်နေ့တခြား ချစ်စရာကောင်းလာသည်။ သည်းဦးပန်းက သားကို ငုံထားမတတ် ချစ်နေသည်။ အချိန်ကြာ တော့လည်း သံယောဇဉ်ဆိုတဲ့ မမြင်ရသောကြိုးက ထက်မြက်ကို တုတ်နှောင်နေပါသည်။

ထက်ဦးကိုလည်း သူ သားအရင်းတမျှ ချစ်တတ်လာပါပြီ။ ဘယ်ဘဝက ရေစက်ကြောင့် သူတို့ဆီမှာ မွေးစားသားလေး ဖြစ်လာ ရသည်မသိ။ သူတို့လင်မယားရဲ့ပြည့်ဝတဲ့ မိဘမေတ္တာကို ထက်ဦး လေး ခံစားရရှိနေပါသည်။

'ကိုကို နေ့ခင်းက မမချစ် လာလည်သေးတယ် သိလား'

'ဟင်... ဟုတ်လား၊ ဘာလာလုပ်တာလဲ'

'လာလည်တာပါဆိုမှ ကိုကိုကလည်း၊ သားကလည်း သ လက်ပေါ်ကျနေသား သိလား'

ထက်မြက်ရဲ့ရင်ထဲမှာ မနှစ်မြို့သလို ရှိသွားသည်။ ချစ်ချစ် အိမ်သို့ ဝင်ထွက်သွားလာသည်ကိုလည်း ဘဝင်မကျ။





'သားကို ဘာလို့ သူစိမ်းကို ပေးချီရတာလဲ'

သည်းဦးပန်းက လွှင်လွှင်လေးရယ်ပြီး ထက်မြက်ကို လှောင် သည်။

'ကိုကိုကလေ သိပ်အူတိုတယ်၊ သူက ချစ်လို့ချီတာပဲ ကိုကို ရယ်၊ ပဲ့သွားတာမှတ်လို့'

သည်းဦးပန်းသည် ချစ်ချစ်ရဲ့ဘက်တော်သား ဖြစ်နေပြီဆို တာ ထက်မြက် သိလိုက်ပါပြီ။ သိပ်ကို စည်းရုံးရေးတော်တဲ့ မိန်းမ တစ်ယောက်ပဲလို့ ချစ်ချစ်ကို သတ်မှတ်လိုက်သည်။

'ကိုကိုရေ... ဒီနေ့ ကိုကိုဆေးခန်းပိတ်တယ် မဟုတ်လား၊ သားနဲ့မိသားစုသုံးယောက် လျှောက်ပြီး ကားစီးကြရအောင်လား'

'သွားလေ'

သားအမိသုံးယောက် ကားဖြင့် ထွက်သွားကြပြီ။

ဒေါ်ကြီးစိန်တို့ လင်မယားကျန်ရစ်ခဲ့သည်။

'အင်း... ထက်ဦးလေးရောက်လာတာ အိမ့်ဆည်းလည်းပဲ အဘိုးကြီးရဲ့၊ ကျုပ်လည်း အဲဒီကလေးနဲ့ပျော်နေရတယ်တော့'

'အေးလေ... မြေးအရင်းမရတော့လည်း ထက်ဦးလေးကို မြေးအရင်းလိုပဲ သဘောထားချစ်လိုက်ပေါ့ အဘွားကြီးရယ်'

ဒေါ်ကြီးစိန်နှင့် ဘကြီးငွေသည် တစ်ဦးကိုတစ်ဦး အဘိုးကြီး အဘွားကြီးလို့ခေါ်နေသည်မှာ နှုတ်ကျိုးနေပြီဖြစ်သည်။ ထက်မြက် နှင့် သည်းဦးပန်းတို့ ပျော်ရွှင်နေကြသောကြောင့် ဒေါ်ကြီးစိန်တို့ လည်း စိတ်ချမ်းသာနေကြသည်။

* * *

'ကိုကိုရေ၊ သားလေးရဲ့ပါးက မွဲ့လေးက ပိုပြီးနက် ပိုပြီးထင်းလာတယ်၊ ခုမှ ကိုကို့သားအစစ်ဖြစ်ပြီသိလား'

လင်ကို သိပ်ပြီးချစ်မြတ်နိုး၊ ဝတ္တရားတွေ ကျေပွန်သလို သားအပေါ်မှာလည်း မိခင်ကောင်းပီသသော သည်းဦးပန်းသည် မိန်းမမြတ်တစ်ယောက်ပါလား။ ဇနီးရဲ့ ပီတိဖြာနေတဲ့မျက်နှာကိုကြည့်ပြီး ထက်မြက်က ကြည်နူးနေသည်။

'ကိုကိုရေ... ဒီနေ့ ကြီးကြီးဆီသွားကြရအောင်နော်၊ သားလေးလည်း ခေါ်သွားနော်'

'သွားတာပေါ့'

ထက်မြက် အားလပ်သည့်ရက်များမှာ သည်လိုပဲအိမ်က ထွက်ကြလည်ကြသည်။ ထက်ဦးလေးပင် ခြောက်လသားအရွယ်သို့ ရောက်လာပြီဖြစ်သည်။ သွားငုတ်တုတ် လူငုတ်တုတ်ဆိုတဲ့အရွယ် ရောက်လုနီး၍ ထက်ဦးကလေးပို၍ ချစ်စရာကောင်းနေသည်။

'သားက လူချောလေးနော် သည်းဦး'

ထက်မြက်က သားကိုပွေ့ချီရင်းက ထိုသို့ပင် ထုတ်ဖော်၍ ချီးကျူးသည်။ ထက်ဦးအပေါ်မှာ သူမကဲ့သို့ပင် ထက်မြက်က မေတ္တာထားသည်ကိုသိရတော့ သည်းဦးပန်း ဝမ်းသာနေပါသည်။

* * *

ထက်မြက် အိမ်မှာမရှိသည့် နေ့လယ်ပိုင်းအချိန်တွေမှာ ချစ်ချစ်က မကြာခဏ အိမ်သို့လာလည်သည်ဆိုတာ ထက်မြက်သိရသည်။





ချစ်ချစ်နှင့် တော်တော်လေး ရင်းနှီးနေသော ချစ်ဇနီးကို ပိတ်ပင်တားဆီးလိုစိတ်မရှိ၍ သူ့ရဲ့ခင်မင်မှုကို ခွင့်လွှတ်ထားခဲ့သည်။

တစ်ညနေမှာ ထက်ဦး အိပ်ပျော်သွားသည့်အချိန်မှာ လင်မယားနှစ်ယောက် အေးအေးဆေးဆေး ထိုင်စကားပြောနေကြသည်။ ထိုအချိန်မှာ သည်းဦးက သူမပြောရန်ပြင်ဆင်ထားသော စကားကို ပြောသည်။

'နေ့လယ်က မမချစ်လာသွားတယ် ကိုကိုရယ်... သူ့အဖြစ်က အရမ်းသနားစရာကောင်းတယ် သိလား'

ချစ်ချစ်အမည်ကို ကြားသည်နှင့် သူ့စိတ်ထဲမှာ ရှုပ်ထွေးသွားတာ အမှန်ပါ။

'သူ့မှာ အလုပ်လည်းမရှိတော့ဘူး၊ နေစရာလည်း မရှိတော့ဘူးတဲ့'

'မဟုတ်တာတွေ သည်းဦးရာ၊ သူ့မှာ နှစ်ထပ်အိမ်ကြီးတစ်လုံးလုံးရှိနေတာပဲ နေစရာမရှိဘူးဆိုတာ ဖြစ်နိုင်မလားကွာ'

'ဒီလို ကိုကိုရဲ့၊ အဲဒီအိမ်ကြီးက သူပိုင်တာမှ မဟုတ်တာ၊ အိမ်ရှင်တွေက မနေနိုင်လို့ အိမ်ငှားလည်း မတင်ချင်တာနဲ့ သူ့ကို ပေးနေတာတဲ့'

'အင်း... အိမ်က ထားလိုက်ပါတော့ အလုပ်ကရော'

'အလုပ်ကလည်း သူ့အလုပ်ရှင် စီးပွားရေးကျလို့ အလုပ်သမားလျှော့တဲ့ထဲမှာ သူ့ကိုလျှော့လိုက်တာပဲ'

'အင်း...'

'သူ့ကို အိမ်စောင့်ခိုင်းထားတဲ့ အိမ်ရှင်တွေက အိမ်ကို ပြန်လာကြတော့ သူနေစရာ မရှိတော့ဘူးပေါ့'

'အဲဒါတွေကို သူ ဘာလို့ သည်းဦးကို ပြောပြရတာလဲ'

'သည်းဦးနဲ့သူ သိပ်ခင်နေပြီ မဟုတ်လား၊ ဒါကြောင့် သူ့ဒုက္ခတွေကို ရင်ဖွင့်တာပေါ့ ကိုကိုရယ်'

'ဩော်...'

ရင်ထဲမှာ နည်းနည်းပေါ့သွားသည်။ ချစ်ချစ်က သူတို့အိမ်မှာ လာနေပါရစေလို့ အကူအညီမတောင်းသည့်အတွက်ပါ။

'သည်းဦးလေ... သူ့ကို သိပ်သနားတာပဲ'

'ဒုက္ခပါပဲ သည်းဦးရယ်၊ တွေ့သမျှလူကို သနားနေရင် အခက်ပဲ'

'ကိုကို့ဟာ မသိလို့ တကယ်လေ့လာကြည့်တော့ မမချစ်က သဘောကောင်းတယ်၊ ကလေးလည်း ကောင်းကောင်းကြည့်တတ်တယ်၊ သားလေးကတောင် သူ့ကို တော်တော်ရင်းနှီးနေပြီ'

ချစ်ချစ်ကို စာရိတ္တပြည့်ဝစွာ ကောင်းမွန်သော မိန်းမကောင်းတစ်ယောက်လို့ ထက်မြက်ရင်မှာ လက်မခံနိုင်အောင် ရှိနေပါသေးသည်။

* * *

ထက်မြက် ဆေးရုံမှာတာဝန်ကျနေချိန်တွင် ဒေါ်ကြီးစိန်ထံမှ ဖုန်းသတင်း ရောက်လာသည်။





'ကိုထက်ရေ...သည်းဦးမူးလဲလို့ ပြန်လာနိုင်ရင်လာခဲ့ပါလား'

'ဟင် ဟုတ်လား၊ အခု ဘယ်လိုနေသေးလဲ'

'သတိတော့ရပါပြီ၊ ဒါပေမယ့် သူ့ကြည့်ရတာ ဖြူဖတ်ဖြူရော်တုန်တုန်ယင်ယင် ဖြစ်နေတယ်'

'ကျွန်တော် အခုချက်ချင်း ပြန်လာခဲ့မယ်'

ဆေးရုံမှ အမြန်ဆုံးပြန်ခဲ့သည်။ သည်းဦးပန်းအတွက် ရင်မှာပူပင်စိတ်တွေ ကြီးမားနေသည်။

အိမ်ရောက်သည်နှင့် သည်းဦးပန်းအနားသို့ အပြေးတစ်ပိုင်းနှင့် တက်ခဲ့သည်။ ခုတင်ပေါ်မှာ သည်းဦးပန်းက မျက်စိလေးပိတ်ပြီး ငြိမ်သက်စွာ လှဲနေသည်။

ထက်ဦးကို ဒေါ်ကြီးစိန်က ထိန်းနေသည်။ ချက်ချင်းပင်ထက်မြက်က သည်းဦးပန်းကို သွေးပေါင်ချိန်သည်။

'သည်းဦးလေး၊ ဘယ်လိုနေသေးလဲ'

'ခေါင်းထဲမှာ ချာချာလည်အောင် မူးနေတာပဲကိုကိုရယ်'

သွေးပေါင်ချိန်ကြည့်လိုက်တော့ အောက်သွေး ငါးဆယ်၊ အပေါ်သွေး ခုနှစ်ဆယ်ပဲ ရှိပါလား။

'သည်းဦး သွေးပေါင်အရမ်းကျနေတာကို အကြောဆေး ကိုကို ထိုးပေးမယ်'

ထက်မြက် အကြောဆေးထိုးပေးပြီး သည်းဦးပန်းအား နားနေစေလိုက်သည်။ ညက ထက်ဦးလေးဗိုက်နာ၍ တအီအီရှိနေသည်မို့ သည်းဦးပန်း အိပ်ရေးပျက်ခဲ့သည်။ ထို့ကြောင့် ချူချာသော သည်းဦးပန်း နေမကောင်း ဖြစ်ရလေသည်။

'ဒေါ်ကြီးရေ၊ သားကို ဒေါ်ကြီးပဲ တာဝန်ယူကြည့်ထားလိုက်ပါနော်'

'အင်းပါ၊ သည်းဦးပန်း နေကောင်းအောင်သာ ကြည့်ထားလိုက်'

'ဟုတ်ကဲ့'

ထက်ဦးက အေးသောကလေးမို့ ဘယ်သူ့လက်မှာ ဖြစ်ဖြစ်နေသည်။ သည်းဦးပန်းကို ထက်မြက်က ကလေးထိန်းထားဖို့ အသေအချာ ပြောရတော့မည်သာ။

* * *

တစ်ရက် နှစ်ရက် နားနားနေနေ နေလိုက်တော့ သည်းဦးပန်း နေကောင်းလာသည်။

'ကဲ... သည်းဦး၊ သည်တစ်ခါ ကိုကို့စကားကို နားထောင်စမ်းပါ၊ ကလေး ထိန်းထားရတော့မယ်၊ သည်းဦး သိပ်အပင်ပန်းခံလို့မဖြစ်ဘူး၊ ဟုတ်ပြီလား'

'သားလေးကို သူများနဲ့စိတ်မချဘူး'

'သည်းဦးက အနားမှာရှိနေမှာပဲ၊ စိတ်တိုင်းကျ ဖြစ်အောင် ခိုင်းပေါ့'

'အင်း... ကိုကို့သဘောပါပဲ'

'သည်းဦးလေး ကျန်းမာရေးထိခိုက်တာကို ကိုကို မလိုလားဘူးကွာ'

'အင်း... ဒါဆိုလည်း ရှာလေ'





'ဟုတ်ပြီ၊ ကလေးထိန်း ကောင်းကောင်းတစ်ယောက် အမြန်ဆုံးရှာရမယ်'

* * *

ထက်မြက်က သူ့ဆေးရုံကရင်းနှီးသော မိတ်ဆွေများထံမှာ အကူအညီတောင်းသည်။ အားလုံးကဝိုင်းဝန်း၍ ကလေးထိန်းရှာပေးမည်လို့ ပြောကြသည်။

ညနေ ဆေးရုံကအပြန် သည်းဦးနှင့်ထက်ဦးက အိမ်တံခါးဝကနေ မိမိကို ကြိုဆိုနေကြသည်။ ထက်ဦးက သူ့ကိုမြင်လျှင် ရယ်မောပြီး လက်ကမ်းသည်။ သူ့ကို ချီပါဆိုသည့်သဘော။

'နေဦးသားရဲ့၊ ဖေဖေ ရေချိုးပြီးမှ သားကိုချီမယ်နော်'

ဆေးရုံကပြန်လာတိုင်း ရေချိုးသန့်စင်ပြီးမှ ထက်ဦးကို ချီတတ်သည်လေ။ သည်းဦးပန်းလေးရဲ့မျက်နှာ ပြုံးရွှင်နေသည်။

'ကိုကိုရေ၊ ကလေးထိန်းအတွက်တော့ အဆင်ပြေပြီသိလား၊ ကိုကို သဘောတူဖို့ပဲ လိုတော့တယ်'

'ဟုတ်လား၊ ဘယ်လို အဆင်ပြေတာလဲ ပြောပါဦးကွာ'

'မမချစ် နေ့လယ်က လာတယ်'

ထိုစကားကို ကြားသည်နှင့် ထက်မြက်ရဲ့ကိုယ်က တောင့်ခနဲဖြစ်သွားသည်။

'သည်းဦးက ကလေးထိန်းတစ်ယောက် ရှာနေတယ်လို့ပြောလိုက်ရော၊ မမချစ်က သူ့မှာ အလုပ်လက်မဲ့ဖြစ်နေတယ်၊ သူလုပ်ပါရစေတဲ့'

'ဟာ... မဖြစ်နိုင်တာ'

ထက်မြက်က အကြောက်အကန် ငြင်းမိသည်။ ချစ်ချစ်နှင့် ခဏတာ တွေ့ဆုံရလေတိုင်း သူ့ရင်မှာ ကသိကအောက်ဖြစ်ခဲ့သည်။ ချစ်ချစ်နှင့် တစ်အိမ်တည်း အတူနေရမည့်အရေးကို သူ လက်မခံနိုင်ပါ။

'ဘာလို့လဲ... ကိုကိုကလည်း ခုဆိုသားက သူနဲ့သိပ်တည့်တာ၊ ပြီးတော့ မမချစ်က ကလေးလည်း ချစ်တတ်တယ်၊ လုပ်တတ်ကိုင်တတ်တယ်'

သည်းဦးပန်းက စိတ်ထက်သန်စွာ မျက်ဝန်းတောက်တောက်လေးနှင့် ပြောနေသည်။ ထက်မြက်တစ်ယောက် အစဉ်းစားရခက်နေသည်။

'မမချစ်ကိုပဲ လက်ခံလိုက်ပါလား ကိုကိုရယ်'

သက်ပြင်းနက်နက် တစ်ချက်ရှိုက်ပြီး သည်းဦးပန်း ဆန္ဒပြင်းပြနေသည်။ ချစ်ချစ်မှ ချစ်ချစ်ဖြစ်နေပါလား။

'ချစ်ချစ်ကိုခေါ်ထားမှ သည်းဦး စိတ်ချမ်းသာမလိုဖြစ်နေပြီ မဟုတ်လား'

'အားလုံးအတွက် အဆင်ပြေသွားအောင်လို့ပါ ကိုကိုရယ်'

'ဒါဆိုလည်း ချစ်ချစ်သဘောပါပဲ'

'ကျေးဇူးတင်ပါတယ် ကိုကို'

ရွှန်းလဲ့သော အကြည့်တွေနှင့် သည်းဦးပန်းက မော့ကြည့်ပါသည်။ မိမိရဲ့ဆန္ဒကိုသာ ထိပ်တန်းတင်တတ်သော ခင်ပွန်းသည်ကို ချစ်အားတွေ ပိုလိုက်မိပါတော့သည်။

'ကိုကို ဆေးခန်းကအပြန် မမချစ်ကို ဝင်ခေါ်ခဲ့ပါလားဟင်'





'နောက်နေ့မှ သည်းဦးကိုယ်တိုင် သွားခေါ်ပါကွာ'

'ဒါဆို မနက် ဆေးရုံမသွားခင် ကိုကို လိုက်ပို့ပေး...'

'အင်း... ပို့ပေးမယ်'

'ကဲ... ရေချိုးလိုက်နော်၊ ပြီးရင် ထမင်းစားကြမယ်'

■

## (၂၆)

သည်းဦးပန်း အိပ်ပျော်သွားပေမယ့် ထက်မြက်တစ်ယောက် အိပ်မပျော်နိုင်အောင် ရှိနေသေးသည်။

ချစ်ချစ် အိမ်ကို ရောက်လာမည့်အရေးကိုတွေးပြီး ရင်လေးနေသည်။

သည်းဦးပန်းရဲ့အမြင်မှာ ချစ်ချစ်သည် ဘယ်လောက်ပင် ရိုးသားနေပေမယ့် မိမိရင်မှာ ချစ်ချစ်ကို သံသယတွေရှိနေသည်။ သူ့ရဲ့အကြည့်တွေမှာ မရိုးသားမှုတွေ ပါနေသည်လို့ ခံစားရသည်။

တစ်မိုးအောက်ထဲ အတူလာနေမည့် အရေးက သူ့အတွက် အလွန် အနေကျုံ့စေမည်သာ။

ချစ်ချစ်သည် မကောင်းဆိုးရွား သတ္တဝါတစ်ကောင်လို တဖြည်းဖြည်း မိမိတို့ရဲ့မိသားစုထဲကို ချဉ်းနင်းဝင်လာနေပြီလား။

စိုးရိမ်သောအတွေးများကို တွေးမိသည်။ ချစ်ချစ်ရောက်လာသည့်အတွက် သည်းဦးပန်း စိတ်အနှောင့်အယှက်ဖြစ်မှာကို သူမလိုလားပါ။

အိပ်ပျော်ခြင်းကို မနည်းကြီး ကြိုးစားယူလိုက်ရသည်။

* * *





နောက်တစ်နေ့မှာ ချစ်ချစ်ကို သူတို့နှစ်ယောက်သွားခေါ်ကြသည်။ ချစ်ချစ်က ယခင် သူရောက်ဖူးသောအိမ်မှာ မဟုတ်တော့ပြီ။

'သူ့မိတ်ဆွေတစ်ယောက်အိမ်မှာ သူက ကပ်နေတာ ကိုကိုရဲ့'

သည်းဦးပန်းရဲ့ ချစ်ချစ်အပေါ်မှာထားသော သံယောဇဉ်သည် မသေးငယ်ပါလား။ ထက်မြက်တို့ကိုမြင်တော့ ချစ်ချစ်ရဲ့မျက်နှာက ဝမ်းသာမှုအရောင်တွေ တောက်နေသည်။

'ကဲ... မမချစ်၊ သည်းဦးတို့နဲ့တစ်ခါတည်းလိုက်ခဲ့တော့'

'ဟယ်... ဝမ်းသာလိုက်တာ သည်းဦးရယ်'

သည်းဦးပန်းရဲ့လက်တွေကို ဝမ်းပန်းတသာဆုပ်ကိုင်ပြီး ချစ်ချစ်ကပြောသည်။ ထက်မြက်ကို လှမ်းကြည့်ပြီး...

'ကျေးဇူးတင်ပါတယ်၊ ချစ်ချစ်ကို လက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ကျေးဇူးတင်စကားကို ထပ်တလဲလဲနှင့် ချစ်ချစ်ကပြောသည်။ သူမရဲ့မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ စိုလက်နေသည်ကို ထက်မြက် သတိထားမိသည်။

'ကဲ... မမချစ်၊ အဝတ်အစားတွေယူလေ၊ သည်းဦးကူပြီး သိမ်းပေးရမလား'

'ရပါတယ်ကွယ်၊ ခဏလေးသာ စောင့်ပါနော်'

ချစ်ချစ်က အခန်းထဲပြန်ဝင်သွားသည်။ ဆယ့်ငါးမိနစ်လောက်သာ စောင့်လိုက်ရသည်။ သေတ္တာနှစ်လုံးနှင့် ချစ်ချစ်က ထွက်လာသည်။

'ကိုကို ဆေးရုံသွားရဦးမယ်၊ သွားစို့နော်... မမချစ်'

သည်းဦးပန်းက လက်ကနာရီကို ငုံ့ကြည့်ရင်းနှင့် ပြောလိုက်သည်။ ထက်မြက်က ချစ်ချစ်ရဲ့သေတ္တာတွေကို ကူသယ်ပေးလိုစိတ်မရှိပါ။ လူမှုရေးအရ မနေသာတော့ သေတ္တာတစ်လုံးကို ကောက်ကိုင်လိုက်သည်။

'အို... နေပါစေ ကိုထက်မြက်၊ ချစ်ချစ်ဘာသာ သယ်နိုင်ပါတယ်'

သည်လိုနှင့်ထက်မြက် မနှစ်မြို့နိုင်သော လူသားတစ်ယောက် ထက်မြက်တို့ရဲ့အိမ်ပေါ်သို့ ရောက်လာသည်။

* * *

ထက်မြက် ရေချိုးစားသောက်ပြီး ဆေးရုံသို့ထွက်သွားသည်။ သည်းဦးပန်းက ချစ်ချစ်နေထိုင်ရေးအတွက် အလုပ်ရှုပ်ပြီး ကျန်ရစ်ခဲ့သည်။

ဆေးရုံမှာ သော်ဇင်နှင့်တွေ့တော့ ချစ်ချစ်အကြောင်းကို ပြောပြလိုက်သည်။

'ဒါဆို မင်းမိန်းမက ချစ်ချစ်ကို ကလေးထိန်းငှားလိုက်ပြီပေါ့'

'ချစ်ချစ်က သဘောကောင်းပါတယ်'

'ဒါနဲ့ သူ့အကြောင်းမေးရဦးမယ်၊ သူနဲ့ မင်းနဲ့ ခင်တာကြာပြီလား'

'ငယ်သူငယ်ချင်းလေ၊ ငါ့ထက်တော့ နည်းနည်းငယ်တာပေါ့။ သူနဲ့ငါတို့ ကွဲသွားတာ ဆယ်နှစ်လောက်ရှိပြီ၊ ဟိုတလောက ငါတို့အိမ်မှာ အကျွေးအမွေးလုပ်ခါနီးမှာ သူနဲ့ပြန်ဆုံတော့ အဲဒီမှာ သူနဲ့မင်း စ,တွေ့ခဲ့တာမဟုတ်လား'





'ဟုတ်ပါတယ်၊ မင်းအိမ်မှာ စတွေ့ခဲ့တာပါ'

'အဲဒီကစပြီး မင်းနဲ့သူ သိပ်ရင်းနှီးသွားတယ်ဆိုပါတော့'

သော်ဇင်ရဲ့အပြောကို မနှစ်မြို့ပါ။

'ဟာ...ငါနဲ့ရင်းနှီးတာမဟုတ်ပါဘူး၊ ငါ့မိန်းမနဲ့ရင်းနှီးတာကွ'

'ဟုတ်ရဲ့လားကွာ'

သော်ဇင်ရဲ့စကားက မထိခလုတ်ထိခလုတ်မို့ အခံရခက်သည်။ ထိုခံပြင်းမှုမပေါ်လွင်အောင် စိတ်ထိန်းထားသည်။

'သူနေမကောင်းလို့ အိမ်ကိုလာရင်းမှာနေ ငါ့မိန်းမနဲ့ရင်းနှီးသွားတာ၊ ခုဆိုရင် သည်းဦးက သူ့ကို မမချစ်ချင်း မိုးမွှန်နေတာပဲ၊ သိပ်ကို အကောင်းထင်နေတာ'

'ခင်ဗျားကရော...'

'ကိုယ်က မိန်းမပြီးရင်ပြီးတဲ့လူပဲဗျာ၊ သည်းဦး စိတ်ချမ်းသာဖို့ပဲ အဓိကထားပါတယ်'

'ချစ်ချစ်က သိပ်လှတယ်နော် သတိထားဦး'

'ခင်ဗျားစကားကြီးက ဘယ်လိုလဲ၊ သူလှတာနဲ့ ဘာကို သတိထားရမှာလဲ'

သိသိကြီးနှင့်ထက်မြက်က မသိချင်ယောင်ဆောင်ပြီး သော်ဇင်ကို ပြောလိုက်သည်။ ထေ့လျှောင်ရယ်နေသော သော်ဇင်ကိုလည်း ဒေါသဖြစ်မိသည်။

'နောက်တော့ ခင်ဗျား သိလာလိမ့်မယ်'

သော်ဇင်က မထိတရိပြောပြီး သူ့အပါးမှ ထွက်ခွာသွားသည်။

* * *

အိမ်သို့ပြန်ရောက်သည့်အချိန်မှာ ချစ်ချစ်က သားထက်ဦးကို ပွေ့ချီထားသည်။ ဆေးရုံကပြန်လာတိုင်း သားကိုမြူနေကျဖြစ်ပေမယ့် ချစ်ချစ်ရင်ခွင်မှာရှိနေတဲ့သားကို မမြူရဲအောင်ကို ဖြစ်သွားသည်။

'သားကြီးရေ... ၊ ဟိုမှာ ဖေဖေလာပြီ၊ ခေါ်လိုက်ပါဦး'

ချစ်ချစ်ရဲ့အပြောကိုလည်း ရင်ထဲမှာမခံစားတတ်အောင် ဖြစ်သွားသည်။ ဒါကြောင့် ထက်ဦးလေးနားသို့ မကပ်ဘဲ အပေါ်ထပ်သို့ တန်းပြီးတက်ခဲ့သည်။

သည်းဦးပန်းက အခန်းထဲရောက်လာသည်။

'ဆောရီးပဲကိုကို၊ သည်းဦး ရေအိမ်တက်နေလို့'

ကြိုနေကျ မကြိုဖြစ်သည့်အကြောင်းကို သည်းဦးပန်းက ပြောသည်။ ပြီးတော့ ထက်မြက်ရဲ့ ရှပ်အင်္ကျီကြယ်သီးများကို လာပြီး တစ်လုံးချင်းဖြုတ်ပေးသည်။

'ရပါတယ် သည်းဦးရာ၊ ကိုကို့ဘာသာ ဖြုတ်မှာပေါ့'

'သည်းဦးလုပ်ပေးနေကျကို လုပ်ပေးပါရစေ ကိုကိုရယ်...'

သည်းဦးပန်းကို မြတ်နိုးတွယ်တာလာခဲ့သည့် စိတ်တွေ လျှော့မသွားပါ။ သည်းဦးပန်းရဲ့ပါးလေးကို ညင်သာစွာ ကိုင်တွယ်လိုက်သည်။

'ဒါနဲ့ မချစ်ချစ်ကို ဘယ်အခန်းပေးထားလဲ သည်းဦး'

'အပေါ်ထပ်မှာပဲလေ'

'ဟာ... ဘာလို့ အပေါ်မှာ ပေးတာလဲ၊ အောက်ထပ်မှာ အခန်းတွေ အများကြီးရှိတာပဲ'





'ကိုကိုရယ်၊ သည်းဦးက အကြောင်းမဲ့ အပေါ်မှာထားတာ မဟုတ်ပါဘူး၊ သားကို သူကကြည့်ရမှာ မဟုတ်လား၊ ညရေးညတာ နီးနီးနားနားဆိုတော့ အဆင်ပြေအောင်လို့ပါ'

သည်းဦးပန်း ရှင်းပြတော့လည်း ဟုတ်ပါသည်။ သူကသာ ချစ်ချစ်ကို မလိုလားတာ ဖြစ်နေသည်။

'သည်းဦး သဘောပဲလေ'

'ကဲ- ကိုကိုရေချိုး၊ ဆေးခန်းသွားရဦးမှာ မဟုတ်လား'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

ရေချိုးခန်းသို့ ထက်မြက်ဝင်သည်။ ရေချိုးရင်းနှင့် စဉ်းစားသည်။ ချစ်ချစ်ကို မျက်နှာချင်းဆိုင်ရမှာ သူဘာကြောင့် ကြောက်နေသည်လဲ။

သေချာသည့် အဖြေတစ်ခုတော့ သူ့ရင်မှာရှိနေသည်။ ချစ်ချစ်နှင့်ဆုံရလေတိုင်း သူ့ရင်မှာ လှုပ်ရှားမှုဖြစ်သွားသည် ဆိုတာကိုပင်။

ဆေးခန်းဖွင့်မိသည့်အတွက် ခုမှပိုပြီး အဆင်ပြေနေသည်။ အိမ်မှာနေချိန်နည်းတော့ ချစ်ချစ်နှင့်တွေ့ဆုံချိန်ကလည်း နည်းသွားသည်လေ။

ထမင်းစားသောက်ပြီး ဆေးခန်းသွားခါနီးမှာ သည်းဦးပန်းကို ပြောလိုက်သည်။

'သည်းဦး သားကို ခဏသွားခေါ်ခဲ့ပါကွာ'

ချစ်ချစ် ထက်ဦးကို ချီပိုးထားစဉ်၊ သွားပြီးသားကို မနှုတ်ဆက်ချင်၍ သည်းဦးပန်းကို သွားပြီး ခေါ်ခိုင်းလိုက်သည်။ သည်းဦး

ပန်းလက်ထဲမှသားကို လှမ်းယူပွေ့ချီလိုက်သည်။ ထက်ဦးလေးသည်
သူနှင့်တူလာ သလိုလိုပင်။ ရင်မှာခံစားလိုက်ရသည်။ ပါးပြင်ဖောင်
ဖောင်းလေးကို ငုံ့နမ်းစဉ် မွှဲနက်လေးကို သတိပြုမိသည်။ မွှဲလေး
က တဖြည်းဖြည်း ပို၍ထင်ရှားလာပါလား။

'ကဲ- ကိုကို သွားမယ်'

ထက်ဦးလေးကို သည်းဦးပန်းရဲ့လက်ထဲသို့ ပြန်ပေးလိုက်ပြီး
ထက်မြက်အိမ်က ထွက်ခဲ့သည်။

■



(၂၇)

ည ဆေးခန်းကပြန်လာတော့၊ ဒေါ်ကြီးစိန်က ထုံးစံအတိုင်း
...ွားနို့တစ်ခွက်နှင့် သူ့ကို ကြိုဆိုနေသည်။

'သည်းဦးရော သောက်ပြီးပြီလား'

'သောက်ပြီးပြီ'

'သားရော အိပ်သွားပြီထင်တယ်'

'အိပ်လောက်ရောပေါ့၊ သူ့အထိန်းနဲ့သူ ဟုတ်နေတာပဲ၊ အခု
...မှ သည်းဦးလေးလည်း အလုပ်သက်သာသွားတယ်'

'မချစ်ချစ်ရဲ့ လုပ်ရည်ကိုင်ရည်က ဘယ်လိုနေလဲ ဒေါ်ကြီး'

'မဆိုးပါဘူး၊ ကလေးကို တော်တော်သံယောဇဉ်ရှိရှာတယ်၊
...လုပ်တာကိုင်တာ အားလုံးသပ်ရပ်ပြီး သန့်ရှင်းနေတာပဲ၊ ဒေါ်ကြီး
...တော့ သဘောကျတယ်'

'အင်း... ဒါဆို သူ့ကို သဘောမကျနိုင်တာ ငါတစ်ယောက်
...တည်းပါလား'

ထက်မြက်က ပင့်သက်တစ်ချက်ရှိုက်ရင်းနှင့် တွေးသည်။
...ွားနို့သောက်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ အဝတ်အစားလဲ၊
...ကိုယ်လက်သန့်စင်ပြီးမှ ထက်ဦးလေးအနားကပ်သည်။

ကလေးပုခက်ထဲမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ထက်ဦးကို တစ်ချက်ချစ်မြတ်နိုးစွာ ငုံ့ကြည့်ပြီး ခုတင်ဆီသို့ လှမ်းကြည့်လိုက်သည်။ သည်းဦးပန်းလည်း အိပ်ပျော်နေသည်။

သူ သည်နေ့ အပြန်တော်တော်လေး နောက်ကျခဲ့သည်ကိုး။ သည်းဦးပန်း နိုးသွားမှာကို စိုးရိမ်ပြီး ခုတင်ပေါ်သို့ ဖွဖွလေးလှဲအိပ်လိုက်သည်။ သူ့ဘက်သို့စောင်းငဲ့ပြီး လှည့်အိပ်နေသော သည်းဦးပန်းရဲ့ မျက်နှာနုနုလေးကိုကြည့်ရင်း ကြားက မျက်နှာတစ်ခု ဖြတ်ဝင်လာသည်။

ချစ်ချစ်ရဲ့မျက်နှာပေါ့။

လှပချောမွေ့သော ချစ်ချစ်ရဲ့အလှနှင့် သည်းဦးပန်းရဲ့အလှကို နှိုင်းယှဉ်ကြည့်မိသည်။ သည်းဦးပန်းရဲ့အလှက ရင်ကိုအေးမြစေသော တည်ငြိမ်သည့်အလှ။ ချစ်ချစ်၏အလှက ရင်ကိုပူလောင်စေသည့်ရမ္မက်နိုးကြွသည့်အလှ။

'ဟာ... ငါဘာတွေ လျှောက်တွေးနေတာလဲ'

လှုပ်ရှားပြေးလွှားနေသော သူ့ရဲ့စိတ်အစဉ်ကို ထက်မြက်က ဖျောက်ဖျက်လိုက်သည်။ အိပ်ပျော်ခြင်းသို့ရောက်အောင် ကြိုးစားလိုက်သည်။

* * *

ချစ်ချစ်အိမ်သို့ရောက်သည်မှာ တစ်လခန့်ပင်ရှိနေပြီ။ ထက်မြက်က အတတ်နိုင်ဆုံး ချစ်ချစ်နှင့်မဆုံမိအောင် ရှောင်ရှားပြီးနေသည်။





'ကိုထက်မြက်... ချစ်ချစ် လုပ်ထားတဲ့မုန့်လေး စားကြည့်ပါဦး'

တစ်နေ့နံနက် ဈေးရုံသို့သွားခါနီး နံနက်စာကို ဒေါ်ကြီးစိန်က ပြင်ဆင်မပေးဘဲ၊ ချစ်ချစ်က ပြင်ဆင်ပေးသည်။ သူကြော်ထားသော ငှက်ပျောမုန့်ကို ထက်မြက်အား ကျွေးသည်။

ထက်မြက်ရဲ့မျက်နှာ တင်းသွားမှာ အမှန်။

ချစ်ချစ်ကို လေသံတည်တည်နှင့် မေးသည်။

'ဒေါ်ကြီးစိန် နည်းနည်းနေမကောင်းတာနဲ့ ချစ်ချစ်မီးဖိုထဲဝင်တာပါ၊ သား ထက်ဦးကလည်း အိပ်နေတုန်းလေ'

ချစ်ချစ်ရဲ့ဟန်ပန်က တကယ့်အိမ်ရှင်မ ပုံစံပါလား။

ထက်မြက်က ကျိတ်ပြီး ဒေါသဖြစ်နေသည်။

နေရာတကာမှာ ချစ်ချစ်က ဝင်ရောက်ချယ်လှယ်နေသည်လို့ ထင်မိသည်။

'ရပါတယ် မချစ်ချစ်၊ ကျွန်တော့်ကိစ္စတွေကို သည်းဦး လုပ်ပေးပါလိမ့်မယ်၊ မချစ်ချစ်က ကလေးကိစ္စပဲ လုပ်ပါ'

'သည်းဦး ပင်ပန်းမှာစိုးလို့ ချစ်ချစ်က လုပ်ပေးတာပါ၊ ကဲပါ ချစ်ချစ် လက်ရာမုန့် မြည်းကြည့်ပါဦး'

တိုက်တိုက်တွန်းတွန်း လုပ်နေတော့ ထက်မြက်က မနေသာဘဲ စားလိုက်ရသည်။ ချစ်ချစ်က သူ့ကိုပြုံးကြည့်နေသည်။ ချောမွေ့လှပသော သူမရဲ့ အကြည့်ကိုခံစားရင်း၊ ရင်မှာတုန်လှုပ်သွားသည်။

'ချစ်ချစ်လေ... ဒီမှာ နေခွင့်ရတဲ့အတွက် ကိုထက်မြက်ကို

သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ နောက်ပြီး ထက်ဦးလေးကို ချစ်ချစ် အရမ်းသံယောဇဉ် ဖြစ်နေပါပြီ'

အသံချိုချိုနှင့် ပြောနေသော ချစ်ချစ်ရဲ့မျက်နှာကို မော့မကြည့်ရဲအောင်ပါလား။

'ကိုထက်မြက် ချစ်ချစ်ကို ခိုင်းစရာရှိရင် ခိုင်းပါနော်'

'ရပါတယ်၊ ချစ်ချစ် သွားလုပ်စရာရှိတာသာ လုပ်ပါ'

ချစ်ချစ် အနားမှာရှိနေသည့်အတွက် စားရတာကိုပင် စိတ်မဖြောင့်နိုင်အောင် ဖြစ်နေသည်။

ချစ်ချစ်သည် သူ့အပေါ်မှာ ဆက်ဆံသင့်သည်ထက် ပို၍ ခင်မင်မှုတွေပြနေသည်ကို မလိုလားပါ။ နောက်ပြီး သူ ချစ်ချစ်ကို စေ့စေ့ရင်မဆိုင်ရဲသည့် အဖြစ်မှန်ကိုတွေးမိသည်။

အလွန်ညို့ငင်အားကောင်းသော ချစ်ချစ်အပေါ်မှာ မတော်တဆ သံယောဇဉ်တွေ ငြိတွယ်သွားမှာကို သူ သိပ်ကိုစိုးရိမ်သည်။

သည်းဦးပန်းကို သူ သိပ်ချစ်သည်။ မြတ်နိုးသည်။ ရိုးမြေကျပေါင်းသင်းရန် ရည်ရွယ်ခဲ့ပြီးသားပါ။

သည်းဦးပန်းနဲ့ သူ့ကြားမှာ မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်ပေါ်လာမှာကို လုံးဝ မလိုလား။

ချစ်ချစ်ကို သူ တရင်းတနှီး မဆက်ဆံရဲသည့် အဖြေကိုလည်း သူ သိလိုက်သည်။

'အင်း... ငါ့ကိုယ်ငါ စိတ်မချလို့ဘဲနေမှာ၊ ချစ်ချစ်အပေါ်မှာ တိမ်းညွတ်သွားမှာကို စိုးရိမ်တာပဲဖြစ်မယ်'

ထိုအတွေးနှင့်အတူ သူ့ကိုယ်သူ မကျေနပ်ပါ။





'သည်းဦးအပေါ်မှာ ငါ့အချစ်က ခိုင်မာနေတာပဲ၊ သမုဒ္ဒရာကမ်းပါးက ကျောက်စိုင်ကျောက်ခဲကြီးတွေထက်ကို ခိုင်မာရမယ်၊ ဘယ်လိုပဲ လှိုင်းကြမ်းဒဏ်တိုက်ခတ်ပါစေ၊ ကြံ့ကြံ့ခံနိုင်ရမယ်'

'အဲဒါ ကြံ့ကြံ့မခံနိုင်ရင် ငါ့အချစ်က အလကား၊ သစ္စာမရှိ၊ အလှအပမရှိတဲ့အချစ်ပဲ ဖြစ်သွားလိမ့်မယ်'

ပြီးတော့ တစ်ပြန်ကျိုးကြောင်းစပ်ပြီး တွေးမိပြန်သည်။

'ချစ်ချစ်က ဆွဲဆောင်မှုသိပ်ရှိတဲ့ မိန်းမ၊ ပြီးတော့ ငါ့အပေါ်မှာ သိပ်ကို လိုက်လျောနေတယ်၊ သူ့အကြည့်တွေက စူးရဲတယ်၊ ယောကျ်ားတစ်ယောက်ကို ရေလာမြောင်းပေး လုပ်နေသလိုပဲ၊ ဒီလိုအဘက်ဘက်က ညို့အားကောင်းနေတဲ့ မိန်းမတစ်ယောက်ကို ရေရှည် ငါကြံ့ကြံ့ခံနိုင်မလား အံတုနိုင်မလား'

ထိုသို့တွေးမိတော့ ရင်ထဲမှာ တုန်လှုပ်ချောက်ချားလာသည်။ နံနက်စာကို မြန်မြန် လက်စသတ်သည်။

'အစား နည်းလှချည်လား ကိုထက်မြက်'

'တော်ပြီ'

အတော်လျှာရှည်တဲ့မိန်းမလို့ဆိုပြီး စိတ်ထဲကပြောကာ စားပွဲက ထလာသည်။ ချစ်ဇနီးရှိရာ အိပ်ခန်းဆီသို့ မြန်မြန်လှမ်းခဲ့သည်။

'ကိုကို ဝတ်သွားဖို့ သည်းဦး ထုတ်ပေးထားတယ်'

'ကိုကို့ဘာသာ ထုတ်မှာပေ့ါကွယ်'

သိပ်ပြီး မယားဝတ္တရားကျေပွန်ပြီး၊ နုဖတ်ချောမွေ့နေတဲ့ ချစ်ဇနီးကို လှမ်းကြည့်မိသည်။ အပြစ်ဆို မြူမှုန်မှုမရှိသော ချစ်ဇနီး

ကို ချစ်ချစ်လိုမိန်းမ ဆယ်ယောက်နှင့်တောင် မလဲနိုင်ဘူးလို့ ရင်ထဲ
က ကြွေးကြော်မိပြန်သည်။

'တောက်၊ ဒီမိန်းမကြောင့် ငါ့ရင်မှာ ရှုပ်ထွေးနောက်ကျိ
တယ်၊ သူ ဒီက မြန်မြန်ထွက်သွားရင်ကောင်းမယ်'

အသံတိတ် မေတ္တာပို့ရင်း ရေချိုးခန်းသို့ ဝင်လိုက်သည်။

■



(၂၈)

'ကိုကိုရေ သည်မှာကြည့်ပါဦး၊ မမချစ်ကလေ သားလေး
အတွက် အင်္ကျီလေးဝယ်ထားတယ်'

ဆေးရုံကပြန်လာပြီး ရေချိုးအဝတ်အစားလဲနေသော
ထက်မြက်ကို သည်းဦးပန်းက ကလေးဝတ် စပို့ရှပ်လေးတစ်ထည်
ကိုပြသည်။

'ဈေးမနည်းဘူး ကိုကိုရယ်၊ သူ သားကို တော်တော်ချစ်တာ
သိလား'

'သူ့လခ သူ့ဘာသာသုံးလို့ ပြောလိုက်ကွာ...၊ နောက်တစ်ခါ
ဝယ်မလာနဲ့လို့'

ချစ်ချစ်က ထက်ဦးလေးကို လက်ဆောင်ပေးသည်ကိုလည်း
သူမလိုလားပါ။

'သည်းဦး ပြောလိုက်ပါတယ် ကိုကိုရယ်'

ချစ်ချစ်နှင့် ပတ်သက်သည့်စကားများ ပြတ်သွားသည်။

'သားလေးကို ခေါ်လိုက်ပါဦး'

သည်းဦးပန်းက ချစ်ချစ်ထံမှကလေးကို သွားခေါ်ခဲ့သည်။
ထက်မြက်က ကလေးကို လှမ်းယူပွေ့ချီလိုက်သည်။

'ဟော့ကောင်၊ သားကြီး ဒီနေ့ ဘာတွေ စားလဲကွ'

ရှစ်လခန့် ရှိနေပြီဖြစ်၍ ထက်ဦးက သူ့ဘာသာသူ ဘီစကွတ် မုန့်လက်ညှိုးတို့ကို စားနေပြီ။ ထက်ဦးက သူစားနေသော မုန့်လက်ညှိုးကို ထက်မြက်ရဲ့ပါးစပ်ထဲသို့ အတင်းထိုးထည့်သည်။

'တော်ပါပြီ သားရယ်၊ သားပဲစားနော်'

ထက်မြက်ကရယ်ပြီး မုန့်ကို သူ့ပါးစပ်ထဲ ပြန်ထည့်ပေးသည်။

'ကိုကို့သားက ခု အရမ်းလည်နေပြီ၊ ဖားတတ်တာလည်း လွန်ရော'

'သူ့အမေလို နေမှာပေါ့'

တမင်သက်သက် သည်းဦးပန်းကို ကျီစယ်လိုက်သည်။ သည်းဦးပန်းက နှုတ်ခမ်းလေးစူသွားသည်။

'ကိုကိုနော်… သည်းဦးက ဘာများ ဖားနေလို့လဲ'

'ကိုကို့ကို သိပ်ပြီးဂရုစိုက်တာ ချစ်လို့ဖားတာ မဟုတ်လား'

'ကြည့် ချစ်လို့လုပ်ပေးတာကို ဖားတာတဲ့ ကိုကိုနော်'

စိတ်ကောက်သွားသည့်ဟန်နှင့် လှည့်ထွက်သွားသော ချစ်ဇနီးကို ထက်မြက်ကထွေးပွေ့လိုက်သည်။ အိမ်ထောင်သက်တမ်း နှစ်နှစ်ကျော်ရှိနေပြီဖြစ်ပေမယ့် သူ့ချစ်စိတ်တွေ ဇနီးသည်အပေါ်မှာ လျော့ပါးမှုမရှိသေးပါ။ အသေအချာ သိလိုက်မိသည်ပဲ။

* * *

'ဘယ်လိုလဲ ထက်မြက်၊ မင်းတို့ သားလေးနဲ့ပျော်နေကြပြီ မဟုတ်လား'





ခင်မြင့်နှင့်တွေ့ဆုံခိုက်မှာ မေးသည်။

'အေးကွ၊ သားလေးက တစ်နေ့တခြား ချစ်စရာကောင်းလာ တယ်'

'ချစ်ချစ်နဲ့ကလေးကလည်း အိုကေနေတယ်နော်'

'အင်း…'

'ချစ်ချစ်ကို စတွေ့တုန်းက အဲဒီလောက် သူ့ကိုတော်လိမ့် ယ် မထင်ခဲ့ဘူး၊ လျှပ်ပေါ်လော်လီမယ့် မိန်းမတစ်ယောက်လို့ပဲ မြင်ခဲ့တယ်'

''ငါလည်း အဲဒီလိုပဲ ထင်မိတယ်၊ သည်းဦးကတော့ ချစ်ချစ်ကို အသည်းစွဲ ငဲ၊ ဒေါ်ကြီးစိန်တို့လင်မယားကလည်း တော်တော် ခင်တွယ်နေကြပြီ'

'ဟုတ်လား'

'သူကလည်း သွက်သလားမမေးနဲ့၊ မီးဖိုချောင်ထဲလည်း အားရင် ဝင်လိုက်တာပါပဲ၊ လုပ်တတ်ကိုင်တတ် တော်တော်ရှိတယ်'

'ချူချာတဲ့သည်းဦးအတွက် အဖော်ကောင်းတစ်ယောက် ရထားတာပေါ့'

'သည်းဦးက ပြောမရဘူးကွာ၊ ကလေးထိန်းလည်း ရှိတယ်၊ ချက်တဲ့ပြုတ်တဲ့နေရာမှာလည်း ဒေါ်ကြီးစိန်ရှိတယ်၊ အဲဒါလည်း အေးအေးမနေဘူး၊ ဟိုထဲဝင်ကူလိုက် ဒီထဲဝင်ပါလိုက်နဲ့'

'မပင်ပန်းတဲ့အလုပ်လောက်ဆို လုပ်ပါစေကွာ၊ မင်းကလည်း သည်းဦးကို အလှပဲထိုင်ကြည့်နေချင်တာလား'

'မဟုတ်ပါဘူး၊ သူနေမကောင်းရင် ငါစိတ်ညစ်ရလို့ပါ'

'ထက်ဦးလေးရောက်လာမှ သည်းဦး ရွှင်ရွှင်လန်းလန်း တော်တော်ကြီး ဖြစ်လာတယ်နော်'

'ဟုတ်တယ်၊ သားထက်ဦးကို သူ သိပ်ချစ်တယ်ကွာ'

'အင်း… သူ့မှာ သားသမီးအရင်းတစ်ယောက်လောက် ရလိုက်ရင် သိပ်ကောင်းမှာ'

ခင်မြင့်ရဲ့ပြောစကားကို ထက်မြက်က ပြည့်ပြည့်ဝဝကြီး လက်ခံလိုက်သည်။ သူတို့ဇနီးမောင်နှံရဲ့ အချစ်သက်သေအဖြစ် သားသမီး အရင်းအချာ တကယ်ကိုလိုချင်သည်သာ။

'အိမ်လာလည်ပါဦးကွာ'

'အေး… လာခဲ့မယ် သည်းဦးကိုပြောလိုက်၊ ကိုယ်လာမယ့်နေ့ကျရင် ဟင်းကောင်းချက်ထားလို့'

'လာမယ့်ရက်ကို ကြိုပြီး ဖုန်းဆက်လိုက်လေ'

'အိုကေ'

* * *

'မမချစ်ကလေ သားလေးအတွက် မုန့်တွေရော ကစားစရာတွေပါ ဝယ်လာတယ် ကိုကိုရေ'

'ဒါဆို သူရတဲ့လခ ကုန်ရောပေါ့'

'ကုန်နိုင်လောက်တယ်'

'အံ့ဩစရာပဲ'

'ဘာကို အံ့ဩတာလဲ ကိုကို'

'ဝင်ငွေမရှိလို့ သူများအိမ်မှာအလုပ်လုပ်ပြီး ရတဲ့လခကို ကလေးအတွက် အကုန်သုံးလို့ပေါ့'

'သည်းဦးပြောပါတယ် ကိုကိုရယ်၊ သားအတွက် သည်းဦးတို့





ပြည့်စုံအောင်ထားနေတာ၊ မမချစ် ဝယ်မလာပါနဲ့လို့ပြောတယ်'

'အင်းလေ… ဟုတ်သားပဲ'

'သားကို သူချစ်လို့ ပေးပါရစေတဲ့ ကိုကိုရယ်'

'မမချစ်ကိုကြည့်ရတာ အဆင့်တန်းမြင့်မြင့်ထဲကလို့ ကိုကို ထင်တယ်၊ သူ ဘာသဘောနဲ့ ဒီမှာလာပြီး အလုပ်လုပ်နေလဲ မသိဘူး'

'သူ့အဝတ်အစားတွေကလည်း တန်ဖိုး အတော်အတန်ရှိတဲ့ အဝတ်အစားတွေပဲ ကိုကိုရဲ့'

'အင်း- ကိုကိုလည်း သတိထားမိတယ်'

'တစ်ကြိမ်က သူ ပြေပြေလည်လည်ရှိခဲ့ပြီး ခုမှမပြေလည်လို့ ရရာအလုပ်ဝင်လုပ်တာ ထင်ပါတယ်ကိုကိုရယ်'

သည်းဦးပန်းက ပေါ့ပေါ့လေး ကောက်ချက်ချလိုက်ပေမယ့် ထက်မြက်ရဲ့ရင်ထဲမှာတော့ ပြည့်ဝစွာ လက်မခံနိုင်သေးပါ။ ချစ်ချစ်မှာ ဘာအကြောင်းတွေရှိလို့ သည်လိုနေသည်ဆိုတာကို သိချင်နေသည်။

သူတို့အိမ်မှာ လာနေခြင်းသည် တကယ်ပဲ သူမမှာနေရမဲ့၊ စားရမဲ့ ဘဝကြောင့်လား၊ ဒါမှမဟုတ် မိမိရဲ့သိက္ခာတွေ ထိပါးပွန်းပဲ့အောင်ကြံစည်ချင်၍လားဆိုပြီး သံသယစိတ်တွေ ပွားနေသည်။

အေးအေးဆေးဆေး နေလျှင်နေ၊ မနေလို့ကတော့ သူ့အကြောင်း ကောင်းကောင်းသိသွားရမည်လို့ တေးထားလိုက်သည်။

သည်းဦးပန်းနှင့် မိမိတို့ရဲ့အိမ်ထောင်ရေး ခရီးလမ်းကြောင်းမှာ ဘယ်ခလုတ်ကန်သင်းကိုမျှ အတားအဆီးအဖြစ်မခံပါ။

■

## (၂၉)

ကောက်ခါငင်ခါနှင့် သည်းဦးပန်းက အူယောင်ငန်းဖျား ရောဂါ ဝင်လာသည်။

'သားလေးကို ကူးမှာစိုးရတယ်၊ သည်းဦး သားကိုမချီနဲ့နော်၊ သည်းဦးအနားကိုလည်း သားကို မလာစေနဲ့သိလား'

'ဒုက္ခပါပဲ ကိုကိုရယ်၊ အဲဒီ တိုက်ဖွိုက်ရောဂါက သည်းဦးဆီကို ဘယ်လိုမျက်စိလည်ပြီး ရောက်လာရတာလဲ'

သည်းဦးပန်းက အဖျားသွေးကြွနေသော မျက်နှာရဲရဲလေးနှင့် မကျေမနပ်ပြောသည်။

'ဒီလိုပဲပေါ့ သည်းဦးရယ်၊ အသွေးအသားနဲ့ တည်ဆောက်တဲ့ လူသားတွေပဲ၊ ဖျားတဲ့ နာတဲ့အခါလည်း ရှိဦးမှာပေါ့'

'သည်းဦးကိုက ချူချာတယ်၊ စိတ်ညစ်တယ် သိလား'

စိတ်ဓာတ်ကျပြီး အားငယ်နေသော ဇနီးကို ထက်မြက်က အားပေးနေရသည်။ နုနယ်သော ထက်ဦးလေးကို ရောဂါကူးမှာစိုးပြီး သည်းဦးပန်းရဲ့အခန်းကို မလာခိုင်းပါ။





သည်တော့ ထက်ဦးရဲ့တာဝန်မှန်သမျှ ချစ်ချစ်ရဲ့ပခုံးပေါ်သို့ ကျရောက်သည်။ ချစ်ချစ်က မိခင်တစ်ယောက်သဖွယ် ထက်ဦးကို ကြည့်ရှုထိန်းကျောင်းသည်ကို ထက်မြက် တွေ့မြင်ရသည်။

ကြပ်ကြပ်မတ်မတ် ကုသပေးသည့်အတွက် သည်းဦးပန်းရဲ့ ရောဂါက တစ်နေ့တခြား ကောင်းမွန်သက်သာလာသည်။

* * *

သည်းဦးပန်း နေမကောင်းဖြစ်နေတော့ ထက်ဦး မလွှဲ မရှောင်သာ ချစ်ချစ်နှင့် စကားပြောရ တွေ့ကြုံနေရသည်။

'သားလေး၊ ဖေဖေကြီးကို တာ့တာလုပ်လိုက်လေ'

ဆေးရုံသို့သွားသည့်အချိန်တွေမှာ ကားနားအရောက် ကလေးကို ခေါ်လာပြီး ထက်မြက်ကို နှုတ်ဆက်ခိုင်းသည်။

အပြင်က ပြန်လာသည့်အခါတိုင်းမှာလည်း တံခါးဝကဆီး ပြီး ကြိုဆိုတတ်သည်။ ထက်မြက်က အတတ်နိုင်ဆုံး ချစ်ချစ်ရဲ့ မျက်နှာကို မကြည့်မိအောင် နေသည်။

ချစ်ချစ်ကိုချစ်သည့်စိတ် သူရဲ့နှလုံးသားထဲမှာ မရှိပါ။ ဒါပေ မယ့် ချစ်ချစ်ကြောင့် သူ့ရဲ့ကိုယ်မှာ လှည့်ပတ်နေသောသွေးတွေ ဆူပွက်တတ်သည်ကို ခံစားရသည်။

သည်းဦးအပေါ်မှာ သူချစ်သောအချစ်သည် အလွန်နူးညံ့ သန့်စင်သည်။ သည်မေတ္တာကို ဘယ်သို့သော တစ်မက်မှုမှ ကျော် လွှားမဖုံးလွှမ်းစေရလို့ ထက်မြက်ခိုင်မာစွာ ခံယူထားပါသည်။

ချစ်ချစ်နှင့် မတွေ့ဆုံခင်က သူ့စိတ်တွေ တည်ငြိမ်ခဲ့သည်။

ချစ်ချစ်နှင့်တွေ့ပြီးမှ သူ့စိတ်အာရုံ ရှုပ်ထွေးနောက်ကျိခဲ့ရသည်။ ဒါကြောင့် ချစ်ချစ်ကိုသာ အပြစ်တင်မိသည်။ ချစ်ချစ်ကို မကောင်းဆိုးဝါးတစ်ကောင်လို့ပင် မြင်မိသည်။

'သူဟာ ကဝေမလိုပဲ၊ ဖမ်းစားနိုင်စွမ်းရှိတယ်၊ ဒါတွေကို ငါပဲ သစ္စာသမာဓိနဲ့ ထိန်းသိမ်းရမယ်၊ ယောကျ်ားကောင်းတစ်ယောက်ဆိုလျှင် ကိုယ့်စိတ်ကို ကိုယ်ပိုင်ရမှာပေါ့'

ချစ်ချစ်နှင့် ပတ်သက်ပြီး ယိမ်းယိုင်သွားသည့်စိတ်ကို ထိုသို့ပင် ထိန်းချုပ်လိုက်သည်။

* * *

နာလံထစ သည်းဦးပန်းကို ချစ်ချစ်က ဂရုစိုက်ကျွေးမွေးပြုစုတာကို မြင်ရတော့ ချစ်ချစ်သဘောကို နားမလည်အောင် ဖြစ်ရပြန်သည်။

သူ့မယားကိုလိုချင်လျှင် သူ့လင်ကိုသတ်ဆိုတဲ့စကားကို ကြားဖူးနားဝရှိခဲ့ဖူးသည်။ ချစ်ချစ်သည် သူ့အပေါ်မှာ မရိုးသားသောစိတ်တွေရှိနေပါလျှင် သည်းဦးပန်းကို သည်လို ပြုစုဂရုစိုက်ပါ့မလား။

သူလျှောက်ချင်သည့်လမ်းမှာ သည်းဦးပန်းသည် ဆူးညှောင့်ခလုတ်ဖြစ်နေသည့်အတွက် သည်ခလုတ်ကို ဖယ်ရှားလိုက်မည်ပေါ့။

သည်းဦးပန်း ကျန်းမာရေးချို့တဲ့ပြီး တိမ်းပါးသွားလျှင် သူ့အတွက် လမ်းရှင်းနေပြီလေ။ ဒါတွေကို တွေးမိပြန်တော့ ချစ်ချစ်အပေါ် သူတစ်ဖက်သတ် စွပ်စွဲချက်များ မှားယွင်းပြီလားလို့ ခိုု





ွက်မိပြန်သည်။

'ကိုကိုရေ၊ ဒီနေ့ မမချစ်လုပ်ပေးတဲ့ ကြက်သားစွပ်ပြုတ်ကလေး သောက်လို့ကောင်းလိုက်တာ၊ သည်းဦးရင်ထဲမှာ အားတွေပြည့်သွားသလိုပဲ'

သည်းဦးပန်းက ကျေနပ်အားရစွာ ပြောနေသည်။ သည်းဦးန်း ကျန်းမာရေးအတွက် ချစ်ချစ် တကယ့်ကို စေတနာထားနေပါသား။

'သားလေး အိပ်တဲ့အချိန်တို့၊ ဒေါ်ကြီးစိန်တို့ထိန်းပေးတဲ့အချိန်တွေမှာ မမချစ်က သည်းဦးပန်းကို အရမ်းဂရုစိုက်တယ်'

သည်းဦးပန်းက စိတ်ရွှင်လန်းစွာနှင့် ပြောသည်။ ချစ်ချစ်ရဲ့သဘောထားကို နားမလည်အောင် ရှိနေသည်။ မိမိကိုလည်း ချစ်ချစ်က လိုအပ်သည်ထက် ရင်းနှီးမှုတွေ ဘာကြောင့်ပြနေသည်လဲ။

'သားကလေး သည်းဦးနဲ့သိပ်မတွေ့ရလို့ စိမ်းနေသလိုပဲကိုကိုရယ်၊ ခုသူက မမချစ်ကို ပိုပြီး ခင်နေတယ်၊ မမချစ်ကိုပဲပြီးကပ်တယ်'

စိတ်မကောင်းဟန်နှင့် သည်းဦးပန်းက ပြောသည်။ ထက်မြက်က သည်းဦးပန်း ရင်ဖွင့်သမျှကို နားထောင်နေသည်။ အစစအရာရာ အလွန်အားကိုး စိတ်ချရသော မိန်းမတစ်ယောက်ဆိုတာကို ထက်မြက် မငြင်းလိုပါ။

ဒါပေမယ့် ချစ်ချစ်ကြောင့် သူ့စိတ် မကြာခဏ အနှောင့်အယှက်ဖြစ်ရတာလည်း အမှန်ပါ။

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးခဲ့ပြီ။ ချစ်ချစ် သူတို့အိမ်မှာ

ရောက်လာသည်မှာလည်း ကြာခဲ့ပြီ။ သားထက်ဦးပင် တစ်နှစ်ကျော်ပြီ။ တီတီတာတာနှင့် ပြောတတ်နေပြီ။

တစ်နေ့မှာ သည်းဦးပန်း လုံးဝမမျှော်လင့်ထားသော စကားများကို တယ်လီဖုန်းကနေ တစ်ဆင့်ကြားရသည်။ ထက်မြက် ဆေးရုံသွားနေချိန်မှာ ဖြစ်သည်။

'ဒေါ်သည်းဦးပန်းတို့ကို သနားလို့၊ စာနာလို့၊ ကျွန်တော် စကားတစ်ခွန်းလောက် ပြောပါရစေ'

ဘယ်သူ ဘယ်ဝါမှန်းမသိ။ တယ်လီဖုန်းကိုကိုင်ကာ သည်းဦးပန်း မှန်းလည်းသိရော တစ်ဖက်က ထိုသို့ စကားဆိုလာသည်။

'ခု စကားပြောတာ ဘယ်သူလဲရှင်'

'ဘယ်သူဆိုတာကို ဒေါ်သည်းဦးပန်း မသိချင်ပါနဲ့၊ စေတနာနဲ့ စကားကို ပြောမလို့ပါ'

'ဟုတ်... ဟုတ်ကဲ့ ပြောပါ'

ဘာတွေပြောမှန်း မသိသော်လည်း သည်းဦးပန်းရဲ့ ရင်မှာ ထိတ်သွားရသည်။

'ဒေါ်သည်းဦးပန်းရဲ့ ခင်ပွန်း ဒေါက်တာထက်မြက် အကြောင်း ပြောမလို့ပါ။ သူဟာ ခင်ဗျားတို့အိမ်မှာရှိနေတဲ့ ချစ်ချစ်နဲ့ မရှင်းဘူး၊ ပြီးတော့... အဲဒီကလေးကလည်း သူတခြားအမျိုးသမီးတစ်ယောက်နဲ့ရတဲ့ကလေး'

'အို... မဟုတ်တာရှင်'

'ဟုတ်သမှ သိပ်ဟုတ်၊ ဒါကြောင့် သူ့သားကို ခင်ဗျားကို





ရောက်အောင် လှည့်ခေါ်ခဲ့တာ၊ ပြီးတော့ အပြင်မှာ သတင်းတွေ ပြန့်နေပြီ၊ ဒေါက်တာထက်မြက်က မယားနှစ်ယောက်ကို တစ်အိမ်တည်းမှာထားတယ်ဆိုတဲ့ သတင်းတွေပဲ'

'အို... မဟုတ်ဘူး၊ ရှင် မဟုတ်မဟာတ် ဇာတ်လမ်းတွေခင်းမနေနဲ့၊ ကျွန်မတို့အိမ်ထောင်ရေးကို ရှင် သက်သက်ဖျက်လိုဖျက်ဆီးလုပ်ချင်လို့ မဟုတ်လား'

'စေတနာနဲ့ပြောတာကို ဒေါ်သည်းဦးပန်း မယုံချင်နေပါ။ သေသေချာချာ မစဉ်းစားလို့ပါ။ ခင်ဗျားရဲ့မွေးစားသားက သူနဲ့ တူမနေဘူးလား၊ အဲဒါကိုရော သတိထားမိလား'

သည်းဦးပန်းရဲ့တုံ့ပြန်စကားကို နားမထောင်တော့ဘဲ တစ်ဖက်မှ ဖုန်းချသွားသည်။ မယုံနိုင်လောက်အောင် စကားများက နားထဲသို့ သံရည်ပူနှင့်လောင်းချခံလိုက်ရသလိုပါပဲ။ ရင်ထဲမှာ ဗူးခနဲထိုးအောင့်သွားသည်။

တယ်လီဖုန်းခွက်ကို ပုခက်ပေါ်သို့ပြန်မတင်နိုင်သေးဘဲ ကျောက်ဆစ်ရုပ်လို သည်းဦးပန်း ငြိမ်သက်နေသည်။ စိတ်အစဉ်ကတော့ ယောက်ယက်ခတ်ပြီး လှုပ်ရှားနေသည်။

ထက်မြက် ဆေးခန်းက ပြန်မရောက်သေး။ သားကိုသိပ်ပြီး နားနေစဉ်မှာ တယ်လီဖုန်းက လာခြင်းဖြစ်သည်။ ချစ်ချစ် အပြင်ဆေးခွင့်တောင်း ထွက်သွားသည်မှာ မလာသေး။

စောစောကကြားခဲ့သော စကားများကို မယုံနိုင်လောက်အောင် ခံစားနေရသည်။ ပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချသည်။

ထက်မြက်နှင့် ချစ်ချစ်၏ ဆက်ဆံရေးကို သူမ လျစ်လျူမရှုတော့ပြီ။ သေချာလေ့လာမှ ဖြစ်တော့မည်သာ။

ထိုနေ့တစ်နေ့လုံး သည်းဦးပန်း မျက်နှာညှိုးနေသည်။ ချစ်ချစ်က နေမကောင်းဘူးထင်၍ သူမကို နားခိုင်းသည်။

■



## (၃၀)

ချစ်ချစ်သည် သူ့အပေါ်မှာ ခင်မင်မှုတွေ လွန်ကဲစွာပြသော်လည်း သည်ထက် သွေးဆောင်မြူဆွယ်သော အမူအရာများကို မပြသလို မပြုလုပ်ခဲ့။

ချစ်ချစ်အပေါ်မှာ ထက်မြက်ရဲ့သံသယစိတ်တွေ နည်းပါးလာသည်။ သူ့ကို ခင်မင်၍သာ ချစ်ချစ်က သည်လိုဆက်ဆံသည်လို့ပဲ ခံယူခဲ့သည်။

ဆေးရုံမှာ ထက်မြက်ခင်မင်ရသော ဆရာမထံမှ ထက်မြက်မယုံနိုင်လောက်သောစကားကို ကြားရသည်။ ဆေးရုံရဲ့အနားက လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းနှင့် နှစ်ယောက်တည်း ရှိနေသည့်အခါမှ ဆရာမက ထိုစကားကို ပြောလာသည်။

'ဆရာ့အမျိုးသမီး နေကောင်းလားဆရာ'

'ကောင်းပါတယ်၊ ဘာပြုလို့လဲ လုလု'

'သည်းဦးကို ကျွန်မခင်တယ်၊ သည်းဦးဟာ အိမ်ထောင်ရှင်မကောင်း တစ်ယောက်နော်၊ ဆရာ့ကိုလည်း သိပ်ချစ်ရှာတယ်'

ထက်မြက်က ဟက်ခနဲ ရယ်လိုက်သည်။ ထူးထူးဆန်းဆန်း ရှိနေတဲ့ ဆရာမလုလုရဲ့စကားတွေကိုလည်း နားမလည်အောင် ရှိနေသည်။

'သည်းဦး စိတ်မချမ်းမသာ ဖြစ်နေမှာကို ကျွန်မ အရမ်းစိုးရိမ်တယ်'

'သည်းဦးက ဘာကို စိတ်မချမ်းမသာ ဖြစ်ရမလဲ လုလုရာ၊ ကျွန်တော် သူ့ကိုချစ်လွန်းလို့ အရာရာ သူ့စိတ်တိုင်းကျ ထားခဲ့တာပဲ'

'ဆရာ့ကိုခင်လို့ ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောမယ်၊ ဆရာနဲ့ ချစ်ချစ်ဆိုတဲ့မိန်းမရဲ့ သတင်းက အတော်လေးပြန့်နေပြီ'

'ဘယ်လို'

အံ့ဩထိတ်လန့်မှုဖြင့် ထက်မြက်ရဲ့မျက်ခုံးနှစ်ဖက် တက်သွားသည်။ လုလုကို မျက်လုံးပြူးပြူးနှင့် ကြည့်မိသည်။

'ဟုတ်တယ် ဆရာ၊ မိန်းမနှစ်ယောက်ကို တစ်အိမ်တည်းမှာ ထားတယ်ဆိုတဲ့ သတင်းကြားတော့ လုလု စိတ်မကောင်းဘူး'

'အဲဒီစကားကို လုလု ယုံတယ် ဆိုပါတော့'

'ဆရာ့ရဲ့သိက္ခာနဲ့ သစ္စာကို လုလု ယုံကြည်ပါတယ်၊ တခြားလူတွေက ယုံကြမှာမဟုတ်ဘူး'

'ကျွတ်- ခက်လိုက်တဲ့လူတွေ'

'အဲဒီသတင်းတွေ သည်းဦးဆီ ရောက်မသွားဖို့ ဆရာကာကွယ်သင့်တယ်'

'ကဲ- ပြော ဘာလုပ်ရမလဲ'

'ချစ်ချစ်ကို အိမ်မှာမထားနဲ့တော့ပေါ့ ဆရာရယ်'





'အဲဒါ အခက်ဆုံး အလုပ်ပဲ'

'ဘာပြုလို့လဲ ဆရာ'

'မချစ်ချစ်ကို သည်းဦးက လုံးဝ အိမ်ကသွားခွင့်ပြုမှာမဟုတ်ဘူး၊ သူက သိပ်ချစ်နေတာ'

'ရှင်...'

ဆရာမလုလု တကယ့်ကို ပါးစပ်အဟောင်းသားကြီး ဖြစ်နေသည်။

'မချစ်ချစ်ကို အိမ်မှာ လက်ခံထားတာ သည်းဦးကြောင့်၊ ကျွန်တော့်စိတ်၊ ကျွန်တော့် သဘောနဲ့ထားတာ မဟုတ်ဘူးဗျ'

'ဒါဆို သည်းဦးက မချစ်ချစ်ကို သူ့သဘောနဲ့သူ ခေါ်ထားတာပေါ့'

'ဟုတ်ပါတယ်'

'အင်း... ဒါဆိုလည်း ပြီးရောပေါ့လေ၊ လုလုက မချစ်ချစ်ကြောင့် သည်းဦး စိတ်ဆင်းရဲမှာစိုးလို့ပါ'

'တစ်အိမ်လုံး ကျွန်တော်ကလွဲရင် အားလုံးက မချစ်ချစ်ကို မဲပေးကြတယ်၊ သူ့ကောင်းကြောင်းတွေကိုပဲ ပြောကြတယ်'

'ဆရာကရော'

'ကျွန်တော်က ဘာကြောင့်မုန်းမသိဘူး၊ ချစ်ချစ်ကို ခင်လို့မရဘူးဗျ'

နှစ်အတော်ကြာ လက်တွဲပြီး အလုပ်လုပ်ခဲ့သောသူတွေမို့ တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိခဲ့သည်။ ထက်မြက်၏တည်ကြည်တဲ့ သစ္စာတရားကိုလည်း လုလုက နားလည်သိရှိခဲ့သည်။

ဒါကြောင့် ဘာစကားဆက်ပြောရမှန်း မသိလောက်အောင် လုလုက ဖြစ်သွားသည်။ ပတ်ဝန်းကျင်ရဲ့မလိုတမာ စကားများကို သာ သည်းဦးပန်း ကျော်လွှားနိုင်ပါစေလို့ ဆုတောင်းလိုက်သည်။

* * *

တယ်လီဖုန်းမှ သူမရဲ့ရင်ကို တုန်လှုပ်ချောက်ချားစေသော သတင်းဆိုးကိုရပြီးကတည်းက သည်းဦးပန်းက ချစ်ချစ်နဲ့ထက်မြက် တို့ရဲ့ ဆက်ဆံရေးကို တစေ့တစောင်း အကဲခတ်နေသည်။

ချစ်ချစ်ရဲ့သဘောထားကို နားလည်လာတဲ့ ထက်မြက်က ချစ်ချစ်အပေါ်မှာ လိုက်လျောစွာဆက်ဆံနေသည့် အချိန်ဖြစ်နေ သည်။

တစ်နေ့နံနက် ထက်မြက် ဆေးရုံသွားခါနီး ကားနားအထိ ချစ်ချစ်က ထက်ဦးလေးကို ချီပြီးလိုက်ပို့သည်။ ထက်မြက် ထက်ဦးလေးရဲ့ပါးကို ငုံ့နမ်းပြီး နှုတ်ဆက်သည်။ ကားထွက်ခါနီး တံခါးပေါက်ဝမှာ ရပ်နေသော သည်းဦးပန်းကိုလှမ်းပြီး လက်ပြ နှုတ်ဆက်သွားသည်။

ထက်မြက်က ထက်ဦးလေးငုံ့အနမ်းခိုက်မှာ တံခါးပေါက်ဝ နားသို့ သည်းဦးပန်းရောက်လာခိုက်နှင့် ဆုံသည်။ သည်းဦးပန်း ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရသည်။ ထက်မြက်နှင့်ချစ်ချစ်သည် လိုအပ်သည်ထက်ပိုပြီး ရင်းနှီးနေကြသည်လို့ သံသယ မျက်ဝန်းများ နှင့် ကြည့်မိသည်။

ရင်မှာလေးလံပြီး ကြေကွဲသွားရသည်က အမှန်ပါ။





တစ်နေ့ညနေ ထက်မြက်က ဆေးခန်းကအပြန် ကားကို ဂိုဒေါင်ထဲသို့ ထည့်ပြီး အိမ်ထဲဝင်သည်။ တံခါးကို ချစ်ချစ်က ဖွင့်ပေး သည်။

ချစ်ချစ်ရဲ့အကြည့်က ထက်မြက်ရဲ့ပခုံးပေါ်သို့ ရောက်သွား သည်။ ဘောက်ဖတ်ပိုးတစ်ကောင် ထက်ဦးရဲ့အင်္ကျီပေါ်မှာ ရွှေ့လျားသွားနေသည်။

'ဟင်... ပိုးကောင်ကြီး'

လက်မြန်ခြေမြန်နှင့် ချစ်ချစ်က ထက်မြက်ရဲ့ပခုံးက ဘောက်ဖတ်ကောင်ကို ဖယ်ရှားလိုက်သည်။ ထိုအချင်းအရာကို လှေကားထိပ်က သည်းဦးပန်းက ဆင်းလာမှ မြင်လိုက်သည်။

ရင်ထဲမှာ စူးခနဲ ထိရှနာကျင်သွားသည်။ သူတို့မမြင်ခင် လှေကားပေါ်သို့ သွက်သွက်လေး ပြန်တက်ခဲ့သည်။ ခုတင်ပေါ်မှာ ထိုင်ချလိုက်သည်။ ရပ်နိုင်စွမ်းမရှိအောင် ဒူးတွေ တဆတ်ဆတ်တုန် နေသည်။

'ဟုတ်ပါပြီ၊ သူများတွေပြောသလို သူတို့ ဖြစ်နေကြပါပြီ'

အသေအချာကြီးကို စွပ်စွဲမိသည်။ ထိုစိတ်ဖြင့် တစ်ကိုယ်လုံး နွမ်းခွေသွားသည်။ မကြာခင် ထက်မြက်အခန်းထဲ ဝင်လာတော့ မည်။ ရင်ဆိုင်လိုစိတ်မရှိ၍ အိပ်ရာထဲဝင်ပြီး အိပ်ချင်ယောင်ဆောင် နေသည်။

ထက်မြက် အခန်းထဲဝင်လာတော့ သားထက်ဦးရော သည်းဦးပန်းပါ အိပ်ပျော်နေသည်ကို တွေ့ရပြီး ခြေသံဖွပြီး လှုပ်ရှား လုပ်ကိုင်နေသည်။

သည်းဦးပန်းကလည်း အိပ်ချင်ယောင် ဆောင်နေလိုက်သည်။ ထက်မြက်က သည်းဦးပန်း အအိပ်ပျက်သွားမည်ကို စိုးရိမ်ပြီး အိပ်ရာထဲသို့ ကိုယ်ဖွပြီး ဝင်လိုက်သည်။

* * *

နောက်တစ်နေ့ နံနက်မှာ သည်းဦးပန်းက ဟန်မပျက် ထက်မြက်ကို ဆက်ဆံလိုက်သည်။ ချစ်ချစ်ကိုလည်း ပုံမှန်အတိုင်း ဆက်ဆံနေသည်။ ဒါပေမယ့် ရင်ထဲမှာတော့ မကောင်းနိုင်။ ထက်မြက် သူမအပေါ်မှာ သစ္စာဖောက်နေပြီဆိုပြီး ထိခိုက်ကြေကွဲနေသည်။

ထက်မြက် ညဆေးခန်းကပြန်ရောက်ချိန်မှာ အပေါ်ထပ်သို့ တက်လာသည်။ ထူးခြားမှုတစ်ခုတွေ့ရသည်။ သူ့ရဲ့အခန်းတံခါး ပိတ်ထားသည်ကို တွေ့ရသည်။ အခန်းကို သော့ခတ်ထားသည်။

တံခါး၏ကြေးဘုသီးကို လှည့်ဖွင့်သည်။ ပွင့်မလာပါ။ အလွန် ထူးခြားသော တွေ့ရှိချက်ကို တွေ့ကြုံနေရသည်။ စိတ်အိုက်စွာ အခန်းတံခါးဝမှာ ရပ်နေစဉ် သူ့ဘေးသို့ အရိပ်တစ်ခုထိုးကျလာသည်။

'သည်းဦးနေမကောင်းလို့ သူတစ်ယောက်တည်း အိပ်ချင်တယ်လို့ ချစ်ချစ်ကို မှာထားပါတယ်၊ ကိုထက်မြက်အတွက် ဟိုဘက်အခန်းမှာ ပြင်ထားပါတယ်'

'ဘယ်လို နေမကောင်းလို့ ဟုတ်လား၊ ဒါဆို သူတစ်ယောက်တည်း ထားလို့မဖြစ်ဘူး'





'သူ အိပ်ဆေး သောက်ထားတယ်တဲ့၊ ကိုထက်မြက်ပြန်လာရင် သူ့ကို မနှိုးပါနဲ့လို့ မှာထားပါတယ်'

သည်းဦးပန်းအတွက် အရမ်းစိတ်ပူသွားသည်။ မနှိုးပါနဲ့ဆို၍ နှိုးရမှာလည်းခက်နေသည်။ သည်းဦးပန်းကို မကျေမနပ်ဖြစ်မိတာ အမှန်။ ဒါပေမယ့် ချစ်ချစ်နဲ့ ကြာကြာစကားမပြောချင်၍ သူ့အတွက် စီစဉ်ထားသော အခန်းဆီသို့ လှမ်းခဲ့သည်။

စိတ်ထဲက မကျေနပ်မှုအရှိန်က လက်ဆွဲအိတ်အပေါ်သို့ ရောက်သွားသည်။ လက်ဆွဲအိတ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ ထိုနေ့ညက သည်းဦးပန်းကို မကျေမနပ်ဖြစ်ပြီး တော်တော်နှင့် အိပ်မပျော်ပါ။

■

## (၃၁)

'နောက်တစ်နေ့နံနက်မှ နံနက်စာကို တစ်ယောက်တည်းပဲ စားလိုက်သည်။ သည်းဦးပန်းရဲ့တံခါးက ပိတ်ထားမြဲ။ သူစားသောက်နေစဉ် ချစ်ချစ်က ကလေးကို သူ့လက်ထဲသို့ လာပေးသည်။

'ဒီနေ့ ချစ်ချစ်ကိစ္စရှိလို့ အပြင်ခဏ သွားပါရစေ၊ သည်းဦးနိုးလာရင် ပြောပေးပါနော်'

ကြော့မော့စွာပြင်ဆင်ထားသော ချစ်ချစ်ကို မကြည့်ဘဲ ခေါင်းညိတ်ခွင့်ပြုလိုက်သည်။ ထက်ဦးလေးကို ကုလားထိုင်ပေါ်မှာ ထိုင်ခိုင်းပြီး မုန့်ကို ခွံ့ကျွေးသည်။

'ဟော... ကိုထက်က သားကြီးကို ကျွေးနေတာကိုး၊ ပေးပေး ဒေါ်ကြီးကျွေးလိုက်မယ်'

ဒေါ်ကြီးစိန်ရဲ့လက်မှာ ထက်ဦးကိုထားခဲ့ပြီး သည်းဦးပန်းဆီသို့ တက်ခဲ့သည်။ ပိတ်ထားသောတံခါးကို ခေါက်သည်။

'သည်းဦး၊ တံခါးဖွင့်ပေးစမ်းပါဦးကွာ'

နှစ်ခါလောက်ခေါက်ပြီးမှ အတွင်းက ချက်ဖြုတ်သံကြားပြီး တံခါးရွက်ပွင့်လာသည်။ ပေါ်လာသည့် သည်းဦးပန်းရဲ့မျက်နှာလေး မို့အစ်နေပါလား။

'ဟင်... သည်းဦးငိုနေတယ် ဟုတ်လား၊ ဘာဖြစ်တာလဲကွာ'





ချစ်ဇနီးကို ရင်မှာထွေးပွေ့ပြီး ထက်မြက်က မေးလိုက်သည်။ သည်းဦးပန်းက ရှိုက်ကာရှိုက်ကာနှင့် ဝမ်းပန်းတနည်း ငိုကြွေးနေသည်။

'သည်းဦးရဲ့လုပ်ရပ်တွေက အရမ်းကို ထူဆန်းနေတယ်၊ ကိုကိုနဲ့တစ်ခါမှ ခွဲမအိပ်ဖူးဘဲ၊ ညက ဘာလို့ ခွဲအိပ်ရတာလဲ၊ ကိုကို့မှာ တစ်ညလုံး အိပ်လို့မရဘူး၊ သည်းဦးအတွက် အရမ်းစိတ်ပူနေတယ် သိလား'

ချစ်ဇနီးရဲ့မျက်နှာလေးကို မော့ပြီး သူပြုံးစိစိကြည့်ကာ ပြောသည်။

'သည်းဦး သိပ်ရက်စက်တယ်'

'ဘယ်လို ကိုကို၊ သည်းဦးက ရက်စက်တယ် ဟုတ်လား၊ ပြောင်းပြန်တွေ ပြောမနေပါနဲ့ ကိုကိုရယ်'

မဲ့ခွက်ခွက်လေးနှင့် သည်းဦးပန်းက ပြောသည်။ ထက်မြက် ရင်မှာ တစ်ခုသိလိုက်ပြီ။ သည်းဦးပန်း သူ့အပေါ်မှာ အစာမကြေဖြစ်နေပြီပဲ။

'ကိုကိုက ဘာရက်စက်လို့လဲ သည်းဦးရယ်'

'ကိုကိုနဲ့ မမချစ်တို့အကြောင်း သည်းဦး သိပြီးပြီ'

ပတ်ဝန်းကျင်ရဲ့ မလိုတမာဂယက်က သည်းဦးပန်းကိုပါ ရိုက်ခတ်လိုက်ပြီပဲ။ ရင်မှာ ခံပြင်းစိတ်တွေ ဆူဝေသွားသည်။

'ကဲ... လာ အေးအေးဆေးဆေးထိုင်၊ သည်းဦး ဘာတွေ မကျေနပ်နေလဲ၊ အားလုံးကို ရင်ဖွင့်လိုက်၊ နောက်ပြီးမှ ကိုကိုပြောမယ်'

သည်းဦးပန်းမှာ ကြေကွဲရိပ်များ စွန်းထင်းလာသည်။ အငို တိတ်သော်လည်း အသံတွေက တိမ်ဝင်ဆို့နင့်နေသည်။

'သည်းဦးဆီကို တယ်လီဖုန်းနဲ့ လူတစ်ယောက်က သတိပေး တယ်၊ ကိုကိုနဲ့မမချစ် မလွတ်ကင်းကြတော့ဘူးတဲ့'

'အဲဒါကို သည်းဦးက ယုံလား'

'သည့်ဦး တစ်ခါ နှစ်ခါ ကိုကိုနဲ့မမချစ်ကို မသင်္ကာစရာ တွေ့တယ်'

'ဪ...'

ထက်မြက်က မဲ့ပြုံးတစ်ချက်ပြုံးသည်။

'ပြီးတော့ ထက်ဦးလေးက ကိုကို့သား မဟုတ်လားဟင်...'

'ဟာ... ဘယ်လို မေးလိုက်တာလဲ သည်းဦးရယ်၊ အဲဒီ ကလေးကို သည်းဦးပဲ ရှာတွေ့လာပြီး၊ ကိုကိုမမွေးစားချင်တာ တောင် သည်းဦးက အတင်းပူဆာတာ မဟုတ်လား'

'အဲဒါတော့ ဟုတ်တယ်၊ အစကတည်းက ကိုကိုတို့ သည်းဦး မသိအောင် အဲဒီကလေးကို ဒေါ်အေးတင်အိမ်မှာထားပြီး သည်းဦး မွေးစားဖြစ်အောင်များ စီစဉ်လိုက်သလားလို့ ထင်နေတယ်'

'ဟာကွာ သည်းဦး ကိုကို့အပေါ်မှာ သိပ်ကို အထင်သေးနေ ပါလား'

'တခြားမိန်းမတစ်ယောက်နဲ့ ရတဲ့ကလေးကို ကိုကိုက အိမ်ပေါ်ရောက်အောင် လှည့်ကွက်ထားတာတဲ့'

'တောက်...'

ခံပြင်းစွာ ထက်မြက်က တက်ခေါက်လိုက်သည်။





'နောက်ပြီး သားရဲ့ပါးက မှဲ့က သက်သေခံနေတယ်လေ...'

'သည်းဦးရယ်'

ရင်မှာ စူးရှနာကျင်စွာနှင့် သည်းဦးပန်းကို ကြည့်လိုက်သည်။

'သည်းဦးပန်းရဲ့ စွပ်စွဲချက်တွေ ကုန်ပြီလား၊ ဒီမှာ သည်းဦး မချစ်ချစ်ကို ဒီအိမ်ကိုရောက်အောင် ဘယ်သူကခေါ်ခဲ့တာလဲ၊ ကိုကို့ ဆန္ဒတစ်ခုမှမပါဘဲ မချစ်ချစ်ကိစ္စရော၊ ထက်ဦး ကိစ္စပါ၊ သည်းဦး စိတ် သည်းဦးကိုယ်နဲ့ လုပ်ခဲ့တာချည်းပဲ မဟုတ်လား'

'သည်းဦးမှ မသိခဲ့တာကိုး'

'အဲလို အခြေအမြစ်မရှိတဲ့ကြားက ကုန်းတိုက်စကားတွေနဲ့ တော့ ကိုကို့ကို သံသယစိတ်နဲ့ ကိုကို့သိက္ခာကို မထိပါးနဲ့၊ သည်းဦး မကျေနပ်ရင် မချစ်ချစ်ကို ဒီအိမ်က ထုတ်ပစ်လိုက်၊ ထက်ဦးကို လည်း သူများကိုပြန်ပေးလိုက် ရတယ်'

မြင့်မားစွာ ထိန်းသိမ်းခဲ့တဲ့ သူ့ရဲ့သစ္စာတရားတွေကို ပွန်းပဲ့ အောင် သည်းဦးပန်းက ပြောဆိုနေသည်ကို ခံပြင်းနေသည်။

'ကဲ... လာ ဒီကိစ္စကို ဒေါ်ကြီးတို့ရှေ့မှာ ရှင်းမယ်'

သည်းဦးပန်းရဲ့လက်ကိုဆွဲပြီး အတင်းပင် အောက်ထပ်သို့ ခေါ်လာသည်။ ယက်ကန်ကန်နှင့် သည်းဦးပန်း သူ့နောက်သို့ လိုက် ပါလာရသည်။

ဒေါသကြောင့် နီရဲနေတဲ့ ထက်မြက်ရဲ့မျက်နှာ၊ ငိုယိုထား သော သည်းဦးပန်းရဲ့ ဟန်ကိုကြည့်ပြီး ဒေါ်ကြီးစိန်ရော၊ ဘကြီးငွေ ပါ ထိတ်လန့်သွားသည်။

'ဟဲ့... ဘာတွေ ဖြစ်လာကြတာလဲ'

'ဟောဒီမှာလေ၊ ဒေါ်ကြီးတို့ရဲ့တူမက ကျွန်တော့်ကို မဟုတ်မဟပ်တွေ စွပ်စွဲနေတယ်ဗျ'

ထက်မြက်က ဒေါနှင့်မောနှင့် ပြောသည်။ သည်းဦးပန်းအပေါ်မှာ ထက်မြက် ထိုသို့ တစ်ခါမှဒေါသဖြစ် စိတ်မဆိုးဖူးပါ။ သည်တစ်ခါက ပထမဦးဆုံးအကြိမ် တွေ့လိုက်ရခြင်းသာ။

'စိတ်အေးအေးထားပြီး ပြောပါ ကိုထက်ရယ်'

ဒေါ်ကြီးစိန်က ရှုံ့ရှုံ့ရဲရဲဖြစ်နေသော ထက်မြက်ကို လေပြည်ထိုးလိုက်သည်။

'ဘာတွေဖြစ်လဲ ပြောပါဦး'

'ဒီကလေးကို ကျွန်တော် တခြားမိန်းမတစ်ယောက်နဲ့ရတဲ့ကလေးတဲ့၊ ပြီးတော့ဗျာ သူမို့လို့ စွပ်စွဲရက်တယ်၊ မချစ်ချစ်နဲ့ ကျွန်တော်က မရှင်းလင်းဘူးတဲ့၊ အတတ်ကြီးကို စွပ်စွဲနေတယ်ဗျ'

ထက်မြက်ရဲ့စကားကြောင့် ဒေါ်ကြီးစိန်က ကြက်သီးမွေးညင်းများ ထ,သွားသည်။ သည်းဦးပန်းက မယုံနိုင်သည့် မျက်ဝန်းတွေနှင့် ကြည့်နေသည်။

'ဘယ်လို ပြောလိုက်တာလဲ သည်းဦးရယ်'

'သည်းဦးဆီကို အသေအချာကြီးဖုန်းနဲ့ သတင်းပို့လိုက်တာ ဒေါ်ကြီးရဲ့'

သည်းဦးပန်းက တရှုံ့ရှုံ့နဲ့ ငိုကြွေးနေသည်။ ထက်မြက်က တစ်ခါမှ စိတ်မဆိုးစဖူး သည်းဦးပန်းကို ဆွဲခါပစ်လိုက်ချင်အောင် ဒေါသထွက်နေသည်။

'သူများပြောတာနဲ့ပဲ မင်းက တထစ်ချသေချာပေါက်ကြီး





ယုံလိုက်ပြီပေါ့၊ ဟုတ်လား'

'အခြေအနေက ယုံချင်စရာပဲ မဟုတ်လား'

'တော်ကွာ သည်းဦး မင်းထပ်ပြီး စွပ်စွဲစကားတွေမပြောနဲ့ ါ လူသတ်မိလိမ့်မယ်'

ထက်မြက်က လွှတ်ပြီးဒေါသကြီးနေသည်။ ဒေါ်ကြီးစိန် ကြားဝင်လိုက်ရပါတော့သည်။

'သည်းဦးရယ် သူများပြောတိုင်း မယုံစမ်းပါနဲ့လား၊ ဒီအိမ် ာ ဒေါ်ကြီးစိန်က အမြဲရှိနေတာ၊ ချစ်ချစ်နဲ့ကိုထက်ရဲ့ ဆက်ဆံရေး ကို မသိဘဲနေပါ့မလား'

'ကိုထက် သိပ်အနေတည်တယ်၊ အခုမှ လိုက်လိုက်လျော လျောလေး ရှိတာပါ၊ သူ အနေတည်လွန်းလို့၊ ပြီးတော့ ချစ်ချစ် အပေါ်မှာ တစ်ခါတစ်ခါ သိပ်မောက်မာသလိုရှိလို့ ဒေါ်ကြီးတောင် ကြားထဲက မျက်နှာပူရပါသေးတယ်ကွယ်'

ငိုရှိုက်နေတဲ့ သည်းဦးပန်းရဲ့ ဦးခေါင်းလေးကို ပွတ်သပ်ပြီး ဒေါ်ကြီးစိန်က ပြေရာပြေကြောင်း ပြောနေသည်။

'ပြီးတော့ ချစ်ချစ်ကလည်း သဘောထား ဖြူစင်ရိုးသားပါ တယ်၊ သည်းဦးကို ညီမလေးတစ်ယောက်လို စောင့်ရှောက်နေသား ၊ ပြီးတော့... သားလေးကိုလည်း မိခင်တစ်ယောက်လို ကြင်နာ ရှစိုက်သားပဲ'

'အဲဒီမိန်းမကို အိမ်ပေါ်ကိုစပြီးပင့်လာတာ မင်းပဲ မဟုတ် လား၊ ငါကန့်ကွက်တာတောင် မင်းလက်မခံခဲ့ဘူးလေ၊ ခုရန်လိုတော့ လည်း မင်းပဲ'

ချစ်ဇနီးကို ဘယ်တုန်းကမှ လေသံမာမာနှင့် မပြောခဲ့ပေ

မယ့် ခုတော့ အော်ဟစ်ပြီး ပြောလိုက်သည်။

'အဲဒီတော့ ရှုပ်တယ်ကွာ၊ ပြန်လာတာနဲ့ ဒီမိန်းမကို သုံးလစာ လခပေးပြီး ပြန်လွှတ်လိုက်၊ ပြီးတော့ ငါ့သားလို့ မင်းစွပ်စွဲနေတဲ့ ထက်ဦးကိုလည်း ပေးပစ်လိုက်ကွာ'

ဒေါသတကြီးပြောဆိုပြီး ထက်မြက် အိမ်ကနေ ကားကို တရကြမ်းမောင်းထွက်သွားသည်။ သည်းဦးပန်းက ငိုရှိုက်ပြီး ကျန်ရစ်ခဲ့သည်။ အထင်အမြင် လွဲမှားနေသော လူငယ်နှစ်ယောက်ကို ဒေါ်ကြီးစိန်တို့လင်မယားက ကြားဝင်ဖြေရှင်းရမည်သာ။

'သည်းဦးလေး ကိုထက်အပေါ်မှာ အထင်မှားနေပြီ၊ ဒေါ်ကြီးစိန်တို့လည်း အိမ်မှာရှိနေတာပဲကွယ်၊ ကိုထက်နဲ့ချစ်ချစ်တို့ ဆက်ဆံရေးက ရိုးရိုးသားသားပါ'

'ဟုတ်ပါတယ် တူမကြီးရယ်၊ ကိုထက်ရဲ့ စာရိတ္တ အဲဒီလောက် မညံ့ဖျင်းပါဘူး'

ဘကြီးငွေကလည်း ဝင်ပြီးထောက်ခံသည်။ သည်းဦးပန်းက ရင်ထဲကနေ တွေးဆနေသည်။ ထက်မြက်သည် သူမအပေါ်မှာ အချစ်မလျော့ခဲ့တာကိုလည်း သိနေသည်။ တခြားမိန်းမနှစ်ယောက်နှင့် ဖောက်ပြားနေလျှင် သူမအပေါ်မှာ ထက်မြက်ရဲ့ ဆက်ဆံရေးက ပြောင်းလဲသွားနိုင်သည်။

'ပြီးတော့ သေသေချာချာ စဉ်းစားပါ၊ ထက်ဦးဟာ ကိုထက်ရဲ့ကလေး လုံးဝမဖြစ်နိုင်ပါဘူးကွယ်၊ မှဲ့လေးတစ်လုံး တိုက်တိုက်ဆိုင်ဆိုင် လာတူနေတာနဲ့ပဲ ကိုထက်ကလေး ဖြစ်ရောလား၊ ဒီကလေးကို ကိုထက်ကသိတောင် မသိခဲ့ဘူး၊ သည်းဦးသူငယ်ချင်း





အဆက်အသွယ်နဲ့ ဒီကလေး အိမ်ပေါ်ရောက်လာတာပဲကွယ်'

ဒေါ်ကြီးစိန်က လေသံပျော့ပျော့နှင့် သည်းဦးပန်းနားဝင်အောင် ပြောနေသည်။

'သမီး... သေသေချာချာ စဉ်းစားပါ၊ သူတစ်ပါး မနာလိုလို့ ခြေထိုးတာနဲ့ပဲ လင်မယားပြဿနာ မတက်ပါနဲ့ကွယ်၊ ချမ်းမြေ့စွာ တည်ထောင်ထားတဲ့ အိမ်ထောင်ရေးကို မထိခိုက်ပါစေနဲ့'

ဒေါ်ကြီးစိန်ရဲ့ ဆုံးမစကားများက သည်းဦးပန်းရဲ့ သံသယအမှောင်တွေကို ဖြည်းဖြည်းချင်း ခွင်းနေသည်။

'ကိုထက်က ဒေါ်ကြီးတို့လက်ပေါ်မှာ ကြီးလာတဲ့ ကလေးပါ၊ သူ့အကြောင်း ဒေါ်ကြီးတို့ အကုန်သိတာပေါ့၊ ကိုထက်က သည်းဦးနဲ့ လက်မထပ်ခင်မှာရော၊ လက်ထပ်ပြီးတဲ့အခါမှာရော၊ မိန်းမကိစ္စ ရှင်းတယ်၊ အဲဒါပဲ ဒေါ်ကြီးပြောချင်ပါတယ်'

ထက်မြက်အပေါ် အထင်သေးရက်လေခြင်းဆိုပြီး သည်းဦးပန်းအပေါ်မှာ စိတ်ခုသွားသည်။ ဒါပေမယ့် လူကြီးမို့ ဒေါသကို မပေါ်လွင်စေဘဲ ဆုံးမစကားကိုသာ ဆိုလိုက်သည်။

အသာလွတ် အထင်သေး စွပ်စွဲခံရသော ချစ်ချစ်ကိုလည်း ဒေါ်ကြီးစိန် သနားသွားသည်။

■

## (၃၂)

ထက်မြက်က ကားကို တရကြမ်း မောင်းခဲ့သည်။ စိတ်ထဲမှာ ခံပြင်းနာကြည်းနေသည်။ သူ့အပေါ်မှာ အထင်သေး စွပ်စွဲရက်သော သည်းဦးပန်းကို ဒေါသတွေ အရမ်းဖြစ်နေသည်။

ထက်ဦးကို သူ့ကလေးပါလို့ သည်းဦးပန်းက စွပ်စွဲသည်ကို မခံမရပ်နိုင် ဖြစ်နေသည်။ ထက်ဦးကို မွေးစားရန်ခေါ်ယူခဲ့သော ဒေါ်အေးတင်ရဲ့အိမ်ဆီသို့ မောင်းထွက်ခဲ့သည်။

အရံသင့်ပင် ဒေါ်အေးတင်ကို တွေ့ရသည်။

ထက်မြက်ကို ဒေါ်အေးတင်က မမှတ်မိဘဲရှိနေသည်။

'ဒေါ်ဒေါ် ကျွန်တော့်ကို မမှတ်မိဘူး ထင်ပါတယ်၊ ကျွန်တော်က လွန်ခဲ့တဲ့ တစ်နှစ်ကျော်တုန်းက ဒေါ်ဒေါ့်ဆီက ကလေးတစ်ယောက်ကို ခေါ်ယူမွေးစားခဲ့တဲ့သူပါ'

'အြော်... ဟုတ်ပါရဲ့ မှတ်မိပါပြီ၊ စိတ်မရှိပါနဲ့ကွယ်၊ တစ်ခါပဲ တွေ့ဖူးတော့ ဒေါ်ဒေါ်မမှတ်မိဘဲ ဖြစ်နေလို့ပါ'

'ရပါတယ် ခင်ဗျာ'

'ဒါနဲ့ ကလေးရော... နေကောင်းရဲ့လား'





'ကောင်းပါတယ်၊ အဲဒီကလေးနဲ့ပတ်သက်ပြီး ဒေါ်ဒေါ့်ဆီမှာ ကျွန်တော် တစ်ခုမေးချင်လို့ပါ'

'ဘာများလဲကွယ်'

စူးစမ်းသောအကြည့်တွေနှင့် ဒေါ်အေးတင်က ကြည့်လာသည်။

'အဲဒီကလေးရဲ့ မိဘတွေကို သိခွင့်ရှိရင် သိချင်ပါတယ်'

'ဆရာတို့ မွေးစားစဉ်တုန်းက ဒေါ်ဒေါ် ပြောခဲ့ပါတယ်၊ မျိုးကောင်း ဆွေကောင်းတွေပါလို့'

'ဟုတ်ပါတယ် ဒေါ်ဒေါ်၊ အဲဒီ မျိုးရိုးကို ကျွန်တော် လက်ခံပါတယ်၊ ကျွန်တော် သိချင်တာ သူ့အဖေ အမေရဲ့ နာမည်'

ဒေါ်အေးတင်ရဲ့မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ သူမရဲ့ အကြည့်တွေက တည်တည်ကြီး ဖြစ်နေသည်။

'ဘာလို့ သိချင်ရတာလဲကွယ်'

'ကျွန်တော့်အတွက် သိပ်အရေးကြီးနေလို့ပါ ဒေါ်ဒေါ်'

'ဝမ်းနည်းပါတယ် ဆရာ၊ အဲဒါကို ဒေါ်ဒေါ် မဖြေနိုင်ပါဘူး၊ သူတစ်ပါးကို ပေးပြီးသားကတိ ဒေါ်ဒေါ် မဖျက်တတ်ပါဘူး'

'ခင်ဗျာ... ဒေါ်ဒေါ်က သူ့မိဘကို ကတိပေးခဲ့တယ် ဟုတ်လား'

'သူ့အမေကိုပေါ့ ဒီကလေးရဲ့အမေကို ဒေါ်ဒေါ်ကတိပေးခဲ့ပါတယ်၊ ဘယ်တော့မှ ဒီကလေးဟာ သူ့မိခင်ရင်းဆိုတာ မသိစေရပါဘူး'

'ဟာဗျာ... ဘယ်လိုအမေမျိုးပါလိမ့်၊ အသက်ထင်ရှား ရှိနေလျက်သားနဲ့များ သားအရင်းခေါက်ခေါက်ကို ပစ်ထားရက်တယ်'

ထက်မြက်က သိချင်တာမသိရ၍ စိတ်တိုပြီး ထက်ဦးလေးရဲ့ အမေကို အပြစ်တင်လိုက်သည်။

'ခမျာလည်း သူ့အကြောင်းနဲ့ သူပါကွယ်၊ သူ့သားကို သူသိပ်ချစ်ပါတယ်၊ မလွှဲမရှောင်သာတဲ့ အကြောင်းတွေကြောင့် ဒေါ်ဒေါ့ဆီမှာ ထားခဲ့ရတာပါ၊ မိန်းကလေးက မိန်းမကောင်းလေးပါ'

ထက်မြက်ရင်ထဲမှာတော့ ဘယ်လိုမှ ထက်ဦးရဲ့မိခင်ကို အထင်မကြီးနိုင်ပါ။

'နောက်ပြီး ကလေးက လူကောင်းသူကောင်း၊ လူချမ်းသာတွေရဲ့လက်ထဲမှာ ရောက်သွားတာပဲ၊ ကလေးဘဝ ကောင်းစားတယ်လို့သိလို့ သူဝမ်းသာခဲ့ရှာတယ်'

'ဒါဆို ဒေါ်ဒေါ်က မပြောနိုင်ဘူးပေါ့နော်...'

'စိတ်မရှိပါနဲ့ကွယ်၊ ဒေါ်ဒေါ် ကတိတည်တဲ့ မိန်းမတစ်ယောက် ဖြစ်ပါရစေ'

မထူးခြားသည့်အခြေအနေမို့ ထက်မြက် ထပြီးပြန်လာသည်။ ထက်ဦးလေးရဲ့ မိဘရင်းတွေကို မသိရသည့်အတွက် ရင်ထဲမှာ လိပ်ခဲတည်းလည်း။

* * *

အိမ်ကို ပြန်ချင်စိတ်မရှိသေး။ ခင်မြင့်ထံသို့ ထွက်ခဲ့သည်။ ရင်ထဲမှာ တင်းကျပ်နေ၍ တစ်ယောက်ယောက်ကို ရင်ဖွင့်လိုက်လျှင် ခံစားမှုသက်သာမည်လို့ ထင်သည်။

ခင်မြင့်ထံရောက်သောအခါ ရင်ထဲက ခံစားမှုကို ထုတ်အန်





လိုက်မိသည်။ ခင်မြင့်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

'သည်းဦးကလည်းကွာ၊ ကြံကြံဖန်ဖန် ထင်ရက်တယ်၊ ချစ်ချစ်က အနေအထိုင် မတတ်တာတစ်ခုပါပဲ၊ မင်းအိမ်မှာ ကိုယ်မကြာခဏ တွေ့နေသားပဲ'

'အေးလေကွာ၊ ဘယ်သူကများ ချွန်တွန်းလုပ်လိုက်လဲ မသိဘူး၊ သည်းဦး စိတ်ဖောက်ပြန်နေတယ်'

'ဒီကိစ္စတွေကို ငါ သည်းဦးကို ကူပြီး ဖြေရှင်းပေးပါ့မယ်ကွာ၊ သိပ်ပြီး စိတ်ပူမနေပါနဲ့'

'သည်းဦး ငါ့ကို အထင်သေးတာ သိပ်ခံရခက်တယ်ကွာ'

'တွန်းတဲ့လူက ဘယ်လောက်တောင် တွန်းထားလဲမှ မသိတာ၊ အဲဒါတွေက မင်းကို သိပ်ချစ်လို့ဆိုတာ မှတ်လိုက်ပါကွယ်'

'သိပ်ချစ်တာ မဟုတ်လို့ ငါ့သိက္ခာကို စော်ကားတာပေါ့'

'သိပ်ချစ်တဲ့လူကို လုတဲ့လူပေါ်လာတော့ အူနုကိုကျွဲခတ်တဲ့သဘောပေါ့ ထက်မြက်ရာ'

'ငါ့ရင်ထဲမှာ သိပ်ပြီး ခံစားရတယ်ကွာ'

'အေး... ဟုတ်မှာပေါ့၊ ဒါပေမယ့် သည်းဦးကို ခွင့်လွှတ်လိုက်ပါ၊ မင်းရဲ့သစ္စာတရားကို သူ နားလည်လာမှာပါ'

'ငါ အပြတ်ပြောခဲ့တယ်၊ မင်းပင့်လာတဲ့ ချစ်ချစ်ကို မင်းပဲအိမ်က ပထုတ်ပစ်လိုက်လို့'

'ဟာ... အဲလိုကြီး မလုပ်ပါနဲ့ကွာ၊ အပြစ်မရှိတဲ့ ချစ်ချစ်ဒုက္ခရောက်သွားမှာပေါ့'

'မတတ်နိုင်ဘူးလေ'

'မင်းစိတ်တွေ သိပ်လှုပ်ရှားနေတယ်၊ ဒီမှာ အေးအေးဆေးဆေးနေ၊ ညနေကျရင် ကိုယ် ပြန်လိုက်ပို့ပေးမယ်'

'ရပါတယ်ကွာ'

'နေပါကွာ... မင်းကလည်း၊ တစ်ခါတလေပဲဟာ'

ခင်မြင့်က တားသည့်အတွက် ထက်မြက် နေလိုက်သည်။ အိမ်ပြန်ချင်စိတ်လည်း မရှိဘူး မဟုတ်လား။

ညနေကျမှ ထက်မြက် အိမ်ပြန်ခဲ့သည်။ ခင်မြင့်က နောက်ကနေ သူ့ကားဖြင့် လိုက်ခဲ့သည်။ ဒေါ်ကြီးစိန်က လည်တဆန့်ဆန့်နှင့် သူ့ကို မျှော်နေသည်။

'စိတ်ပူလိုက်ရတာ ကိုထက်ရယ်၊ ဘယ်တွေ သွားနေတာလဲ'

'သူ တစ်နေ့လုံး ကျွန်တော့်အိမ်မှာပါ ဒေါ်ကြီးစိန်...'

'စိတ်ဆိုးပြီး ကားအရမ်းမောင်းသွားလို့ ဒေါ်ကြီးမှာ ရင်ပူပြီး ကျန်ရစ်ခဲ့တယ်ကွယ်'

'ချစ်ချစ်ရော ဒေါ်ကြီး'

ခင်မြင့်က ဒေါ်ကြီးစိန်ကို မေးလိုက်သည်။ ဒေါ်ကြီးစိန်က ခင်မြင့် အကြောင်းစုံ သိပြီးနေပြီဆိုတာ သဘောပေါက်သွားသည်။

'အပေါ်ထပ် သူ့အခန်းမှာ ထက်ဦးလေးနဲ့'

'သည်းဦးရော...'

'စောစောကပဲမူးတယ်ဆိုလို့ ဒေါ်ကြီးဆေးတိုက်ပြီး အိပ်ခိုင်းထားတယ်'

ရင်ထဲမှာ တစ်ချက်လှုပ်ခနဲ သည်းဦးပန်းအတွက် စိတ်ပူသွားသည်။ ဒါပေမယ့် စိတ်ဆိုးသည့်အရှိန်က မသေသေး၍





သည်းဦးပန်းကို ချက်ချင်း သွားမကြည့်ပါ။

'ဒေါ်ကြီးရယ်... သည်းဦးကို သွားခေါ်ပေးပါ၊ စာကြည့်ခန်းထဲမှာ ကျွန်တော် စကားပြောချင်လို့'

'ဟုတ်ကဲ့'

ဒေါ်ကြီးစိန်က အပေါ်ထပ်သို့ တက်သွားသည်။ ခင်မြင့်ကို စာကြည့်ခန်းထဲပို့ပြီး ထက်မြက်က ထမင်းစားခန်းသို့ ဝင်နေလိုက်သည်။ စာကြည့်ခန်းသည် အခန်းလုံဖြစ်၍ ထိုအခန်းမှာ စကားပြောခြင်းသည် လုံခြုံသည်ကို ခင်မြင့်ကသိ၍ စာကြည့်ခန်းမှာ စကားပြောဖို့ စီစဉ်လိုက်ခြင်းပါ။

ဒေါ်ကြီးစိန်က သည်းဦးပန်းကို စာကြည့်ခန်းသို့ ဖေးမခေါ်ခဲ့သည်။ ခင်မြင့်ကိုမြင်တော့ သည်းဦးပန်း ငိုပြန်သည်။

'သည်းဦးရယ်... ဘာလို့ ကိုယ့်ကိုယ်ကို နှိပ်စက်နေတာလဲ'

'ကိုခင်မြင့်ရဲ့လူက သည်းဦးကို နှိပ်စက်နေတာသိလား'

သည်းဦးပန်းက သူ့ကို ပြန်ရန်ထောင်သည်။ ခင်မြင့်က ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

'သည်းဦး တော်တော်ညံ့သေးတာပဲ၊ ကိုယ့်ယောကျ်ားအကြောင်း ကိုယ်မသိဘူးလား၊ ဒါလောက်ရိုးပြီး၊ သူ့မိန်းမကို အသေအလဲချစ်တဲ့ ကောင်ကိုများ အထင်လွဲရက်တယ်'

မျက်လုံးဝိုင်းလေးနှင့် သည်းဦးပန်းက ကိုခင်မြင့်ကို မော့ကြည့်လိုက်သည်။

'သူတစ်ပါးရဲ့ မလိုတမာ ကုန်းတိုက်စကားတွေကြောင့် ဘဝသုံးခုကို မဖျက်ဆီးချင်ပါနဲ့ သည်းဦးရယ်'

'သည်းဦးရော၊ ထက်မြက်ရော၊ ချစ်ချစ်ရော ဘဝသုံးခု ပျက်စီးရမယ်၊ ထက်မြက်ရဲ့အသရေလည်း နွမ်းရမယ်၊ ချစ်ချစ်ရဲ့ ကိုယ်ကျင့်တရားလည်း ထိပါးမယ်၊ သည်းဦးလည်း အသည်းကြွေ ရင်ကွဲရမယ်၊ ဒါတွေကို သည်းဦး နားလည်ရဲ့လား'

'ဖုန်းထဲကပြောတဲ့လူက အသေအချာကြီး ပြောတာပဲ'

'အဲဒါကို မေ့ထားလိုက်ပါ သည်းဦး၊ ကိုယ်အကြံကောင်းတွေ ပေးမယ်၊ သည်းဦး လက်ခံမလား'

သည်းဦးပန်း ခေါင်းညိတ်သည်။

'ဟုတ်ပြီ... ဒါဆို ထက်ဦးလေးဟာ ထက်မြက်ရဲ့ကလေး ဟုတ်မဟုတ် အဖြေရှာဖို့ လွယ်လွယ်လေး၊ သူတို့နှစ်ယောက်ရဲ့ သွေးကို စစ်လိုက်ပေါ့'

ဟုတ်သားပဲဆိုပြီး သည်းဦးပန်းရဲ့ ရင်ထဲမှာ တစ်ချက်ပေါ့ ပါးသွားသည်။

'ပြီးတော့... ချစ်ချစ်က အိမ်မှာ အစစအရာရာ မျက်နှာလွှဲ လို့ရတယ်၊ ပြီးတော့ သူ့ခမျာ ဒုက္ခရောက်နေရှာတဲ့သူ၊ ဒီအိမ်က နှင်ချလိုက်ရင် ချစ်ချစ်မှာ အရှက်တကွဲ အကျိုးနည်းပြီး လောလော ဆယ်ဆယ် နေစရာမဲ့ဖြစ်သွားမယ်'

သည်းဦးပန်းရဲ့မျက်နှာ ညှိုးညှိုးတွေးတွေး ငေးငေးဖြစ်သွား သည်။

'အဲဒီတော့ မိန်းမချင်း ကိုယ်ချင်းစာပြီး ချစ်ချစ်ရဲ့ဘဝကို နားလည်ပေးလိုက်ပါ၊ ထက်မြက်ရဲ့ ကိုယ်ကျင့်တရားကိုလည်း သည်းဦး အထင်မသေးပါနဲ့၊ မပြစ်မှားပါနဲ့လို့ တောင်းပန်ပါရစေ'





သည်းဦးပန်းသည် ယခင်ကတည်းက ခင်မြင့်ကို လေးစားခဲ့ သူပါ။ ခင်မြင့်ထံမှ ထိုစကားများကို ကြားရတော့ သည်းဦးပန်းရင် မှာ ထိခိုက်ခံစားနေသည်။

သူမ သိပ်ချစ်သော ခင်ပွန်းသည်အပေါ်မှာ ကြီးမားစွာ ပြစ်မှားခဲ့လေပြီလား၊ ထက်မြက် ဘာတွေ ဖြစ်နေသည်ဆိုသော အဖြစ်မှန်ကို ခင်မြင့်သည် မသိဘဲ မနေ။ သိရှိနေမည်သာ။

ထက်မြက် မဟုတ်မမှန်တာ လုပ်လျှင်လည်း ကူညီလိမ်ညာ ပေးမည့်လူစားမျိုး မဟုတ်၊ ရင်ထဲက သံသယတွေ တဖြည်းဖြည်း ကြွေမွအက်ကွဲလာသည်။ သံသယ အဆောက်အအုံကြီး တဖြည်း ဖြည်း ပြိုဆင်းလာသည်။

'သာယာချမ်းမြေ့နေတဲ့ အိမ်ထောင်စုကို မလိုတမာကုန်း တိုက်စကားတွေကြောင့် မပျက်စီးပါစေနဲ့ကွယ်'

နောင်တစိတ်များ ရင်မှာ ချင်းနင်းဝင်ရောက်လာသည်။ ခင်မြင့်ကို မျက်ရည်ဝိုင်းသော အကြည့်များနှင့် မော့ကြည့်သည်။

'ကိုယ်ပြောတာက ဗိုနေမြဲ ကျားနေမြဲ နေပါ၊ ချစ်ချစ် ဒီအိမ် က ထွက်သွားရင် မလိုသူတွေ အားတက်စရာ ဖြစ်သွားလိမ့်မယ်၊ အဲဒါကိုလည်း သည်းဦးဆင်ခြင်ပါ'

'သည်းဦးမှားခဲ့ပါပြီ ကိုခင်မြင့်ရယ်၊ ကိုကို့ကို သည်းဦး တောင်းပန်မယ်၊ ပြီးတော့လေ မမချစ်ကိုလည်း သည်းဦး အရင် အတိုင်း ဆက်ဆံပါ့မယ်'

'ကျေးဇူးတင်ပါတယ် သည်းဦး'

'ကိုကိုက သည်းဦးကို ခွင့်လွှတ်ပါ့မလား မသိဘူးနော်'

'ထက်မြက်က သည်းဦးကို သိပ်ချစ်တဲ့သူပါကွယ်၊ နှစ်ခါ မချော့ရပါဘူး'

ခင်မြင့်က ထိုသို့ပြောတော့ သည်းဦးက ရှက်ပြုံးလေးနှင့် ပြုံးလိုက်ပါတော့သည်။

'ကဲ ဒါဆို ကိုယ်သွားမယ်'

'နေပါဦး ကိုခင်မြင့်၊ တစ်ခုခု သောက်သွားပါဦး'

'ရတယ်၊ နောက်နေ့မှ ပြန်ပေါင်းထမင်းပဲ စားတော့မယ်'

ခင်မြင့်က နောက်ပြောင်ပြီး စာကြည့်ခန်းက ထွက်သွားသည်။ သူငယ်ချင်းအတွက် ကူညီမှုတစ်ခု အောင်မြင်သွားသည့်အတွက် ရင်မှာ ကျေနပ်ကြည်နူးသွားသည်။

'ထက်မြက် ကိုယ်သွားမယ်၊ မနက်ဖြန် ညနေစာ ဒီအိမ်မှာ ပြန်ပေါင်းထမင်း လာစားမယ်သိလား'

ရွှင်မြူးစွာပြောပြီး ပြန်သွားသည်။ ထက်မြက်က ဘာလုပ်ရမှန်းမသိ။ သည်းဦးပန်းဆီကိုပဲ သွားရမလား။ သူ့အတွက် သီးသန့်အခန်းကိုပဲ ပြန်သွားရမလား၊ ဝေခွဲမရ။

'ရှုပ်ပါတယ်၊ ငါ့အတွက် သူ စီစဉ်ပေးထားတဲ့ အခန်းကိုပဲ သွားမယ်'

■



(၃၃)

ထက်မြက်က သူ့အတွက် သည်းဦးပန်း စီစဉ်ပေးထားသော အခန်းသို့သာ ပြန်ခဲ့သည်။ ရေမိုးချိုး အဝတ်အစားလဲသည်။ ပြီးတော့ အောက်သို့ဆင်းပြီး ဒေါ်ကြီးစိန် ခူးခပ်ပေးသော ညစာကို စားသည်။

ပြီတော့ အိမ်ကတစ်ခေါက် ပြန်ထွက်ခဲ့သည်။ သည်းဦးပန်းနှင့် မတွေ့ဘဲ တမင်ရှောင်နေလိုက်သည်။ ချစ်ချစ်ရှေ့မှာမို့ သည်းဦးပန်းက သူ့ကိုဘာမှမပြောဘဲ သူလုပ်သမျှကို ကြည့်နေသည်။

မိတ်ဆွေတစ်ယောက်ရဲ့အိမ်ကို သွားလည်သည်။ တစ်ညနေတာအချိန်ကို ထိုအိမ်မှာပဲ ဖြုန်းပစ်လိုက်သည်။ အိမ်ကို ညမိုးချုပ်မှ ပြန်ရောက်လာသည်။

ဇဆးခန်းပိတ်ရက်ဆိုတော့ ထက်မြက် သည်လိုပဲအချိန်ကို ဖြုန်းပစ်လိုက်ရသည်သာ။ ဒေါ်ကြီးစိန်က သူ့ကို တံခါးဖွင့်ပေးသည်။ ကျန်လူများ အိပ်ပျော်နေသည်ဆိုတာ တိတ်ဆိတ်နေသော အိမ်က သက်သေခံနေသည်။

အခန်းထဲသို့ဝင်ပြီး အဝတ်အစားလဲနေစဉ်မှာ စေ့ထား

သော တံခါးရွက်က တဖြည်းဖြည်းချင်း ပွင့်သွားသည်။ ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။ ချစ်ချစ်များ အခန်းထဲဝင်လာသလားလို့ပါ။

မျက်နှာလေးငယ်ငယ်၊ ညှိုးလျလျနှင့် ဝင်လာသူက သည်းဦးပန်း။ သူ့ကို တောင်းပန် တိုးလျှိုးသောအကြည့်များနှင့် ကြည့်နေသည်။

'ကိုကို...'

အလွန် တိုးလျသောလေသံနှင့် သူ့ကိုခေါ်သည်။ သူက ပြန်မထူးဘဲ မျက်နှာတည်တည်နှင့် သည်းဦးပန်းကို ကြည့်သည်။ သည်းဦးပန်းက သူ့နားဆီသို့ ဖြည်းဖြည်းချင်းလျှောက်လာသည်။

'သည်းဦးကို သိပ်စိတ်ဆိုးနေလား ကိုကိုရယ်'

ထက်မြက်ရဲ့ ဈေ့တည့်တည့်မှလာရပ်ပြီး မျက်ရည်လေးဝဲဝဲနှင့် ပြောသည်။

'သည်းဦးကို ခွင့်လွှတ်ပါ၊ ကိုကို့ကို သိပ်ချစ်တဲ့စိတ်နဲ့ မွှန်ထူပြီး သည်းဦးမှားသွားပါတယ်၊ ကိုကိုရဲ့မေတ္တာ သစ္စာကို သည်းဦးစော်ကားသလို ဖြစ်သွားရတယ်နော်'

အစကတည်းကမှ မနည်းကြီး စိတ်တင်းထားရသည့် ထက်မြက် သည်းဦးပန်းက ထိုသို့ လေသံပျော့ပျော့လေးနှင့် ပြောတော့ ဒေါသတွေ တစ်ခါတည်း အရည်ပျော်ကုန်ပြီပေါ့။

'သည်းဦးလေ ကိုကို့ကို သိပ်ချစ်တယ်၊ ကိုကို့ကို ဆုံးရှုံးရမှာကြောက်ပြီး သည်းဦး အစိုးရိမ်လွန်သွားတယ် ကိုကို'

'အဲဒါ သည်းဦး ကိုကို့ကို နားမလည်သေးလို့ပေါ့၊ ကိုကိုရဲ့





အချစ်တွေကို သည်းဦး ယုံပါပြီ ကိုကိုရယ်'

သူ့ရဲ့ရင်ခွင်တွင်းသို့ ညွတ်ကျလာသော နွဲ့ပျောင်းသည့် ခန္ဓာကိုယ်ကို ထက်မြက်က ထွေးပွေ့လိုက်သည်။

'နောက်ကို ဘယ်တော့မှ ကိုကိုရဲ့သစ္စာတရားကို မစော်ကားပါနဲ့ သည်းဦးရယ်၊ ကိုကို ခံစားနိုင်စွမ်း မရှိလို့ပါ'

'ကိုကို့ကို စိတ်ဆင်းရဲအောင် လုပ်မိလို့ သည်းဦးရဲ့ အသည်းတွေလည်း နာကျင်ခဲ့ပါပြီ၊ နောက်ကိုလေ သည်းဦး ဘယ်တော့မှ ကိုကိုစိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူးနော်'

ချစ်စရာမျက်နှာလေးနှင့် သည်းဦးပန်းက ထက်မြက်ကို မော့ကြည့်သည်။

'ကိုကို သည်းဦးကို မုန်းသွားပြီလားဟင်'

'မမုန်းပါဘူးကွယ်၊ ကိုကို့အချစ်တွေကလေ ဟောဒီမယားလေးအပေါ်မှာ ကမ္ဘာဆုံးတောင်မှမုန်းဘူးတဲ့ဗျ'

ချစ်ဇနီးလေးကို ရင်မှာ တင်းတင်းပွေ့ဖက်လိုက်သည်။ ဆုံးကမ္ဘာတိုင် မုန်းပါနိုင်လို့ ရင်ထဲက သစ္စာဆိုလိုက်သည်။

'မမချစ်အပေါ်မှာလည်း သည်းဦး နားလည်သွားပါပြီ၊ ဒါကြောင့် ဗိုနေမြဲ ကျားနေမြဲပဲပေါ့ ကိုကိုရယ်'

'နောက်မှ ကိုကို့ကို ဂျီမကျနဲ့နော်'

'အင်းပါ ကိုကိုရဲ့'

ထက်မြက်က သူမရဲ့ကိုယ်လေးကို လွှတ်ပြီး အိပ်ရာဖုံးကို ဖယ်လိုက်သည်။

'ဟင်... ကိုကိုက ဒီမှာ အိပ်မလို့လား'

'အင်းလေ သည်းဦးကပဲ အိပ်ခိုင်းတာ မဟုတ်လား'
'သည်းဦးတို့အခန်းကိုပဲ ပြန်ခဲ့ပါ ကိုကိုရယ်'
'တကယ်လား'
သည်းဦးပန်းရဲ့ကိုယ်ကို ထွေးပွေ့ပြီး ပါးပြင်ပေါ်မှာ အနမ်းတစ်ပွင့် ခြွေလိုက်သည်။

* * *

ထက်မြက်တို့လင်မယားနှစ်ယောက် သူမကြောင့် ပြဿနာဖြစ်သည်ကို ချစ်ချစ်လုံးဝ မသိလိုက်ရှာပါ။ ချစ်ချစ်က ဝတ္တရားမပျက် သူ့ရဲ့အလုပ်တွေကို အကွက်စေ့အောင် လုပ်ကိုင်နေသည်။

တစ်နှစ်ကျော်ကျော် ရှိနေပြီဖြစ်တဲ့ ထက်ဦးလေးအပေါ်မှာ ထက်မြက်ရဲ့အချစ်တွေ တစ်နေ့တခြား ပိုလာသည်။ သူနှင့်သည်းဦးပန်းကြားမှာ တုပ်နှောင်ထားသော သံယောဇဉ်ကြိုးလေးတစ်ကြိုးလို့ သတ်မှတ်ထားသည်။

ထက်ဦးက ချစ်ချစ်အပေါ်မှာ တော်တော်ကြီး သံယောဇဉ်ငြိတွယ်နေသည်ကို တွေ့ရသည်။ ချစ်ချစ်ကလည်း ကလေးကို သိပ်ပြီးဂရုစိုက်သည်။ သည်းဦးပန်းတောင်မှ သူ့ရဲ့ဂရုစိုက်မှု အနွံမအတာခံမှုကို မမီပါလား။

* * *

တစ်နေ့မှာ ထက်မြက် ဆေးရုံကအပြန် သည်းဦးပန်းကထူးခြားသော အပြုံးတွေနှင့် သူ့ကိုကြိုဆိုသည်။ သည်းဦးပန်း





သတင်းထူးတစ်ခုခုကို သူ့ကိုပြောတော့မည်ဆိုတာ ထက်မြက် ရိပ်စားမိသည်။

အခန်းထဲလည်း ရောက်ရော၊ သည်းဦးပန်းက အလွန်လှပသော အပြုံးတစ်ခုနှင့် သူ့မျက်နှာကို ကြည့်လာသည်။

'သည်းဦး ဘာဖြစ်နေတာလဲ'

'ကိုကိုရေ... သိပ်ကို ထူးဆန်းပြီး ပျော်စရာကောင်းတဲ့ သတင်း ကိုကို့ကို ပြောမလို့'

'ဘာများလဲ သည်းဦးရယ်'

ထက်မြက်ရဲ့ရှပ်ကြယ်သီးများကို ဖြုတ်ပေးရင်း သည်းဦး ပန်းက ပြောသည်။

'သည်းဦးရဲ့ ဝမ်းထဲမှာလေ ကိုကို့ရဲ့ရင်သွေးလေး ရှိလာပြန် ပြီ သိလား'

'ဟင်...'

တအံ့တဩမျက်နှာနှင့် သည်းဦးပန်းကို ကြည့်လိုက်သည်။ သည်းဦးပန်း သူ့ကို နောက်ပြောင်နေသည်လို့ ထင်လိုက်သည်။

'သည်းဦးရယ်... နောက်မနေစမ်းပါနဲ့ကွာ'

'အဟုတ်ပြောတာကိုကိုရဲ့၊ နေ့လယ်ကလေ ကိုခင်မြင့်ကို သည်းဦး ဖုန်းဆက်ပြီးခေါ်တော့လာတယ်၊ သေချာအောင် သူနဲ့ ကြည့်တာ သိလား'

ထက်မြက်ရဲ့ရင်ထဲမှာ ဝမ်းသာကြည်နူးမှုဖြင့် တလှပ်လှပ် ခုန်နေသည်။ အလောတကြီး သည်းဦးပန်းကို ပြန်မေးသည်။

'သူက ဘာပြောသွားလဲဟင်'

'ထက်မြက်ကို ပြောလိုက်တဲ့၊ ခုမှ ကလေးအဖေ အစစ်ဖြစ်တော့မယ်တဲ့၊ ဆေးခန်းပိတ်တဲ့ညမှာ သူ့ကို ဝမ်းတေဘယ်ပဲတဲ့ ကိုကိုရဲ့'

'ဟာ... သေချာလို့ကတော့ တစ်ခါမဟုတ်ဘူး၊ ဆယ်ခါကျွေးလိုက်မယ် သိလား'

သည်းဦးပန်းကို ရင်ခွင်မှာ ဖွဖွလေး ထွေးပွေ့လိုက်သည်။

'သည်းဦးရယ်... ကိုကို ပျော်လိုက်တာကွာ၊ ဘယ်လို ပြောရမှန်းတောင် မသိဘူး'

'ဟုတ်ပြီ... ညစာ ထမင်းဝိုင်းမှာ အားလုံး ဝမ်းသာသွားအောင် ပြောပြမယ်'

'သားလေး ထက်ဦးအတွက် အဖော်ရတော့မယ်နော် ကိုကို'

'သားလေး မဟုတ်တော့ဘူး၊ ထက်ဦးက သားကြီးဖြစ်သွားပြီလေ၊ နောက်တစ်ယောက်က သားလေး'

သည်းဦးပန်းရင်ထဲမှာ တကယ်ပဲဆန္ဒပြင်းပြင်းနှင့် ဆုတောင်းမိသည်။ ထက်မြက်လိုချင်သော သားကိုသာ သူမွေးပေးနိုင်ပါစေလို့။

'သည်းဦးရင်ထဲက ကလေးရယ်၊သားလေးပဲ ဖြစ်လိုက်ပါနော်'

'ဒီတစ်ခါ သည်းဦး ကိုယ့်ကိုယ်ကို အရမ်းဂရုစိုက်ရမယ်နော်'

'ဟုတ်ကဲ့ပါ ကိုကိုရယ်'

'လှေကားလည်း လုံးဝ အတက်အဆင်းမရှိအောင် အိပ်ခန်းကို အောက်ထပ်ပြောင်းလိုက်မယ်'

'ကိုကို့သဘောလေ'





အစိုရိမ်ပိုနေတဲ့ ချစ်လင်ကို ကြည်နူးမျက်ဝန်းများနှင့် ကြည့်နေမိသည်။

'ကဲ... ကိုကို ရေချိုးမယ်၊ ပြီးရင် ဒီလိုလုပ် အားလုံးအပြင်မှာ ထွက်ပြီး ညစာစားကြမယ်'

'မမချစ်တို့ရောပေါ့ ဟုတ်လား'

'ဟုတ်တယ်လေ၊ မချစ်ချစ်ကလည်း ကိုကိုတို့ရဲ့ မိသားစုပဲ မဟုတ်လား'

'ဒါဆို ကိုကိုရေချိုး၊ သူတို့ ပြင်ဆင်ထားဖို့ သည်းဦးသွားပြောလိုက်မယ်'

'လှေကားဖြည်းဖြည်းဆင်းနော်'

'အင်းပါ ကိုကိုရဲ့'

* * *

အပြင်မှာ ညစာစားမထွက်ခင် ဧည့်ခန်းမှာ လူစုံတုန်း ထက်မြက်က ပြောသည်။

'အိမ်မှာ ကလေးတစ်ယောက် ထပ်တိုးမယ့် မင်္ဂလာအတွက် အကြိုပွဲလေး ကျင်းပမလို့လေ'

ဒေါ်ကြီးစိန်နှင့် ဘကြီးငွေတို့က ဝမ်းပန်းတသာရှိနေကြသည်။ ချစ်ချစ်က ဝမ်းသာကြောင်း ပြောသည်။

ဒါပေမယ့် မျက်နှာသိပ်မကောင်းသည်ကို ထက်မြက်က သတိထားမိသည်။

'လာ သားရေ... သွားကြစို့'

သည်းဦးပန်းက ထက်ဦးကို လှမ်းချီဖို့ လက်လှမ်းသည်။

'သည်းဦး၊ သားကိုမချီနဲ့လေ... ဒီနေ့ကစပြီး အလေးအပင် မသယ်ဖို့ ကိုကို သတိပေးထားမယ်နော်'

ကွက်ခနဲ ချစ်ချစ်ရဲ့မျက်နှာ ပျက်သွားသည်။ သူတို့ မရိပ်စားမိအောင် မျက်နှာကိုပြန်ပြီး မြန်မြန်ကြွေဆည်လိုက်သည်။

'သားကို မချစ်ချစ်ပဲ ချီခဲ့နော်'

'ဟုတ်ကဲ့'

အစားအသောက် ကောင်းကောင်းရသော စားသောက်ဆိုင်ဆီသို့ ထွက်ခဲ့ကြသည်။

■



(၃၄)

ထက်မြက်က နောက်ရက်တွေမှာ ချစ်ချစ်မျက်နှာ သိပ်မရွှင်သည်ကို သတိထားမိသည်။ သည်းဦးရဲ့ စွပ်စွဲချက်တွေကို ချစ်ချစ်များသိသွားပြီလားဆိုပြီး စိတ်မကောင်း ဖြစ်ရသည်။

ထက်ဦးလေးကို နေ့လယ်မှာ ချစ်ချစ်က ရေချိုးပေးပြီး၊ တရေးအိပ်နေသည်။ အနားမှာက သည်းဦးပန်းက ထိုင်နေသည်။ ကလေးလည်း အိပ်ပျော်သွားရော ချစ်ချစ်က သည်းဦးပန်းကို လှမ်းပြောသည်။

'သည်းဦး ဘာလေး လိုချင်လဲဟင်'

ချစ်ချစ်က ကောက်ကာ ငင်ကားနှင့်မေးသည်။

သည်းဦးပန်းက ပြုံးလဲ့လဲ့နှင့် ကြည့်သည်။

'ကိုကိုက သားပဲလိုချင်တာ မမချစ်ရဲ့၊ ဒါကြောင့် သည်းဦးက သားလေးပဲမွေးပေးမလို့'

ကွက်ခနဲ ချစ်ချစ်ရဲ့မျက်နှာ ပျက်သွားသည်။ ဒါကို သည်းဦးပန်း မသိလိုက်ပါ။

'သည်းဦးရဲ့ ပထမသားဦးလေးက သည်းဦး နမော်နမဲ့နိုင်လို့ ဆုံးသွားရရှာတယ်၊ အဲဒါတွေကို တွေးမိတိုင်း သည်းဦးလေ... ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ဘူးသိလား'

'သား ထက်ဦးကို မွေးစားပြီး ကိုကို့ရဲ့တမ်းတကြေကွဲ စိတ်တွေ လျော့နည်းလာတာမြင်မှ သည်းဦး စိတ်ချမ်းသာရတာပါ'

ချစ်ချစ်က သူမကို ခပ်ငေးငေးလေးကြည့်နေသည်။

'ခု ကံကောင်းလို့ သည်းဦးတို့ သားသမီးထပ်ရပြီ၊ ဒီတစ်ခါ တော့ သည်းဦး အရမ်းဂရုစိုက်ရမှာပဲ'

'ထက်ဦးလေးအပေါ်မှာ အချစ်တွေပေါ့သွားတော့မှာပဲနော်'

'ဘာလို့ပေါ့ရမလဲ မမချစ်ကလည်း၊ သူ့ကိုမွေးစားလိုက်တာ ကြောင့်များ သည်းဦး ကလေးထပ်ရတာလားမှ မသိတာ၊ အစက ဆရာဝန်က ရဖို့ ရာနှုန်းတစ်လောက်ပဲရှိတယ် ပြောခဲ့တာလေ'

'ထက်ဦးလေးကို အမွေးစားအမွေခံ မွေးခဲ့တာဆိုတော့ ခု သည်းဦးတို့ သားသမီးအရင်းနဲ့ဆို ဘယ်လိုဖြစ်ကြမယ် မသိဘူး'

'သား ထက်ဦးနဲ့ နောက်ကလေးနဲ့ သာတူညီမျှပဲ ဖြစ်ရမှာ ပေါ့ မမချစ်ရယ်'

ချစ်ချစ်ရဲ့မျက်နှာမှာ လက်ခနဲ ဝမ်းသာရိပ်ကလေး ဖြတ် ပြေးသွားသည်။

'ဘာလဲ မမချစ်က ထင်နေလား၊ သည်းဦးတို့က သားသမီး အရင်းရတာနဲ့ မွေးစားကလေးကို ပစ်လိုက်မှာလို့'

'မထင်ပါဘူးကွယ်'

'သားကို သည်းဦးသိပ်ချစ်တာပဲ၊ ဝမ်းနဲ့မလွယ်ရပေမယ့်





သည်းဦးရဲ့ သားလေးအရင်းပါပဲ မမချစ်ရယ်'

ပြည့်ဝတဲ့ သည်းဦးပန်းရဲ့ သဘောထားကို ချစ်ချစ်က သိရပြီး ဝမ်းသာသွားသည်။

'သည်းဦးတို့ လင်မယားက သိပ်ကိုလေးစားကြည်ညိုထိုက်တဲ့ သူတွေပဲ'

'မမချစ်ကတော့ မြှောက်ပြီ'

'တကယ် ပြောတာပါ။ မမချစ်ကိုလည်း သည်းဦးတို့ ကျွေးမွေး စောင့်ရှောက်ခဲ့တာကို မမေ့ပါဘူးကွယ်၊ ပြီးတော့ ကိုထက်မြက် ကလေ ယောကျ်ားမြတ်တစ်ဦးပဲ၊ ဇနီးကိုချစ်တဲ့ ဂရုစိုက်တဲ့နေရာ မှာ နှစ်ယောက်မရှိဘူး၊ သည်းဦးတို့နှစ်ယောက်ကို မြင်ရတာ မမချစ် စိတ်ချမ်းသာတယ်'

ချစ်ချစ်ရဲ့စကားကို ကြားရပြီး၊ ချစ်ချစ်အပေါ်မှာ လွဲမှားသော စိတ်တွေနှင့် ပြစ်မှားမိခဲ့သည်များကို နောင်တရနေသည်။

'ကဲ... မမချစ် သားအိပ်တုန်း နားပါလား'

'ဟင့်အင်း မနားသေးဘူး၊ ညနေစာ သည်းဦးကို ငါးဖယ်သုပ် လုပ်ပေးမလို့လေ၊ ဒေါ်ကြီးစိန်ကို ပြောထားတယ်၊ မမချစ် လုပ်ပေး မယ်လို့'

အစားအသောက်ပျက်နေသော သည်းဦးပန်းခံတွင်းတွေ့ရန် သည်လိုပဲ ချစ်ချစ်က စီမံပေးတတ်သည်။ ချစ်ချစ်သည် ဟင်းချက် ကောင်းသော မိန်းမတစ်ယောက်ဆိုတာကို ဒေါ်ကြီးစိန်ကလည်း ထောက်ခံနေသည်လေ။

* * *

ထက်ဦးလေးကို ချစ်ချစ်က သူတို့ထက်ပိုပြီး ချစ်နေသည်ကို တွေ့ရသည်။ ထက်ဦးကို အရမ်းဂရုစိုက် အရမ်းပြုစုသည်။

'မမချစ်က ကလေး သိပ်ချစ်တတ်တာပဲနော်'

'အင်း... သားထက်ဦးကလည်း ချစ်စရာ အရမ်းကောင်းတယ် မဟုတ်လား'

'ဟုတ်ပါတယ် ခုဆို အမေထက် မမချစ်ကို ပိုကပ်နေပြီ အငယ်လေးရရင် သူမနာလို ဖြစ်မလားမသိဘူး'

သည်းဦးပန်းက ထက်ဦးကို ထိုသို့ မေးလိုက်တော့ ထက်ဦးက ခိုးခိုးခစ်ခစ်နှင့်ရယ်သည်။

'ဖြေပါဦးသားရယ်'

'သည်းဦးကလည်းကွာ၊ သားက ဘာမှ နားမလည်တာကို မေးနေတာကိုး'

ထက်မြက်က ရယ်မောရင်း ဇနီးသည်ရဲ့ကလေးဆန်မှုကို ပြောနေသည်။ သည်းဦးပန်းက ကလေးပုံလေးတစ်ပုံကို ယူပြီး ထက်ဦးကို ပြသည်။

'သား ဒီညီလေးယူမလား'

ထက်ဦးစိတ်ထဲက ဘာထင်သွားသည်မသိ။ ခေါင်းကို တဆတ်ဆတ်နှင့် ညိတ်ပြီး၊ ယူမယ်လို့ မပီကလာ ပီကလာနှင့် ပြောသည်။

'သားက အရုပ်ယူမလားလို့ မေးတယ်ထင်နေတာမှ မသိတာ'

ရယ်မောပျော်ရွှင်နေသော မိသားစုသုံးယောက်ကို ခပ်လှမ်း





လှမ်းကနေ ချစ်ချစ်က ကြည့်နေသည်။ သူရဲ့မျက်နှာက သိပ်ကို ညှိုးနွမ်းနေပါလား။

ကလေးကို ကလူကျီစယ်နေသော လင်မယားနှစ်ယောက်က ချစ်ချစ်ကို လုံးဝ သတိမပြုမိကြပါ။

'သားက တကယ့်ကို ဟဲဗီးကြီးပဲကွ'

ထက်မြက်က သားကို ပွေ့ချီလိုက်ပြီး ပြောသည်။ ဝဝတစ်တစ် ထက်ဦးရဲ့ကိုယ်လေးက နစ်အောင်ကို လေးနေသည်။

'ရပါတယ် ကိုကိုကလည်း'

'ဒီတစ်ခါ ကိုကို ရင်ထပ်ကျိုးရရင် မလွယ်ဘူး၊ သည်းဦး သတိထားပါကွာ'

'ဟုတ်ပါပြီ ကိုကိုရယ်၊ မချီနဲ့ဆို မချီပါဘူး'

ထက်မြက်ရဲ့စိုးရိမ်မှုကို သည်းဦးပန်းက နားလည်လိုက်ပါသည်။ ထက်ဦး ပထမ သားဦးလေးတုန်းက ဘယ်လောက်ထိခိုက်ခံစားရသည်ကို သိခဲ့ရသည် မဟုတ်လား။

'နောက်ထပ် ခြောက်လလောက်ပဲ သည်းဦး ဒုက္ခခံရမှာပါကွာ အဲဒီ အတောအတွင်းမှာ ကိုယ်ဝန်ကို ဘယ်လိုမှ မထိခိုက်အောင် ဂရုစိုက်ပါကွာ'

ထက်မြက်က တိုးတိုးလေးပြောလိုက်ပေမယ့် ထိုစကားကို ချစ်ချစ်က ကြားလိုက်သည်။ ထက်မြက်ရဲ့ ကြင်နာယုယမှုတွေကို ကြားရပြီ။

မိန်းမချင်းတူသော်လည်း ကံကောင်းပုံချင်းမတူကြသော မိန်းမတွေရဲ့ဘဝကို တွေးမိသည်။ သည်းဦးပန်းသည် အလွန်

ကံကောင်းသော မိန်းမတစ်ယောက်ပါလား။ လင်ယောကျ်ားရဲ့ ကြင်နာ၊ ယုယ၊ မြတ်နိုးမှုကို ပြည့်ဝစွာခံစားရသော မိန်းမတစ် ယောက်ပင်။

သည်းဦးပန်းရဲ့ဘဝကို အားကျမိသည်။ မိမိဘဝနှင့် နှိုင်း ယှဉ်မိပြီး၊ ကိုယ့်ဘဝအတွက် အရမ်းကို အားငယ်မိသည်။

ယုတ်မာရက်စက်သော ယောကျ်ားတစ်ဦးနှင့် တွေ့ခဲ့ပြီး၊ မိမိရဲ့ဘဝသည် ဖက်ရွက်တစ်ရွက်လောက်မှ တန်ဖိုးမရှိခဲ့ပါလား။

ဖြစ်ပျက်ခဲ့သော အဖြစ်သနစ်များကို ပြန်ပြောင်းတွေးမိရင်း၊ ရင်မှာ တစစ်စစ်နှင့် နာကျင်လာသည်။ တွေးမိလိုက်တိုင်း ရင်မှာ ကြေကွဲရသည်။ ခံပြင်းရသည်။ ဒါကြောင့် အတတ်နိုင်ဆုံး အတိတ် ဘဝကို မေ့ထားချင်ပါသည်။

မိမိရဲ့ဘဝအခြေအနေသည် အိမ်ဖော်တစ်ယောက် မဟုတ် သလို ကလေးထိန်းတစ်ယောက်လည်း မဟုတ်ခဲ့သည်ပဲ။

ယုတ်မာပက်စက်သည့် ယောကျ်ားတစ်ဦးကြောင့် ကလေး ထိန်းဘဝသို့ ပြောင်းလဲခဲ့ရပြီလေ။

ရင်နာသော အတွေးများကြောင့် မျက်ဝန်းထဲမှာ မျက်ရည် ကြည်တွေ ဝေ့လာသည်။

'ဪ... အားလုံးကို မေ့ထားလိုက်တာပဲ ကောင်းပါတယ် လေ'

■



## (၃၅)

သည်းဦးပန်းနှင့် သူတို့ရဲ့ အိမ်ထောင်ရေးကို တမင်ဖျက်ဆီး ချင်၍ ကတုံးကတိုက်လုပ်သော တရားခံကို ထက်မြက်တွေ့ရှိရလေ သည်။

တစ်နေ့ သူ စာကြည့်ခန်းမှာရှိနေစဉ် တယ်လီဖုန်းမြည်သံ ကို ကြားရသည်။ ဧည့်ခန်းမှာ တစ်လုံးထားပြီး စာကြည့်ခန်းနှင့် အိပ်ခန်းမှာ ဖုန်းခွဲများကို ထားရှိသည်။

သူက တယ်လီဖုန်းကိုကိုင်စဉ် တစ်ယောက်ယောက်က ကိုင် ပြီးနေသည်ကို ကြားရသည်။

'ဟဲလို'

သည်းဦးပန်းရဲ့ အသံကိုကြားရပြီး တယ်လီဖုန်းခွက်ကို ပြန်ချမည်ပြုစဉ် တစ်ဖက်ကမေးသော ယောကျ်ားတစ်ယောက်ရဲ့ အသံကို ကြားရသည်။ ဒါနဲ့ ဖုန်းခွက်ကို ဆက်ကိုင်ထားပြီး နား ထောင်နေသည်။

'ဒေါ် သည်းဦးပန်းလား'

'ဟုတ်ပါတယ်'

'ခင်ဗျားတို့အိမ်မှာ ချစ်ချစ်ရှိတုန်းမဲ မဟုတ်လား'

'ရှိပါတယ်၊ ဘာဖြစ်လို့လဲ'

'ခင်ဗျားက တော်တော် သဘောထားကြီးတာပဲ၊ ချစ်ချစ်နဲ့ ခင်ဗျား ယောကျ်ားအကြောင်း သိနေလျက်သားနဲ့ ဆက်ပြီးလက်ခံထားတာပဲလား'

ထက်မြက်ရဲ့ ဒေါသသွေးတွေ ဆူပွက်လာသည်။ ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့၍ ဝင်ပြောသည်။

'ဒီမှာ ပေါ့လူ ခင်ဗျား ဘာကြားက မိန်းမလိုမိန်းမရ လင်မယား ပြဿနာတက်အောင် ပြောနေတာလဲ၊ သတ္တိရှိရင် အိမ်လာပြော၊ ဒါမှမဟုတ် ကျုပ်လာခဲ့ရမလား၊ ဘယ်ကို လာရမှာလဲပြော'

တစ်ဖက်က ဖုန်းကို ခွပ်ခနဲပြန်ချသွားသည်။ သည်းဦးပန်းရဲ့အနားမှာ ချစ်ချစ်က ရှိနေသည်။ သည်းဦးပန်း မျက်နှာမကောင်းတာရယ် သဲ့သဲ့ကြားလိုက်ရသော စကားများကြောင့် ချစ်ချစ်လည်း အမူအရာ ပျက်နေသည်။

'ဘယ်သူ့ဆီကဖုန်းလဲ သည်းဦး'

'မသိပါဘူး မမချစ်ရယ်၊ ကိုကိုနဲ့သည်းဦးတို့ကြား မပြေမလည်ဖြစ်အောင် ချွန်တွန်းလုပ်နေတာ'

'မမချစ်အကြောင်းများ ပါလားကွယ်'

'ဟုတ်တယ်'

သည်းဦးက မညာဘဲ ဖြေလိုက်သည်။

'မမချစ်အပေါ် သံသယရှင်းပါကွယ်၊ လူတစ်ယောက်က





မမချစ်ကို အငယ်အနှောင်းအဖြစ်ထားချင်ပြီး ချဉ်းကပ်တယ်၊ မမချစ်က လက်မခံတော့ မစားရတဲ့အမဲ သဲနဲ့ပတ်နေတာ၊ မမချစ်က သူတစ်ပါးအိမ်မှာ အလုပ်လုပ်လို့ ဘယ်လောက် အောက်ကျသိမ်ငယ်ပါစေ လုပ်ရဲတယ်၊ အငယ်အနှောင်းတော့ ဘယ်တော့မှ အဖြစ်မခံဘူး'

ချစ်ချစ်က ပွင့်ပွင့်လင်းလင်း သည်လိုပြောလိုက်သည်။ အစကတည်းက သံသယကင်းခဲ့သော သည်းဦးပန် ခုမှ ပိုပြီး သံသယဆိုတာ မရှိအောင် ဖြစ်သွားသည်။

'သည်းဦးက မမချစ်အပေါ် သံသယ မရှိပါဘူး'

'မမချစ် ဒီကနေ ထွက်ပြေးရရင် ဒုက္ခရောက်မယ်၊ အဲဒီအခါ ယုတ်ချီဖို့စောင့်နေတဲ့ စွန်ပဲသိလား၊ ဒါကြောင့် သည်းဦးကို သူဖုန်းဆက်ပြီး ပြဿနာရှာတာနေမှာသိလား'

'မမချစ်က ဘယ်လိုသိလဲ'

'မမချစ်လည်း ကိုယ့်ဘက်က ပတ်ဝန်းကျင်ဆိုတာ ရှိတယ်လေ၊ အဲဒီအကြောင်းတွေ သတင်းလွှင့်ထားလို့ သိုးသိုးသန့်သန့်ကြားပြီးသားပါ'

'ဟုတ်တယ်၊ တစ်ခါတုန်းကလည်း သူပဲဆက်သေးတယ်'

'ကိုထက်မြက်အပေါ်မှာ ဘယ်တော့မှ အထင်မလွဲပါနဲ့ကွယ်၊ သူဟာ အလွန်မြင့်မြတ်တည်ကြည်တဲ့ ယောကျ်ားတစ်ယောက်ပါ၊ သည်းဦးအပေါ်မှာ ရိုးမြေကျသစ္စာရှိတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ'

'သည်းဦး နားလည်ပါတယ် မမချစ်ရယ်'

'ကိုထက်မြက်နဲ့ သည်းဦးကိုလေ၊ မမချစ်က မောင်နှမတွေလို သဘောထားတယ်၊ ချစ်လည်း ချစ်တယ်'

'သည်းဦး ယုံပါတယ် မမချစ်ရယ်'

ဟုတ်ပါသည်။ သည်းဦးပန်း တကယ်ပဲ ချစ်ချစ်ရဲ့စေတနာမေတ္တာကို နားလည်လိုက်ပါသည်။

ထိုနေ့ည အိပ်ခန်းထဲရောက်မှ သည်းဦးပန်းနှင့် ထက်မြက်က တယ်လီဖုန်းဆက်သည့် အကြောင်းရော၊ ချစ်ချစ်အကြောင်းပါ ပြောကြသည်။

'အလကားကောင် သတ္တိမရှိဘဲ မိန်းမလိုမိန်းမရနဲ့ အောက်တန်းကျတာ၊ ဖုန်းထဲကတောင် ဆွဲထိုးပစ်လိုက်ချင်တယ်'

ထက်မြက်က ဒေါသ မပြေနိုင်သေး။ ချစ်ချစ်ပြောပြသည့် အကြောင်းတွေကို သည်းဦးပန်းက သူ့ကို ပြောပြသည်။

'ယုတ်မာလှချည်လားကွာ၊ မိန်းမတစ်ယောက်ကို လိုချင်လို့ ဒါလောက်တောင် အောက်တန်းကျသလား၊ သူ ဘယ်ကကောင်လဲ၊ မချစ်ချစ်က မပြောဘူးလား၊ ကိုကိုသွားပြီး ရင်ဆိုင်လိုက်မယ်'

'ရန်များပါတယ်တဲ့၊ သည်းဦးရဲ့ကိုကို သူ့အပေါ်မှာ နားလည်ရင် ကျေနပ်ပါတယ်တဲ့ ကိုကိုရယ်'

'ဒီလူ ပါးစပ်ပိတ်ရင်ပိတ် မပိတ်ရင် တစ်နေ့တော့တွေ့မယ်'

ထက်မြက်က ကြုံးဝါးနေသည်။

* * *

ထက်မြက် ဆေးရုံနားရက်ဖြစ်သည်။ နံနက်စာ စားသောက်





ပြီး ခင်မြင့်လာလည်သောကြောင့် ညှော်ခံစကားပြောနေကြသည်။ ဒေါ်ကြီးစိန်က အပြင်ထွက်သွားသည်။

ခင်မြင့်အတွက် စားစရာများကို သည်းဦးပန်းက စီစဉ်ဖို့ မီးဖိုထဲ ဝင်လာသည်။ ထက်ဦးလေးက အပေါ်ထပ်အခန်းမှ ခုတင်ပေါ်တွင် အိပ်ပျော်နေသည်။ ကလေးကို သိပ်ထားခဲ့ပြီး ချစ်ချစ် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

'သည်းဦးရယ်၊ ဘာတွေ လုပ်နေတာလဲ'

'ကိုခင်မြင့်ကို ပေါင်မုန့်ကြော်ကျွေးမလို့လေ'

'ကဲပါ... သွားပြီး... ဟိုမှာ ညှော်သည်နဲ့ အေးအေးဆေးဆေး စကားပြော မမချစ် ကော်ဖီလည်းဖျော်မယ်၊ ပေါင်မုန့်လည်းကြော်ခဲ့မယ် ဟုတ်ပြီလား'

'သားရော'

'အိပ်ပျော်နေပြီလေ၊ မမချစ်ရဲ့ ခုတင်ပေါ်မှာပဲ သိပ်ထားခဲ့တယ်'

ကြက်ဥနဲ့သကြားတို့ ရောခေါက်ထားသော အနှစ်ထဲမှာ ပေါင်မုန့်ကိုနှစ်ပြီး ချစ်ချစ်က ကြော်နေသည်။ သည်းဦးပန်းက ညှော်ခန်းသို့ ထွက်ခဲ့သည်။ ခင်မြင့်နှင့် စကားပြောဆိုနေကြသည်။

သိပ်မကြာလိုက်၊ ချစ်ချစ်က လင်ပန်းတစ်ချပ်နှင့် ရောက်လာသည်။ မွှေးကြိုင်နေသော ကော်ဖီနှင့် ပေါင်မုန့်ကြော်နံ့တွေက စားချင်စရာပါ။

'ဟာ... မမချစ်က မြန်လှချည်လား'

'မြန်မြန်ပဲလေ၊ သုံးဆောင်လိုက်ပါဦး ဆရာ'

'ချစ်ချစ်တို့က ဘက်စုံရတာပဲနော်'

'ဟုတ်တယ်... ကိုခင်မြင့်ရေ၊ သည်းဦးအတွက် အစ်မတစ်ယောက် ကောက်ရလိုက်တာပဲ'

'သူရှိလို့ပါလည်း သည်းဦးကို စိတ်ချလက်ချရှိတာ၊ သည်းဦးက ပြောမရဘူးကွ၊ ဟိုဟာဝင်လုပ် သည်ဟာဝင်လုပ်နဲ့ မချစ်ချစ်က ဘာမှ အလုပ်မခံဘူး၊ သူပဲ ဒိုင်ခံလုပ်ပေးတာပဲ'

'အေးကွာ... အခုလို စည်းစည်းလုံးလုံး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိတာမြင်တော့ ဝမ်းသာတယ်ကွာ'

'သားကိုလည်း သိပ်ချစ်တာ၊ သားက သည်းဦးထက် မမချစ်ကို ပိုပြီးကပ်တယ် ကိုခင်မြင့်ရဲ့'

သူတို့ စကားကောင်းနေတုန်း လှေကားဆီမှ တဒိုင်းဒိုင်းနှင့် ပြုတ်ကျသံကြားပြီး အားလုံး မျက်လုံးတွေပြူးဝိုင်းသွားသည်။

'ဟင်... သားလေး လိမ့်ကျလားမသိဘူး'

လှေကားရင်းသို့ချစ်ချစ်က အရင်ဆုံးရောက်သွားသည်။ ထင်သည့်အတိုင်းပါပဲလေ၊ လှေကားရင်းမှာ ခွေခွေခေါက်ခေါက်လေး မလှုပ်မယှက် လဲနေသူက ထက်ဦးလေး။

'အမယ်လေး သားလေးရယ်'

ချစ်ချစ်က ရင်ခွင်ထဲသို့ ကလေးကို ဆွဲပွေ့လိုက်သည်။

'ပေးပေး ကလေးကိုပေး'

ခင်မြင့်က ချစ်ချစ်ရဲ့လက်က ကလေးကိုဆွဲယူပြီး ပွေ့လိုက်သည်။ ကြိုးပြတ်နေသော ရုပ်သေးရုပ်လေးလို ကလေးက သူ့လက်မှာ ပါလာသည်။

သည်းဦးပန်းက ကလေးကိုကြည့်ပြီး မေ့လဲသွားပြန်တော့





ထက်မြက်က သည်းဦးပန်း ကြမ်းပြင်သို့ မကျခင်ပွေ့လိုက်သည်။ ဧည့်ခန်းထဲသို့ ကလေးရော သည်းဦးပန်းကိုပါ ခေါ်ခဲ့ကြသည်။

'သည်းဦး သတိထားလေ၊ သတိထား'

ထက်မြက်က သည်းဦးပန်း သတိရရန် ကြိုးပမ်းနေသလို ခင်မြင့်ကလည်း ကလေးကို စမ်းသပ်နေသည်။ ထက်ဦးရဲ့လည်ကျနေတဲ့ဇက်ကို စမ်းသပ်ကြည့်သည်။ ပြီးတော့ ကလေးရဲ့ရင်ဘတ်ကို လက်ဝါးဖြင့်ကပ်ပြီး စမ်းသပ်သည်။

သွေးခုန်ခြင်းက လုံးဝ မရှိတော့ပါလား။ ခင်မြင့်မျက်နှာ အိုကျသွားသည်။ အနားမှာ ကျောက်ဆစ်ရုပ်လေးလို ရပ်ပြီးပြူးကြောင်ထိတ်လန့်နေသော မျက်ဝန်းတွေနှင့်ကြည့်နေသော ချစ်ချစ်ကို မော့ကြည့်လိုက်သည်။

ချစ်ချစ်ရဲ့မျက်ဝန်းတွေက သူ့ကို မေးခွန်းပေါင်းများစွာ မေးနေသည်။

ခင်မြင့်က ခေါင်းကိုဖြည်းလေးစွာ ခါပြလိုက်သည်။ ချစ်ချစ်ရဲ့မျက်နှာ ဖွေးခနဲဖြစ်သွားသည်။ ပြူးဝိုင်းသော မျက်ဝန်းတွေနှင့် ကလေးကိုကြည့်ပြီး နောက်မှရုတ်ခနဲ ကလေးကိုကောက်ပွေ့သည်။

ထက်ဦးလေးရဲ့ပါးပြင်ကိုရော မျက်နှာရော ရှူးသွပ်သွားသည့် လူတစ်ယောက်လို တရစပ် နမ်းရှုပ်နေ၏။

မူးမေ့သွားသော သည်းဦးပန်းက သတိရလာပြီး ကလေးကို လှမ်းကြည့်သည်။ ထက်မြက်ရဲ့ရင်မှာ သားအတွက် ယူကျုံးမရစွာ ခံစားရင်း ကြည့်နေသည်။

'သားရယ်၊ မေမေ့ သားလေးရယ်၊ အဖြစ်ဆိုးလှချည်လား'

ကြေကြေကွဲကွဲဆို့နင့်နင့်နှင့် ကျိတ်၍ငိုချလိုက်သော ချစ်ချစ်

ရဲ့ငိုသံ။ အားလုံးကြောင်ကြည့်နေသည်။ ချစ်ချစ်ရူးသွားပြီလို့ ထင်လိုက်ကြသည်။

'ဆရာရယ် ချစ်ချစ်ရဲ့သားလေးကို မကယ်နိုင်တော့ဘူးလား၊ အမေအရင်းကို အမေလို မသိသွားရတဲ့သားလေးကို မကယ်နိုင်ကြတော့ဘူးလားရှင်'

တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ငိုကြွေး၍ ဆောက်တည်ရာမရသော ချစ်ချစ်ကို ပါးစပ်အဟောင်းသားနှင့် သူတို့သုံးယောက်ကကြည့်နေကြသည်။

ချစ်ချစ်ရဲ့အကြောင်းကိုမေးဖို့ပင် သတိမရအောင် ထက်မြက်နှင့်သည်းဦးပန်းက ကြေကွဲယူကျုံးမရစွာဖြင့် နေကြသည်။ သည်းဦးပန်းက ချစ်ချစ်ရဲ့လက်ကလေးကို ဆွဲယူပြီး ဖက်ကာ ငိုကြွေးပြန်သည်။

'သည်းဦးရယ်၊ ထက်ဦးလေးက မမချစ်သားလေးပါကွယ်၊ သားလေးကို နောက်ဆုံးအကြိမ် မမပွေ့ချီပါရစေ၊ အမေ့ရင်ခွင်လို့ မသိရှာသွားတဲ့သားလေးကို ရင်ခွင်မှာပိုက်ထွေးပါရစေ'

ချစ်ချစ်တစ်ယောက် ရူးသွပ်သွားပြီလားလို့ ထက်မြက်က ထင်နေသည်။ သည်းအူပြတ်မျှ ငိုကြွေးနေသော မိန်းမနှစ်ဦးရဲ့ကြားမှာ ထက်ဦးရဲ့အလောင်းက ဒုက္ခရောက်နေရှာသည်။

လှေကားပေါ်ကလိမ့်ကျပြီး ဇက်ကျိုးကာ ထက်ဦးလေးဆုံးသွားရှာသည်ကို ခင်မြင့်ရော ထက်မြက်ပါ သိနေသည်။ ချစ်ချစ်နှင့် သည်းဦးပန်းရဲ့ကြေကွဲမှုကို ဘယ်လိုဖြေသိမ့်ပေးရမှန်း မသိအောင် ဖြစ်နေသည်။





'ခင်မြင့်ရယ် ကြည့်လုပ်ပါဦးကွာ'

'သည်းဦးနဲ့ချစ်ချစ် ထက်ဦးလေးဟာ နာကျင်ပြီး ဆုံးသွားရှာတာ၊ သူ့ကို သက်သက်သာသာ နေပါစေတော့ကွယ်'

ထက်ဦးလေးရဲ့အလောင်းကို သူတို့လက်ကနေ ညင်သာစွာယူပြီး ဆိုဖာပေါ်မှာ တင်လိုက်သည်။ ခင်မြင့်ရင်မှာလည်း အလွန်ချစ်စရာကောင်းတဲ့ ထက်ဦးလေးရဲ့အဖြစ်ကို မကြည့်ရက်အောင် ခံစားနေရသည်။

သည်လိုငိုသံတွေဖြင့် ညှိုးခန်းထဲမှာလွမ်းနေစဉ် ဒေါ်ကြီးစိန်နှင့်ဘကြီးငွေတို့အပြင်က ပြန်ရောက်လာကြသည်။ ထက်ဦးရဲ့အဖြစ်ကို မယုံနိုင်လောက်အောင် ဖြစ်ကြပြီး ငိုကြွေးကြပြန်သည်။

'ကဲ... စိတ်ထိခိုက်တာကတစ်ပိုင်း လုပ်သင့်တာတွေရှိသေးတယ် ထက်မြက်၊ သားလေးကို သင်္ဂြိုဟ်ဖို့ ဒီနေ့ပဲစီစဉ်ရမှာပဲ'

'အို... သားလေးကို ထားလို့မရဘူးလား၊ နောက်တစ်နေ့မှစီစဉ်ပါ၊ သားလေးကို ဝအောင်ကြည့်ပါရစေဦးရှင်'

ချစ်ချစ်က တောင်းပန်တိုးလျှိုးသောအကြည့်များနှင့် ခင်မြင့်ကို ငိုကြီးချက်မနှင့်ပြောသည်။

'ကလေးဆိုတော့ ချက်ချင်းစီစဉ်ရပါတယ် ချစ်ချစ်ရယ်'

'ကဲ... ထက်မြက် မင်း သည်းဦးကို ကြည့်ထားကွာ၊ သိပ်မငိုစေနဲ့ စီစဉ်စရာရှိတာ ဘကြီးငွေနဲ့ကိုယ် စီစဉ်မယ်'

ချစ်ချစ်ရင်ထဲမှာ အရမ်းကို စူးရှနာကျင်သွားသည်။ မိခင်ရင်းဖြစ်သောမိမိကို ချေးသိပ်မယ့်သူ မရှိပါလား။

နေ့ချင်းညချင်းပင် ထက်ဦးရဲ့ရုပ်နကိစ္စ ပြီးမြောက်သွားရ

သည်။ ညနေစောင်း မှောင်ရီပျိုးချိန်မှာ အားလုံးပင်ပန်းနွမ်းနယ် နေကြသည်။

ခင်မြင့်က အိမ်မပြန်ဖြစ်သေးပါ။ ကြေကွဲသောမိသားစုနှင့် အတူ မျှဝေခံစားနေသည်။ အားလုံးထမင်းမေ့ဟင်းမေ့ ဖြစ်နေကြ သည်။

■



## (၃၆)

ဒေါ်ကြီးစိန်က မာလ်တိုဗာနှင့်စားစရာ ကွတ်ကီး၊ ဘီစကွတ်၊ ကိတ်မုန့် စသည်တို့ကိုစီစဉ်ပြီး သူတို့ကိုကျွေးသည်။

'အားလုံး စိတ်မကောင်းကြတာပဲပေါ့၊ ဒါပေမယ့် စားစရာ ရှိတာကို စားလိုက်ကြပါဦးကွယ်'

မျက်ရည်တစမ်းစမ်းနှင့် ဒေါ်ကြီးစိန်က ရှိနေသည်။ ချစ်ချစ်တစ်ယောက်က ငေးငေးကြောင်ကြောင်ကြီး ဖြစ်နေသည်။

'ချစ်ချစ်ရယ်... စိတ်ကိုထိန်းပါ၊ ထက်ဦးလေးကို ကျွန်တော် တို့ အားလုံးချစ်ကြတာပဲဗျာ'

'မိခင်ရင်းထက်တော့ မပိုကြပါဘူးရှင်'

ချစ်ချစ်က မိခင်ရင်းဆိုတဲ့စကားကို ထပ်တလဲလဲပြောနေ သည်။

ထိုစကားသည် သူတို့သုံးယောက်အတွက် သိပ်ကို ထူးဆန်း နေသည်။

'ဘာလဲ... ဆရာတို့ ကျွန်မရူးသွားပြီလို့ ထင်နေလား၊ ထက်ဦးလေးက ချစ်ချစ်ရဲ့သားအရင်းလေးပါ'

'ဟင်... တကယ်လား မမချစ်ရယ်၊ သည်းဦးတော့ ဘာမှ နားမလည်ဘူး'

'ဟုတ်ပါတယ် ချစ်ချစ်၊ ကျွန်တော်တို့ နားလည်အောင် ရှင်းပြပါဦး'

ခင်မြင့်ကပါ ချစ်ချစ်ကို တောင်းဆိုလိုက်သည်။ ထက်မြက်က ချစ်ချစ်ကို မယုံနိုင်လောက်အောင် မျက်ဝန်းတွေနှင့်ကြည့်နေသည်။

'ငွေကြေးပြည့်စုံပြီး ယုတ်မာတတ်တဲ့ လူတစ်ယောက်ကြောင့် ချစ်ချစ်ရဲ့ဘဝ ဒုက္ခကြီးနဲ့ကြုံရပါတယ်'

ဆို့နင့်သောအသံများနှင့် ချစ်ချစ်က ဇာတ်ကြောင်းစုံကို ရှင်းလင်းပြပါတော့သည်။

'ချစ်ချစ်က ဟိုးလွန်ခဲ့တဲ့သုံးနှစ်လောက်က သူဌေးတစ်ယောက်ရဲ့စာရင်းကိုင် စာရေးမလေးပါ၊ ဒီရန်ကုန်က မဟုတ်ပါဘူး၊ တောင်ငူမှာပါ၊ သူ့ဆီမှာ ချစ်ချစ် အလုပ်ဝင်ခဲ့တယ်၊ စီးပွားရေးဘွဲ့ရ ချစ်ချစ်အတွက် သူက လခ ကောင်းကောင်းပေးပါတယ်'

'မိဘမဲ့ချစ်ချစ်က ကြီးတော်ရဲ့လက်မှာကြီးပြင်းပြီး ချစ်ချစ် ဘွဲ့ရတဲ့နှစ်မှာပဲ ကြီးတော်ဆုံးသွားတယ်...'

'ငယ်ရွယ်လှပတဲ့ ချစ်ချစ်အတွက် အုပ်ထိန်းသူမရှိတော့ အန္တရာယ်များပါတယ်၊ အဲဒီမှာ လူတစ်ယောက်နဲ့တွေ့ဆုံပြီး ချစ်ချစ် သူ့ကို လက်ထပ်ခဲ့တယ်၊ ပြီးမှ မယားကြီးရှိတာ ချစ်ချစ်သိရတယ်...'

အားလုံး ချစ်ချစ်ရဲ့ဇာတ်လမ်းကို စိတ်ဝင်တစား အံ့သြစွာ နားထောင်နေကြသည်။





'ရန်ကုန်ရောက်မှ ချစ်ချစ်မှာ ကိုယ်ဝန်ပါလာတာ သိရပါတယ်၊ ချစ်ချစ်မှာအတွင်းပစ္စည်း နည်းနည်းပါးပါးရှိတာကို ထုခွဲပြီး ရန်ကုန်မှာနေရင်းနဲ့ ဒေါ်အေးတင်က ချစ်ချစ်ရဲ့အကြောင်းတွေကို သိရပြီး တစ်နေရာမှာနေဖို့ စီစဉ်ပေးတယ်...'

'ဒေါက်တာသော်ဇင်နဲ့ ချစ်ချစ်တို့က ငယ်ငယ်ကတည်းက သိကျွမ်းခဲ့ပါတယ်၊ ရန်ကုန်ရောက်တော့ ချစ်ချစ်သူနဲ့မတွေ့အောင် ရှောင်နေခဲ့ရတယ်...'

'ချစ်ချစ်ကိုတစ်ချိန်က လက်ထပ်ဖို့ကမ်းလှမ်းတဲ့အထဲမှာ ဒေါက်တာသော်ဇင် ပါခဲ့ပါတယ်၊ အဲဒီတုန်းက ချစ်ချစ် ဦးဘအောင် ဆိုတဲ့ လူယုတ်မာကြီးဆီမှာ အလုပ်ဝင်ခါစပါ၊ ချစ်ချစ်က ကိုယ့်ဘဝကို ကိုယ်တည်ထောင်ချင်လို့၊ ပြီးတော့ ဒေါက်တာသော်ဇင်ကို မေတ္တာသက်ဝင်မှုမရှိလို့ လက်မခံခဲ့ပါဘူး...'

'ဦးဘအောင်လက်ကနေ ထွက်ပြေးလာပြီး ဒေါ်အေးတင်ရဲ့ ကျေးဇူးကြောင့် ချစ်ချစ်ဘဝ လုံခြုံခဲ့ရပါတယ်၊ သားလေးကိုမွေးပြီး ဒေါ်အေးတင်နဲ့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး ဆွေးနွေးမိတယ်၊ သားကိုချစ်လို့မဖျက်ဆီးခဲ့ဘဲ မိခင်ကောင်းပီသစွာ ချစ်ချစ်မွေးခဲ့ပေမယ့် သားကိုချစ်ချစ် ကြီးပြင်းအောင်မွေးဖို့ဆိုတာ မလွယ်တဲ့ကိစ္စဆိုတာသိရတယ်'

'ဒါကြောင့် ဒေါ်အေးတင်က သူစီစဉ်ပေးမယ်ဆိုပြီး စိတ်ချရတဲ့သူတွေကို သားကိုမွေးစားဖို့ ပို့ပေးမယ် ကတိခံလိုက်ပါတယ်၊ ဒါကြောင့် သားကို သူ့လက်ထဲမှာပဲ ထားခဲ့တာပါ။

'အမိက ကတော့ သားလေးနဲ့လက်ပွန်းတတီး အတူနေချင်

တဲ့ဆန္ဒနဲ့ပါ'

'ဒါကြောင့် သားက မချစ်ချစ်ကို သိပ်ခင်တာနော်၊ သွေးက စကားပြောတယ်ဆိုတာ ဒါပဲနေမှာနော်'

'ဟုတ်ပါတယ် သည်းဦးရယ်၊ လူကွယ်ရာမှာ သားလေးကို မမချစ် ချစ်ရတဲ့ဘဝပါ၊ တစ်ဝကြီး သားလို့ခေါ်ရတဲ့ဘဝပါ။ ကိုယ့်ဘဝကိုတွေးပြီး အမြဲကြေကွဲနေရတဲ့သူပါ'

'ဦးဘအောင်ဟာ သူ့သွေး ချစ်ချစ်ဆီမှာပါသွားတယ်ဆိုတာ မသိဘူး၊ တစ်နေ့ မြို့ထဲမှာ သူနဲ့အမှတ်မထင် သွားတွေ့တယ်၊ ချစ်ချစ် ဘယ်မှာနေတယ်ဆိုတာ မေးတယ်၊ မဖြေခဲ့ပါဘူး၊ ရန်ကုန်ကိုပြောင်းလာတဲ့ သူ ချစ်ချစ်အကြောင်း စုံစမ်းတယ်ထင်တယ်၊ ဘယ်မှာနေတယ်ဆိုတာသိသွားပြီး ဒုက္ခပေးတယ်'

'သည်းဦးတို့အိမ်က ချစ်ချစ်ကိုနှင်ချအောင် သူက ကိုထက်မြက်နဲ့ ချစ်ချစ်အကြောင်းကို သတင်းလွှင့်တယ်၊ သည်းဦးကိုလည်း ဖုန်းနဲ့အတို့အထောင်လုပ်တယ်'

'သဘောထားပြည့်ဝတဲ့ ကိုထက်မြက်နဲ့သည်းဦးကြောင့် ချစ်ချစ်ဒီမှာပဲ ဆက်နေခွင့်ရခဲ့ပါတယ် ဆရာရယ်'

တစ်ချိန်လုံး ဖုံးဖိပြီး သူ့ဘဝကို ကာကွယ်ခဲ့သောချစ်ချစ်၊ သားလေးကြောင့် အရှက်အကြောက်ကို ဘေးဖယ်ပြီး ရင်ဖွင့်နေပါသည်။

အားလုံး သနားကြင်နာစာနာစွာ၊ ချစ်ချစ်ကို ကြည့်နေကြသည်။





'တစ်သက်လုံး ဒီအိမ်မှာပဲ သားလေးနဲ့အတူ နေသွားမယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ သူတို့လင်မယားကလည်း သားအရင်းလို သားကို ချစ်နေတာသိရတော့ ချစ်ချစ်သိပ်ကို ကြည်နူးရပါတယ်'

'ဟုတ်ပါတယ် မမချစ်ရယ်၊ သည်းဦးတို့က အမွေစားအမွေခံအဖြစ် ပြည့်ပြည့်ဝဝ နားလည်ခဲ့ပါတယ်၊ သားလေးရဲ့ကံကြမ္မာက ဆိုးရွားလိုက်တာနော်'

ကြေကွဲစွာပြောနေသော မိခင်တစ်ယောက်ကို ထက်မြက် သနားကြင်နာစွာ ကြည့်လိုက်သည်။ ချစ်ချစ်ရဲ့အကြောင်းတွေကို မသိခင်က အထင်သေး၊ ပြစ်မှားခဲ့သော စိတ်များအတွက် နောင်တရနေပါသည်။

'အခု ချစ်ချစ် ဘာလုပ်ချင်သလဲပြော၊ ကျွန်တော်တို့ အားလုံး ချစ်ချစ်စိတ်ချမ်းသာအောင် လုပ်ပေးပါ့မယ်'

'အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဆရာရော၊ သည်းဦးတို့လင်မယားရော၊ ချစ်ချစ်အပေါ်မှာ သိပ်ကောင်းခဲ့ပါတယ်၊ အဲဒီကျေးဇူးတွေကို မမေ့ပါဘူး'

'မမချစ် ဒီမှာပဲဆက်နေမယ် မဟုတ်လားဟင်'

'ဟင့်အင်း၊ မနေတော့ပါဘူးကွယ်၊ သားကို ဒီမှာနေရင် မမချစ်သတိရပြီး ဘယ်လိုမှ ဖြေလို့ရမှာမဟုတ်ဘူး'

သည်းဦးပန်း အားငယ်သွားသည်။ ချစ်ချစ်ကို သူမက အစ်မတစ်ယောက်ကို ခင်တွယ်နေပြီ မဟုတ်လား။

'ဒါဆို ဘယ်သွားမလဲ၊ ဟိုလူ့ရန်က ရှိသေးတယ်လေ'

ထက်မြက်က သတိပေးစကားဆိုသည်။

'ဒီလိုလုပ်၊ ချစ်ချစ် စိတ်ဖြေလို့ရတဲ့အချိန်ထိ ကျွန်တော်တို့အိမ်မှာနေပါ၊ ရင်ကအပူတွေငြိမ်းသွားရင် သည်းဦးတို့နဲ့ ပြန်နေချင်နေပေါ့'

'ဟုတ်ပါတယ် မမချစ်ရယ်၊ ကိုခင်မြင့်တို့ဆီမှာ စိတ်ပြေလက်ပျောက် ခဏသွားနေပါ၊ ပြီးရင် သည်းဦးဆီ ပြန်လာခဲ့ပါနော်၊ မျှော်လင့်တကြီးနှင့် ကြည့်နေရှာသော သည်းဦးပန်းကို မျက်ရည်ဝေ့သောအကြည့်များနှင့် ချစ်ချစ်က ကြည့်နေသည်။

'ညီမရယ် ကိုထက်မြက်အတွက်ရော မမချစ်အတွက်ပါ ထက်ဦးလေးကိုယ်စား သားလေးသာ မွေးပါကွယ်'

သိပ်ပြီးကြေကွဲနေတဲ့ ချစ်ချစ်ကိုဖက်ပြီး သည်းဦးပန်းက တရှိုက်ရှိုက် ငိုကြွေးသည်။

'မမချစ်ကြောင့် သည်းဦးလေး စိတ်သိပ်ထိခိုက်နေပြီ၊ တော်ပါတော့ကွယ် မငိုပါနဲ့တော့နော်၊ ဝမ်းထဲက ကလေးကို ထိခိုက်မယ့်ကိစ္စ ဘာမှ မလုပ်ပါနဲ့ညီမရယ်'

ထိုနေ့က ညမိုးချုပ်မှ ခင်မြင့် သူတို့အိမ်က ပြန်ဖြစ်သည်။ ချစ်ချစ်ကို အိပ်ဆေးတိုက်ပြီး ထက်မြက်က အိပ်စေလိုက်သည်။

■



(၃၇)

'သားလေးကို သနားလိုက်တာ ကိုကိုရယ်'

အိပ်ရာထဲမှာ မအိပ်နိုင်သေးဘဲ သည်းဦးက တမ်းတငိုကြွေးရင်းပြောသည်။

'အေးကွာ၊ သားအဖြစ်က ဆိုးလိုက်တာ'

'မမချစ်ရဲ့အဖြစ်က သနားစရာကောင်းလိုက်တာ ကိုကိုရယ်နော်'

'အင်း... မမချစ်ဟာ မိခင်ကောင်းတစ်ယောက်ပါပဲကွယ်၊ မလွှဲသာလို့ သားကို အမေရင်းလို့ အမည်မဖော်ပေမယ့် သားအတွက် အစစအရာရာ စွန့်လွှတ်ခဲ့တဲ့မိန်းမပဲ၊ သူ့ဘဝ အခြေအနေက မြင့်မားခဲ့တာပဲ၊ ကလေးထိန်း လာလုပ်တာသာကြည့်လေ'

'ဟုတ်ပါရဲ့၊ ဒါကြောင့် သားကလည်း သူ့ကို သိပ်ခင်တာ၊ အမေလို့တော့ မသိသွားရှာဘူးနော်'

'ကလေးက ဘာနားလည်ဦးမှာလဲကွယ်'

'မမချစ် စိတ်ဖြေလို့ရသွားရင် သည်းဦးတို့နဲ့ပဲ တစ်သက်လုံးနေဖို့ ပြောရမယ်'

'အင်း... နောက်ထပ် အိမ်ထောင်မပြုရင် နေနိုင်တာပဲလေ'

'သူကြည့်ရတာ ယောကျ်ားတွေကို စိတ်နာသွားပုံရတယ်'

'ဟုတ်နိုင်တာပဲ'

လင်မယားနှစ်ယောက် ချစ်ချစ်အကြောင်း ပြောရင်းနှင့် တော်တော်နှင့် အိပ်မပျော်အောင် ရှိနေကြသည်။

■



(၃၈)

ရက်ခတွေ လတွေ အလီလီပြောင်းလဲခဲ့ရပြီ။ ရာသီဥတု သာယာပွင့်လင်းသော အာရုံနံနက်ခင်းတစ်ခုမှာ သည်းဦးပန်းက သားဦးရတနာလေးတစ်ဦးကို ချောမောအောင်မြင်စွာ မွေးဖွား သန့်စင်လိုက်သည်။

သည်းဦးပန်း နေ့စေ့လစေ့ ဖြစ်စဉ်ကတည်းက ချစ်ချစ်က သူတို့နှင့်အတူ ပြန်လာနေသည်။ သည်းဦးပန်းကို စိတ်မချနိုင်၍ ကြပ်မတ်ပြုစုသည်။

သူ့ဆန္ဒအတိုင်း ထက်ဦးလေးရဲ့ကိုယ်စား သားလေးတစ်ယောက် မွေးဖွားပေးသည့်အတွက် သည်းဦးပန်းကို ကျေးဇူးတင်နေသည်။

သည်းဦးပန်းရော၊ သားငယ်ပါ ကျန်းမာသည့်အတွက် တစ်မိသားစုလုံး ဝမ်းသာနေကြသည်။ ချစ်ချစ်ကလည်း ကလေးကို လက်ပေါ်က မချနိုင်အောင်ပင် ချစ်နေသည်။

'သားကြီး ထက်ဦးနဲ့ တူလိုက်တာကွယ်'

ထိုစကားကို ချစ်ချစ် မကြာခဏပြောသည်ကို ကြားရသည်။ ချစ်ချစ် ပြန်လည်ရှင်လန်းလာသည်ကို တွေ့ရပြီး အားလုံးကလည်း ဝမ်းသာနေကြသည်။ ခင်မြင့်က ထက်မြက်ကိုပင် ပြောလိုက်သေးသည်။

'အင်း... မင်းတို့အတွက် ကလေးထိန်းမပူရတော့ဘူး၊ ချစ်ချစ်က ကလေးကို သိပ်သံယောဇဉ်ဖြစ်နေပြီ'

'ဟုတ်တယ်... သူ ပြန်ပြီးရှင်လန်းလာတာကို မြင်ရတာ ဝမ်းသာစရာပေါ့ဗျာ၊ နောက်ပြီး ပြောလိုက်သေးတယ်၊ သားကြီး ထက်ဦးက သူ့ပေါ့ဆမှုကြောင့် ဆုံးရတာတဲ့၊ ဒီသားလေးကို သူ့မျက်စိအောက်က အပျောက်မခံတော့ဘူးတဲ့'

'အေးဗျာ ကလေးအပေါ်မှာ သူ တော်တော့ကို သံယောဇဉ်ကြီးတာပဲ'

'ရှင်းရှင်း ဝန်ခံရရင်လေ၊ အစက သူ့ကို ငါအထင်သေးခဲ့တယ်၊ သူ့ကြောင့်လည်း စိတ်ထဲမှာ မကြာမကြာ အနှောင့်အယှက်ဖြစ်ခဲ့ရတယ်၊ တကယ်တော့ သူ့ခမျာ ငါတို့ ကြည်ဖြူအောင် အိမ်မှာ ထားချင်အောင် မျက်နှာလိုမျက်နှာရ လုပ်ရရှာတာကိုး'

'အေးလေ... သူက ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံတတ်တာက သူ့အတွက် အထင်သေးစရာဖြစ်ခဲ့တယ်၊ သူ့အကြောင်းတွေ မသိဘဲနဲ့တောင်မှ သူဟာ သူတစ်ပါးရဲ့ ထိကပါးရိကပါး လုပ်တာကို ခံရရှာတယ်'





'အေးကွာ... လူတစ်ယောက်ရဲ့အပြင်ပန်းကို ကြည့်ပြီး ဝေဖန်လို့မရဘူးဆိုတာ ငါ နားလည်လိုက်ပါပြီ'

* * *

သည်းဦးပန်းတို့သားအမိ ဆေးရုံက ဆင်းခဲ့ကြပြီ။ သားလေးအတွက် အစစ အရာရာ ချစ်ချစ်က ပြင်ဆင်ထားသည်။

'ကိုကိုရေ သားလေးကို ဘယ်လို နာမည်ပေးမလဲ'

'အင်း... စဉ်းစားကြသေးတာပေါ့'

သည်းဦးပန်းက ချစ်ချစ်ရဲ့ ရင်ခွင်မှာရှိနေသော သားငယ်ကိုကြည့်ပြီး မေးသည်။ ချစ်ချစ်က ကလေးကို ချစ်မြတ်နိုးသည့် အကြည့်များနှင့် ငုံ့ကြည့်နေသည်။

'မမချစ် သားလေးနာမည် ကူပြီးရွေးပေးဦးလေ'

'သည်းဦးတို့နှစ်ယောက်နဲ့ ဆိုင်တာပဲကွယ်၊ ရွေးကြပါ'

'မမချစ်နဲ့လည်း ဆိုင်တာပဲ၊ ကိုယ့်တူလေးပဲဟာ'

ချစ်ချစ်ရဲ့မျက်နှာမှာ ဝမ်းသာရိပ်တွေ လျှပ်ခနဲ ဖြတ်ပြေးသွားသည်။

'အင်း... စဉ်းစားဦးမယ်လေ၊ သောကြာသားလေးဆိုတော့ မမချစ်က အိမ်နာမည်လေး သည်းသည်းလို့ ပေးမယ်'

'ဒါဆို သည်းဦး စဉ်းစားထားတာ ပြောမယ်လေ'

ချိုမြမြမျက်နှာလေးနှင့် သည်းဦးပန်းက ပြောသည်။

'ပြောလေ...'

'သည်းထက်မြက်လို့'

'ဟယ်... အဲဒီနာမည်လေး ကောင်းတယ်၊ နှစ်ယောက်စလုံး ရဲ့နာမည်လည်း ပါတယ်'

ချစ်ချစ်က ဝမ်းသာအားရ ထောက်ခံသည်။ သည်းထက်မြက်လေးရဲ့ နာမည်ပေး ကင်ပွန်းတပ်ပွဲကို စီစဉ်ကြပြန်သည်။

* * *

သည်းထက်မြက်လေး နှစ်လပြည့်သည့်နေ့မှာ နာမည်ပေး ကင်ပွန်းတပ်ပွဲကို အကျယ်တဝင့် ကျင်းပလိုက်သည်။

ဝဝကစ်ကစ် ဖြူဖွေးချစ်စရာကောင်းသော သည်းထက်မြက်လေးကို မြင်သူတိုင်းက ချစ်လာသည်။ သည်းဦးပန်းနှင့် ချစ်ချစ် မအား၍ သားငယ်ကို ထက်မြက်က ပွေ့ချီထားရသည်။

ရင်ခွင်ထဲမှာ သူ့ရဲ့ရင်သွေးစစ်ကို ပိုင်နိုင်စွာ ပွေ့ထားနိုင်သည့်ဘဝမှာ ထက်မြက် ဝမ်းသာကြည်နူးမှုက ဖော်မပြနိုင်အောင် ဖြစ်နေသည်။

သားကြီးထက်ဦးအတွက် ပူဆွေးကြေကွဲ ဝမ်းနည်းရသလို သားငယ် သည်းထက်မြက်အတွက် ရင်မှာ ကြည်နူးဝမ်းသာရသည်။

ထက်ဦးသည် မိမိရဲ့သားအရင်း မဟုတ်ပေမယ့်၊ ပါးပြင်မှာ သူတို့မျိုးရိုးစဉ်ဆက်ရဲ့ သင်္ကေတလို့ဆိုနိုင်သော မှဲ့နက်ပါသည်။

သားအရင်းဖြစ်တဲ့ သည်းထက်မြက်မှာတော့ ထိုသို့ မှဲ့နက် မပါပါလား။

သွေးသားအစစ်နဲ့ တည်ဆောက်ထားသော သားငယ်ကို ချစ်မဝသော အချစ်များနှင့် ကြည်နူးစွာကြည့်နေသည်။ သားစဉ်





သားဆက် ဆက်ခံခဲ့သော ဤအိမ်ကြီးသည်လည်း သွေးသား အရင်းဖြစ်သော သည်းထက်မြက်ဆီသို့ တစ်ဆင့်ရောက်ရတော့ မည်ပါလား။

ထိုအတွေးသည် ကြည်နူးဝမ်းသာမှုကို တစ်ကိုယ်လုံးပျံ့နှံ့ စီးဝင်စေလိုက်ပါသည်။ ရင်ထဲကပီတိဖြာမှုက မျက်နှာမှာ ရောင်ပြန်ဟပ်ပြီး ပြုံးလဲ့လဲ့ကြီးဖြစ်နေသည်။ သည်းဦးပန်း အနားရောက်လာသည်ကိုပင် သတိမထားမိပါ။

'ဘာတွေ ပြုံးနေတာလဲ ကိုကို'

ချိုနွဲ့သော သည်းဦးပန်းရဲ့အသံကို ကြားရ၍ လှမ်း၍မော့ကြည့်လိုက်သည်။

'သားက အရမ်းချစ်ဖို့ကောင်းတယ်နော်၊ သည်းဦးနဲ့ တူလို့ ထင်တယ်'

ချစ်မြတ်နိုးသောအကြည့်နှစ်ခု လမ်းခုလတ်မှာ တွေ့ဆုံကြသည်။

သားငယ်ရဲ့ပါးလေးကို ခပ်ဖွဖွလေးကိုင်ပြီး သည်းဦးပန်းက ကြည်နူးစွာ ပြောသည်။

'သားလေးက ကိုကို့လို ပါးမှာမှဲ့နက်ကလေးမပါပေမယ့် ကိုကို့သားလေးအစစ်နော်'

'ဟုတ်ပါ့ဗျာ... လုံးဝ ရေမရောတဲ့ သားလေးအစစ်'

ထက်မြက်က ရယ်မောရင်း ပြောသည်။ ပြီးတော့ ချစ်ဇနီးရဲ့ ကိုယ်ကို လှမ်းဖက်ပြီး...

'ကမ္ဘာဆုံးတောင် အချစ်မပြယ်၊ မမုန်းနိုင်ဘဲ ချစ်နေမယ့် ကိုကို့မယားလေးရဲ့ ရင်သွေးအစစ်'

ဇနီးမောင်နှံနှစ်ယောက်ရဲ့၊ ကြည်နူးပျော်ရွှင်သော ရယ်သံတွေ စည်ဝေသွားပါတော့သည်။

ထာဝရ ခင်မင်လျက်...
မိုဇာလျှန်းဝေ